


ဦးကောင်းထွန်း

# ဗုဒ္ဓခေတ်ပြဿနာများ



# စင်ကြယ်ခြင်း

" အရှင် ဂေါတမ....၊ အဘယ်သူသည် မကောင်းမှုကို အပပြုပြီးသူ ဖြစ်ပါသနည်း၊ အဘယ်သူသည် သိခြင်းအဆုံးသို့ ရောက်သူ ဖြစ်ပါသနည်း၊ အဘယ်သူသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း၊ အဘယ်သူသည် စင်ကြယ်သော ပုဂ္ဂိုလ် ဟူ၍ ဆိုရပါသနည်း...."

( ဗြဟ္မာယု-ပုဏ္ဏားကြီး )

ကြောင်းကျိုးလျော်ကန် ဖြောင့်မှန်မြင့်မြတ်စွာသော အတွေးအခေါ်
ဝန်းမြင့်ထွန်းစာပေ ၏ကြို



ဗုဒ္ဓမြတ်စွာဘုရားအား၊ နည်းအမျိုး
သိနားလည်လွယ်သည်များကို ဦးစားပေး

ဘာသာရေး သက်သက်မျှ မဟုတ်၊
များ ပါဝင်သည်။

ပုဂ္ဂိုလ်အသီးသီး တို့၏ အမေးပြဿနာ
ဗုဒ္ဓဘာသာများသာမက၊ တွေးခေါ်မှုကို
တသက်တာ ကောင်းကျိုး ဖြစ်ထွန်းစေမ
တုတ်ဖော်တင်ပြထားသည်။ ။



# သံသရာမှ လွန်မြောက်ခြင်း

"အရှင်ဂေါတမ....၊ အဘယ်သို့သော အကြောင်းဖြင့် သံသရာတည်းဟူသော ဝဲဩဂကို ကူးမြောက်နိုင်ပါအံ့နည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် ဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း...."

(အာဠာဝက-ဘီလူး)

န်းကားရေး၊ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓသာသနာ ခိုင်ကျည်ပြန့်ပွားရေး အတွက်
းအားထုတ်မှု ဆီမီးတတိုင်....။



၌ မေးလျှောက်ကြသော ပြဿနာများအနက်၊
တ်ဖော်တင်ပြထားသည်။
ကအကြောင်းနှင့်ဆက်စပ်သော အတွေးအခေါ်

၊ မြတ်စွာဘုရား၏ပြည့်စုံတိကျသောဖြေကြားမှု၊
ပါသူ၊ အမှန်တရားကို သိလိုသူများအတွက်
ကြောင်း အရာများကို လွယ်ကူ ရှင်းလင်းစွာ

နတ္တော်လ၊ ၁၃၃၉-ခုနှစ်၊
၁၊ ဇန်နဝါရီလ၊ ၁၉၇၈-ခုနှစ်၊
ဘာသာရေးစာပေခွင့်ပြုချက်အမှတ်( ၁၀၃၁၈ )
ပထမအကြိမ် ပုံနှိပ်ခြင်း
အုပ်ရေ ၁၅၀၀

| ပုံနှိပ်သူ | ထုတ်ဝေသူ |
| --- | --- |
| ဦးမောင်စိန် ( ၀၁၁၄၇ -မြဲ ) စိန်ကြည် စာပုံနှိပ်တိုက်၊ အမှတ် ၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။ | မောင်မြစိန် ( ၀၁၁၃၇ -မြဲ ) မိုးကျော်သူစာပေ၊ အမှတ် ၁၀၆၊ ကျွန်းတောလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |

၂၉၄.၃
ကထ
၁၁၃၁၁

ဖြန့်ချိရေး
စန်းမြင့်ထွန်းစာပေ
ဗဟန်း ( ၃ ) လမ်း၊ အမှတ် ၃၇၊ (ခေတ္တ) ရန်ကုန်။

မျက်နှာဖုံး
တင်ထွန်းကျော်

အတွင်းပုံများ
ကိုအုန်းခင်

ဘလောက် — လွင်
စာအုပ်ချုပ် — ဂန့်ဂေါ
ရောင်စုံရိုက် — စိန်ကြည်


စန်းမြင့်ထွန်း စာတည်းချုပ်
[ အောင်ကျော်မင်း ]

တန်ဘိုး တဆယ့်ငါးကျပ်

ဂတံ မာရသေနံ သန္နံ၊
ယော အဇိနိ မဟာဗလံ။
တိဏာယပိ န မညေန္တော၊
ဇေယျံဒိမ ဒေတု သော
ဇိနော။

သော ဇိနော၊ အကြွင်း ငါးမာရ်အောင်မြင်၊ သုံးလူ့ရှင်သည်။ မဟာဗလံ၊ ကြီးသော ခွန်အားရှိသော။ အာသန္နံဂတံ၊ ပလ္လင်၏ အနီးသို့ ရောက်လာသော။ မာရသေနံ၊ မာရ်စစ်သည် အပေါင်းကို။ တိဏာယပိ၊ မြက်ပင်ကလေး မျှလောက်ပင်လည်း။ န မညေန္တော၊ မအောက်မေ့မမှတ်ထင်ဘဲ။ အဇိနိ၊ အောင်တော်မူခဲ့လေပြီ။

သော ဇိနော၊ ထို ငါးမာရ်အောင်မြင် သုံးလူ့ရှင်သည်။ မေ၊ ဘုရားတပည့်တော်အား။ ဇေယျံ၊ အောင်ခြင်း မင်္ဂလာ အောင်ကြောင်း အဖြာဖြာကို။ ဒေတု၊ ပေးသနားတော်မူပါအရှင်ဘုရား....။ ။



# ရှေ့ရှုခြင်း

ဤစာဆိုမှ၊ ငါ့ကို လူများ၊ ကြည်ညိုပွားအံ့၊ ပျို့ထွား အရွယ်၊ သင့်ရုံငယ်က၊ ဆန်းကြယ်အထူး၊ ဂုဏ်ကျေးဇူးကို၊ ထိမ်မှူးမနေ၊ ဖော်ထုတ်ပေမှ၊ ညာကြေလွှမ့်ကြွား၊ ကျော် ထင်ရှားအံ့၊ နှစ်ပါးဤသို့၊ မကြံမျို့တည့်....

ယခုဘဝ၊ ဤကာလ၌၊ သုခ စီးပွား၊ မဖြစ်ငြားလည်း၊ ငါ့အား တီမှာ၊ သံသရာဝယ်၊ ယုတ်ပါအံ့နည်း၊ ကြံသိုင်း တီး၍၊ အရည်းရှင်မူ၊ နှလုံးပြု၏။

လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းငြီး၊ ဥာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေးစွာသား၊ သမ္မာခပြန့်၊ လူအဝှန့် အား၊ စိတ်ပြားပညာ၊ ပွားပါစိမ့်မည်၊ သည်သို့ရည်၍....

ဆရာတော်-ရှင်မဟာရဋ္ဌသာရ

(ဘုရိဒတ် ဇာတ်ပေါင်းပျို့ - နိဂုံး)

# ယုံကြည်ခြင်း

ဤ "ဗုဒ္ဓခေတ် ပြဿနာများ" စာအုပ်မှာ၊ သိကောင်း-မှတ်ဖွယ်-ကျင့်ကြံဘွယ် များကို၊ ရွေးချယ် စုစည်းထားခြင်း ဖြစ်သည်။

များရာစု စာဖတ်သူတို့တွင်၊ ကောင်းကျိုးဖြစ်ထွန်းမှုမျှမဟုတ်သေး၊ လွယ်လင့်တကူသိနားလည်နိုင်စွမ်းသည်များကို၊ ထုတ်ဖော် တင်ပြထားခြင်းလည်းဖြစ်ပေသည်။

သို့ တင်ပြရာ၌လည်း၊ ကြောင်းကျိုးဆက်စပ်မှုအားဖြင့် ဖြစ်စေ၊ သုံးနှုန်းတင်စားမှု အားဖြင့် ဖြစ်စေ၊ အဖက်ဖက်မှ နားလည် နှစ်သက်နိုင်ကြစေရန် ကြိုးပမ်းအားထုတ်ထားသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ထူးမြတ်မှု–ထူးမြတ်သည့် အဖြစ်ကိုပင်လျှင်၊ အာဂမယုတ္တိ ကျမ်းဂန် အဆိုအညွှန်းဖြင့်ချည်း မဟုတ်မူဘဲ၊ သဘာဝ ယုတ္တိ၊ ကြောင်းကျိုးလျော်ကန်မှုများဖြင့်နှိုင်းယှဉ်ဆက်စပ်ပြထားသည်။

အခြားသော အကြောင်းအရာများတွင်လည်း ထို့အတူသာဖြစ်ပေသည်။

အမှန်ကို အမှန်အတိုင်း သိနားလည်ရသော အားဖြင့်၊ အတွေးအခေါ် မြင့်မားခြင်းနှင့်တကွ

သဒ္ဓါတရားတိုးပွားထက်သန်ရန်၊ အလေးအမြတ်ဖြစ်နိုင်ရန်၊ လိုက်နာကျင့်သုံးနိုင်ကြရန်ပင် ဖြစ်ပေသည်။

သုံးနှုန်းဆိုညွှန်းမှုမှာလည်း၊ အကြောင်းခြင်းရာ အဖြူအမဲ ကွဲပြားရုံမျှမဟုတ်၊ လူတိုင်းမရွေး သိနားလည် လွယ်စေရန်အတွက်၊ စာသဘော အကြောင်းအရာသဘော အထူးသဖြင့် ချောမော ပြေပြစ်လေအောင် ရှေးရှုအားထုတ်ထားသည်။

ထို့ကြောင့်....

ဤ "ဗုဒ္ဓခေတ် ပြဿနာများ" သည်၊ ကြီး-ငယ်-ရွယ်-လတ်-ဖတ်ရှုသူမှန်သမျှတို့အား၊ စင်စစ်မုချ ကောင်းကျိုး ပြန့်ပွားနိုင်လိမ့်မည်ဟု စာပေစေတနာ သဒ္ဓါတရားအားဖြင့် ရိုးသားစွာ ယုံကြည်ပါကြောင်း။ ။

စာရေးသူ

---

# မှီငြိအပ်သော ကျမ်းများ

အင်္ဂုတ္တိုရ်မြန်မာပြန်ဘတ်ယတွဲနှင့်

| | | |
|---|---|---|
| အခြားသုတ္တန်ကျမ်းများ | .... | နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့, |
| ဖိန္တွ ပကာသနီ | .... | ကျီးသဲလေးထပ်ဆရာတော်ဘုရား။ |
| တဿဂတ ဉဒါန ဒီပနီ | .... | ဒိုပဲယင်းဆရာတော်ဘုရား။ |
| ဗောဓိပက္ခိယ ဒီပနီ | .... | လယ်တီဆရာတော်ဘုရား။ |
| ဦးပုည၀တ္ထုပေါင်းချုပ် | ... | ဦးပုည။ |

# အကြောင်းပြစကားချီး

## [၁]

" ဘုရားမကြည့်သို့တက်၊ သုတ်ကျမ်းဖတ်" ဟူသော ဆိုရိုးစကားရှိသည်။

ရည်ညွှန်းရင်းအဓိပ္ပာယ်မှာ၊ သုတ္တန်ပိဋကတ်တော် (သုတ်ကျမ်း) ကို ဖတ်ရှုလေ့လာရခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး၊ ထူးမြတ်စွာသောအဖြစ်ကို ကောင်းစွာသိတတ်လာမည်။ သိသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာဘုရားကိုလည်း အလေးအနက်ကြည်ညိုတတ်လာမည်ဆိုခြင်းပင် ဖြစ်ပေသည်။

ဤစာရေးသူသည် "မိလိန္ဒအမေးအဖြေ" တွင်လည်း ဤအကြောင်းကို အမြွက်သဘောမျှ စပ်လျဉ်းဖော်ပြခဲ့ဘူးသည်၊ ယခုမူ ထိုသုတ္တန်ပိဋကတ်တော်၏ ဂုဏ်ကျေးဇူး၊ ထူးမြတ်ဆန်းကြယ်စွာသောအဖြာ (အကြောင်းခြင်းရာ) ကို ကြောင်းကျိုးစပ်ကာ သိသာထင်ရှားလောက်သည်အထိ၊ တင်ပြရန် လိုအပ်လာပေသည်။

### ပိဋကတ်သုံးပုံ

သုတ္တန်ပိဋကတ်တော်ဟူသည် ပိဋကတ်သုံးပုံတွင် တပါးအပါအဝင် ဖြစ်သည်။

ဗုဒ္ဓဘာသာများအဖို့၊ မြတ်စွာဘုရားသခင် ဟောကြား ဆုံးမတော်မူခဲ့သော ပိဋကတ်သုံးပုံတွင် အဘိဓမ္မာ ဆိုသည်ကား သိမ်မွေ့နက်နဲစွာသော တရား၊ ဝိနည်းဒေသနာ ဆိုသည်မှာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာများ အတွက် ဥပဒေစည်းမျဉ်း၊ သုတ္တန်ကျမ်း ဆိုသည်မှာကား ဝတ္ထုကြောင်းနှင့် စပ်လျဉ်းနေသော တရားသဘောများဟူ၍ အခြေခံ အကြမ်းမျဉ်းသဘော သိနားလည်ထားကြပေသည်။

အချို့သူများကမူ၊ သုတ်တရားဆိုသည်မှာ ဝတ္ထုကြောင်းနှင့် စပ်လျဉ်းနေသည်နှင့်အမျှ ဒါနအကျိုးပေး၊ သီလအကျိုးပေး အများကြိုက် ဆွဲဆောင်မှု သဘောမျိုးသက်သက်မျှ ထင်မြင်ယူဆထားကြပြန်သည်။

တရားပွဲတပွဲတွင် "သုတ်တရားတွေ ဟောနေလို့ နားထောင်ကောင်းရုံရှိတော့မပေါ့" ဟုသော အဖိုးကြီးတဦး၏ မှတ်ချက်ချသံ-ကိုဖင် ငယ်စဉ်က ကြားခဲ့ရဘူးသည်။

## သူ့သဘောနှင့်သူ

အမှန်အားဖြင့်ကား၊ ဤလောက၌ မည်သည့် အကြောင်း ခြင်းရာကိုမျှ ပေါ့ပေါ့တန်တန် ဝေဖန်ဆုံးဖြတ်၍မရ၊ သူ့နေရာနှင့်သူ၊ သူ့အတိုင်းအတာနှင့်သူ၊ လျှို့ဝှက်ခက်ခဲ နက်နဲဆန်းကြယ်သည်များ အနည်းနှင့်အများ ရှိနေခဲ့လေသည်။

ပမာအားဖြင့်မူ၊ အဆောက်အဦတခု၊ ဝတ္ထုပစ္စည်းတခုကဲ့သို့ ဖြစ်သည်။

အဆောက်အဦတခုသည်၊ အဝေးမှ မြင်ရသည့်အခါတမျိုး၊ အနီးကပ်ထိတွေ့ သိမြင်ရသည့်အခါ တမျိုး၊ အခြေအနေ ပုံပန်းသဏ္ဍာန်ချင်း ကွဲပြားကွာခြားသွားသည်။

ဝတ္ထုပစ္စည်းမှာလည်း ထို့အတူသာဖြစ်သည်။

အဝေးအလှမ်းမှမြင်ရခြင်းနှင့် အနီးကပ်အသေးစိပ် ထိတွေ့ သိမြင်ရခြင်းသည် အလေးအနက် ကွာခြားသွားသည်။ အဝေးမှမြင်ရစဉ်က သာမန်မျှသာ ထင်ခဲ့ရသော်လည်း အနီးကပ် လက်တွေ့တွင်မူ ထူးခြားခြင်း၊ ဆန်းကြယ်ခြင်း၊ လှပခြင်း စသည်များကို ကောင်းစွာ သိမြင်နားလည်လာရပေသည်။

## သုတ္တန်ပိဋကတ်တော်၏ ဂုဏ်ကျေးဇူး

လောကမျက်မြင် အထင်အရှားဖြစ်နေသော ရုပ်ဝတ္ထု၌ပင်လျှင် အထင်နှင့်လက်တွေ့ ယင်းကဲ့သို့ ကွဲပြားကွာခြားနေတတ်လေသောအခါ သုတ္တန်တရားကဲ့သို့သော အကြောင်းခြင်းရာမျိုးတွင် မည်ရွေ့မည်မျှ မည်သို့မည်ပုံ သိမ်မွေ့နက်နဲမှုများ ရှိမနေချိမ့်မည်ကို ကောင်းစွာ ဆင်ခြင် တွေးခေါ်နိုင်လောက်ပေသည်။

ဤသည်နှင့်စပ်လျဉ်း၍၊ သုတ္တန်ပိဋကတ်တော်အတွက် လေးနည်းခိုင်ကျည့်စွာသော အဆိုအမိန့်တခုကို အထောက်အထားအကိုးအကားအဖြစ် ထုတ်ဖော်ဘင်ပြလိုပေသည်။

## သုတ္တန်ဟူသည်

''အကျိုးတို့ကိုပြတတ်သောကြောင့်ရင်း၊ ကောင်းစွာဟောရာ ဖြစ်သောကြောင့် ၎င်း၊ ဖြစ်ပွားစေတတ်သောကြောင့် ၎င်း၊ ..ယိုစီးစေတတ်သောကြောင့် ၎င်း၊ ကောင်းစွာစောင့်ရှောက်တတ်သောကြောင့်၎င်း၊ တမျဉ်းချည်နှင့်တူသောကြောင့်၎င်း ''သုတ်'' ဟူ၍ ခေါ်ဆိုအပ်၏။

ဤကား- အင်္ဂုတ္တိုရ်-မြန်မာပြန် (ဗုဒ္ဓသာသနအဖွဲ့ ဆဋ္ဌသံဂါယနာတင်မူ) ကျမ်းဦးမှတ်ဖွယ် အခဏ်းမှ ကောက်နုတ် တင်ပြချက် ဖြစ်လေသည်။ ထိုမှတပါး၊ အခြားသော အဆိုအမိန့်များမှာလည်း ဤသို့ဖြစ်ပေသည်။

တရားဟောရာတွင်၎င်း၊ စကားပြောရာတွင်၎င်း၊ အများအားဖြင့် သုတ်တရား၊ သုတ္တန်တရားဟုဆိုလျှင် 'လေးနက်မှုမရှိ၊ ခက်ခဲမှုမဲ့'ဟု ပေါ့ပေါ့ဆဆ ထင်မြင်ယူဆတတ်ကြ၏။ အမှန်အားဖြင့် သုတ္တန်တရားတော်သည် လေးနက်ခက်ခဲ၍ ထူးကဲစွာ အရေးပါလှသော တရားတော်များပင်ဖြစ်ပေသည်။

လောကထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူစအချိန်မှစ၍ ရှေ့ပြည်နိဗ္ဗာန် ဝင်စံကြွသွားတော်မူသည့် အချိန်အထိ၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး ကျွတ်ထိုက်သောဝေနေယျသတ္တဝါတို့အား ရှေးဉာဏ်တော်ကွန်ယက်ဖြင့် ဖြန့်ကျက်ရှုစားတော်မူ၍ အကျွတ်တရားကို ရစေတော်မူရာဝယ်အထွေထွေသော သုတ္တန်တရားတို့ဖြင့်သာ ရစေတော်မူခဲ့သည်။

ထို သုတ္တန်တရားတော်များဖြင့် သတ္တဝါတို့အား သောတာပန်အစ၊ အရဟတ္တဖိုလ်အဆုံး ရှိသော အရိယာပုဂ္ဂိုလ်များ အဖြစ်သို့ ရောက်စေတော်မူခဲ့သည်။ ဟေဘိက္ခု ရဟန်းတော်များအဖြစ်သို့ မှီဆောင်တော်မူခဲ့သည်။

## ထူးခြားခြင်း–ကွဲပြားခြင်း

ဝိနည်းဘုရား၊ အဘိဓမ္မာတရားတို့နှင့် သုတ္တန်တရားတို့ ထူးခြားကြသည့် အချက်မှာ– ဝိနည်းတရားများတွင် ပဓာနအားဖြင့် သီလသက်သက်ကိုသာ ဖော်ပြထားပြီး၊ သမာဓိ၊ ပညာ အချက်တို့ကိုမူ ဦးစားပေး၍ဖော်ပြထားမှုမရှိပေ။ (ဝိနည်းကျမ်းများတွင် ပါဝင်နေသော ဝေရဥ္စကဏ္ဍ၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်စသည်တို့မှာ သံဂါယနာတင်မထေရ်တို့က သုတ္တန်ပိဋကတ်မှ ယူ၍ နိဒါန်းစကားစပ် သဘောဖြင့် ထည့်သွင်း ထားခြင်းတို့သာ ဖြစ်ရာ၊ ဝိနည်းနှင့်မဆိုင်ကြောင်း သတိချပ်သင့်၏။) အဘိဓမ္မာတွင် သီလ, သမာဓိ, ကျင့်ကြံအားထုတ်မှုထက် ပညာကျက်စားကွန့်မြူးရာ အချက်များကိုသာ ဦးစားပေး ဟောကြားထားခဲ့လေသည်။

သုတ္တန်သည်ကား- လူ့ရှင်ရဟန်းနှင့် တကွ၊ နတ်ဗြဟ္မာတို့ အတွက်ပါ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံစွာ ပါရှိနေပေသည်။ ပုံစံအားဖြင့် ပြရပါမူ၊ သီလက္ခန်ပါဠိတော်ရှိ သုတ်တိုင်း သုတ်တိုင်း မှာပင် **သီလက္ခန္ဓ သီလ အစု၊ သမာဓိက္ခန္ဓ သမာဓိ အစု၊ ပညက္ခန္ဓ ပညာအစု** အားလုံး ကိုပင်လျှင် ဟောထားပေသည်။

ထို့ကြောင့် သုတ္တန်တရားတော်များ၊ သုတ္တန်ကျမ်းဂန်များဖြင့်ပင်လျှင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးလုံးကို ကျင့်သုံး အားထုတ် သွားနိုင်ပေသည်။ ဤအချက်သည်ပင် သုတ္တန်တရားတော်များက ဝိနည်းတရား၊ အဘိဓမ္မာ တရားတို့မှ ထူးခြားနေသောအချက်ပင် ဖြစ်ပေတော့သည်။

## နှစ်ပါးစုံ

သုတ္တန်တရားတော်ကား၊ ကရုဏာ၊ ပညာ နှစ်ပါးလုံး ပြဋ္ဌာန်းသော တရားတော်ဖြစ်၏။ တနည်းအားဖြင့်ဆိုသော် ဘုရားရှင်သည် ကရုဏာတော် နှင့် ပညာတော်တို့ကို ရှေ့သွားပဓာန ပြုတော်မူ၍ သုတ္တန် တရားတော် တို့ကို ဟောကြားတော်မူခဲ့သည်ဟု ဆိုရပေမည်။

## သုတ္တန်တရားများ၏ နက်နဲပုံများ

သတ္တဝါတို့အားအလိုအကြိုက်ကိုပေး၍ ဟောသောတရားများဖြစ်သော်လည်း သုတ္တန်တရားတော်များသည် ခက်ခဲနက်နဲမှုမပါ၊ အပေါ်ယံ အလွယ် တရားများဖြစ်သည်ဟု မမှတ်အပ်ချေ။ **ခန္ဓာ အာယတန ဓာတ်သစ္စာနှင့် ပဋိစ္စ သမုပ္ပါဒ်** မှစ၍ သတ္တဝါတို့၏ ဉာဏ်အားလျော်စွာ ဟောကြားတော်မူခဲ့သည်။ သုတ္တန်ဟုဆိုသော်လည်း အချို့သုတ္တန်တရားတော်များတွင် အဘိဓမ္မာသဘော တရားများ အများအပြားပါရှိနေသဖြင့် လွယ်လွယ်ကူကူဖြင့် သိမြင်ရန် မဖြစ် နိုင်ချေ။

ပုံစံအားဖြင့်၊ သီလက္ခန် ပါဠိတော် မြန်မာပြန် (စာမျက်နှာ-၇၉) **သာမညဖလသုတ်** တွင် ပါရှိသော ဝိပဿနာဉာဏ်အပိုင်းကို ကြည့်သင့်၏။ ပထမဈာန်မှ စတုတ္ထဈာန်အထိ ပွားများနည်းများကို ပြဆိုပြီးနောက်၊ **စတုတ္ထ ဈာန်မှ သည် အရဟတ္တဖိုလ်ရောက် နိဗ္ဗာန်ပေါက် လမ်းစဉ်** ကို တင်ပြ ထားရာ အလွန်အလွန်ခက်ခဲနက်နဲလှပြီး သာမန် အသိဉာဏ်ရင့်သူအဖို့ပင်သိနိုင် ရန် မလွယ်ကူလှပေ။ ။

ဤကား "အင်္ဂုတ္တိုရ်မြန်မာပြန်၊ တတိယတွဲ" (ဆဋ္ဌသံဂါယနာတင်မူ) ကျမ်းဦးမှတ်ဖွယ်အခန်းမှ ကောက်နှုတ်ဖော်ပြအပ်သော သုတ္တန်တရားတော်၏ အကြောင်းခြင်းရာ ဖြစ်သည်။ စာမျက်နှာ အခြေအနေအရ လိုရင်းအကျဉ်းချုပ်သဘောမျှသာ ဖြစ်ပေသည်။

## [၂]

သုတ္တန်ပိဋကတ်တော်၏ဂုဏ်ကျေးဇူးကို ယိုက်သလောက်သိရပြီးနောက်၊ ဆက်လက်သိသာရန်မှာကား– "ဗုဒ္ဓခေတ် ပြဿနာများ" ကို ရေးပြုရခြင်းအကြောင်းနှင့် ထည့်သွင်းဖော်ပြထားသော သုတ်တော်များ၏ အကျိုးတရားထူးခြားခြင်း၊ လေးနက်ခြင်းများ အကြောင်းပင် ဖြစ်ပေသည်။

"ဗုဒ္ဓခေတ်ပြဿနာများ" ကို ရေးပြုရခြင်းမှာ၊ သဒ္ဓါတရားအရလည်း ဖြစ်သည်။ ဘာသာရေးစာပေများ အခြေအနေအရလည်းဖြစ်ပေသည်။

ဤစာရေးသူသည် ငယ်စဉ်ကတည်းကပင် ဘာသာရေး စာပေများနှင့် ရင်းနှီး နီးစပ်ခဲ့သည်။ အမိဖြစ်သူ ကိုယ်တိုင်က စာပေဝါသနာ–ဘာသာရေးယဉ်ကျေးမှု အခြေခံရှိနေပြီးသောအခါ၊ စာရေးသူမှာလည်း စာဖတ်တတ်ချိန်မှစ၍ပင် အမိဖြစ်သူ၏ စာအုပ်များကို ယူငင်ဖတ်ရှုဖြစ်ခဲ့သည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ "ဥတ္တမပုရိသဒီပနီ၊ ဗောဓိပက္ခိယဒီပနီ"၊ မုံရွေးဇေတဝန် ဆရာတော်ဘုရား၏ "သမန္တစက္ခုဒီပနီ" သောကျွန်းတောင် ဦးတိလောက၏ ပဏ္ဍိတ ဝေဒနီယ ဒီပနီ"၊ ကျီးသဲ လေးထပ်ဆရာတော်ဘုရား၏ "ဇိနတ္ထပကာသနီ" စသည်များမှာ ဆယ့်ခြောက်နှစ်သားအရွယ်လောက်ကပင် ဖတ်ဖူး တွေ့ဘူး ဖြစ်နေခဲ့သည်။

"မိလိန္ဒပဉှာကျမ်း" ကျိုက်လပ်မြို့ ပဏ္ဍိမာရုံ ဆရာတော်ဘုရားကြီး၏ "ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ" ကျမ်းများကိုပင် ဖတ်ခဲ့ဘူးသေးသည်။

သို့သော်– ထိုထို ကျမ်းကြီးများမှာ ဆယ့်ခြောက်နှစ်သားအရွယ်မျှဖြင့်ကား၊ မည်သို့မျှ အလှမ်းမမှီနိုင် ရှိခဲ့ရလေသည်။

နောက်၊ အသက် ၂၇–နှစ် အရွယ်တွင် ကံအားလျော်စွာ လူပုဂ္ဂိုလ်ကြီးတဦးနှင့် တွေ့ကြုံဆုံစည်းခဲ့ရသည်။ သူ၏ ဘာသာရေးစာအုပ်များကို ကူညီရေးသားပေးရခြင်းဖြစ်သည်။ အခြားဘာသာရေးစာအုပ်မျိုးစုံကိုလည်း သုံးနှစ်တာမျှပင် ဖတ်မှတ် လေ့လာခွင့်ရခဲ့သည်။

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာမြို့၏ သုတ္တန်ပိဋကတ်မြန်မာပြန်များကို ထိုအချိန်ကာလတွင် စတင် ဖတ်ရဘူးခြင်း ဖြစ်လေသည်။

ထိုစဉ်ကတည်းကပင် နောင် အခြေအနေပေးပါက အဖက်ဖက်မှ ကောင်းမြတ်လှပေသော ဤသုတ္တန်ကျမ်းများကို အလွယ်ဆုံး အရှင်းဆုံး စကားပြေနည်းအားဖြင့် ပြန်လည်ရေးသားရန် စိတ်အား ထက်သန်ခဲ့သည်။ သဒ္ဓါတရားရှိခဲ့သည်။

သို့သော် စာရေးသူများအဖို့ အရေး အကြီးဆုံး လိုအပ်ချက်တခု ရှိနေသည်။

မိမိ (စာရေးသူ)၏ သဒ္ဓါတရား စာပေ အရည်အသွေးကို၊ အမှန် အတိုင်း သိနားလည် တတ်သော၊ မိမိကဲ့သို့ပင် စေတနာ သဒ္ဓါတရားချင်း အယူအဆချင်း တူမျှသော စာပေဝါသနာရှင် - ထုတ်ဝေသူနှင့် ဆုံဆည်းနိုင်ရေး ပင်ဖြစ်သည်။

ပထမဆုံး "မိလိန္ဒအမေးအဖြေ" ယခု "ဗုဒ္ဓခေတ်ပြဿနာများ" ကို ပုံနှိပ် ထုတ်ဝေနိုင်ခြင်းမှာ ထိုထို ထုတ်ဝေသူများ၏ စေတနာ သဒ္ဓါတရား သည်လည်း အကြောင်းတခု အပါအဝင် ဖြစ်ပေသည်။

[ ၃ ]

ဘာသာရေး စာပေများ အခြေအနေအရ ဆိုသည် မှာကား အခြား မဟုတ်ပေ။

" အနည်းငယ်ရခြင်းသည် လုံးဝ မရခြင်းထက် ကောင်းသည် " ဟူသော စကားတရပ်ရှိသည်။

သိလွယ် မြင်လွယ် ဘာသာရေး စာပေများ တိုးတက်တွင်ကျယ်လာခဲ့လျှင်၊ ကိုယ်ကျင့်တရား ယဉ်ကျေးမှုကအစ ကောင်းကျိုး ဖြစ်ထွန်း လာနိုင်သည်။ အတွေးအခေါ် - ကြောင်းကျိုး ဆင်ခြင်တုံတရား အလေ့အကျင့်ဖြစ်လာ နိုင်သည်။

ထို့ထက် တိုးတက် မြင့်မားလာခဲ့လျှင် ဦးစွာ ကြို တင် ဖော်ပြခဲ့သည့် အတိုင်း၊ "ဗုဒ္ဓမြတ်စွာဘုရား၏ တရားသဘာဝ"ကို အ လှမ်း မှီသ လောက် သိနားလည်လာ နိုင်ပေလိမ့်မည်။

အမှန်အားဖြင့်ကား ယနေ့ခေတ်-ယနေ့လူ့လောက၌၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားသဘာဝကို အမှန်အတိုင်း သိနားလည် တတ်ရန်မှာ၊ အထူး သဖြင့်လည်း လိုအပ်နေပေသည်။

လက်တွေ့မျက်မြင်ဟူသော သိပ္ပံပညာ သဘောတရားက ထိပ်ဆုံးတန်းသို့ ရောက်နေသောအခါ စိတ်သဘာဝ - တွေးခေါ်မြော်မြင်ခြင်းဆိုင်ရာ ကြောင်း ကျိုး ဆင်ခြင်တုံတရားမှာ ချွတ်ချော် လွဲမှားသလိုပင် ဖြစ်လာရသည်။

သိပ္ပံပညာ သဘောတရားအရ၊ ရုပ်ဝတ္ထု၊ တိုးတက်မှုကို ရှာကြံ ကြိုးပမ်းသလို၊ စိတ်သဘာဝ - ငြိမ်းအေး ချမ်းမြေ့ခြင်း။ တည်ကြည် ငြိမ်သက်ခြင်းကိုပါ အလေးအနက် စူးစမ်းဆင်ခြင် ချေခဲ့သော်၊ အစွန်းနှစ်ဖက် ညီမျှ အောင် ထိန်းကျောင်း ဆောက်တည် နိုင်ပေလိမ့်မည်။

ဗုဒ္ဓခေတ် ပြဿနာများတွင် ထိုထို ကြောင်းကျိုး သဘာဝမျိုးကို ရည်ရွယ်၍ပင်လျှင် လော်ကနိရာ - ဆက်စပ်ရာ သုတ် တော်များကို ရွေးချယ်ဖော်ပြထားသည်။ လက်တွေ့မျက်မြင်ဟူသော "သိပ္ပံပညာသဘောတရား"နှင့် "ကျင့်ကြံ ဆောက်တည်မှု" (စိတ်သဘာဝ) သဘော သဘာဝ ကို နှိုင်းယှဉ်ချိန်ထိုး ကြည့်နိုင်ကြရန်ပင် ဖြစ်ပေသည်။

ကောင်းမြတ်သော အကျင့်အကြံကား - မည်သို့ ဖြစ်သည်။ မကောင်းသောအကျင့်အကြံကား မည်သို့ဖြစ်သည်ကို ဆင်ခြင် စူးစမ်းနိုင်ရန် အတွက်လည်း "ကာလာမ သုတ်" ခေါ် - "ကေသမုတ္တိသုတ်" နှင့် "ပေါတလိယ သုတ်" တို့ကို ထည့်သွင်းဖော်ပြထားသည်။

ဗုဒ္ဓမြတ်စွာဘုရား စင်စစ် ဟုတ်မဟုတ် စုံစမ်းအပ်လေသော မြဟ္မာယုပုဏ္ဏားကြီး - သုတ်တော်မှာလည်း၊ မြတ်စွာဘုရား၏ ထူးမြတ်လှသောအဖြစ်၊ သို့မဟုတ်-အကြောင်းတရားနှင့် အကျိုးတရားတို့၏ သဘောသရုပ်ကို၊ ထင်ရှား ဖော်ပြခြင်း ဖြစ်သည်။

'မာလုကျပုတ္တ သုတ်တော်' မှာကား၊ 'သံသရာ အစအဆုံး'လောက' ဆိုသည်များနှင့် ပတ်သက်၍ အမှန်စင်စစ် သိမှတ် လိုက်နာသင့်သည်များကို ထုတ်ဖော် ဆိုညွှန်းထားခြင်းပင် ဖြစ်ပေသည်။

ချစ်ကြည်အပ်သော စာဖတ်သူ တို့သည်၊ ထိုထို သုတ်တော်များ (ပြဿနာ - အမေး အဖြေ) များကို ဖတ်ရှု သိမြင်ရပြီးနောက် -

(က) 'ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး သို့မဟုတ် - 'သုတ္တန် ပိဋကတ်တော်၏ ဂုဏ်ကျေးဇူး ထူးမြတ် ဆန်းကြယ်ခြင်း အဖြစ်ကိုငင်း....

(ခ) ရုပ်ဝတ္ထုနှင့် စိတ်သဘာဝတို့၏ ကွဲပြားခြားနားခြင်း အဖြစ်ကိုငင်း...

(ဂ) ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ၏ ဖြောင့်မတ် မှန်ကန်ခြင်း 'သန္တိရသ' ပကတိ အေးငြိမ်း ချမ်းမြေ့ခြင်း အဖြစ်ကို ငင်း....

မိမိတို့ အသိဉာဏ် အားလျော်စွာ၊ အတိုင်းအတာ အဆင့်အတန်း အားလျော်စွာ သဘောပေါက် သိမြင်နိုင်ကြပါစေသတည်း။ ။

သိလွယ် မြင်လွယ် - ဘာသာရေးစာပေများ

တိုးတက်ပြန့်ပွားရေးသို့

ဦးကောင်းထွန်း

ဦးကောင်းထွန်း
အမှတ် ၂၃၄ – ဥက္ကာလမ်းသွယ် ( ၈ ) ရှစ်
ဂငယ်ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

---

## ဖြန့်ချီသူ၏ ကန်တော့ပန်း

အပင်ကောင်း အရိပ်ကြီးသဖွယ် ကြည့်ရှု စောင့်ရှောက် ထားကြသော ဖခင် ဦးမောင်စိန်-မိခင် ဒေါ်ကြည် မိသားစုတို့အားရင်း-

မိဘနှစ်ပါးဖြစ်သော ဦးစောခိုင်-ဒေါ်သိန်းရင်တို့အားရင်း–

ဆွေမျိုးဉာဘကာ အပေါင်းတို့အားရင်း–

ဤစာအုပ် "ဗုဒ္ဓခေတ်မြို့သနာများ"ဖြင့် ပျပ်ဝပ် ရိုကျိုး ရှိခိုးပါ၏။

လုပ်ဖော်ကိုင်ဘက် ဖြစ်ကြကုန်သော အပေါင်းအသင်း တို့အားလည်း ဤစာအုပ်ဖြင့် ဝမ်းမြောက်ဝမ်းသာ မှတ်တမ်းပြုအပ်ပါ၏။ ။

စန်းမြင့်ထွန်း



# ဗုဒ္ဓမြတ်စွာ၏ ပါရမီတော်များ

ဗုဒ္ဓမြတ်စွာ ဖြေကြားအပ်သော ပြဿနာများ (သို့မဟုတ်) ဗုဒ္ဓမြတ်စွာ၏ဂုဏ်ကျေးဇူးများကိုဆိုညွှန်းရာ၌၊ ထိုထိုဂုဏ်ကျေးဇူးများ ဖြစ်ထွန်း ပေါ်ပေါက် လာစေခဲ့သော ဗုဒ္ဓ မြတ်စွာဘုရား ဖြည့်ကျင့် ဆည်းပူး ခဲ့ရသည့် ပါရမီတော်များ အကြောင်းကိုလည်း၊ ကြောင်းကျိုး ဆက်စပ်မှုအားလျော်စွာ ထုတ်ဖော်ဆိုညွှန်းရပေလိမ့်မည်။

အကြောင်း အကျိုး သဘောအားဖြင့်မူ၊ သဗ္ဗညုတ ဉာဏ်ရှင် ဗုဒ္ဓမြတ်စွာဘုရား အဖြစ်သို့ ဆိုက်ရောက်တော်မူလာရခြင်းသည် **အကျိုးတရား** ဖြစ်၍ ပါရမီ အမျိုးမျိုးကို ကပ်ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရခြင်းသည်ကား **အကြောင်းတရား** ဖြစ်ပေသည်။

စန်းမြင့်ထွန်း

"အဓေ့ မုဆိုးသား....၊ ဤငါ့ အစွယ်တော်စုံကို သင့်အား ပေးလှူသော ငါသည်၊ မချစ်အပ်သော ဝတ္ထုဟူ၍နှလုံးသွင်း၍ငါမလှူ။ သိကြားမင်း၏အဖြစ်၊ မာရ်မင်း၏ အဖြစ်၊ ဗြဟ္မာမင်း၏ အဖြစ် အစရှိသည်တို့၏ စည်းစိမ်ကို တောင့်တသည် ဖြစ်၍လည်း ငါမလှူ။ စင်စစ်သော်ကား၊ ဤငါ့အစွယ်တော်တို့ထက် အဆအရာ အားဖြင့်ရင်း၊ အဆအထောင် အားဖြင့်ရင်း၊ အဆ အသိန်း အားဖြင့်ရင်း၊ သဗ္ဗညုတဉာဏ် တည်းဟူသောအစွယ်တို့ကို သာလျှင် အလွန်တရာ သာ၍ ငါ ချစ်တော်မူ၏။ ငါ၏ ဤအစွယ်တော်ကို လှူရသော ကောင်းမှုသည်၊ သဗ္ဗညုတဉာဏ်ကို ရခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်စေသတည်း...."

ဤကား ဆဒ္ဒန်ဆင်မင်းဘဝ ဆဒ္ဒန်ဆင်မင်း ဖြစ်စဉ်၌ပင်လျှင် သောနုတ္တိုရ် မုဆိုးအား စွယ်တော်စုံကို ပေးလှူကာ၊ သဗ္ဗညုတဉာဏ်တော် ရစေမှုအတွက် ပါရမီ ဖြည့်သည်းခဲ့ပုံဖြစ်သည်။

ထို့အတူပင် သိဝိရာဇ်မင်းကြီး ဖြစ်စဉ် အခါ၌လည်း–

"သင်ပုဏ္ဏား....၊ နှင်နှင်သည့်၊သာမန်လူတို့၊ လှူဝံ့ည်ကား၍၊ ကြွားရုံကိုမျှ၊ ကြက်သီးထ လောက်သော၊ ဒါန ပရမတ်၊ မျက်လုံးမြတ်ကို၊ ထုတ်ဖြတ်၍ လှူသည်ကား၊ မျက်ဆန်တော် နှစ်ဖက်၊ အသက် အာယု၊ ဤဝတ္ထုများ ထက်၊ သဗ္ဗညုတ ဉာဏ်ကို၊ အလွန်တရာ၊သာ၍ ချစ်ခင်၊ လိုချင်တောင့်တ၊ စုံမက် လှ၍၊ သင် ပုဏ္ဏားအား ငါ

စန်းမြင့်ထွန်း

လှူရက်တော်မူသည်....” ဟူ၍ ပါရမီ ဖြည့်ဆည်းပုံကို သိရပြန်သည်။

နောက် ဝေဿန္တရာမင်းကြီး ဖြစ်တော်မူစဉ်မှာလည်း–

“ငါသည်ဝေဿန္တရာမင်း ဘဝ၌၊ သားချစ် ဇာလိနှင့် သမီးချစ် ဂဏှာဇိန်တို့ကိုပင်း၊ ငါ့အပေါ်တွင် အလွန်ရှိသေ လေးမြတ် လှပေသော မဒ္ဒီ မိဖုရားကိုပင်း၊ သူတပါးအား ပေးလှူခဲ့ခြင်းသည်၊ သဗ္ဗညုတဉာဏ်ကို ရည်သန်တောင့်တသော အားဖြင့် ပေးလှူခြင်းသာ ဖြစ်သည်။ ထို သဗ္ဗညုတ ဉာဏ်မှတပါး အခြား မည်သည် ကို မျှ ရည်ရွယ်ခြင်း မရှိခဲ့....”ဟူ၍ ကိုယ်တော်တိုင်ပင် ပြန်လည် ဟောကြားတော် မူခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူး များမှာ ဤသို့လျှင် ပါရမီတော် များနှင့် အလေးအနက် ဆက်စပ် နေခဲ့သည်။ ထိုထို ပါရမီတော် များကို သိတန်သလောက် သိမှ၊ သို့မဟုတ် ပြည့်စုံတိကျစွာ သိပါမှလည်း “ဂုဏ်နှင့်ဒြပ် ဆပ်ချပ်မကွာ” ဆိုသည့်နှယ်၊ ဘုရားရှင်၏ အကြောင်းတရား အကျိုးတရား များကို အလုံးစုံ ခြုံလွှမ်းကာ သဘောပေါက် ဆင်ခြင်နိုင်ပေမည်။

စင်စစ်အားဖြင့်ကား၊ ဘုရားနှင့် တရားသည် အပြန် အလှန် **ကြောင်းကျိုး** ဆက်စပ်နေသည်။ ဘုရားရှင်၏ ထူးမြတ်စွာသော ဂုဏ်ကျေးဇူးကိုသိတတ်ပါမှလည်း၊ ထို မြတ်စွာဘုရားဟောကြား ညွှန်ပြတော်မူအပ်သော တရားတော်များကို သက်ဝင် ကြည်ညိုမှု ဖြစ်နိုင်မည်။ တရားတော်ကို သက်ဝင်ကြည်ညိုပါမှလည်း ဘုရား ရှင်ကို အလေးအနက် ယုံကြည် လေးမြတ်ခြင်း ဖြစ်နိုင်ပေမည်။

စန်းမြင့်ထွန်း

အလောင်းတော် ဘဝတွင် ပါရမီ ဖြည့်ဆည်းမှု ဆိုသည်မှာလည်း၊ အ လွန် ရှည် လျား စွာ သော ကာလ၊ ဖြည့်ပုံ ဖြည့်နည်း အမျိုးမျိုး ဖြစ်သည်။

ထို့ကြောင့်....

စိန္တိတံ သတ္တ သင်္ချေယံ=အစ ရှိသော ပါဠိ အားလျော်စွာ၊ အသင်္ချေပေါင်းများစွာ စိတ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ ကိုယ်နှုတ်နှစ်ပါး ဖြင့်ရင်း၊ ဘုရား ဖြစ်ရန် ဆုပန်ခြင်း၊ ပါရမီ ဖြည့်ခဲ့ခြင်းများကိုချန်လှပ်၍၊ သုမေဓာ ရှင်ရသေ့ဘဝမှ သည်၊ နောက်ဆုံးသဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားစင်စစ် ဖြစ်မြောက်တော် မူသည် အထိပါရမီဖြည့်ဆည်းခဲ့ပုံများကို၊ကျေးဇူးရှင်ဒီပဲယင်းဆရာတော်ဘုရား၏ ရှေးဦးဆုံး ဗုဒ္ဓဝင် ဆိုအပ်လေသော **“တထာဂတ - ဥဒါန ဒီပနီ”** မှ လိုအပ်သမျှ (လိုရင်း အကျဉ်းချုပ်မျှ) ကောက်နှုတ် ဖော်ပြလိုပေသည်။

## သုမေဓာ၏ အသိဉာဏ်

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူအံ့သော ကာလ၊ လူတို့အသက်တသိန်းတန်း၌ ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည်၊ အမရဝတီပြည် ပုဏ္ဏားမျိုးထည်းတွင် ‘သုမေဓာ’ ဟူသော အမည်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့၏။

သုမေဓာ၏ မိဘများသည် လွန်စွာ ကြွယ်ဝ ချမ်းသာကြ၏။ နှစ်ဖက်မိဘတို့မှ အမျိုးခုနစ်ဆက်တိုင် ဆင်းသက် တည်တံ့ လာခဲ့သော ပစ္စည်း ဥစ္စာ ရွှေငွေ ရတနာ များတို့သည် သုမေဓာ သတို့

စန်းမြင့်ထွန်း

သွားလက်ထက်အထိ မရေမတွက်နိုင်လောက်အောင်ပင်များပြား လှ၏။ သုမေဓာ သတို့သား၏ မိဘများမှာလည်း သုမေဓာ ငယ်စဉ်ကပင် ကွယ်လွန်ပျက်စီးခဲ့ကြ၏။

တနေ့သောအခါ ပစ္စည်းထိန်းဖြစ်သူသည် သုမေဓာသတို့သား အား ထို ထို ပစ္စည်းများကို ဖွင့်လှစ်ပြကာ–

"အရှင့်သား....၊ဤပစ္စည်းတို့သည်ကား၊အရှင့်သား၏နှစ်ဖက် သော မိဘ အမျိုးခုနစ်ဆက်တို့မှ ဆင်းသက် စုဆောင်းမိခဲ့သော ပစ္စည်းတို့တည်း။ အရှင့်သားသည် ဤပစ္စည်းတို့ကို အလိုရှိတိုင်း သုံးဆောင်ကာ ချမ်းသာပျော်ပါးစွာ နေပါလော့...." ဆိုပေ၏။

ထိုအခါ သုမေဓာ သတို့သားသည် ဤသို့ တွေးကြံမိ၏။

"ငါ့မိ၊ ငါ့ဖ၊ ငါ့ဘိုး၊ငါ့ဘွား တို့သည် ဤပစ္စည်း များကို သေလွန်သော အခါ မည်သို့မျှ ယူမသွား နိုင်ကြ ပါတကား....၊ များပြားစွာ စုဆောင်းမိသည် မှန်လျက် လည်း စွန့်ပစ် ခဲ့ကြရသည်သာ ဖြစ်ပါတကား....၊ ငါမူ ကား ထိုသို့မဟုတ်၊ ထိုထို ပစ္စည်းများကို ငါ့နောက်သို့ ထက်ချပ်ပါလေအောင် ကြံဆောင် ကြိုးပမ်းပေအံ့...."

သုမေဓာ သတို့သားသည် အစု အပုံ ဖြစ်နေသော ပစ္စည်း များနှင့် ပတ်သက်၍ ဤသို့ တွေးမိပြီးနောက်၊ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ ကိုယ်ခန္ဓာပျက်စီးရခြင်း ဆင်းရဲ၊ မိုက်မဲတွေဝေစွာ သေရ ခြင်း ဆင်းရဲ စသော အခြား အကြောင်း တဆယ့်လေးပါး တို့ကို လည်း တလျှောက်တည်း ဆက်လက် တွေးကြံ ဆင်ခြင် သုံးသပ်မိ ပြန်၏။

သို့ဖြင့်ရှိရှိသမျှသော ပစ္စည်း ဥစ္စာ ရတနာ ရွှေငွေတို့ကိုအလုံးစုံ စွန့်လွှတ် လှူဒါန်းကာ၊ အမြိုက်တရားကို ရှာအံ့သောငှာ ဟိမဝန္တာတောသို့ ရှေးရှု ထွက်ခွာလာခဲ့ပေ၏။

## ကျောင်းသင်္ခမ်း ဖန်ဆင်းထားနှင့်ခြင်း

ထိုအခါ သိကြားမင်းသည် သုမေဓာ သူဌေးသားတရားအား ထုတ်အံ့သောငှာ ထွက်ခွာလာလတ်သည်ကိုသိလေရကား၊ဝိသကြုံ နတ်သားအား သုမေဓာ သီတင်းသုံး နေထိုင်ရန် ကျောင်းသင်္ခမ်း ကို အသင့်စီမံ ဖန်ဆင်းထားနှင့်စေ၏။

သိကြားမင်း စေအပ်သည့် အတိုင်း၊ ဝိသကြုံ ဖန်ဆင်းထား အပ်သော ကျောင်းသင်္ခမ်းသည် ရသေ့ ရဟန်းတို့ အတွက် အဖက်ဖက်မှ နှစ်ခြိုက်မွေ့လျော်ဘွယ် ဖြစ်၏။ ကျောင်းသင်္ခမ်းနေရာသည် ညီညွတ်စွာသော မြေအပြင် ရှိရုံသာ မဟုတ်သေး၊ ခြုံနွယ် ပိတ်ပေါင်း ကင်းအပ်သည်သာမဟုတ်သေး၊ စင်္ကြံ လျှောက်ရန် သဲမြေလမ်းလည်း ရှိ၏။ အသီးအပွင့် ပြည့်စုံ စွာသော သစ်ပင်တို့လည်း ရှိ၏။ သောက်ချိုးသုံးဆောင်ရန် ကြည်လင် အေးမြစွာသော စမ်းရေလည်း ရှိ၏။

ထို့ပြင် လျှော်တေသင်္ကန်းမှစ၍ ရသေ့ ရဟန်းတို့ လိုအပ်သမျှ သော အသုံး အဆောင် မှန်သမျှမှာလည်း အားလုံး အဆင်သင့် ပြီးပြည့်စုံနေသည်သာ ဖြစ်ပေ၏။

သုမေဓာသည် ထို ကျောင်းသင်္ခမ်းကို တွေ့မြင်ရသည့် အခါ အသင့်ရှိနှင့်သော လျှော်တေ သင်္ကန်းကို လဲလှယ် ဝတ်ဆင်ကာ

စန်းမြင့်ထွန်း

ပကတိသော ရသေ့ ရဟန်းအသွင်ကို ယူပြီးနောက်၊ ဤသို့လည်း ဆင်ခြင်သုံးသပ်မိ၏။

"ငါ၏ အလိုဆန္ဒသည် ပြည့်စုံအပ်ပြီ၊ ရသေ့ ရဟန်း အဖြစ်သို့ရောက်အပ်ပြီ၊ ဤရသေ့ရဟန်းအဖြစ်သည်လည်း တင့်တယ်စွာ တကား....၊ ဘုရားပစ္စေကဗုဒ္ဓါအစရှိသော လုံ့လကြီးသူတို့သည်ရဟန်းအဖြစ်ကိုချီးမွမ်းအပ်ကုန်၏။ ငါသည် ယခု အခါ လူမှု အနှောင်အဖွဲ့ကို ပယ်အပ်ရပြီ၊ ခတောထွက် နိုင်ခဲ့ပြီ။ သို့နှင့်အမျှ မြတ်သော ရဟန်းအဖြစ်ကိုလည်း ရအပ်ပြီ။ ရဟန်းတရားကို အားထုတ်၍လည်း မဂ်ဖိုလ် ချမ်းသာကို ရယူနိုင်ပေတော့အံ့"

သုမေဓာ ရှင် ရ သေ့ သည် ဝိ သကြုံ ဖန် ဆင်း ပေးအပ်သော ကျောင်းသင်္ခမ်းတွင် ရသေ့ ရဟန်း အဖြစ် ခံယူ နေထိုင်ပြီးနောက်၊ ထိုကျောင်းသင်္ခမ်း၏ မလိုလားဖွယ်အဖြစ်ကိုလည်း တဖန်ဆင်ခြင် သုံးသပ်မိပြန်၏။

သို့ဖြင့် ထိုကျောင်းတွင် ဟညတာ မျှသာ သီတင်းသုံး နေထိုင်ပြီးနောက်၊ သစ်ပင်ရင်း၌ သာလျှင် ရွှေ့ပြောင်း နေထိုင်ခဲ့၏။ ထို့နောက် ရတတ်သမျှသော သစ်သီးဖြင့် အာဟာရမျှတစေကာ၊ ရသေ့ ရဟန်းတို့ ကျင့်ရာသောတရားကို ကြိုးစားအားထုတ်လေရာ ခုနစ်ရက်မျှ ကြာမြင့်သောအခါ သမာပတ်တို့ကိုရင်း၊ အဘိညာဉ် ငါးပါးတို့ကိုရင်း ပေါက်မြောက်ရရှိနိုင်ခဲ့ပေ၏။

သုမေဓာ ရှင်ရသေ့ ထိုကဲ့သို့ ဈာန်သမာပတ် ရရှိသော အခါ ကာလ၌၊ ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော်သည်၊ ရမ္မာဝတီ

စန်းမြင့်ထွန်း

ပြည့်ရှင် 'သုဒေဝ' မင်း၏ မိဖုရား 'သုမေဓာ' အထံတွင် ပဋိသန္ဓေ တည်နေတော်မူလာခဲ့၏။

နောက် ဆယ်လစေ့၍ ဖွားမြင်ကာ အရွယ် ရောက်ချိန်တွင် ခမည်းတော်၏ အရိုက်အရာကို လွှဲပြောင်းဆက်ခံ ရမ္မာဝတီ ပြည့်ရှင်မင်းဖြစ်လာခဲ့ပြီးနောက်၊ 'ဥသဘက္ခန္ဓ' အမည်ရှိ သားတော်တပါး ထွန်းကားပြီးသည်တွင်၊ တောထွက်တော်မူ၏။

ဒုက္ကရစရိယာ ဆယ်လကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထို ဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားတော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရား ဟောတော်မူသောအခါတို့၌၊ နိမိတ်သုံးဆယ့်နှစ်ပါး ထင်ရှားဖြစ်ကုန်၏။ မြေကြီးသည်လည်းပြင်းစွာတုန်လှုပ်၏။ သို့သော် သုမေဓာ ရှင်ရသေ့သည် မိမိ ရရှိ ထားပြီးသော စျာန်သမာပတ်တွင် ဝင်စား မွေ့လျော် နေမိခြင်းကြောင့် ထိုထိုနိမိတ်ထူးများကို မသိလိုက်နိုင် ရှိပေသတည်း။

တနေ့သော အခါတွင်ကား၊ ပစ္စန္တဒေသ အရပ်သားတို့သည် ဒီပင်္ကရာ မြတ်စွာဘုရားကို ဆွမ်းကျွေး အံ့သောငှာ ပင့်ဖိတ်ကြကုန်၏။ ဘုရားရှင်ကလည်း သိတင်းသုံးစံနေတော်မူရာ သုဒဿနကျောင်းတော်မှသည်၊ ပစ္စန္တ ရွာသားတို့ ပင့်ဖိတ်ရာသို့ နောက်ပါ ရဟန်းများနှင့်အတူ ရွှေရှုကြွချီလာခဲ့၏။

ထိုအခါ၌ ပစ္စန္တ ရွာသားတို့သည် ဘုရားရှင် ကြွချီတော်မူရာ လမ်းတလျှောက်၌ မြေဖို့ခြင်း၊ အညီအညွတ် ဖြစ်စေခြင်း၊ ကျယ်ပြန့်စေခြင်း အတွက် ဝမ်းမြောက် ဝမ်းသာ ပြင်ဆင် ပြုလုပ်ကြကုန်၏။

နေမြင့်ထွန်း

သုမေဓာ ရှင်ရသေ့သည် ကောင်းကင်ထက်တွင် ဈာန်ဖြင့် သွားရင်း ထိုအခြင်းအရာကို မြင်သည့်အခါ ရွာသားတို့ထံ ဆင်းသက်ခဲ့၍ “ သင်တို့ ဝမ်းမြောက် ဝမ်းသာ ပြင်ဆင် ပြုလုပ်နေကြကုန်သော ဤလမ်းခရီးသည်ကား၊အဘယ်သူ့ အတွက် အဘယ်သူ လျှောက်လှမ်းရန် အတွက် ပြုလုပ်နေကြခြင်း ဖြစ်ကုန်သနည်း ” ဟု မေးမြန်း၏။

ရွာသားတို့က အမှန်အတိုင်း ပြန်ပြောကြ၍ ဒီပင်္ကရာဘုရား ဆွမ်းစားကြွမည့် အဖြစ်ကို သိရလျှင် သုမေဓာ ရှင်ရသေ့သည် အတိုင်းထက်အလွန် ဝမ်းမြောက် နှစ်လိုခြင်းဖြင့် “ အသင်တို့....၊ ဤသို့တပြီးကား ထိုလမ်းပြင်မှုတွင် ငါ့အားလည်း တဖို့တစုပေးပါ၊ ငါလည်း အသင်တို့ ကဲ့သို့ပင် ပြင်ပါရစေ.... ” ဟု ခွင့်တောင်း၏။

ရွာသား တို့ က လည်း အနူး အ ညွတ် ခွင့်ပေး လိုက်ကြ၏။ သုမေဓာ ရှင်ရသေ့သည် မိမိအဖို့ ရရှိသောနေရာကို ဝမ်းမြောက် ဝမ်းသာ ပြင်ဆင်သည်ရှိသော်၊ထို ပြင်ဆင် နေဆဲမှာပင် ဒီပင်္ကရာ မြတ်စွာဘုရားသည် နောက်ပါ ရဟန်းသံဃာတော် များနှင့်အတူ ကြွလာတော်မူလေရကား....၊ သုမေဓာရှင်ရသေ့သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုလိုက်လှဲစွာ အောက်မေ့ကြည်ညိုရင်းဖြင့် သာလျှင်၊ မိမိ၏ဆံပင်ကိုဖြန့်ခင်းလိုက်ကာ၊ဘုရားရှင်ရှေ့မှောက်တွင် အလျားခင်းလျက်– “ အရှင်ဘုရား....နောက်ပါ တပည့် သံဃာများနှင့် အတူ တပည့်တော်၏ကျောက်ကုန်းပေါ် မှနင်း၍ကြွတော်မူပါ....၊ တပည့်တော်ဖို့နေဆဲ ညွန်ပြောင်းကို နင်းတော်မမူပါလင့်၊ တပည့်တော်၏ ကျောက်ကုန်း ပေါ်တွင် နင်း၍ ကြွတော် မူခြင်းသည်၊

စန်းမြင့်ကျွန်း

တပည့်တော်အား ကြီးစွာသောအကျိုးစီးပွားဖြစ်စေပါလတ္တံ့ ” ဆိုပေ၏။

နောက် မြေတွင် အလျား မှောက်နေရင်းမှပင်၊ ဤသို့လည်း တွေးကြံမိပြန်၏။

၁။ ငါသည် ယခု ဖူးတွေ့နေရသော ဤမြတ်စွာဘုရား ခြေတော်ရင်း၌ ပင်လျှင်၊ ကိလေသာ တရား တို့ကို သတ်မည်ဆိုက သတ်နိုင်ရာ၏။ သတ်နိုင်စွမ်း၏။

၂။ သို့သော်-ဤဒီပင်္ကရာဘုရားအထံတော်ဝယ်၊မထင် ရှားသောအဖြစ်ဖြင့် နိဗ္ဗာန်သို့ရောက်ရခြင်းအတွက် ငါ့ အား အဘယ်အကျိုး ရှိပါ အံ့နည်း။ သဗ္ဗညု အဖြစ်သို့ဘိုင် ပေါက်ရောက်၍၊ နတ်နှင့်တကွသော လောက သုံးပါး တွင်၊ ဘုရား စင်စစ် သာလျှင် ဖြစ်ရလို၏။

၃။ လုံ့လ-အားမာန် အမြင်ဉာဏ်ရှိသော ယောကျ်ား မြတ် လျက်၊ တယောက်တည်း ကူး မြောက် သဖြင့် ငါ့အား အဘယ်အကျိုး ရှိပါအံ့နည်း။ သဗ္ဗညုတ ဘုရားရှင် အဖြစ်သို့ ရောက်ရှိ၍ သာလျှင်၊ နတ်နှင့် တကွသော လူ အပေါင်းကို သံသရာဝဲဩဃမှထုတ် ဆောင် ကယ်တင်ပေအံ့။

၄။ ယောကျ်ားမြတ် ဖြစ်သော ငါသည်၊ ဤ မြတ် စွာ ဘုရားခြေတော်ရင်း၌ အသက်ကိုစွန့်၍ပြုအပ်သော၊ တံတားခင်းရသောကောင်းမှု အကျိုးအားကြောင့်

ပင် လျှင်၊ စင် စစ် မု ချ သဗ္ဗညုတ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရ၍၊ များစွာသော လူအပေါင်းကို ကယ်တင်နိုင်ရလို၏။

၅။ နှုတ်နှင့်တကွသော လူတို့အား သံသရာ အလျဉ်ကို ဖြတ်၍ငင်း၊ ဘဝသုံးပါးကိုဖြတ်၍ငင်း၊မဂ္ဂင်ရှစ်ပါး တည်းဟူသော တရားသင်္ဘောဖြင့် သာလျှင် နိဗ္ဗာန်သို့ ကူးတို့ ပို့နိုင်ရလို၏။

သုမေဓာရှင်ရသေ့သည်၊ ယင်းသို့ ထက်သန်ပြင်းပြစွာသော ကြံစည်တောင့်တမှုကြောင့်ပင်လျှင်၊ ရည်ရွယ်ရင်း ကုသိုလ် အထမြောက်မည် စိုး သ ကဲ့ သို့၊ "အ ရှင် ဘု ရား ....၊ တပည့်တော်ကျောက်ကုန်းပေါ်မှသာလျှင် နင်း၍ ကြွတော်မူပါ"ဟု ထပ်ကာထပ်ကာတောင်းပန်နေသေးသည်သာတည်း။

သို့သော် ဒီပင်္ကရာဘုရားရှင်သည်၊ သုမေဓာ ရှင်ရသေ့ဆိုအပ်သော အတိုင်း နင်းလျှောက်ခြင်းမပြု၊ ဦးခေါင်းရင်း၌သာ ရပ်တော်မူလျက် ဤသုမေဓာ ရှင်ရသေ့ကား၊ အဘယ်ဆုကို တောင်းသနည်း "ဟု ရှုကြည့်တော်မူ၏။

ထိုအခါ၊ ဘုရားဆုတောင်းသည်ကို သိတော်မူ၍ "ရှေးရှေး ဘုရားတို့ အထံ၌လည်း ပါရမီဖြည့်ခဲ့ပြီးလေပြီလော" ဟု တဖန် ရှုကြည့်တော်မူပြန်၏။ ထိုအချိန်၌လည်း ဘုရား အဆူဆူတွင် ပါရမီ ဖြည့်ခဲ့ပြီးလျက်၊ အင်္ဂါရှစ်ပါး မစုံသေး၍သာ နိယတဗျာဒိတ် မခံယူရသေးသည်ကို သိတော်မူလေ၏။

ထို့နောက် ဘဒ္ဒကပ်ကမ္ဘာတွင် ဘု ရား သုံး ဆူ ပွင့် တော်မူပြီးသည့်အခါ၊ လေးဆူမြောက်သော ဘုရားရှင် အဖြစ်ဖြင့်

၂၂၅၈
စန်းမြင့်ထွန်း

စင်စစ်မုချ ပွင့်ထွန်းတော်မူရချိမ့်မည်ကိုရင်း၊ အင်္ဂါရှစ်ပါးဖြင့် ပြည့်စုံနေပြီး ဖြစ်သည်ကိုရင်း၊ ကောင်းစွာ သိမြင်တော်မူပြန်၏။ သို့ဖြင့် ဤသို့သော ဗျာဒိတ်စကားကို ကြားအပ်တော်မူပေ၏။

## ဒီပင်္ကရာဘုရားရှင်၏ဗျာဒိတ်တော်

၁။ ချစ်သားရဟန်းတို့၊ ဆံကျစ်ထုံးအပ်သော ခြိုးခြံစွာ ကျင့်အပ်သော ဤရှင်ရသေ့ကို ရှုကြပါ ကုန်လော့။ ဤရှင်ရသေ့သည် ဤကမ္ဘာမှ လေးသင်္ချေနှင့်ကမ္ဘာ တသိန်း အတက်၌၊ လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်ပေလတ္တံ့။

၂။ မွေ့လျော်ဖွယ်ရှိသော ကပိလဝတ်ပြည်မှ တောထွက် ၍ အနောမာမြစ်နား၌ ဿဋ္ဌိကာရ ပြုဖွယ်ာ လှူသော ကြာသက်နှင်းဖြင့်၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်ပြီး၍ အဇပါလညောင်ပင်ရင်း၌၊ သေနနိဂုံး၌၊ သေနသူဌေးသမီး သုဇာတာလှူသော နို့ဃနာကိုခံ၍ နေရဥ္ဇရာမြစ်နား၌ ထိုဘုရားသည် ဘုဉ်းပေးလတ္တံ့။

၃။ ညချမ်းသောအခါ၌ နတ်တို့ စီရင်အပ်သော ခရီး ဖြင့် ဗောဓိပင်သို့ ကပ်လတ္တံ့။ ဗောဓိပင်ကို လကျာ ရစ်လှည့်၍ ညောင်ဗုဒ္ဓဟော ပင်ရင်း၌၊ ဤဘုရားသည် သစ္စာလေးပါးတရားကို သိလတ္တံ့။

၄။ ဤဘုရားကို ဖြစ်စေတတ်သော အမိကား မာယာ၊ အဖကား သုဒ္ဓေါဒန၊ ကြင်ဘက်တော်ကား ယသော

ဓရော၊ သားကားရာဟုလာ၊ ဤရသေ့သည် "ဂေါတမ" ဟူသော အမည်ဖြင့် ထင်ရှားစွာ ဘုရားဖြစ်လတ္တံ့။

၅။ ကင်းပြီးသော ရာဂရှိသော၊ ငြိမ်သက် တည်ကြည်သော စိတ်ရှိသော ဥပတိဿ ကား လက်ျာရံ၊ ကောလိတ ကား လက်ဝဲရံဖြစ်လတ္တံ့၊ အာနန္ဒာကား အလုပ်အကျွေးဖြစ်လတ္တံ့၊ ခေမာ ဥပ္ပလဝဏ်တို့ကား လက်ျာရံ၊ လက်ဝဲရံ၊ တပည့် ရဟန္တာမ ဖြစ်ကုန်ကြလတ္တံ့။

၆။ ဤ ဘုရား၏ ပွင့်ရာ ဗောဓိကား ညောင်ဗုဒ္ဓဟေ ဖြစ်လတ္တံ့။

ဒီပင်္ကရာ မြတ်စွာဘုရားက, ယင်းသို့လျှင် ဗျာဒိတ်တော် မြွက်ကြားအပ်သော အခါ၊ နတ်လူအပေါင်းတို့သည် လွန်စွာ သော ဝမ်းမြောက်ခြင်းဖြင့် "သုမေဓာ ရသေ့သည် ဘုရား ဟူသော မျိုးစေ့၏ အညွန့်တည်း" ဟု ဟစ်ကြွေး ကြော်ငြာ ကြကုန်၏။ လက်အုပ်ချီကာ ရှိခိုးကြကုန်၏။

ထို့နောက်သော်ကား၊ သုမေဓာရှင်ရသေ့ ဘုရားဖြစ်အံ့သော တိတ်နိမိတ် သုံးဆယ့်နှစ်ပါးတို့သည်လည်း ဖြစ်ပေါ်လာကြကုန် ပြန်၏။ ထိုအခါ သုမေဓာရှင်ရသေ့သည် ဤသို့တွေးကြံမိ၏။

"မြတ်စွာဘုရားတို့၏ စကားတော်သည်၊ ချွတ်ယွင်း သော မည်သည်မရှိ၊ ငါသည်ကားမချွတ်လျှင် ဘုရားဖြစ် လတ္တံ့၊ ထိုသို့မချွတ်လျှင် ဖြစ်လတ္တံ့သည်ပင် မှန်သော် လည်း၊ ရှေး ဘုရား တို့သည် အ ကြောင်း မ ရှိ သ ဖြင့်

စန်းမြင့်ပွင့်

(မရှိဘဲလျက်) ဘုရားအဖြစ်သို့ မရောက်လေကုန်၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သောကြောင့် သာလျှင် ဘုရားအဖြစ်သို့ ရောက်ကြရခြင်း ဖြစ်ကုန်၏။ ထို့ကြောင့် ငါသည်လည်း ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့ကို စူးစမ်းရှာဖွေဦးအံ့"

သုမေဓာ ရှင်ရသေ့သည်၊ ယင်းသို့ တွေးကြံမိသည်နှင့်အမျှ ဘုရားဖြစ်စေတတ်သော အကြောင်းတရား၊ အကျိုးတရားအကျင့်အကြံ (ပါရမီ)တို့ကို စူးစမ်း ရှာဖွေသောအခါ၊ ပထမဦးစွာ "ဒါနပါရမီ"ကို အကြောင်း အားလျော်စွာ ဆင်ခြင်သတိရမိ၏။

ထို့နောက်တဖန် "သီလပါရမီ"ကို ဆင်ခြင်မိ၏။ ဤသို့ဖြင့် ကျန် ပါရမီရှစ်ပါး ဖြစ်သော နေက္ခမ္မ ပါရမီ၊ ပညာ ပါရမီ၊ ဝီရိယ ပါရမီ၊ ခန္တီ ပါရမီ၊ သစ္စာ ပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ မေတ္တာ ပါရမီ၊ ဥပေက္ခာပါရမီ တို့ကိုလည်း အစဉ်အတိုင်းပင် ဆက်လက်ဆင်ခြင်မိပေ၏။

ထိုအခါ၌ ထို ပါရမီဆယ်ပါး တို့ကို သဘောလက္ခဏာနှင့်တကွ သုံးသပ် ဆင်ခြင်မိသော အလောင်းတော် သုမေဓာ ရှင်ရသေ့၏ တရား အာနုဘော်ကြောင့်၊ စကြဝဠာတသောင်းလုံး၌ပင်လျှင် မြေကြီးသည် ပြင်းစွာတုန်လှုပ်အပ်ကုန်၏။ သုမေဓာ ရှင်ရသေ့သည်လည်း မိမိဆင်ခြင်သိမြင်အပ်သော ပါရမီဆယ်ပါး တို့ကို မြင်အပ်သော အတိုင်းပင် ကောင်းစွာ ကျင့်သုံး ဆောက်တည် အပ်ပေ၏။

စန်းမြင့်ထွန်း

## (၁) ကောဏ္ဍညဘုရားလက်ထက်ပါရမီဖြည့်ခြင်း

ဒီပင်္ကရာ မြတ်စွာဘုရားဖြစ်ပွင့်ပြီးသောအခါ၊ သာရအမည်ရှိသော ကပ်၌ ကောဏ္ဍညဘုရား ဖြစ်ပွင့်တော် မူလာ၏။ ထိုကောဏ္ဍညဘုရား လက်ထက်တော်၌ကား ဂေါတမ ဘုရားအလောင်းတော် "သုမေဓာရှင်ရသေ့"သည်၊ "ဝိဇိတာဝီ" အမည်ရှိသော စကြဝတေးမင်း ဖြစ်အပ်သတည်း။

ထိုအခါ၌ "ဝိဇိတာဝီ စကြဝတေးမင်း"သည်၊ဘုရားရှင်နှင့်တကွ ကုဋေတသိန်းသော သံဃာတော်တို့အား အလှူကြီးပေး၍ ဘုရားဆုကို တောင်းတော်မူပြန်၏။ ကောဏ္ဍညဘုရားကလည်း "ဤကမ္ဘာမှ သုံးသင်္ချေနှင့် ကမ္ဘာတသိန်း အထက် တွင် "ဂေါတမ" အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ် ပေးကာ တရားဟောတော်မူ၏။

ဝိဇိတာဝီ စကြဝတေးမင်းသည်၊ ဘုရားရှင်၏တရားတော်ကို ကြားနာရသည့်အခါ၊ သဒ္ဓါကြည်ညိုခြင်းနှင့်တကွ သာသနာတော်၌ ရဟန်းပြုအပ်၏။ ပိဋကတ်သုံးပုံကို သင်ယူ၏။ လေးလေးစားစား ကျင့်ကြံခြင်းကြောင့်လည်း၊ အဘိညာဉ် ငါးပါး စျာန်သမာပတ်ရှစ်ပါးတို့ ရသည်အထိ ပေါက်ရောက်နိုင်ခဲ့ပေ၏။

## (၂) မင်္ဂလဘုရားလက်ထက်ပါရမီဖြည့်ခြင်း

ကောဏ္ဍညဘုရားနောက် ဖြစ်ပွင့်တော်မူအပ်သော မင်္ဂလဘုရားလက်ထက်၌၊ ဘုရား အလောင်း တော် သည် "သုရုစိ"

စနိုးမြင့်ထွန်း

အမည်ရှိသော ပုဏ္ဏားဖြစ်လာ၏။ ကုဋေတသိန်းသော သံဃာ တော်နှင့်တကွ မြတ်စွာဘုရားကို "နက်ဖြန်နံနက်၌ အကျွန်ုပ်၏ ဆွမ်းကို အလှူခံတော်မူပါ" ဟု ခွင့်ပန်ဖိတ်ကြားခြင်း ပြုခဲ့၏။

မိမိနေအိမ်သို့ ပြန်ရောက်သော် ဤသို့ ဆင်ခြင်မိ၏။

"ငါသည် ဤမျှလောက်သော သံဃာတော်တို့အား၊ ယာဂု၊ ဆွမ်း၊ ပုဆိုး၊ သင်္ကန်း အစရှိသော အလှူဝတ္ထုတို့ကိုကား ကောင်းစွာ လှူနိုင်စွမ်း၏။ သို့သော် သံဃာတော် အရှင်မြတ်တို့ နေထိုင် သီတင်းသုံးရန် နေရာမူကား အဘယ်သို့ ရှိပါလတ္တံ့နည်း"

ထိုအခါ၊ သုရုစိပုဏ္ဏား၏ စိတ်အကြံကို သိကြားမင်းသိ၍၊ ငါသည် သုရုစိပုဏ္ဏား အလှူပေးရာတွင် ကောင်းမှုပါဝင်အံ့ ကြံလျက်၊ လက်သမား အသွင်ဖန်ဆင်းကာ၊ သုရုစိပုဏ္ဏားအထံ ရောက်လာ၏။ လက်သမားဖြစ်ကြောင်း သိစေ၏။

သုရုစိပုဏ္ဏားလည်း ထိုလက်သမားစီစဉ်အပ်သော အဆောက် အဦတို့၏ ထူးခြား ဆန်းကြယ်မှုအားလျော်စွာ သိကြားမင်း ဖြစ်ကြောင်း သိသဖြင့် သဒ္ဓါတရား ပိုမိုထက်သန်ကာ အဖျော် ယမကာ နို့ဃနာဆွမ်း စသည်တို့ကို၊ အလွန်များပြားလှစွာ စီစဉ် ဖန်တီး၍ ဘုရားရှင်နှင့် တကွသော သံဃာတော် အရှင်မြတ်တို့ကို ခုနစ်ရက်တိုင်တိုင်ပင် အလှူကြီး ပေးတော်မူပေ၏။

မင်္ဂလဘုရားရှင်လည်း သုရုစိပုဏ္ဏား၏ ကြီးစွာသော အလှူ အရေး၊ သုရုစိ၏ ကြောင်းကျိုးသဘောကို ရှုကြည့်တော် မူသည် ရှိသော်၊ ဤကမ္ဘာမှသည် ကမ္ဘာတသိန်း အလွန်ရှိသော နှစ် သင်္ချေတို့၏ အထက်၌ "ဂေါတမဘုရား" ဖြစ်လတ္တံ့သည်ကို သိမြင်တော်မူလေရကား....၊ "အသျှင်သုရုစိပုဏ္ဏား....၊ အသင်သည်

စန်းမြင့်ထွန်း

ယခုပြုရသော ကောင်းမှုတို့၏ အကျိုးအားကြောင့်၊နောင်အခါ၌ "ဂေါတမ ဘုရား ဖြစ် တော် မူ ပေလတ္တံ့...." ဟု ဗျာဒိတ်ကြားတော်မူပေ၏။

သုရုစိပုဏ္ဏားလည်း ဗျာဒိတ်စကား · အားလျော်စွာ၊ ပိုပြီးထက်သန်ပြင်းပြသော သဒ္ဓါတရားဖြင့်၊ ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ၊ဘုရားရှင်အထံ၌ရဟန်းပြု၏။အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ဖြစ်မြောက်ရရှိအပ်ပေ၏။

## (၃) သုမနဘုရားလက်ထက် ပါရမီဖြည့်ခြင်း

မင်္ဂလဘုရားနောက် သုမနဘုရား ဖြစ်ပွင့်တော်မူ၏။ ထိုအခါအရှင်ဂေါတမ အလောင်းတော်သည်၊ "အတုလ" အမည်ရှိသော နဂါးမင်းဖြစ်နေ၏။ အလောင်းတော် နဂါးမင်းသည်သုမနဘုရားရှင်အား၊ နတ်တို့၏စောင်းညှင်းပတ်သာ တူရိယာဖြင့်ပူဇော်ကာ ကြီးစွာသော အလှူကြီးကို ဖြစ်စေ၏။ သံဃာတော်အရှင်မြတ်တို့အား ပုဆိုး (သင်္ကန်း) တစုံကျစီ လှူတော်မူ၏။သရဏဂုံ ဆောက်တည်၏။ ထို-သုမနဘုရားရှင် လက်ထက်တွင်လည်း၊ အလောင်းတော်သည် နောင်အခါ ဘုရားဖြစ်ရမည့်အကြောင်း ဗျာဒိတ်စကား ကြားခဲ့ရသည်သာတည်း။

## (၄) ရေဝတဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ရေ ဝ တ ဘု ရား လက် ထက် ၌၊ အ လောင်း တော် သည် "အတိဒေဝ" အမည်ရှိသော ပုဏ္ဏားဖြစ်၏။ မြတ် စွာ ဘု ရား တရားတော်ကို ကြားနာရသည့်အခါ၊ သ ရ ဏ ဂုံ သုံး ပါး ကို ဆောက်တည်၏။ ဘု ရား ရှင် အား ကိ လေ သာ ပယ် ဖြတ် ခြင်း

စန်းမြင့်ထွန်း

ကျေးဇူးတရားကို အတိုင်းထက်အလွန် ချီးကျူး ကြည် ညို ကာ၊ အပေါ်ရုံသင်္ကန်းဖြင့် လှူဒါန်းပူဇော်ခြင်း ပြု၏။ ထို-ဘုရားရှင် လက်ထက်တွင်လည်း ဗျာဒိတ်စကား ကြားနာခဲ့ရပြန်၏။

## (၅) သောဘိတဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သောဘိတ ဘုရား လက် ထက် ၌၊အ လောင်း တော် သည် "အစိတ" အမည်ရှိသော ပုဏ္ဏားဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရခြင်းဖြင့် သရဏဂုံ ဆောက်တည်ကာ၊ဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်းကိုလည်း အလှူကြီးပေး၏။ သောဘိတ ဘုရားကလည်း ဗျာဒိတ် စကား ကြား တော် မူ ခဲ့ သည်သာ ဖြစ်ပေ၏။

## (၆) အနောမဒဿီ ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

အနောမဒဿီ ဘုရားရှင်လက်ထက်တော်၌ကား၊ ဂေါတမ ဘုရား အလောင်းတော်သည် တန်ခိုးအာနုဘော် ကြီးစွာသော "ဘီလူးစစ်သူကြီး" ဖြစ်နေ၏။ အကုဋေတသိန်း မကသော ဘီလူးတို့၏ အကြီးအမှူးဖြစ်၏။ ထို-ဘီ လူး စစ် သူ ကြီး သည် လူ့ပြည်တွင် ဘုရားပွင့်တော်မူကြောင်း သိရသည့်အခါ ဘုရား ရှင်ထံ လာရောက်၍၊ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာ လှူဒါန်းပူဇော်ခြင်း ပြု၏။ ဘု ရား ရှင် လည်း ဘီ လူး စစ်သူကြီး၏ ပါရမီ ကြောင်းကျိုးဆက်စပ်မှု အားလျော်စွာ၊ နောင်အခါ-ဂေါတမ အမည်ရှိ ဘုရားစင်စစ် ဖြစ်လတ္တံ့သည်ကို ဗျာဒိတ် ကြားတော်မူခဲ့ပြန်ပေ၏။

ဝင်းမြင့်ထွန်း

## (၇) ပဒုမ ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပဒုမ မြတ်စွာဘုရား လက်ထက်တော်၌၊ ဂေါတမအလောင်းတော်သည် "ခြင်္သေ့မင်း" ဖြစ်နေ၏။ တနေ့သောအခါ၊ မိမိကျက်စားသော တောအုပ်အတွင်း လှည့်လည်စဉ်၊ နိရောဓသမာပတ် ဝင်စားနေတော်မူသော ဘုရားရှင်ကို ဖူးမြင်ကြုံကြိုက်ရ၏။

ထိုအခါ နိရောဓသမာပတ် ဝင်စားခြင်းဖြင့် ပကတိတည်ကြည် ငြိမ်သက်နေသော ဘုရားရှင်၏ ဣန္ဒြေ၌၊ လွန်ကဲစွာ ကြည်ညိုမြတ်နိုးခြင်း ရှိလေရကား၊ ဘုရားရှင်ကို ပထမဦးစွာ လက်ျာရစ်လှည့်ကာ ရှိခိုးပူဇော်ပြီးနောက်၊ မိမိ၏ ခြင်္သေ့သံဖြင့်လည်း သုံးကြိမ်မြောက် တိုင်အောင်ပင် ကောင်းချီးပေးသည့် သဘောမျိုး ပူဇော်ခြင်းပြု၏။

ယင်းကဲ့သို့-ကြည်ညိုခြင်း၊ ပူဇော်ခြင်းတို့ မှာလည်း အစဦးစွာ တွေ့မြင်နေရသည့် တနေ့တည်းသာ မဟုတ်၊ တကြိမ်တည်းသာမဟုတ်၊ ခုနစ်ရက်တိုင်တိုင် ဖြစ်၏။ အလောင်းတော် ခြင်္သေ့မင်းသည် ထိုခုနစ်ရက်မျှသော အချိန်ကာလ အတွင်း၌၊ အစာကိုမျှလည်း မစား-မိမိအသက် သေလိုက သေစေဟူသော စွန့်လွှတ်ခြင်းဖြင့်၊ ဘုရားရှင်၏ အနီးတွင်သာ နိရောဓသမာပတ် ဝင်စားမှုကို ကြည့်ရှုကြည်ညိုရင်း စိတ်နှလုံး ချမ်းမြေ့ကြည်နူး နေခဲ့၏။

ဘုရားရှင်သည်၊ နိရောဓသမာပတ်မှ ထသည့်အခါ၊ ခြင်္သေ့မင်း၏ အဖြစ်ကိုသိ၍-ရဟန်းအပေါင်းတို့ကို မိမိအထံရောက်ရှိစေကာ၊

စန်းမြင့်ထွန်း

ထိုရဟန်း သံဃာတော်များကိုလည်း ခြသေ့်မင်း–ကြည်ညိုမှုအာရုံဖြစ်စေပြန်၏။

သို့ဖြင့်ပင် ပဒုမဘုရားရှင်သည် "အသင်ခြသေ့်မင်း– အသင်သည် နောင်သောအခါ၌ "ဂေါတမ" ဟူသော အမည်ဖြင့်ငါကဲ့သို့ပင် ဘုရား စင် စစ် ဖြစ် ပေ လ တ္တံ့" ဟု ဗျာ ဒိတ်ကြားတော်မူအပ်ပေ၏။

## (၈) နာရဒဘုရားလက်ထက် ပါရမီဖြည့်ခြင်း

နာရဒဘုရားလက်ထက်၌ကား၊ ဂေါတမဘုရား အလောင်းတော်သည် ရသေ့တပါး ဖြစ်၏။ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါး ရအပ်သူ ဖြစ်၏။ ဘုရားနှင့်တကွသော သံဃာတော်တို့အား အလှူကြီးပေးကာ၊ စန္ဒကူး နံ့သာနီဖြင့် ပူဇော်ခြင်းပြုအပ်၏။ ထို–နာ ရ ဒ မြတ် စွာ ဘု ရား လက် ထက် တွင် လည်း၊ အလောင်းတော်သည် ဗျာဒိတ်ခံယူခဲ့ရပြန်ပေ၏။

## (၉) ပဒုမုတ္တရဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပ ဒု မု တ္တ ရ ဘု ရား လက် ထက် ၌၊ အ လောင်း တော် သည် "ဇဋိလ" အမည်ရှိသော သူဌေးကြီးဖြစ်၏။ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းအလှူကြီးပေး၏။ ထို–ဘုရားရှင်လက်ထက်တွင်လည်း အလောင်းတော်သည် ဗျာဒိတ် ခံယူခဲ့ရပေ၏။

## (၁၀) သုမေဓါဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သု မေ ဓါ ဘု ရား လက် ထက် ၌၊ အ လောင်း တော် သည် "ဥ တ္တ ရ" အ မည် ရှိ သော လုလင်ဖြစ်၏။ ဘု ရား ရှင် ၏

တရားတော်ကို နာကြားရခြင်းအားဖြင့် သရဏဂုံဆောက်တည်ကာ၊ ဘုရားရှင်နှင့်တကွသော သံဃာတော်တို့အား အလှူကြီးပေး၏။ ထိုနောက်-ကုဋေရှစ်ဆယ် မျှသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်ကာ ရဟန်းပြု တောထွက်ခဲ့လေသည်။ထိုဘဝတွင်လည်း နောင်အခါ ဘုရားဖြစ်လတ္တံ့ ဟူသော ဗျာဒိတ် ကို သုမေဓ ဘုရားရှင်အထံမှ ခံယူခဲ့ရပေ၏။

## (၁၁) သုဇာတာ ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သုဇာတာဘုရားရှင် လက်ထက်တော်၌ကား အလောင်းတော်သည်-စကြဝတေးမင်း ဖြစ်ခဲ့၏။ ဘုရားပွင့်တော်မူကြောင်း သတင်းကောင်း ကြားသိရသည့်အခါ ဘုရားရှင် အထံတော်သို့ လာရောက်ပြီး တရားတော်ကိုနာကြား၏။ နောက်- ဘုရားရှင်နှင့်အတူ သံဃာတော်အရှင်မြတ်တို့အား၊ ရတနာ ခုနစ်ပါး အပြင်- မိမိပိုင်စိုးရသော လေးကျွန်းလုံးကိုပင် ရည်ညွှန်းပူဇော်ကာ ရဟန်းပြုလေသည်။ ထို-သုဇာတာ ဘုရားရှင်ကလည်း၊ နောင်ဘုရားဖြစ်ရလတ္တံ့သည်ကို ဗျာဒိတ်ညွှန်းတော် မူခဲ့ပြန်၏။

## (၁၂) ပိယဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ပိယဒဿီ ဘုရားရှင် လက်ထက်တော်တွင်ကား၊ ဂေါတမ အလောင်းတော်သည်၊ 'ကဿပ' အမည်ရှိသော ပုဏ္ဏားလုလင် တဦးဖြစ်ခဲ့၏၊ပိယဒဿီဘုရားရှင်၏တရားတော်ကိုနာကြားရသည့်အခါ၊ သရဏဂုံသုံးပါး၌ ကောင်းစွာ သက်ဝင်ယုံကြည်သည်နှင့်အမျှ၊ ငါးပါးသီလ - ဆယ်ပါးသီလတို့ကိုလည်း - တည်တံ့ မြဲမြံစွာ ကျင့်သုံးဆောက်တည်ခဲ့၏။ ကုဋေတသိန်းသော ဥစ္စာ

ပန်းမြင်ထန်

တို့ကိုလည်း သာသနာ့အကျိုးငှာ–လှူဒါန်းအပ်ပေ၏။ အလောင်းတော်သည် ထို ပိယဒဿီဘုရားရှင် ထံမှလည်း နောင်အခါ ဘုရားဖြစ်ရအံ့သည်ကို ဗျာဒိတ်ခံယူခဲ့ရသည်သာတည်း။

## (၁၃) အတ္ထဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

အတ္ထဒဿီဘုရားရှင် လက်ထက်တွင်မူ အလောင်းတော်၏ အမည်မှာ 'သုသိမ' ဖြစ်၏။ တန်ခိုးကြီး ရသေ့တဦး ဖြစ်သဖြင့် နတ်ပြည်မှ ထင်ရှားပန်းကို ဆောင်ယူခဲ့ကာ ဘုရားရှင်ကို ပူဇော်ခြင်းပြု၏။ ထို ဘဝတွင်လည်း ဗျာဒိတ်ခံယူခဲ့ရပေ၏။

## (၁၄) ဓမ္မဒဿီဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဓမ္မဒဿီ ဘုရားရှင်လက်ထက်တွင် အလောင်းတော်သည် သိကြားမင်းတည်း။ သို့ဖြင့် နတ်ပြည်၌ ဖြစ်သော နတ်ပန်းတို့ဖြင့်၎င်း၊ နတ်တို့၏ စောင်းညှင်း ပတ်သာ တူရိယာဖြင့်၎င်း၊ ဘုရားရှင်ကို ပူဇော်ခြင်း ပြုအပ်၏။ ဘုရားရှင်လည်း အလောင်းတော် သိကြားမင်းအား ဗျာဒိတ်ညွှန်းတော်မူပေ၏။

## (၁၅) သိဒ္ဓတ္ထဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သိဒ္ဓတ္ထ ဘုရားရှင်လက်ထက်၌ အလောင်းတော်သည် မင်္ဂလ အမည်ရှိ အဘိညာဉ်ရ ကျော်စောထင်ရှားသော ရသေ့ တပါးတည်း။ ဇမ္ဗူသပြေသီးကို ဆောင်ယူကာ မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်ခြင်းပြု၏။ ဘုရားရှင်လည်း မင်္ဂလ ရသေ့ကို ရှေးဘုရားရှင်တို့နည်းတူ ဗျာဒိတ်ပေးတော်မူ၏။

စန်းမြင့်ထွန်း

## (၁၆) ကိဿဘုရားလက်ထက် ပါရမီဖြည့်ခြင်း

တိဿဘုရား ဖြစ်ပွင့်တော်မူသောအခါ၌ကား၊ အလောင်းတော်သည် 'သုဇာတ' အမည်ရှိသော ပြည့်ရှင်မင်းဖြစ်ခဲ့၏။ နောက် ရသေ့ရဟန်းပြုကာ တန်ခိုးကြီးစွာ ရှိနေစဉ်၊ တိဿ ဘုရားရှင် ပွင့်ထွန်းတော်မူကြောင်းကြားသိရသဖြင့်၊ နတ်ပန်းများဖြစ်သော ထင်ရှားပန်း၊ ပဒုမာပန်း၊ ပင်လယ်ကသစ်ပန်း တို့ ကို ဆောင်ယူကာ၊ ပရိသတ်လေးပါးတို့၏ အလယ်တွင် ကြွချီတော်မူသော ဘုရားရှင်အား လှူဒါန်းပူဇော်ခြင်း ပြုအပ်၏။

ထို ပူဇော်သောပန်းတို့သည် ကောင်းကင်၌ မျက်နှာကျက် ပန်းဆိုင်းသဖွယ် ကည်နေကြကုန်၏။ ထို တိဿ ဘုရားရှင် လက်ထက်တော်တွင်လည်း ဗျာဒိတ်ခံယူခဲ့ရပေ၏။

## (၁၇) ဖုဿဘုရား လက်ထက် ပါရမီဖြည့်ခြင်း

ဖုဿ မြတ်စွာဘုရားလက်ထက်တော်၌ အလောင်းတော်သည် 'ဝိဇိတာဝီ' အမည်ရှိသော ပြည့်ရှင်မင်းဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရသည့်အခါ၊ မင်းအဖြစ်ကို စွန့်၍ ဘုရားရှင် သာသနာတော်၌ရဟန်းပြုကာ၊ ပိဋကတ်သုံးပုံကို သင်ယူ၏။ သီလပါရမီကို ကောင်းစွာ ဖြည့်ကျင့်၏။ လူတို့အားလည်း၊ ကောင်းစွာ တရားဟောတော်မူ၏။ ဖုဿ ဘုရားရှင်လည်း၊ ရှေးဘုရားတို့ကဲ့သို့ပင် အလောင်းတော်အား ဗျာဒိတ် စကား ညွှန်ကြား သိစေတော်မူပေ၏။

စန်းမြင့်ထွန်း

## (၁၈) ဝိပဿီဘုရား လက်ထက် ပါရမီဖြည့်ခြင်း

ဝိပဿီ ဘုရား လက်ထက်တော်တွင်ကား၊ အလောင်းတော်သည် 'အတုလ' အမည်ရှိသော နဂါးမင်း ဖြစ်ချေ၏။ ရတနာ ခုနစ်ပါး စီခြယ်အပ်သော ရွှေအင်းပျဉ်ကို ဘုရားရှင်အား လှူဒါန်းအပ်၏။ ထိုနဂါးမင်း အဖြစ်တွင်လည်း ဗျာဒိတ်ခံယူခဲ့ရသည်သာတည်း။

## (၁၉) သိခီ ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

သိခီဘုရား ပွင့်သည့်အခါ၊ ဂေါတမ အလောင်းတော်သည်၊ 'အရိန္ဒမ' အမည်ရှိသော ပြည့်ရှင်မင်းတည်း။ ဘုရားအမှူးရှိသော သံဃာတော်တို့အား၊ သင်္ကန်းတစုံစီနှင့် တကွသော အလှူကြီးကို ပေး၏။ ရတနာ ခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်ကိုလည်း လှူအပ်၏။ နောက် ထိုဆင်၏ တန် ဘိုး အတိုင်း အရှည်နှင့် တူမျှသော ကျိုဖြင့် (ဂိုဒေါင်) ထည့်ထားအပ်သော စားသောက်သုံးဆောင်ဖွယ် ရိက္ခာတို့ကိုလည်းလှူဒါန်းအပ်ပေ၏။ ထို- သိခီမြတ်စွာဘုရားထံမှလည်း၊ နောင်အခါဘုရားဖြစ်အံ့သော ဗျာဒိတ်စကားကို ခံယူခဲ့ရသည်တည်း။

## (၂၀) ဝေဿဘူ ဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ဝေဿဘူဘုရား လက်ထက်တော်၌ကား၊ 'သုဒဿန' အမည်ရှိသော ပြည့်ရှင်မင်းဖြစ်၏။ ဘုရားရှင်နှင့် တကွ သံဃာတော် အပေါင်းတို့အား၊ သင်္ကန်းတစုံကျစီဖြင့် အလှူကြီးပေးတော်မူ၏။ ရှေးနည်းတူပင် ဗျာဒိတ်ခံယူရပြန်၏။

နေမြင့်ထွန်း

## (၂၁) ကကုသန်ဘုရား လက်ထက် ပါရမီဖြည့်ခြင်း

ကကုသန် ဘုရားရှင်ကား၊ ဘဒ္ဒကမ္ဘာတွင် ပထမဦးစွာဖြစ်ပွင့်တော်မူသော ဘုရားတည်း။ ထို မြတ်စွာဘုရား လက်ထက်တော်၌၊ ဂေါတမအလောင်းတော်သည် ခေမာပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်၏။ ဘုရားနှင့် တကွသော သံဃာတော် အရှင်မြတ်တို့အား၊ သပိတ် - သင်္ကန်းနှင့် တကွသော အလှူကြီးကိုင်း၊ မျက်စဉ်း အစရှိသော ဆေးဝါးတို့ကိုင်း လှူဒါန်း၏။ ဘုရားရှင်၏တရားတော်ကို နာကြားရသည့်အား လျော်စွာ လည်း မင်းအဖြစ်ကို စွန့်ကာ ဘုရားရှင့် သာသနာတော်၌ ရဟန်းပြုတော်မူ၏။

ကကုသန် ဘုရားရှင်လည်း "အသင် ချစ်သား.... ၊ သင်သည် ကဿပ ဘုရားနောက်၌ ဂေါတမ အမည်ရှိသော ဘုရားဖြစ်ပေလတ္တံ့"ဟု- ဗျာဒိတ် ညွှန်းတော်မူအပ်ပေ၏။

## (၂၂) ကောဏာဂုံဘုရား လက်ထက် ပါရမီဖြည့်ခြင်း

ကောဏာဂုံ ဘုရား ရှင် လက် ထက် တော် ၌၊ အလောင်းတော်သည် သောဘဝတီပြည့်ရှင် "ပဗ္ဗတ" အမည်ရှိသော မင်းဖြစ်၏။ မြတ်စွာဘုရားအထံတော်တွင် အမတ်အပေါင်းနှင့် အတူတရားနာယူကာ၊ ဘုရားအမှူးရှိသော သံဃာတော်များအား ကြီးစွာသောအလှူကြီးကိုပေး၏။ ချည်ပုဆိုး၊ ပိုးပုဆိုး၊ ကမ္ဗလာ ဘဲ့ဖြူပုဆိုး(သင်္ကန်း)တို့ကိုင်း၊ ရွှေကုက္ကား - ရွှေတံခွန်တို့ကိုင်း၊ လှူတော်မူအပ်၏။ ထို့ပြင်- ဘုရားရှင့် သာသနာတော်တွင်လည်း ရဟန်းပြုအပ်၏။

ကောဏာဂုံ ဘုရားရှင်လည်း ကဿပဘုရား နောက်တွင် "ဂေါတမ" အမည်ဖြင့် ဘုရားစင်စစ် ဖြစ်ရအံ့သည်ကို ဗျာဒိတ် ညွှန်းတော်မူအပ်ပေ၏။

## (၂၃) ကဿပဘုရားလက်ထက် ပါရမီဖြည့်ခြင်း

ကဿပဘုရားလက်ထက်တွင် အလောင်းတော်သည် "ဇောတိပါလ" ဟူသော ပုဏ္ဏားလုလင်တဦး ဖြစ်၏။ ဗေဒင်သုံးပုံ ကုန်စင်အောင် တတ်ကျွမ်းသဖြင့် များစွာကျော်စောထင်ရှား၏။ အိုးထိန်းသည် ဃဋိကာရကို အကြောင်းပြုကာ မြတ်စွာဘုရား တရားတော်ကို နာကြားရပြီးနောက် လူ့ဘောင်လောကကို ငြီးငွေ့စက်ဆုပ်ကာ၊ တောထွက် ရဟန်းပြု၏။

ကဿပဘုရားရှင့် သာသနာတော်တွင် ပိဋကတ်သုံးပုံကို အဆုံးတိုင် သင်ယူသည်သာမက၊ မြတ်စွာဘုရားကိုလည်း အလွန် ရိုသေစွာ ဆည်းကပ် လုပ်ကျွေးခြင်းပြု၏။ ကဿပမြတ်စွာဘုရား သာသနာတော်၏ အကျိုးဆောင် သာသနာပြုသဖွယ် ဖြစ်၏။ ထိုဘုရားရှင်လက်ထက်တွင်ကား အလောင်းတော်သည် နောက်ဆုံးဖြစ်သော ဗျာဒိတ်စကားကို ကြားနာခံယူခဲ့ရပေသတည်း။

## ပါရမီဆယ်ပါးကို ခွဲခြားစိတ်ဖြာခြင်း

ဤကား ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် သုမေဓာ ရှင်ရသေ့ဘဝမှ စတင်ကာ၊ နိယတဗျာဒိတ် (ဘုရားဖြစ်မည့်အကြောင်း) ခံယူခဲ့ရပြီး ဘုရားအဆူဆူ လက်ထက်တွင် အစဉ် အားလျော်စွာ ပါရမီဖြည့်ဆည်းခဲ့ပုံ ဖြစ်လေသည်။

ထို-သုမေဓာရသေ့ ဘဝမှသည်-နောက်ဆုံး ဝေဿန္တရာမင်း ဖြစ်တော်မူသည် အထိ၊ ကြား ကာလ ဘဝအသီးသီးတွင်လည်း ပါရမီအမျိုးမျိုး ဖြည့်ခဲ့ရသေးသည်သာ ဖြစ်သည်။ ထိုထို ပါရမီများကို အမျိုးအစားသဘော ခွဲခြားစိတ်ဖြာလိုက်လျှင်၊ ဤသို့ ဖြစ်ပေ၏။

၁။ မိမိ ကိုယ်ခန္ဓာမှ အပ ဖြစ်သော ဥစ္စာပစ္စည်း (စည်းစိမ်ချမ်းသာ)ကို စွန့်လွှတ် လှူဒါန်းကာ ပါရမီဖြည့်ဆည်းခြင်းသည်၊ ဒသပါရမီ မည်၏။

၂။ မျက်စိ၊ နား၊ နှာခေါင်း အစရှိသော ကိုယ်အင်္ဂါကို လှီးဖြတ်၍ ဖြည့်အပ်သော ပါရမီသည် ဒသဥပ ပါရမီ မည်၏။

၃။ မိမိကိုယ်တိုင်၏ အသက်ကိုပင်လျှင် စွန့်လွှတ်၍ ဖြည့်အပ်သော ပါရမီသည်၊ ဒသပရမတ္ထပါရမီ မည်၏။

---

## ဇာတ်တော်အစဉ် အားပြင်ကား

၁။ အကတ္တိပုဏ္ဏား၊ ဓနဉ္စယမင်း၊ မဟာသုဒဿန စကြာမင်း၊ မဟာဂေါဝိန္ဒပုဏ္ဏား၊ နေမိမင်း၊ စန္ဒကုမာရမင်း၊ ဝိသယှသူဌေး၊ သိဝိမင်း၊ ဝေဿန္တရာ၊ အထူးသဖြင့် ယုန်မင်းဖြစ်စဉ်အခါ၊ "ပေးကမ်းခြင်း၌ ငါနှင့်တူသောသူ မရှိ၊ ဤသို့ စွန့်ကြဲခြင်းသည် ငါ့အား ဒါနပါရမီတည်း"ဟု မိမိကိုယ်အသက်ကိုပင်စွန့်၍ လှူအပ်သော ပါရမီသည် ဒါနပါရမီ (ပရမတ္ထ ပါရမီ) မည်၏။

၂။ သီလဝမင်း၊ စမ္ပေယျနဂါးမင်း၊ ဘူရိဒတ်နဂါးမင်း၊ ဆဒ္ဒန်ဆင်မင်း၊ ဇယဒိသမင်း၏သား - အလိနသတ္တုမင်းသား၊ အထူးသဖြင့်-သင်္ခပါလနဂါးမင်းဖြစ်သောအခါ၊ "တံကျင်ဖြင့် ထိုးသော်၎င်း၊ လှံတို့ဖြင့် ထိုးဆွသော်၎င်း၊ ရွာစားသား၏ သားဖြစ်သူ အပေါ်၌ မည်သို့မျှ အမျက်မထွက်၊ ဤသည် လျှင် သီလပါရမီ တည်း" ဟု မိမိကိုယ် အသက်ကိုပင်လျှင် စွန့်လွှတ်ခြင်း ပြုအပ်သော ပါရမီသည် "သီလပါရမီ" (ပရမတ္ထပါရမီ) မည်၏။

၃။ သောမနဿမင်းသား၊ ဟတ္ထိပါလမင်းသား၊ အယောဃရပညာရှိ၊ အထူးသဖြင့် စူဠသုတသောမမင်းဖြစ်စဉ်အခါ၊ လက်ဝယ်သို့ ရောက်အပ်ပြီး သောတိုင်းပြည်ကိုပင်လျှင် စွဲလမ်းငြိတွယ်ခြင်းမရှိ၊ မင်းအဖြစ်ကို စွန့်၍ တောထွက်တော်မူအပ်သော ပါရမီသည် "နေက္ခမ္မပါရမီ" (ပရမတ္ထပါရမီ) မည်၏။

၄။ ဝိဓုရပညာရှိ၊ မဟာဂေါဝိန္ဒပညာရှိ၊ ကုဒ္ဒါလပညာရှိ၊ အာရကပညာရှိ၊ ဗောဓိပရိဗိုဇ်၊ မဟောသဓပညာရှိ၊ အထူးသဖြင့် သတ္တုဘသ္တဇာတ်လာ - သေနကပညာရှိ ဖြစ်စဉ်အခါ၊ "ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပုဏ္ဏားကို ဆင်းရဲမှ လွှတ်စေ၏။ ငါ၏ပညာနှင့် တူသောသူ မရှိ၊ ဤသည်လျှင် ငါ့အား ပညာပါရမီတည်း" ဟူ၍၊

သွားရေအိတ်အတွင်း၌ ရှိသောမြေကို ထုတ်ပြအပ်သော ပါရမီသည်၊ ပညာပါရမီ (ပရမတ္ထ) မည်၏။

၅။ ထို့အတူ ဝီရိယပါရမီကို ဖြည့်အပ်သောအဖြစ်တို့သည်လည်း မရေတွက်နိုင်သည်သာတည်း။ စင်စစ်သော်ကား မဟာဇနကမင်းဖြစ်တော်မူစဉ်အခါ တဖက်ကမ်းကို မမြင်ရသော သမုဒ္ဒရာတွင်းတွင် ဖြစ်ပါလျက်၊ သင်္ဘောသားများစွာတို့ သေကြေ ပျက်စီးကြရသည်ကို မြင်လျက်၊ စဉ်းငယ်မျှ တုန့်လှုပ် ချောက်ချားခြင်း မရှိမူဘဲ၊ မလျော့သော လုံ့လဖြင့် အားထုတ်ခြင်းသည် "ဝီရိယပါရမီ" (ပရမတ္ထ) မည်၏။

၆။ ခန္တီဝါဒီ ရသေ့ဖြစ်သော အခါ၌၊ ထက်လှစွာသော ပုဆိန်ဖြင့် ပေါက်အပ်သော ကာသိမင်း၌၊ စဉ်းငယ်မျှ အမျက်မထွက်ပဲ ကောင်းစွာ ချုပ်တည်းသည်းခံနိုင်ခြင်း ဟူသော ပါရမီသည် "ခန္တီပါရမီ" (ပရမတ္ထပါရမီ) မည်၏။

၇။ မဟာသုတသောမမင်း ဖြစ်စဉ်၌၊ သစ္စာစကားကို စောင့်ထိန်းသော အားဖြင့် မိမိအသက်ကိုပင် လျှင် စွန့်လွှတ်ကာ၊ တရာ့တပါးသော မင်းတို့ကို သေဘေးမှ လွှတ်ကင်း စေခဲ့သော ပါရမီသည်၊ "သစ္စာပါရမီ" (ပရမတ္ထပါရမီ) မည်၏။

၈။ မူဂပက္ခဇာတ်၌၊ အမိကို မုန်းသောကြောင့်လည်း မဟုတ်၊ အဖကို မုန်းသောကြောင့်လည်း မဟုတ်၊

စန်းမြင့်လွင်

စင်စစ် သဗ္ဗညုတဉာဏ်ကို ချစ်လှသောကြောင့်သာလျှင်၊ မအသော်လည်း အ,ဘိသကဲ့သို့၊ မဆွံ့သော်လည်း ဆွံ့ဘိသကဲ့သို့၊ နားမပင်းသော်လည်း ပင်း,ဘိသကဲ့သို့ အဓိဋ္ဌာန်ပြုအပ်လေသော ပါရမီသည် အဓိဋ္ဌာန်ပါရမီ (ပရမတ္ထပါရမီ) မည်၏။

၉။ ကေရာဇ်မင်း ဖြစ်စဉ် အခါ၌၊ တစုံတယောက်သော သူမျှ မိမိအား မထိတ်လန့်စေ၊ မကြောက်ရွံ့စေမူဘဲ၊ မေတ္တာ၏အစွမ်း၊ မေတ္တာကို ရှေ့ရှု အားထုတ် လျက်သာလျှင် တော၌မွေ့လျော်ခြင်း ပြုအပ်၏။ ဤကဲ့သို့ မိမိအသက် အန္တရာယ်ကိုမျှ မငဲ့ကွက်ပဲ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပွားများ နေထိုင်အပ်လေသော ပါရမီသည်၊ မေတ္တာပါရမီ (ပရမတ္ထပါရမီ)မည်၏။

၁၀။ လောမဟံသ ဇာတ်၌၊ သုသာန် တစပြင်၌ အိပ်ခြင်း၊ အရိုးစုကို အနား၌ထား၍အိပ်ခြင်း ပြုရုံမျှမဟုတ်သေး၊ ရွာသူ ကလေးပေါင်း များစွာတို့သည် မိမိအထံ လာရောက်၍ များစွာသော အရုပ်တို့ကို ပြခြင်း၊ (နောက်ပြောင်ခြင်း) တံတွေးထွေးခြင်း၊ ပန်းနံ့သာ ပူဇော်ခြင်းစသော နှစ်သက်ဖွယ် - မနှစ်သက်ဖွယ် အပြုအမူတို့ကို ပြုကုန်သော်လည်း၊ ထိုထိုအပြုအမူတို့၌ မည်သို့မျှ မတုန်လှုပ်၊ ပြကတေ့သော တည်ငြိမ်ခြင်းဖြင့်သာ နေနိုင်စွမ်းသောအဖြစ်သည်၊ 'ဥပေက္ခာပါရမီ' (ပရမတ္ထပါရမီ)မည်၏။

စန်းမြင့်ထွန်း

## ပါရမီအားလျော်စွာ ဉာဏ်တော်အဆင့်ဆင့်ရအပ်ပုံ

အလောင်းတော်သည်၊ ဘဝပေါင်းများစွာတွင် ဤသို့လျှင် ပါရမီတော်များ ဖြည့်ကျင့်ဆည်းပူး လာခဲ့ပြီးနောက်၊နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ၌ ဘုရားဖြစ်အံ့သောငှာ၊ တောထွက်တော်မူသည်။ သူတပါးတို့ ကျင့်နိုင်ခဲစွာသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူသည်။

**သက္ကရာဇ် ၁၀၃ - ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညချမ်း၌၊** မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ၊ ‘ဘုရားမဖြစ်သမျှ ဤနေရာက မထပြီ’ ဟူသော အဓိဋ္ဌာန်ဖြင့် အာနာပါန (ထွက်သက် ဝင်သက်ကို ရှုမှတ် ဆင်ခြင်ခြင်း)ဈာန်ကို ဝင်စားတော်မူသည်။

## ပုဗ္ဗေနိဝါသ - အတီတံသဉာဏ်

ဤသို့ဖြင့် မိမိသန္တာန်၊ သူတပါးသန္တာန်၌ ဖြစ်ဖူးသောခန္ဓာ အစဉ် အမည်အမျိုး အကျိုးအကြောင်း ပြောင်းဟန် ပြန်ဟန် ကို မကျန်ကုန်စင် သိမြင်တော်မူနိုင်သော “ပုဗ္ဗေနိဝါသ အတီတံသ” အမည်ရသော ပထမဝိဇ္ဇာဉာဏ်ကို၊ ထိုနေ့ ညဦးယာမ်၌ ရအပ်တော်မူပေ၏။

## ဒိဗ္ဗစက္ခု-ဉာဏ်

ထို ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် ရှေ့အစွန်းအလုံးကို ဖုံးလွှမ်းမြှေး ယှက်တတ်သော အဝိဇ္ဇာ အမိုက်တိုက်ကို ဖွင့်လှစ်တော် မူကာ အကုဋ္ဌေမကသော သမာပတ်ကို ဝင်စားတော်မူရာမှ တဆင့်

စတုတ္ထစျာန်ကို ဝင်စားတော်မူပြန်သောအခါ၊ နတ်မျက်စိမက အဆရာထောင် သာလွန်၍ မြင်နိုင်စွမ်းသော၊ "ဒိဗ္ဗစက္ခု" ဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယာမ် အချိန်၌ ရအပ်တော်မူပြန်ပေ၏။

နောက် - ထိုဒိဗ္ဗစက္ခုအဘိညာဏ်ကို အခြေခံပြုလျက်၊ ယထာကမ္မုပဂ အဘိညာဏ်၊ အနာဂတံသ အဘိညာဏ် နှစ်ပါးကို ဆက်လက်ပွားများပြန်သောအခါ၊ ယုတ်ညံ့သောသတ္တဝါသည် တဏှာ မောဟ၏ အကျိုးဆက်(အကျိုးပေးမှု)တည်း၊ အဆင်းလှသော သတ္တဝါသည်၊ မေတ္တာ၏ အကျိုးဆက် (အကျိုးပေးမှု)တည်း။ အဆင်းမလှသော သတ္တဝါသည်၊ ဒေါသ၏အကျိုးဆက်တည်း။ ကြွယ်ဝသော သတ္တဝါသည် အလောဘ၏ အကျိုးဆက်တည်း စသည့် သတ္တဝါအပေါင်းတို့၏အကြောင်းတရား၊ အကျိုးတရား အလုံးစုံကို၊ အကုန်အစင် သိမြင်တော် မူအပ်ပြန်ပေ၏။

## ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူခြင်း

ထိုမှတဆင့် မိုးသောက်ယာမ်သို့ ရောက်လတ်သော်၊ တခဏတာမျှ ကျိန်းစက်တော်မူ၍ နိုးထသည့်အခါ၊ အလျင် ရှေးရှုပြီး ဖြစ်သော စတုတ္ထစျာန်ကို တဖန် ဝင်စား ပွားများတော်မူပြန်သည်။

ထိုအခါ ဝိပဿနာ နည်းအားလျော်စွာ ဆင်ခြင် သုံးသပ်တတ်သော သမ္မသနဉာဏ်၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်း - ပျက်ခြင်းတို့ကို သိတတ်သော ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာဉာဏ် ဆယ်ပါးတို့ကို အစဉ်အတိုင်း သိမြင်တော်မူအပ်လေရကား....။

စန်းမြင့်ထွန်း

လင်းပျောက်ခဲ့စွာ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားတို့၌ လွှမ်းတား ပိတ်ပင်တတ်သော အဝိဇ္ဇာ ကွန်ယက်ကို ပယ်ရှား ဖြတ်ခွာသျက်၊ ဒုက္ခသစ္စာ၏ သဘာဝတရားလေးပါးကို ပိုင်းခြား ရှုသိခြင်း၊ သမုဒယသစ္စာ၏ သဘာဝတရား လေးပါးကို ပယ် ရှားဖြတ်ခွာခြင်း၊ နိရောဓသစ္စာ၏ သဘာဝတရား လေးပါးကို မျက်မှောက်ပြုထားခြင်း၊ မဂ္ဂသစ္စာ၏ သဘာဝတရားလေးပါး ကို ပွားစီးစေနိုင်ခြင်းတည်းဟူသော ကိစ္စလေးပါး၊ ကိစ္စတဆယ့် ခြောက်ပါးတို့ကို သိကြားမင်း၏ ဝရဇိန်စက်ကဲ့သို့ တပြိုင်နက် တချက်တည်းပြီးစေလျက်....

သောတာပတ္တိမဂ် ကို ၎င်း၊ ထိုမှတဆင့် သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်ကို၎င်း၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကို၎င်း၊ အရဟတ္တမဂ် – အရဟတ္တဖိုလ်ကို ၎င်း၊ အစဉ်အတိုင်း ရအပ်ပြီး သော်၊ အပရိမာဏ ဆုံးဆထုတ်ဖွေ မရေမတွက် နိုင်သော၊ ဆ အသာ ခေရဏ–စတုဝေသာရဇ္ဇ – ဒသဗလ - ဆ အဘိညာ, ဝိဇ္ဇာရှစ်ဝ, စရဏ တဆယ့်ငါး အပေါင်းတို့ဖြင့် တန်ဆာဆင်အပ် သော သဗ္ဗညုတ ဉာဏ်ရှင်၊ လောကသုံးပါး၏ အထွဋ်အမြတ် ဖြစ်တော်မူသော- ဘုရားရှင် အဖြစ်သို့၊ **သက္ကရာဇ် ၁၃၀-ခု၊ ကဆုန်လပြည့်နေ့ အရုဏ်မတက်မီ** အချိန်တွင် ဆိုက်ရောက် တော်မူအပ်ပေ၏။

ဤကား - သုမေဓာရှင်ရသေ့ဘဝ၊နိယတဗျာဒိတ်တော်ခံယူခဲ့ ရသည့်အခါမှစ၍ ပါရမီအမျိုးမျိုးကို ကြိုးစားဖြည့်ကျင့်ကာ၊ နောက်ဆုံး သိဒ္ဓတ္ထမင်းသားအဖြစ်၌ လောကသုံးပါး၏ အထွဋ်

စန်းမြင့်ထွန်း

အထိပ် ဖြစ်တော်မူသော၊ သဗ္ဗညုတဉာဏ်ရှင် ဘုရား စင်စစ် ဖြစ်မြောက်တော်မူခဲ့ရပုံ ဖြစ်လေသည်။

ထိုသို့ ဘုန်းတော်၊ ဂုဏ်တော်၊ ဉာဏ်တော် အားလုံး ပြီးပြည့်စုံကာ ဘုရားအဖြစ်သို့ ဆိုက်ရောက်တော် မူသည့်အခါ၊ ပထမဦးစွာ ကျူးရင့်တော်မူအပ်သောဥဒါန်းဂါထာမှာ၊ ဗုဒ္ဓမြတ်စွာ၏ စကားတော် အဖြစ်ဖြင့် ချည်းသာ မဟုတ်၊ ရည်ညွှန်းထုတ်ဖော်ရင်းဖြစ်သော အကြောင်းခြင်းရာ (သဘောအခြေခံ) ကို နှိုက်ကပင်လျှင် ကြောင်းကျိုးဆက်စပ်မှုနှင့်တကွ အလေးအနက် နှလုံးသွင်း ဆင်ခြင်ဖွယ် ကောင်းလှပေသည်။

“ အို....၊ အတ္တဘောတည်းဟူသော အိမ်ကိုပြုတတ်သော တဏှာယောကျ်ား ပဲ့ခွပ်သမား....။ သင့်ကို ရှာသော ငါသည်၊ အကြင် သဗ္ဗညုတဉာဏ်တော်ဖြင့် သင့်ကို မြင်အံ့သောငှာ တတ်ကောင်း၏။ ထိုသဗ္ဗညုတ ဉာဏ်တော်ကို မရသည်ဖြစ်၍ အဖြစ်များစွာ သံသရာပတ်လုံး၊ တပါးသော ဂတိမှသည် တပါးသောဂတိသို့ ပြေးဝင်ရလှလေပြီ။ တပါးသောဂတိ၌ တပြောင်းပြန်ပြန် ဖြစ်သောအားဖြင့် ကျင်လည်ခဲ့ရလှလေပြီ။ အဖန်တလဲလဲ အမိဝမ်း၌ပဋိသန္ဓေနေရခြင်းသည်၊ ဆင်းရဲစွာ၏ ”

“ အတ္တဘောတည်းဟူသောအိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲ့ခွပ်သမား၊ ယခုအခါ၌ သင့်ကို ငါသည် မြင်အပ်သည်ဖြစ်၏။ တဖန် အတ္တဘောတည်းဟူသော အိမ်ကို သင်သည် မပြုရလတ္တံ့။ သင်၏ တထောင့်ငါးရာ

ကိလေသာတည်းဟူသော အကုပ်အခြင်တို့ကို ငါချိုးဖွဲ့ရပြီ။ အဝိဇ္ဇာတည်းဟူသောအိမ်၏အထွဋ်ကို ငါချိုးပြီ။ ငါ၏စိတ်သည်အာရုံပြုသောအားဖြင့်နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာတို့၏ ကုန်ရာ ဖြစ်သော နိဗ္ဗာန်ကို ငါရပြီ”

ဗုဒ္ဓဘာသာများအဖို့၊ ဤ ဥဒါန်းစကားတော်သည် အနည်းနှင့်အများ သိထားကြပြီးဖြစ်သည်။ သို့သော် သဒ္ဓါတရားအားဖြင့်မူ၊ ပိုပြီး ရှင်းလင်းလွယ်ကူစိမ့်သောငှာ၊ မြန်မာစကားပြေနည်းဖြင့် ထပ်မံဖော်ပြလိုပေသေးသည်။

“ချမ်းသာဟူသည် မှူခြည်မျှမဖက်၊ ဆင်းရဲခြင်းသက်သက်သာဖြစ်သော ခန္ဓာအိမ်ကို၊ ကြိမ်ဖန်များစွာ ထပ်ဆင့်ကာလျှင်၊ စီရင်ပြုလုပ်တတ်ပေသော၊ တဏှာယောကျ်ား၊ အို.... လက်သမား ”

“ဘဝများစွာ၊ သံသရာ အဆက်ဆက်၌ပင်လျှင်၊ သင့်ကိုရှာခဲ့သောငါသည်၊အကယ်၍သာ သဗ္ဗညုတဉာဏ်တော်ကို ရပါမူကား၊ ငါရှာအပ်သော အတိုင်းပင်သင့်ကို တွေ့မြင်ခြင်းငှာ တတ်စွမ်းနိုင်ကောင်းသည်သာတည်း.”

“သို့စေငြား၊ထိုသဗ္ဗညုတဉာဏ်တော်ကို မရနိုင်သေးသည်၏ အဖြစ်ကြောင့်၊ ဘဝများစွာ သံသရာပတ်လုံး၊ တပါးသောဘဝမှသည် တပါးသောဘဝသို့ ကြိမ်ဖန်များစွာပြောင်း၍သာလျှင် ပြေးဝင်ခဲ့ရလှလေပြီ။ နားရာမမြင်၊

စန်းမြင့်ထွန်း

ခိုရာမရ၊ ဒုက္ခဆင်းရဲခြင်း အတိသာဖြစ်သော ဘဝဇာတ်ရေအလျဉ်တွင် ကျင်လည်မျောပါခဲ့ရလှလေပြီ”

“ သို့လျှင် အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေ နေရဆဲနေရခြင်းအဖြစ်သည်ကား စင်စစ် ဆင်းရဲလှစွာတကား”

“အို.... ဘဝဇာတ်ကိုပြုလုပ်တတ်ြွေား၊တဏှာလက်သမားယခုမူကား သင့်ကို ငါ မြင်အပ်ပြီ။ သင်သည် ဘဝဇာတ်ကို တဖန် ထပ်၍ မစီမံနိုင်တော့ပြီ။ မစီမံနိုင်တော့သည်သာ ဖြစ်ခဲ့ပြီ။ သင်၏ တ ထောင့် ငါး ရာ ကိလေသာတည်းဟူသော ခပ်သိမ်းကုန်သောခန္ဓာအိမ်၏ အ ဆင် တန် ဆာ တို့ ကို ငါ ဖြိုဖျက်အပ်ပြီ။ အဝိဇ္ဇာတည်းဟူသော ခန္ဓာအိမ်၏ အ မိုး အ ကာ တို့ကိုလည်း ငါ ပယ်ဖျက်အပ်ပြီ”

“အို....တဏှာယောကျ်ား အသင်လက်သမား၊ယခုမူကား ငါ၏စိတ်သည် အာ ရုံ ပြု သော အား ဖြင့် နိဗ္ဗာန် သို့ ရောက်ခဲ့ပြီ။ တဏှာတို့၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်ကို ငါရပြီ”

## ဒုတိယဖြစ်သော ဥဒါန်းစကား

ဘဝပေါင်းများစွာ ပါရမီဖြည့်ဆည်းတော်မူခဲ့ခြင်းအားဖြင့် လောကသုံးပါး၏ မကိုဋ်သရဖူ ဖြစ်တော်မူရလေသော ဗုဒ္ဓမြတ်စွာဘုရားသည် ပထမ ဦးစွာသော ဥဒါန်းစကားနောက်၌ ဒုတိယမြောက်ဖြစ်သော ဥဒါန်းစကားကိုလည်း ထပ်မံကျူးရင့်တော်မူပြန်သည်။

စော်ပြင်ထွန်း

၁။ ခြိုးခြံသောလုံ့လရှိထသော၊ အကုသိုလ်တရားတို့ကို ဖုတ်ကြည်းပြီးထသော၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား အကြင်အခါ၌ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကယ်မလွဲသဖြင့် ထင်ရှားဖြစ်ကုန်၏။ ထိုအခါ၌ ထိုရဟန္တာပုဂ္ဂိုလ်အား ခပ်သိမ်းကုန်သော တဆယ့်ခြောက်ပါးသောယုံမှားခြင်းတို့သည်အကြွင်းမဲ့ကြောင့် ငြိမ်းကုန်၏။ ထို့ကြောင့် အကြောင်းနှင့်တကွ ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အပြားအားဖြင့်သိ၏။

၂။ ခြိုးခြံသောလုံ့လရှိထသော၊ အကုသိုလ်တရားတို့ကို ဖုတ်ကြည်းပြီးထသော၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား အကြင်အခါ၌ သစ္စာလေးပါးတရားတို့သည် စင်စစ်သဖြင့် ထင်ရှားဖြစ်ကုန်၏။ ထိုအခါ၌ထိုရဟန္တာပုဂ္ဂိုလ်အား၊ ခပ်သိမ်းကုန်သော၊ တဆယ့်ခြောက်ပါးကုန်သော ယုံမှားခြင်းတို့သည်၊ အကြွင်းမဲ့ကြောင့် ငြိမ်းကုန်၏။ ထို့ကြောင့်အကြောင်းတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ထိုရဟန္တာပုဂ္ဂိုလ်သည် သိပြီ။

၃။ ခြိုးခြံသောလုံ့လရှိထသော၊ အကုသိုလ်တရားတို့ကို ဖုတ်ကြည်းပြီးထသော၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား အကြင်အခါ၌ သစ္စာလေးပါးတရားတို့သည် စင်စစ်သဖြင့်

ထင်ရှား ဖြစ် ကုန် ၏။ ထိုအခါ၌ နေမင်းသည်
ကောင်းကင်ပြင်၌ ထွန်းလင်းလျက် တည်သကဲ့သို့
ထိုရဟန္တာသည် ကာမာတေ ပဌမာသေနာ အစ
ရှိသော မာရ်၏ စစ်သည်ကို ဖျက်ဆီးလျက်တည်၏။

## ပထမဦးဆုံးအမေးပြဿနာ

ဗုဒ္ဓမြတ်စွာဘုရားသည် ထိုထို ဥဒါန်းတော်များ ကျူးရင့်ပြီးနောက် ပိုင်း 'အဇပါလ' ညောင်ပင်ရင်းတွင် စံနေတော်မူသောအခါ 'ဟုံဟုံက' ဟူသော ဒိဋ္ဌမင်္ဂလိက ပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာဘုရားအထံ လာရောက်ကာ ဤသို့ မေးမြန်းလျှောက်ထား၏။

"အ ရှင် ဂေါ တ မ၊ အ ဘယ် သို့ သော သူ သည် ဗြာဟ္မဏ မည်ပါသနည်း"

ထိုအခါ မြတ်စွာဘုရားက ဤသို့ဖြေတော်မူ၏။

"အသင်ပုဏ္ဏား....၊ အကြင်သူသည် တ ဟုံ ဟုံ ဝါက် သော အမျက်ကင်းကွာလျက် သတ္တဝါတို့အားသနားချစ်ခင်ခြင်းလည်း ရှိ၏။ ရာဂ,စသော ကိလေသာတို့ကိုလည်း ပယ်ခွာစွန့်ပစ်တတ်၏။ မြတ်သည်ဟု သမုတ်အပ်သော ပညာကြိယာဝတ္တ (ကောင်းမှုကုသိုလ်တို့ကို အားထုတ်ခြင်း) တို့၌သာ ပျော်မွေ့၏။ ထိုသူသည်သာလျှင် မြတ်ရာသို့သွားအံ့သည်ဖြစ်၍ ဗြာဟ္မဏ မည်ပေ၏"

ထို့နောက် မြတ် စွာ ဘု ရား သည် ပဥ္စဝဂ္ဂီငါးဦးတို့အား မိ ဂ ဒါဝုန် တော တွင် သက္ကရာဇ် ၁၀၃ - ခု၊ ဝါဆိုလပြည့် စနေနေ့ ညချမ်း (နေဝင်စအချိန်) ၌ ဓမ္မစကြာတရား ဟော

တော်မူသည်။ ပဉ္စဝဂ္ဂီငါးဦးသာမဟုတ် များစွာသော နတ်၊ ဗြဟ္မာတို့သည်လည်း တရားတော်ကို လာရောက်နာကြားကြကုန်သည်။ ထိုထို နတ်ပရိသတ် အပေါင်းတို့တွင် '**သာတာဂိရိ**' အမည်ရှိ နတ်ဘီလူးသည်လည်း တဦးအပါအဝင်ဖြစ်ပေ၏။

သို့သော် – သာတာဂိရိသည် ဘုရားရှင်၏ တရားတော်ကို တည်ငြိမ်စူးစိုက်စွာ မနာကြားနိုင်ခဲ့ပေ။ "ငါ့အဆွေ **ဟေမဝတ** သည်လည်း ငါကဲ့သို့ပင် တရားတော်ကို နာကြား ရပါမူ ကောင်းလေစွ...." ဟူသောသဒ္ဓါစိတ်အရ၊ ထိုတရားပွဲသို့ 'ဟေမဝတ' များ ရောက်ကောင်းရောက်လာလိမ့်မည်လား.... အတွေးဖြင့် မိမိ၏ အဆွေဖြစ်သူကိုသာ မျှော်တလင့်လင့် ရှိနေမိခြင်းကြောင့် ဖြစ်လေသည်။

ဘုရားရှင်၏ တရားတော် ပြီးဆုံးသွားသည့် အချိန်၌ကား၊ သာတာဂိရိသည် မိမိ၏အဆွေ ဖြစ်သူအား ဘုရားရှင်အကြောင်း သတင်းကောင်း ပြောပြချင်လှသဖြင့် ဟေမဝတ ရှိရာ "ဟေမဝတ တောင်" သို့ အမြန်ဆုံး ရှေးရှုထွက်ခွာ လာခဲ့လေသည်။

## ဘဝနောက်ကြောင်း ပြန်ပြောင်းမျှော်သော်

သာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူးဆိုရာ၌၊ ထို နှစ်ဦးတို့သည် နတ်ဘီလူးမဖြစ်ရသေးမီ– လွန်ခဲ့သောဘဝ၌ကား၊ ပိဋကတ်ကျမ်းတတ် မထေရ်မြတ်နှစ်ပါး ဖြစ်ခဲ့ကြလေသည်။ ထိုမထေရ်မြတ်နှစ်ပါးတို့သည် ကျမ်းဂန် ပိဋကတ် - နှံ့စပ်ကျွမ်းကျင်သည် သာမဟုတ်သေး၊ ကျင့်ဝတ် သိက္ခာပုဒ်ကိုလည်း အထူးသဖြင့် လေးစားရိုသေကြသည်။

စန်းမြင့်ထွန်း

သို့သော် - တချိန်သောအခါ၌ကား၊ အကျင့်ပျက် ရဟန်း တပါးနှင့် ပတ်သက်ကာ မဖြောင့်မမှန် ပြုမိသည့် သဘောမျိုး ချွတ်ယွင်းချက် ဖြစ်ခဲ့ကြရသည်။ မိမိတို့သည် ဝိနည်း - ဒေသနာ တော်ထက် အကျင့်ပျက် ရဟန်းအပေါ်တွင်သာ လိုက်လျော ထောက်ခံမိခဲ့သည် - ဟူ၍ မိမိကိုယ်မိမိ သံသယဖြစ်ခဲ့ ကြရသည်။

ရဟန်းဘဝမှ စုတေသေလွန်ရသောအခါ၊ နတ်ပြည်ရောက် နိုင်သော ကံရှိပါလျက်၊ ထိုအစွဲ၏ ပြင်းစွာသော နှိပ်စက်မှု ကြောင့်ပင်လျှင် နှစ်ဦးလုံး နတ်ဘီလူး ဖြစ်ခဲ့ကြရသည်။ နတ် ဘီလူးဘဝတွင် အစည်းအဝေးပွဲများ၌တဦးနှင့်တဦးတွေ့ဆုံမိကာ မိမိတို့ ဘဝနောက်ကြောင်းကို ပြန်ပြောင်း ဆွေးနွေးမိကြသည်။ ကြောင်းကျိုးကုန်စင် သိမြင်သဘောပေါက် ကြရသည်။

ထိုအခါ လွန်ခဲ့ပြီး ဘဝကကဲ့သို့ပင် ခင်မင်တွယ်တာမိကြရ ပြန်သည်။ သို့ဖြင့် တဦးနှင့် တဦး ဤသို့လည်း အပြန်အလှန် ပြောဆိုမှာကြားခဲ့ကြ၏။

“ အဆွေ - ဟေမဝတ၊ သင်၏နေရာ ဟိမဝန္တာတောကား အံ့ဘွယ်သရဲ ထူးကဲသော တောပေတည်း။ အကြောင်း တစုံ တရာ ထူးခြားချေသော် - ငါ့အား အသိပေး အကြောင်းကြား ပါလော....”

“ ကောင်းလှပြီ - သာတာဂိရိ၊ သင်၏ နေရာ မဇ္ဈိမဒေသ အရပ်သည်လည်း မြတ်သောသူတို့ နေရာပင် ဖြစ်ချေသည်။ တစုံ တရာ ထူးခြားမှုရှိခဲ့လျှင် ငါ့အား အသိပေး အကြောင်းကြား ပါလော....”

သို့သော်– နတ်ဘီလူး နှစ်ဦးလုံးပင်လျှင် မိမိတို့ တန်ခိုး စည်းစိမ်အားလျော်စွာ မွေ့လျော် ပျော်ပါးနေမိ ခြင်းကြောင့်ရင်း၊ ပဋိသန္ဓေနေတော်မူသည့်အခါ၊ ဖွားတော်မူသည့်အခါ မြေလှုပ်ခြင်းစသော ဘုရား လောင်းနှင့် ပတ်သက်သည့် ဗုဒ္ဓုပ္ပါဒ - နိမိတ်တို့မှာလည်း ကြာမြင့်စွာ တည်တံ့သည် မဟုတ်သောကြောင့်ရင်း၊ ဂေါတမ မြတ်စွာဘုရား - ဖြစ်ပွင့်တော် မူသည်ကို မသိလိုက်နိုင်ရှိကြလေသည်။

ဓမ္မစကြာတရား ဟောတော်မူသောအခါတွင်မှ တိတ်ထူး - နိမိတ်ထူးတို့၏ ကြာမြင့်စွာ တည်တံ့မှုကြောင့် နတ်ဘီလူးနှစ်ဦးအနက် သာတာဂိရိနတ်သည် ပထမဦးစွာ သိခွင့်ရကာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရခြင်း ဖြစ်လေသည်။

## ဗုဒ္ဓ မြတ်စွာနှင့် ပတ်သက်သော ပြဿနာ

ထိုကဲ့သို့ သာတာဂိရိက ဟေမဝတကို ဘုရားရှင်နှင့်ပတ်သက်၍ အသိပေး အကြောင်း ကြားရန် လာခဲ့စဉ်၌ ဟေမဝတ ဘုံဗိမာန်သို့ မရောက်ရသေးမီ လမ်းခုလတ်မှာပင် ဟေမဝတနှင့် မျက်နှာရင်ဆိုင် ဆုံစည်းမိလေသည်။

သို့ - ဆုံစည်းမိရခြင်းမှာကား၊ ဤသို့ဖြစ်လေသည်။ ဟေမဝတနေရာ - ဟိမဝန္တာတောတွင် တောပန်း တောင်ပန်း တို့လည်း အခါမဲ့ (ရာသီမဟုတ်)ပွင့်ကြသည်။ ကြယ်နက္ခတ်တို့သည်လည်း အခါတိုင်းထက် တောက်ထွန်း ကြသည်ဖြစ်၍၊ တောတောင်အလုံးသည်ပင်လျှင် မဖြစ်စဖူး ထူးကဲဆန်းကြယ်စွာ သာယာတင့်တယ်နေဘိသည်။

ထိုအခါ ဤရွှေဤမျှ ထူးခြားဆန်းကြယ် စိတ်နှလုံးပျော်မွေ့ဖွယ်ဖြစ်နေသော အချိန်အခါတွင် ငါ၏အဆွေ - သာတာဂိရိကိုခေါ်၍ နှစ်ဦးအတူ ပျော်ပါးမြူးတူးအံ့ - အကြံဖြင့် ဟေမဝတကိုယ်တိုင်ကလည်း သာတာဂိရိအထံ လာရောက်ခဲ့သည်။ ထို့ကြောင့်ပင် – ရာဇဂြိုဟ်ပြည်၏အထက်ကောင်းကင်၌ တဦးနှင့်တဦး မျက်နှာရင်ဆိုင်ဆုံစည်းမိကြခြင်း ဖြစ်လေသည်။

သာတာဂိရိက ဟေမဝတကို အကျိုးအကြောင်း မေးမြန်းသောအခါ၊ ဟေမဝတ က မိမိလာခဲ့ရခြင်း အကြောင်းကို အမှန်အတိုင်း ပြောပြသည်။

ထိုအခါ၊ သာတာဂိရိက ထိုထိုမဖြစ်စဖူး ထူးခြားဆန်းကြယ်စွာသော အံ့ဘွယ်သရဲတို့သည်ကား၊ အကြောင်းမဲ့ဖြစ်ပေါ်ရခြင်းမဟုတ်၊ ဤလောက၌ နှိုင်းရာမမြင် ယှဉ်ရာမရ၊ စင်စစ် ထူးမြတ်လှစွာသော ဂုဏ်ကျေးဇူးအပေါင်းတို့၏ တည်ရာ၊ ဗုဒ္ဓမြတ်စွာဘုရား ဖြစ်ပွင့်တော်မူကာ၊ ဓမ္မစကြာတရားတော်ကို ဟောဖော်ညွှန်ပြခြင်းကြောင့်သာလျှင်၊ ဤကဲ့သို့ အခါမဲ့ ပွင့်သောပန်းထူးခြားဆန်းကြယ်မှု အမျိုးမျိုးတို့ ဖြစ်ရကြောင်း ပြန်လည်ရှင်းပြသည်။

ထို့နောက် မိမိအဆွေ ဟေမဝတ ကို၊ ဗုဒ္ဓမြတ်စွာဘုရားထံခေါ်ဆောင်လိုသော အားဖြင့်–

"အဆွေ ဟေမဝတ၊ နွယ်တာလ (ဝါဆိုလ) ပန္နရသီ၊ တိထိရက်စေ့၊ ဤယနေ့ည၊ ဤသမယကား၊ လောက သုံးဘုံဝယ်၊ တစုံတယောက်သော သူနှင့်မျှ တူတော်မမူသော၊ လူသုံးဦးတို့၏ အမှူးဥက္ကဋ္ဌ၊ ဗုဒ္ဓ

စန်းမြင့်ထွန်း

မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောအပ်ခြင်းဖြင့်၊ လောကဓာတ်တခွင် ထက်ဝန်းကျင်မှ တရားနာလာလတ်ကြကုန်သော နတ်ဗြဟ္မာ.အပေါင်းတို့၏ ကိုယ်ရောင် တန်းဆာရောင်တို့ တပြောင်ပြောင် ထွန်းပကာ၊ အထူးသဖြင့် တင့်တယ်သာယာလှသော အခါတည်း။

"အဆွေ-ဟေမဝတ၊ သာကီဝင်မင်းမျိုးမှ ဖြစ်အပ်ခြင်းဖြင့်၊ စင်စစ် ဇာတိဂုဏ်အားဖြင့်လည်း မြင့်မြတ်စင်ကြယ်လှပေသော ဘုရားဂေါတမကို၊ ငါတို့အတူ ဖူးမြှော်ကာ တရားတော်ကို ကောင်းစွာ နာကြားကြကုန်အံ့...." ဆိုပေ၏။

ထိုအခါ၌၊ ဟေမဝတသည် ဤသို့တွေးကြံမိ၏။

"ငါ့အဆွေ သာတာဂိရိသည်၊ မိမိ၏ဆရာ (ဘုရား) ဖြစ်သူကို သဗ္ဗညု ပုဂ္ဂိုလ်အဖြစ်. ဆိုညွှန်း၏။ စင်စစ် သဗ္ဗညု ပုဂ္ဂိုလ်မည်သည်ကား အလွန် ခဲယဉ်းလှသည်သာတည်း"

"ပုရဏကဿပ ဆိုသူတို့သည်လည်း၊ သဗ္ဗညုဟု ဝန်ခံလျက် မှားယွင်းသော အယူဝါဒဖြင့် လူများအပေါင်းကို ဖျက်ဆီးကြကုန်၏"

"ယခု-ငါ့အဆွေ ဆိုအပ်လေသော ဂေါတမ ဘုရားသည်၊ စင်စစ် သဗ္ဗညုပုဂ္ဂိုလ်မှန်ပါမူကား၊ တာဒိဂုဏ်နှင့် ပြည့်စုံလေရာ၏။ သို့-ဟုတ်မဟုတ် ငါ စုံစမ်းဦးအံ့...."

စန်းမြင့်ထွန်း

သို့ဖြင့် ဟေမဝတသည်၊ သာတာဂိရိ ကို ဤ သို့ ပြန်လည် မေးမြန်း၏။

" အဆွေ သာဘာဂိရိ၊ သင် ၏ ဆ ရာ သည် စင် စစ် လူသုံးဦးတို့၏ အမူးဥက္ကဋ္ဌ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် မှန်ခဲ့ချေသော်၊ ထို သင့်ဆရာ၌ ကောင်း စွာ တည် တံ့ သော စိတ်နှလုံး ရှိပါ၏လော၊ ခပ်သိမ်းသော သတ္တဝါမှန်သမျှ တို့၌ ရန်သူ မိတ်ဆွေ စသည် ခွဲခြားခြင်းမရှိ၊ ပကတိ အညီအညွတ်သာလျှင် ဖြစ်အပ်လေသော တာဒိဂုဏ်နှင့် ပြည့်စုံပါ၏လော၊ အလုံးစုံသော အာရုံကောင်းဆိုးတို့၌ ထိ ပါး တုန် လှုပ် ခြင်း မှ ကောင်း စွာ ကင်း အပ် ပါ၏လော...."

ဤ မေး ခွန်း နှင့် ပတ် သက် ၍ ကား၊ သာ တာ ဂိ ရိ သည် ကောင်းစွာ မဖြေစွမ်းနိုင်ပေ။ သိမ်မွေ့နက်နဲ လှစွာသော သဗ္ဗညုတ ညာဏ် အ ရာ တွင်၊ ကောင်း စွာ မ ကျွမ်း ကျင် ခြင်း ကြောင့် ဖြစ်သည်။ သို့အတွက် မိမိသိစွမ်းသမျှသော ဂုဏ်ကျေးဇူးဖြင့်သာလျှင်၊ ဟေဝမဝတအား ပြန်လည်ဖြေကြားရလေသည်။

" အဆွေ-ဟေမဝတ ..၊ သုံးလောက မျက်ရှု၊ သဗ္ဗ ညု မြတ်စွာဘုရားသည်ကား၊ မြင်း မိုရ် တောင် မင်း သည် လေ ပြင်း မုန် တိုင်း ထန် သော် ငြား၊ မ ယိမ်း မ ယိုင် တည်နေနိုင်ဘိသကဲ့သို့ရင်း၊ မဟာပထဝီ မြေ ကြီး သည် မတုန်မလှုပ် တည်နေနိုင်ဘိ သကဲ့သို့ရင်း၊ ကိုယ်တွင်းကိုယ်ပ၊ နှစ်ဝသော မာရ်တို့ကို၊ တိုက်လှန် ချိုးဖျက်၍ ယှဉ်းကွက်မရှိ ၊ပကတိကောင်းစွာ တည်တံ့နိုင်ပေ၏။

“ဤသို့ တည်တံ့နိုင်ခြင်းသည်ကား၊ ယခုဘဝ ဘုရားအဖြစ်သို့ ရောက်မှသာမဟုတ်၊ ဗုဒ္ဓသမ္မာရကို ဖြည့်စဉ် (ဘုရားဖြစ်စေကြောင်း ပါရမီဆယ်ပါး) ဆဒ္ဒန်ဆင်မင်းဖြစ်သော အခါကပင်လျှင်၊ ဆိပ်လူး မြားဖြင့် ပစ်ခွင်းလာဘိသော ရန်သူကိုလျက်၊ မျက်မာန် ရန်ငြိုးထားခြင်းမရှိ၊ မိမိ၏အစွယ်ကိုပင် ဖြတ်၍ လှူပေသေးသည်။

“မဟာကပိလမျောက်မင်းဖြစ်စဉ်၌လည်း၊ မိမိအား သတ်ရန်အားထုတ်သော ပုဏ္ဏားကိုပင်လျှင်၊ နေရင်းရပ်ဌာန် ပြန်နိုင်အံ့သောငှါ လမ်းညွှန်လိုက်ပေသေးသည်။

“ဝိဓုရသုခမိန်ဖြစ်စဉ်မှာလည်း၊ ယူဇနာ ခြောက်ဆယ်မျှသော တောင်အောက်သို့၊ စောက်ထိုး (ဇောက်ထိုး) ပစ်ချအပ်လေသော ပုဏ္ဏကဘီလူးကိုပင်လျှင်၊ စင်စစ် မြင့်မြတ်စွာသော မေတ္တာတရားဖြင့်၊ ကောင်းစွာ တရားဟောတော်မူအပ်ပြန်ဘိသည်။ ထိုထို အကြောင်းများကြောင့် ပင်လျှင်၊ ဗုဒ္ဓရှင်တော်ဘုရား သည်၊ ကောင်းစွာ ထားအပ်-မြတ်-သောစိတ်တော် ရှိသည်ဟု သိအပ်ပေသတည်း။

“အဆွေ ဟေမဝတ....၊ သုံးလောကထွဋ် ထား သဗ္ဗညူ မြတ်စွာဘုရားသည်ကား သတ္တဝါအားလုံးတို့ အပေါ်၌လည်း ဆင်းရဲချမ်းသာခွဲခြားခြင်းမရှိ၊ မိမိကိုယ်တော်တိုင်နှင့်ထပ်တူညီမျှ၊ ပကတိသော မေတ္တာတရား

စန်းမြင့်ထွန်း

ကိုသာ ထားရှိအပ်သည်သာတည်း။ ထိုမှတပါး ကောင်းသောအာရုံ၊ ဆိုးသောအာရုံ (နှစ်သက်ဖွယ် မနှစ်သက်ဖွယ်) တို့၌လည်း၊ မည်သို့မျှ ထူးခြားတုန့်လှုပ်တော်မမူ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စဉ်းငယ်မျှ ခုံမင်စွဲလမ်းခြင်းမရှိ ဖြစ်ပေသည်။

"လာဘ်လာဘပေါများခြင်း - ရှားပါးခြင်း၊ အခြွေအရံပေါများခြင်း - ရှားပါးခြင်း စသည့် လောကဓံရှစ်ပါးတို့၌လည်း စဉ်းငယ်မျှ လှုပ်ရှားတော်မူခြင်းမရှိ၊ ပကတိ သည်းခံနိုင်စွမ်းသော " တာဒိဂုဏ် " နှင့်ကောင်းစွာ ပြည့်စုံတော်မူပေသည်။ ထို့ပြင် - အကြင် မိန်းမယောကျ်ားတို့၌ ဆင်းသွင်အင်္ဂါ တင့်တယ်ဟန် - မတင့်တယ်ဟန်ကို ကြံစည်တွေးတောခြင်းဟူသော သက်ပွရာဂ တို့မှလည်းကောင်းစွာကင်းအပ်တော်မူသည်သာတည်း "

ထိုအခါ၌ ဟေမဝတသည် ဤသို့တဖန်မေးပြန်၏။

"အဆွေ - သာတာဂိရိ....၊ သင့်ဆရာသည် သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းဟူသော ပါဏာတိပါတ၊ လောဘရမ္မက်ဖြင့် ခိုးဝှက်ခြင်းဟူသော အဒိန္နာဒါန် တို့နှင့် ကောင်းစွာ လွတ်ကင်းပါ၏လော၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တပ်မက်မွေ့လျော်ခြင်း အားဖြင့် မေ့လျော့မှုဖြစ်စေသော ပမာဒတရားနှင့် ကင်းအပ် ပါ၏လော၊ မာတုဂါမ စသည်တို့၌ နှစ်သက် လွန်ကြူး အပ်သော ဘဏှာရမက်နှင့်လည်း ကောင်းစွာ ကင်းအပ်ပါ၏လော၊ နီဝရဏ ခြောက်ပါးမှ ဝေးကွာလျက်၊ ဈာန်သမာပတ်

စိန်မြင့်ထွန်း

မြတ်သောအဘိညာဏ်တို့ ပွားများ စည်ပင်အောင်လည်း ရှက်ဆောင်နိုင်ပါ၏လော...."

ဟေမဝတ က ဤသို့ မေးလေသော်၊ သာတာဂိရိ ကလည်း သို့နှယ် ဖြေအပ်ပြန်ပေ၏။

"အဆွေ...ဟေမဝတ၊ ငါ၏ဆရာ - မြတ်စွာဘုရားသည်ကား၊ ပါဏာတိပါတ အဒိန္နာဒါန်ဟူသော မိစ္ဆာကံတို့သည် ယခုဘဝမှကင်းအပ်သည်မဟုတ်၊ ရှေးရှေးသောကာလ ဘဝများစွာတို့က ပင်လျှင် ကင်းစင်တော်မူခဲ့ပြီးဖြစ်ပေသည်။ ထို့ကြောင့်လည်း နိဗ္ဗာန်မှ အဝေး ရှိသောလက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တို့နှင့် တင့်တယ်ပြည့်စုံတော်မူရခြင်း ဖြစ်ပေသည်။

"ဈာန် - ဝိပဿနာမဂ် စသည်တို့ မှာလည်း ယခု မျက်မှောက်ကာလ - ဘုရားဖြစ်မှသာ ပြည့်စုံသည် မဟုတ်၊ မယ်တော့်ဝမ်းမှ ဖွားဦးစ တလသားကတည်းကပင်လျှင် ဈာန်ဝင်တော် မူနိုင်သည်သာတည်း...."

ထိုအခါ ဟေမဝတ က ဤသို့ဆိုပြန်၏။

"ကောင်းလှပြီ.... သာတာဂိရိ၊ သို့ဆိုသော် - တဖန် ထပ်၍မေးပါရစေဦး၊ သင်၏ဆရာ ဗုဒ္ဓမြတ်စွာဟူသော ပုဂ္ဂိုလ်သည် မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ ဟူသော ဝစီကံလေးပါးကိုလည်း ပယ်စွန့်ကင်းရှင်း နိုင်ပါ၏လော...."

စန်းမြင့်ထွန်း

“အဆွေဟေမဝတ၊ သင်မေးအပ်သော ဝစီကံလေးပါး ဆိုသည် မှာကား၊ ငါ့ဆရာအဖို့ ယခုဘဝမှသာ ကင်းအပ်သည် မဟုတ်၊ ရှေးရှေးဘဝများ ကတည်းက ကင်းခဲ့သည်သာတည်း။ သို့လျှင် ကင်းအပ်သောကြောင့်လည်း ငါ့ဆရာသည် သန့်ရှင်းသောယာ - သိသာနာဘွယ် မပြယ်လုံးခဲ၊ နက်နဲစေ့စပ်၊ ပွဲတင်ထပ်သော အသံတော်နှင့် ပြည့်စုံတော် မူပေ၏။ ထိုမှတပါး - ပညာဖြင့်လွှမ်းမိုး၍ အကျိုးရှိသောစကားကိုသာ ဆိုတတ်ခြင်း အဖြစ်ကြောင့်လည်း မည်သို့မသွေ ဖြစ်စေဆိုက ဖြစ်လာရသော သီဟနာဒဂုဏ်နှင့် ပြည့်စုံတော်မူပေ၏ ”

ထိုအခါ.... ဟေမဝတ က ဤသို့မေးပြန်၏။

“အဆွေသာတာဂိရိ၊ သင်၏ဆရာသည် ကိလေသာ အာရုံ ကာမဂုဏ် ငါးပါး၌ လိုလားတောင့်တ ခြင်းကို ကြဉ်နိုင်ပါ၏လော၊ စိတ်၏ ဖောက်ပြန်ခြင်း ဟူသော ဗျာပါဒကို စွန့်နိုင်ပါ၏လော၊ ဖောက်ပြားသော မိစ္ဆာဒိဋ္ဌိတရားနှင့်လည်း ကင်းအပ်ပါ၏လော၊ ခပ်သိမ်းသော တရားတို့၌ မပိတ်မပင် သိမြင်တတ်သော ပညာမျက်စိ ရှိပါ၏လော ”

“ အဆွေ ဟေမဝတ....၊ ငါ့ဆရာကား - ကိလေသာ ကာမဂုဏ်တို့၌ ကောင်းစွာ ကင်းအပ်သောကြောင့် ပင်လျှင် ဝသဝတ္တိ နတ်မင်းသမီး တို့သော်မှ ရှုံးခြင်းကြီး ရှုံးရပေသည်။ နှလုံးတော် နောက်ကျိခြင်း ဆိုသည်မှာလည်း တရံတခါမျှ ဖြစ်ဖူးသည်မရှိ၊ ခြောက်ဆယ့် နှစ်ပါးသော

စန်းမြင့်ထွန်း

မိစ္ဆာ အယူမှ စင်ဖြူတော် မူလှ သောကြောင့်လည်း လောကသုံးခွင်ဝယ် မသိမမြင်သော တရားဟူ၍ မရှိ၊ အားလုံးသိမြင်ပေသည် သာတည်း....”

“ ကောင်းလှပြီ.... သာတာဂိရိ၊ ငါ ထပ်၍မေးပါဦးမည်။ သင်၏ဆရာသည် ဘုရားတကာ - ပြည့်စုံရာသော ဝိဇ္ဇာသုံးပါး - ဝိဇ္ဇာရှစ်ပါးတို့နှင့်လည်း ပြည့်စုံပါ၏လော နိဗ္ဗာန်သွားကြောင်း - ကောင်းစွာ စင်ကြယ်လှပေသော စရဏတရား - တဆယ့်ငါးပါး တို့နှင့်လည်း ပြည့်စုံပါ၏လော၊ အာသဝေါတရား တို့သည်လည်း လုံးဝဥဿုံ ကင်းစင်ကုန်ခန်း အပ်ပါ၏လော၊ ဘဝတဖန် ပဋိသန္ဓေ နေခြင်းမှလည်း ကင်းအပ်ပါပြီလော....”

“ အဆွေဟေမဝတ၊ ငါ၏ဆရာ - မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရား တဆယ့်ငါးပါးတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူအပ်ပေ၏။ အလုံးစုံသော အာသဝေါတရား ကုန်ခန်းခြင်းကြောင့် သုံးခန်းသော ဘဝဝယ် အသစ်တဖန် ပဋိသန္ဓေ နေရခြင်းလည်း မရှိတော့ပြီသာတည်း....”

သာတာဂိရိ က– ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်၍ဤကဲ့သို့ အလေးအနက် ဖြေဆိုအပ်သော အခါ ဟေမဝတသည် အံ့သြဘွယ်သော ဘုရားရှင်၏ ကျေးဇူးတော်အဘွက် လွန်ကဲစွာနှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေရကား ...

စန်းမြင့်ထွန်း

" အဆွေသာတာဂိရိ၊ ဤမျှသောဂုဏ်နှင့် ပြည့်စုံပေလျှင် သင်၏ဆရာသည် စကြဝဠာ လောကဓာတ်၌ နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်မရှိ၊ ပုရိသ ထွတ်ဖျား - ဘုရား သဗ္ဗညု စင်စစ်မှန်ပေပြီ။ ငါတို့သည် ဤမြတ်စွာဘုရားကို သွား၍ ဖူးမြင်ကြကုန်အံ့၊ တရားတော်ကို နာကြားကြကုန်အံ့.... " ဆိုပေ၏။

ထို့နောက် ဤသို့တဖန် ထပ်၍ဆိုပြန်၏။

" အဆွေသာတာဂိရိ၊ အမြန်လာလော့....ဟိမဝန္တာ၊ မြိုင်ခန်းဝ၌၊ ကောင်းစွာခိုမှီ သားဧဏီကဲ့သို့ ညီညွတ်ဖွံ့ထွား၊ ဆင်လျှားမမြင်၊ အစဉ်စုရုံး၊ စပါးဖုံးကဲ့သို့၊ လုံးဝန်းပြည့်ဖြိုးသော မြင်းခေါင်း (ဒူးခေါင်း) တော်လည်း ရှိတော်မူထသော၊ ရှည်ခြင်းငါးမည်၊ တိုသည်ကားလေး၊ အသေးစတု၊ မြင့်မူခြေဆင့်၊ ဝန်းသင့်သည့်အရာ-ဝန်းလှစွာသော အင်္ဂါကြီးငယ်၏ ပြည့်စုံခြင်းဖြင့် သင့်တင့်လှပသော၊ အင်္ဂါလည်း ရှိထသော....

" ကြီးမြတ်သော လုံ့လလည်း ရှိထသော၊ တဆပ်တည်းသော၊ ခန္ဓာတည်ရုံ၊ မိုင်ဟုန်ကြောင့်၊ အကုန်ခေါင်းပါးသော အာဟာရလည်းရှိထသော၊ လျှပ်ပေါ်လော်လီခြင်း မရှိထသော မောနေယျ ဂုဏ်နှင့်လည်း ပြည့်စုံစွာထသော၊ ဆိတ်ငြိမ်သော တောအုပ်၌ ဈာန်ဝင်စားကာမွေ့လျော်စွာ ထသော....

" ခြင်္သေ့မင်းကဲ့သို့ - ရဲတင်းသော နှလုံးတော်လည်း ရှိထသော၊ဝံယာ ရှေ့နောက်၊ ဖော်မလျောက်ပဲ၊ တယောက်

တည်းသာ- ကျင့်လေ့ ရှိထသော၊ လောကဓာတ်၌ ပြိုင်ဘက်မရှိ၊ တဆူတည်းသော ယောကျ်ားလည်း ဖြစ်ထသော၊ ဘဝဘပါး - သွားလာခြင်းလည်း မရှိထသော၊

"ကိလေသာ - ကာမ၊ ဝတ္ထုကာမ၊ ဤနှစ်ဝ တို့၌ ဆန္ဒရာဂ အားဖြင့် ငဲ့ကွက်ခြင်း လည်း မ ရှိ ထ သော၊ **ဂေါတမ** အမည်တော်ရှိသော မြတ်စွာဘုရားကို ဖူးမြင်ကြကုန်အံ့။ ထို မြတ်စွာဘုရားကို ကပ်လတ်၍ သေမင်း၏ ကြောင့်ကွင်းမှ လွတ်ရှင်းရာ ဖြစ် သော နိဗ္ဗာန် ကို မေးလျှောက်ကြကုန်အံ့...."

ဟေမဝတသည် ဗုဒ္ဓမြတ်စွာကို ထိုကဲ့သို့ ချီးကျူးဆိုမြွက်ကာ သာတာဂိရိနှင့်အတူ မြတ်စွာဘုရားအထံ - အမြန်သွားရောက်ပူဇော်လေသည်။ ထိုနောက် - ဆယ်မျိုးသော ပြဿနာကို မေးလျှောက်သည်ရှိသော်၊ ဗုဒ္ဓမြတ်စွာသည် ဟေမဝတသုတ်တော်ကို ပြန်လည်ဟောကြားတော် မူအပ်လေသည်။

**စကားစပ်**။ ။သာတာဂိရိနှင့် ဟေမဝတနတ်ဘီလူးနှစ်ဦးတို့သည် ယခုဆိုခဲ့ပြီးအတိုင်း ဘုရားရှင်၏ဂုဏ်ကျေးဇူးကို အလေးအနက်သိအပ်ခြင်းမှာ ကဿပဘုရားရှင် လက်ထက်တော်ကတည်းကပင် အဋ္ဌကထာနှင့်တကွ ပိဋကတ် သုံးပုံကို အာဂုံဆောင်သည်အထိ၊ သင်အံလေ့ကျက်မှု ရှိထားပြီးခြင်းကြောင့်ဖြစ်သည်။ ။

စန်းမြင့်ထွန်း

# ဘုရားစင်စစ် ဟုတ် မဟုတ်

စင်စစ်အားဖြင့်ကား၊ ဗုဒ္ဓမြတ်စွာဘုရား ဖြစ်ပွင့်တော်မူစ အခြေအနေမှာ အချိန်အခါနှင့်ပင်း၊ လူ့သဘောလူ့သဘာဝဖြင့်ပင်း၊ ဆက်စပ်ပတ်သက်နေသည် ဆိုထိုက်သည်။

ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်တော်မူစဉ် ကာလမှာ ဘုရားအမည်ခံ အခြားသော ပုဂ္ဂိုလ်တို့ ပေါ်ပေါက်နှင့်နေသော အချိန်အခါ ဖြစ်သည်။ သူတို့ကလည်း သူတို့ဝါဒနှင့်သူတို့ တဂိုဏ်းတဖွဲ့ဖြစ် တည်ထင်ရှားနေကြသည်။ လူအများကို ဟောပြောသင်ပြနေသူ များလည်း ဖြစ်ကြသည်။

ထိုသူများအထည်းတွင် "ဗုဒ္ဓမြတ်စွာဘုရား" ဟူ၍ ရုတ်တရက် ပေါ်ထွန်းလာသောအခါ၊ လက်ရှိ တွေ့မြင်ကြုံကြိုက် နေရသဲ အချိန်အခါအားလျော်စွာ လောကလူသားများ ရာစု အဖို့ ပေါ်ထွန်းနှင့်ပြီး ဘုရားအမည်ခံတို့နှင့်တသီးတခြားကွဲပြား ချင်းလင်းစွာ နားမလည်တတ်နိုင် မဝေဖန်နိုင် ရှိကြသည်။

ဘုရားအမည်ခံသူများရှိနေပြီးသောကြောင့်လည်း ဗုဒ္ဓမြတ်စွာ ဘုရားကို ထိုသူများနှင့် မခွဲခြားတတ်၊ မိမိတို့ အသိဉာဏ်

အားလျော်စွာ ဘုရားရှင်၏ဂုဏ်ကျေးဇူး ထူးမြတ်စွာသော အဖြစ်ကို မသိတတ်သောကြောင့်လည်း ဘုရားစင်စစ် ဖြစ်တော်မူကြောင်းကို ကောင်းစွာ မဆင်ခြင် မသုံးသပ်နိုင် ဖြစ်ကြရသည်။

ဖြစ်ထွန်းပေါ်ပေါက်စကို အထင်မကြီးမယုံကြည်တတ်သော လူ့သဘော လူ့သဘာဝ အားလျော်စွာ အလေးမပြုသည့် သဘောလည်းဖြစ်ပေသည်။

အချို့ ပညာခံ ရှိထားသူများ ကလည်း ပညာခံ ရှိသော ကြောင့်ပင် ဘုရားရှင်စင်စစ် ဟုတ်နိုင်သည် မဟုတ်နိုင်သည်ကို သံသယရှိကြသည်။ သို့လောသို့လောတွေးတောဆင်ခြင်ကြသည်။

သို့သော်သူတို့ကမူ ပညာခံ လုံးဝ မရှိ သူများထက် တပန်း သာသည်။ အမှန်တရားနှင့် နီးစပ်သည်။ လောကသုံးပါး၏ အထွဋ်အထိပ်-ဗုဒ္ဓမြတ်စွာဘုရားဆိုသည်မှာ လက္ခဏာကြန်အင်က မည်သို့ရှိရမည်။ မည်သို့သော အသိပညာ အကျင့်အကြံရှိရမည် စသည်တို့ကို(လောကီဗေဒင်လက္ခဏာကျမ်းများ အားလျော်စွာ) သိနားလည်ထားကြသောကြောင့်ဖြစ်သည်။

ထိုထို ပညာရှိများတွင် **ဗြဟ္မာယု** အမည်ရှိ ပုဏ္ဏားကြီး (ဗရာမင်)သည် တဦးအပါအဝင်ဖြစ်သည်။ ထို ပုဏ္ဏားကြီးသည် ပညာခံရှိထားပြီး ဖြစ်သည်နှင့်အမျှ ဗုဒ္ဓမြတ်စွာဘုရားကို ဘုရား စင်စစ် ဧကန် ဟုတ်၏ မဟုတ်၏ စုံစမ်းပုံမှာ အဖက်ဖက်မှ စိတ်ဝင်စားဘွယ် ဖြစ်ပေသည်။

ဗြဟ္မာယု ပုဏ္ဏားကြီး ထိုကဲ့သို့ စုံစမ်းလေ့လာသည်ကို သိရခြင်းအားဖြင့်၊ ဗုဒ္ဓမြတ်စွာဘုရား၏ လက္ခဏာ ကြန်အင်တို့ကို

( လောကီနည်းအားဖြင့် ) နားလည်ရသည်မျှ မဟုတ်သေး၊ ထိုအချိန် ထိုအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည် မိမိနှင့် ခေတ်ပြိုင် သဘောမျိုး ဘုရားအမည်ခံပုဂ္ဂိုလ်တို့နှင့်ရင်း၊ ပညာရှိ အသီးသီး တို့နှင့်ရင်း၊ အကြိတ်အနယ် ယှဉ်ပြိုင်တွေ့ဆုံခဲ့ရသည်ကိုလည်း ကောင်းစွာ သိသာနိုင်ပေသည်။

---

## ဘုရားစင်စစ် ဟုတ်မဟုတ် စုံစမ်းခြင်း
## ( ဗြဟ္မာယု - သုတ် )

အခါတပါး၌ ဗုဒ္ဓမြတ်စွာဘုရားသည် နောက်ပါ ရဟန်း ငါးရာမျှလောက်နှင့်အတူ "ဝိဒေဟ" တိုင်းအတွင်း ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူလာ၏။ ထို ဝိဒေဟ တိုင်းအတွင်း "မိထိလာ" ပြည်၌လည်း ဗြဟ္မာယု အမည်ရှိသော ပုဏ္ဏားကြီး တဦးရှိ၏။

ထို ပုဏ္ဏားကြီးသည် အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံ တို့ကို ကောင်းစွာတတ်မြောက်၏။ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာ ကျမ်းတို့၌လည်း များစွာ ကျွမ်းကျင်၏။ အသက်အားဖြင့်လည်း တရာ့နှစ်ဆယ်သို့တိုင် ရောက်ကာ အိုမင်းမစွမ်း ရှိနေပြီဖြစ်ပေ၏။

ထို ဗြဟ္မာယုပုဏ္ဏားကြီးသည် ဝိဒေဟတိုင်းအတွင်း မြတ်စွာ ဘုရားကြွလာတော်မူသည်ကိုရင်း၊ အရဟံအ အစ ဘဂဝါ အဆုံး ရှိသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုရင်း၊ အစ-အလယ် အဆုံး - သုံးပါးလုံးသော ကောင်းခြင်း ဖြင့် ပြည့်စုံသော

တရားတော်၏အခြင်းအရာကို၎င်း၊ လူအများတို့ထံမှ အဆင့်ဆင့် ကျော်စောပြန့်နှံ့လာအပ်သည့် အားလျော်စွာ သတင်းစကား ကြားသိရလေသည်။

ထိုအခါ "ဥတ္တရ" အမည်ရှိသော မိမိ၏ တပည့် တဦး ကို ဤသို့ ပြောဆိုစေခိုင်းအပ်ပေ၏။

"ချစ်သားဥတ္တရ....၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သော ရဟန်းဂေါတမသည် ယခုအခါ နောက်ပါရဟန်းငါးရာနှင့် အတူ ဝိဒေဟတိုင်းအတွင်း ဒေသစာရီ လှည့်လည်လာအပ်၏။ ထိုအရှင်ဂေါတမမြတ်စွာဘုရားသည်—

၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။

၂။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ အသိဉာဏ် "ဝိဇ္ဇာ" အကျင့် "စရဏ" နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။

၅။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။

ခန်းမြင့်ထွန်း

၆။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

၇။ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။

၈။ သစ္စာလေးပါးတရားကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်ကော်မူ၏။

၉။ ဘုန်းတန်ခိုး ကြီး တော်မူသော အကြောင်း ကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟူသော ဂုဏ်သတင်းကို ကြားသိရ၏။ လူအပေါင်းတို့သည် ပင်လျှင် ထိုဂုဏ်သတင်းကို ပြောဆိုနေကြကုန်၏။ ကျော်စော ပြန့်နှံ့လျက် ရှိ၏။

“ချစ်သားဥတ္တရ....၊ ထိုသို့သဘောရှိသော ရဟန္တာတို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း။ သင်သည် ထိုရဟန်းဂေါတမထံ ချဉ်းကပ်ပြီးလျှင် ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် ကျော်စောသည့်အတိုင်းပင် စင်စစ် ကေန် မှန်လေသလော၊ သို့မဟုတ် မမှန်မကန် ကျော်စော ခြင်းပင် ဖြစ်လေသလော ဆိုသည်ကို စုံစမ်းပါချေလော့” ဆိုပေ၏။

ထိုအခါ ဥတ္တရလုလင်က ဤသို့ပြန်ပြော၏။

“ဆရာကြီး....၊ အကျွန်ုပ်သည် ထိုအရှင်ဂေါတမ၏ ကျော်စောသည့်အတိုင်း ဟုတ်မဟုတ်ကို အဘယ်သို့လျှင် သိရှမ်းနိုင်ပါမည်နည်း”

နေမြင့်ထွန်း

"ဥတ္တရ....၊ သင်သည် ဤသို့မဆိုလင့်၊ ဝေဒကျမ်းတို့၌ လာအပ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာကြန်အင် အလုံးစုံကို သင့်အား ငါသင်ပေးထားပြီး မဟုတ်လော....၊ ဥတ္တရ ယောကျ်ားမြတ်တို့၏ လက္ခဏာကြန်အင်နှင့် ပြည့်စုံသူသည် စကြဝတေးမင်းသော်ရင်း၊ လောကသုံးပါး၏ အထွဋ်အထိပ် ဘုရားစင်စစ်သော်ရင်း ဤနှစ်မျိုးမှတပါး အခြားမဖြစ်နိုင်ပြီ။ သင်သည် ငါသင်ပေးထားပြီး အတိုင်း ယောကျ်ားမြတ်တို့၏ လက္ခဏာအားလျော်စွာ စူးစမ်းဝေဖန်ချေခဲ့သော်၊ အရှင်ဂေါတမသည် မြတ်စွာဘုရားစင်စစ် ဟုတ်မဟုတ်ကို ကောင်းစွာသိနိုင်ပေလတ္တံ့"

"သြော်....၊ ဆရာကြီး....ဟုတ်ပါပြီ၊ ဆရာကြီးသည် အကျွန်ုပ်အား ယောကျ်ားမြတ်တို့၏ လက္ခဏာအလုံးစုံကို သင်ပေးပြီးပါပြီ။ အကျွန်ုပ်သည် အရှင်ဂေါတမထံ သွားရောက်စုံစမ်းပါတော့အံ့"

ဥတ္တရသည် ဤသို့ဆိုကာ ဗုဒ္ဓမြတ်စွာဘုရားအထံ ရှေးရှုထွက်ခွာသွား၏။ မြတ်စွာဘုရားနှင့်တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးသော်၊ ဗုဒ္ဓမြတ်စွာဘုရား၏ လက္ခဏာအလုံးစုံတို့သည် မိမိသိပြီးသောအတိုင်း ဟုတ်မဟုတ်ကိုရင်း၊ ပြည့်စုံသည် မပြည့်စုံသည်ကိုရင်း စူးစမ်းလေ့လာ ဝေဖန်သုံးသပ်ခြင်းပြုအပ်၏။

ထိုအခါ၌ ဥတ္တရသည် သိမြင်လွယ်သော လက္ခဏာတော်တို့ကို အများအား တွေ့မြင်ရသော်လည်း အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်နှင့်၊ ရှည်လျားသော လျှာတော်တို့ကိုမူ

တွေ့မြင်နိုင်ခွင့်မရ ဖြစ်နေခဲ့၏။ ထို့ကြောင့်ပင် ထိုလက္ခဏာ နှစ်ပါး၌ တွေးတောယုံမှားခြင်း ဖြစ်နေမိ၏။

မြတ်စွာဘုရားသည် ဥတ္တရ၏ ထို တွေးတောယုံမှားမှုကို သိတော်မူလေရကား၊ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ကို ဥတ္တရလုလင် မြင်သာအောင် တန်ခိုးအားဖြင့် ဖန်တီးတော်မူ၏။ ထိုနောက် လျှာတော်ကိုထုတ်၍ နားတွင်းနှစ်ဖက်ကိုသုံးသပ်၏။ နှာခေါင်းပေါက်နှစ်ခုကိုလည်း အပြန်အလှန် သုံးသပ်၏။ နဖူးပြင်တခုလုံးကိုလည်း လျှာတော်ဖြင့် သုံးသပ်ဖုံးအုပ်တော်မူ၏။

ထိုအခါ ဥတ္တရလုလင်သည် ဤသို့ တွေးကြံမိ၏။

"ရဟန်းဂေါတမသည် ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့နှင့် စင်စစ်ပြည့်စုံသည်ကား မှန်ပေပြီ။ သို့သော် နေခြင်းထိုင်ခြင်းစသည်ကိုကား မသိမြင်ရသေး၊ ငါသည် ရဟန်းဂေါတမနောက်သို့ ထက်ချပ်မကွာ လိုက်ပါရမူကား ကိုယ်အမူအရာဖြစ်သော ဣရိယာပုထ်လေးပါးကို ကောင်းစွာသိမြင်ရပေလတ္တံ့"

သို့ဖြင့် ဥတ္တရလုလင်သည် မြတ်စွာဘုရား ဒေသစာရီ ကြချီရာသို့ အရိပ်သဖွယ်သာလျှင် ခုနစ်လတိုင်တိုင် အစဉ်တစိုက် လိုက်ပါခဲ့လေ၏။

ခုနစ်လမှ ကျော်လွန်သောအခါ ဥတ္တရသည် မြတ်စွာဘုရား ထံမှခွာကာ မိမိ၏ ဆရာရှိရာ မိထိလာပြည်သို့ ပြန်လာခဲ့၏။ ဆရာဖြစ်သူ ဗြဟ္မာယုပုဏ္ဏားကြီးကို ရှိသေစွာရှိခိုးကာ မိမိ ပြန်ရောက်လာခဲ့ကြောင်းကို သိစေ၏။

ထိုအခါ ဗြဟ္မာယုပုဏ္ဏားကြီးသည် ဥတ္တရလုလင်ကို ဂေါတမ မြတ်စွာဘုရားနှင့် စပ်လျဉ်းမေးမြန်းအပ်ပေ၏။

"အဘယ်သို့ပါနည်း ချစ်သားဥတ္တရ....၊ ရှင်ကြီးဂေါတမ၏ ကျော်စောသတင်းသည် စင်စစ်ကောင်း မှန်သည့်အတိုင်း ပင် ပြန့်နှံ့ထွက်ပေါ်လာခြင်း ဖြစ်လေသလော၊ သို့မဟုတ် မမှန်မကန် ကျော်စောခြင်းပင် ဖြစ်လေသလော"

"အို.... ဆရာကြီး၊ ရှင်ဂေါတမသည် ကျော်စောသည့် အတိုင်းပင်မှန်ပေသည်။ မဟုတ်မမှန်ကျော်စောခြင်း မဟုတ်ပါ၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့နှင့် ညီညွတ်ပြည့်စုံသည်လည်း အမှန်ပင် ဖြစ်ပါသည်ဆရာကြီး"

"ဆရာကြီး....၊ အရှင်ဂေါတမသည် –

၁။ အညီအညွတ် ကောင်းစွာထိအပ်သော ခြေဖဝါး အပြင် ရှိပေ၏။

၂။ ထို ခြေဖဝါး အပြင်တို့၌လည်း အကန့်တထောင် အကွပ်ပုံတောင်းတို့နှင့် တကွသော စက်လက္ခဏာတို့ ရှိပေ၏။

၃။ ရှည်သောဖနှောင့် ရှိပေ၏။

၄။ ရှည်သော လက်ချောင်းခြေချောင်း ရှိပေ၏။

၅။ နူးညံ့သိမ်မွေ့သော လက်ဖဝါး ခြေဖဝါးရှိပေ၏။

၆။ ရွှေပွတ်လုံးကဲ့သို့ ညီညွတ်စွာ သော လက်ခြေတို့ ရှိပေ၏။

၇။ ခြေဖမိုးမှသည်လက်လေးသစ်အထက်၌ဟည်အပ်သော မြင့်သော ဖမျက်လည်း ရှိပေ၏။

စနေပြင့်ထွန်း

၈။ ဇော်သားကောင်၏ မြင်းခေါင်း ( ဒူးခေါင်း ) နှင့် တူစွာ ပြည့်ဖြိုးသော မြင်းခေါင်းရှိပေ၏။

၉။ မတ်ရပ်နေတော်မူလျက်မှပင် ကိုယ်ကို မကိုင်းညွတ်ပဲ လက်နှစ်ဖက်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ပေ၏။

၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်ရှိပေ၏။

၁၁။ ရွှေစင် ရုပ် နှင့် တူသောအဆင်း၊ ရွှေသားအပြင်နှင့် တူသောအရေရှိပေ၏။

၁၂။ သိမ်မွေ့နူးညံ့သော အရေရှိ၏။ ထို သိမ်မွေ့နူးညံ့သောကြောင့်လည်း ကိုယ်တော်၌ မြူအညစ်အကြေး လိမ်းကျံကပ်ငြိခြင်းမရှိ။

၁၃။ မွေးညှင်းပေါက်တို့၌ တချောင်းစီ တချောင်းစီသာ ပေါက်သော မွေးညှင်းတို့ ရှိပေ၏။

ဤသို့ စသည်ဖြင့် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့ကို ပြည့်စုံသည့်တိုင်အောင် အစဉ်အတိုင်း ရှင်းလင်းပြောပြပြီးနောက် တဖန် ဆက်လက်၍ ပြောပြပြန်၏။

## မြတ်စွာဘုရား၏သွားလာဟန်

" အို.... ဆရာကြီး၊ **အရှင်ဂေါတမ** သည် ယခုဆိုခဲ့ပြီးအတိုင်း သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့နှင့် ပြည့်စုံညီညွတ်ရုံမျှ မဟုတ်သေး၊ ခြေလှမ်း လှမ်းသည့်အခါ၌ပင်လျှင် လျော်ကန်လျောက်ပတ်လှစွာ၏။ မြန်သည်လည်းမဟုတ်၊ နှေးသည်လည်း

နေ့မြင့်လွင်

မဆိုသာ၊ ပုဆစ်ဒူးအချင်းချင်း ဖမျက်ချင်း မထိခိုက်စေမူဘဲ၊ တည်ငြိမ်စွာ ကြွလှမ်းတော်မူလေ့ရှိ၏။

"သို့-ကြွလှမ်းတော်မူရာ၌လည်း အထက်ကိုမော့၍ မကြည့်သလို အောက်ကိုလည်း ငုံ့ကြည့်တော်မမူ၊ ထမ်းပိုး တပြန်မျှလောက်သော ရှေ့တူရူသို့သာ ရှုကြည့်တော်မူအပ်၏။ ရွာတွင်းသို့ ဝင်ရာ၌ ကိုယ်တော်သည် တစုံတရာ ပြောင်းလဲ ယှုပ်ရှားခြင်းမရှိ၊ ဟဖက်သို့ စောင်းငဲ့ခြင်း၊ ဟိုဟိုသည်သည် လှည့်လည်ကြည့်ခြင်း မရှိ၊ ထိုင်တော်မူသောအခါ၌လည်း ကိုယ်ကို ပစ်ချသည့်သဘော မျိုး မဟုတ်၊ လက်ခြေ ဆော့ခြင်းလည်းမရှိ၊ ပကတိတည်ငြိမ်သော အနေအထားဖြင့်သာ နေထိုင်သီတင်းသုံးအပ်၏။

## မြတ်စွာဘုရား၏အပြုအမူ

"အို.... ဆရာကြီး၊ **အရှင်ဂေါတမသည်** သပိတ်ကိုဆေးအပ်သောအခါ၌လည်း ရေသည် မနည်းမများသာဖြစ်၏။ သပိတ်ကို ခါ၍ လှုပ်၍ မြှောက်၍ မှောက်၍ ဆေး သည် မဟုတ်၊ ခလောက်... ခလောက်ဟူသော အသံမျိုး ပေါ် ထွက် လာ ခြင်း လည်း မရှိ၊ သပိတ်ကို စင်ကြယ်စေခြင်းသည်သာ လိုအပ်ရင်း ဖြစ်၏။

"သပိတ်ကို ဆေးကြောပြီး တနေရာတွင် ထားရာ၌လည်း အလိုမရှိတော့သည့် ပမာ စွန့်ပစ်လိုက်ခြင်းမျိုးလည်း မဟုတ်၊ နောက်တကြိမ်သုံးရန်အတွက် စွဲလမ်းတပ်မက်နေသည့်မျိုးလည်း မဟုတ်၊ မနီးလွန်း မဝေးလွန်းရာတွင် လျော်ကန်သလိုသာလျှင် ထားအပ်၏။

## မြတ်စွာဘုရား၏ သုံးဆောင်မှု

"ဆွမ်းကို သုံးဆောင်သော အခါ၌ လည်း၊ သင့်တင့် လျောက်ပတ်ရုံသာ ဖြစ်၏။ နည်းလွန်း သည် လည်း မဟုတ်၊ များလွန်း သည် လည်း မဆိုသာ။ ထိုမှတပါး ဟင်းလျာကို ဆွမ်းထက်ပိုလွန်၍သုံးဆောင်လေ့မရှိ၊စားကြွင်းစားကျန်ဝါးဖတ် တို့သည်လည်း ခံတွင်း၌ ကြွင်းကျန်သည်မဟုတ်၊ ဆွမ်းဟင်းတို့၏ အရသာကိုလည်း ချိုသည်ခါးသည် သိရုံသာ ဖြစ်၏။ အရသာ၌ တပ်မက်နှစ်သက်သော အားဖြင့် သုံးဆောင်ခြင်းမရှိ။

"အို....၊ ဆရာကြီး၊စင်စစ်အားဖြင့်ကား **အရှင်ဂေါတမ** သည် ဆွမ်းကိုသုံးဆောင်မှီဝဲရာ၌ ခန္ဓာကိုယ်၏တည်တံ့ရန် မျှတရန် ပင်ပန်းခြင်း ပြေပျောက်ရန် သုံးဆောင်ခြင်းမျှသာ ဖြစ်၏။ အရသာ၌၎င်း၊ အတိုင်းအရှည်၌၎င်း၊ (ပေါများခြင်း) အာရုံ ပြုသောအားဖြင့် သုံးဆောင်ခြင်း မဟုတ်ပေ။

## ဆွမ်းအလှူ၏ ကောင်းကျိုးတရား

"ဆွမ်းစားပြီးသည့်အခါ၊ ထိုဆွမ်း၏ အကျိုးကျေးဇူးကို အာရုံပြုရန် (အနုမောဒနာ)လည်း၊ မည်သည့်အခါမျှ မေ့လျော့ တော်မူခြင်းမရှိ၊ ထို့ပြင် မည်သည့်ဆွမ်းကိုပင် ဖြစ်စေ၊ မနှစ်သက် ခြင်း၊ မကျေနပ်ခြင်း စသည်မျိုး ဟစုံတရာ ပြစ်တင်ကဲ့ရဲ့ခြင်း မပြု၊ တပါးသောဆွမ်းကိုလည်း မတောင့်တ၊ ဆွမ်းစားပြီးသည့် အခါ တခဏမျှ ဆိတ်ဆိတ်နေတော်မူ၏။ ထိုနောက် ပရိသတ်နှင့် လျော်စွာသော တရားကို ဟောအပ်၏။

“ စင်စစ်အားဖြင့်ကား၊ **အရှင်ဂေါတမ** သည် မည်သည့် ရပ်ရွာဒေသ၌ပင် ဖြစ်စေ၊မိမိအထံရောက်လာသော ပရိသတ်အား လျော်ကန်ရာပါရာဖြင့် အကျိုးစီးပွား ပြုလေ့ရှိသည် သာ ဖြစ်၏။ တရားသဘော (တရားအားထုတ်မှု)၌ စိတ်ပါဝင်စား ခြင်း ဖြစ်စေ၏။

## သင့်တင့်လျောက်ပတ်ခြင်း

“ အို….ဆရာကြီး၊ **အရှင်ဂေါတမ** သည် တခုသောရွာမှသည် တခုသောရွာသို့ ဆက်လက်ကြွချီ အပ်သောအခါ၊ ထိုရွာမှလွတ်ပြီ၊ လွတ်စေတော့ သဘောမျိုး ခြေလှမ်းသွက်သွက် လှမ်းခြင်းမျိုး မရှိ၊တွယ်တာနေသည့် သဘောမျိုး ဖင့်နွှေးလေးကန်ခြင်းလည်း မဟုတ်၊ သွားအပ်သော ခရီးစဉ်အတိုင်း သာလျှင် ငြိမ်းချမ်းစွာ ရှေ့ရှုဦးတည်အပ်ပေ၏၊ နားနေရာ ရောက်သည့်အခါ ခြေတို့ကို ဆေးအပ်၏။သို့သော် လည်း ခြေဆေးခြင်းအမှုသည် မိမိခြေထောက် ကို တင့်တယ်စေခြင်း မြတ်နိုးတနာပြုခြင်း သဘောလည်းမဟုတ်။ ထို့နောက် ကမ္မဋ္ဌာန်းကို ရှေ့ရှုလျက်သာလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူတတ်၏။

“ အို…. ဆရာကြီး၊ **အရှင်ဂေါတမသည်** မိမိဆင်းရဲစေရန် လည်း အားမထုတ်၊ သူတပါးကိုလည်း ဆင်းရဲစေ ခြင်း မ ရှိ၊ မိမိ အကျိုး၊ သူတပါးအကျိုး လောကသား အားလုံးတို့၏ အကျိုး စီးပွားကိုသာ ကြံစည်စဉ်းစား၍ နေတော်မူအပ်၏။

## မြတ်စွာဘုရား၏ တရားဟောပုံ

" ပရိသတ်တို့အား တရားဟောသောအခါ ထိုထို ပရိသတ်တို့အား မြှောက်ပင့်ခြင်းလည်းမရှိ၊ နှိမ့်ချခြင်းလည်းမပြု၊ တရားသဘော အားလျော်စွာ ဟောသင့် ဟောထိုက် သလိုသာ ဟောပြော ဆုံးမတော်မူ၏။ တရားသဘောကို သိစေ၏။ တရားတော်၌ စိတ်အားထက်သန်မှု ဖြစ်စေ၏။

တရားဟောသည့်အခါ ထွက်ပေါ်လာအပ်သော အသံတော်မှာလည်း သာယာနာပျော်ဖွယ်မျှ မဟုတ်သေး၊ သိလွယ်စေခြင်း ရှင်းလင်းပြတ်သားခြင်း ရှိပေ၏။ တရားနာသူတို့က ဂရုစိုက်နားထောင်ရသည်မျိုး မဟုတ်မူဘဲ၊ လွယ်လင့်တကူ သိကြားနားလည်နိုင်သော အသံ ဖြစ်ပေ၏။

## လျော်ကန်အပ်စပ်ခြင်း

" ထိုမှတပါး၊ **အရှင်ဂေါတမသည်** တနေရာမှ တနေရာသို့ ကြွလှမ်းတော်မူရာ၌ ကိုယ်တော်နှင့် သကင်္ကန်းသည် တသီးတခြားစီ ဖြစ်နေသည်မျိုးမဟုတ်၊ ဖရိုဖရဲ ပြန့်ကျဲလွင့်ကွာနေခြင်းမျိုးမဟုတ်၊ သင်္ကန်းတော်နှင့် ကိုယ်တော်သည် ပကတိသော လျော်ကန်အပ်စပ်ခြင်းဖြင့်သာလျှင် တပေါင်းတည်း၊ တစုတရုံးတည်း ဖြစ်နေအပ်ပေ၏။

" အို.... ဆရာကြီး....၊ ဤသည်တို့ကား **အရှင်ဂေါတမ၏** နေခြင်း၊ စားခြင်း၊ ကျိန်းစက်ခြင်း စသည်တို့နှင့် ပတ်သက်၍ အကျဉ်းချုပ် တွေ့သိခဲ့ရသော အခြင်းအရာတို့ ပါတည်း။ စင်စစ်မူကား **အရှင်ဂေါတမ၏** နှစ်လိုမြတ်နိုးဖွယ် အပြုအမူတို့သည်

ထို့ထက်လည်း ရှိပါသေး၏။ ထို့ထက်လည်း လွန်ပါသေး၏။ အလုံးစုံ ခြုံလွှမ်းဆိုရပါမူကား **အရှင်ဂေါတမသည်** ချီးကျူး အံ့သြ ကြည်ညို၍ မဆုံးနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် စင်စစ်သာ ဖြစ်ပါပေသည် ဆရာကြီး"

ဥတ္တရလုလင်က ဤသို့လျှင် **ဗုဒ္ဓမြတ်စွာ**၏ ဂုဏ်ကျေးဇူးကို ထိုက်သလောက်ပြည့်စုံစွာ ပြောပြအပ်သောအခါ ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုင်နေရာမှထလျက်လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်စံပယ်တင်လျက် ( လက်ကတော့သိုင်းလျက် ) မြတ်စွာဘုရား ရှိရာဆီသို့ မျက်နှာမူ လက်အုပ်ချီကာ -

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဟူ၍ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်အပ်ပေ၏။

ထို့နောက် - " ငါ ကိုယ်တိုင်လည်း တချိန်ချိန်၌ ထို **အရှင်ဂေါတမနှင့်** တွေ့ဆုံရချိမ့်မည်၊ စကား ပြောဆိုရချိမ့်မည် " ဆိုပေ၏။

## ဗုဒ္ဓမြတ်စွာကို ဆည်းကပ်ခြင်း

ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုနေ့မှစ၍ ဗုဒ္ဓမြတ်စွာကို တွေ့မြင် ဆည်းကပ်လိုစိတ် ပိုပြီးထက်သန် ပြင်းပြနေခဲ့လေသည်။ ဗေဒင်သုံးပုံနှင့်တကွ များစွာသော အကြား အမြင် အသိပညာ ပြည့်စုံနေခဲ့ပြီးအပေါ်တွင် တပည့်ဖြစ်သူ ဥတ္တရလုလင်၏

စင်းမြင်ကား

သတင်းစကားကို ကြားသိရပြန်သောအခါ၊ အရှင်ဂေါတမခေါ် ဗုဒ္ဓမြတ်စွာဘုရားအား များစွာပင် တွေ့မြင် ဆည်းကပ်ချင်လှသည်။ မေးမြန်း လျှောက်ထားချင်လှသည်။

ထိုအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည် **မိထိလာပြည် 'မဃဒေဝ'** သရက်ဥယျာဉ်တွင် ရောက်ရှိ သီတင်းသုံး နေတော်မူသည်။ မိထိလာပြည်သူ အပေါင်းတို့လည်း မြတ်စွာဘုရား၏ ဂုဏ်သတင်းကို ကြားသိရခြင်း အားလျော်စွာ သရက်ဥယျာဉ်သို့ သွားရောက်၍ မြတ်စွာဘုရားကို တွေ့ဆုံကြကုန်သည်။ ရှိခိုး ပူဇော်ကြကုန်သည်။

တနေ့သောအခါ၌ ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုသူများ နည်းတူပင် မိမိ၏ တပည့်များနှင့် အတူတကွ မြတ်စွာဘုရား ရှိနေတော်မူရာ မဃဒေဝ သရက်ဥယျာဉ်သို့ ရောက်လာခဲ့၏။ သို့သော် မြတ်စွာဘုရားကို ကိုယ်ပင်မပန်ကြားဘဲ သွားရောက်ရန် မသင့်ဟု စဉ်းစားမိသဖြင့် တပည့်တဦးကို မိမိမှာထားလိုသမျှ ပြောဆိုမှာထားကာ ကြိုတင်စေလွှတ်လိုက်သည်။

ထိုတပည့်ဖြစ်သူသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး နှုတ်ဆက်ပြီးသော် ဗြဟ္မာယုပုဏ္ဏားကြီး မှာထားလိုက်သည့် အတိုင်း ပြန်လည်လျှောက်ထားလေ၏။

## မြတ်စွာဘုရားထံ ခွင့်ပန်ခြင်း

"အရှင်ဘုရား ....၊ တပည့်တော်သည် ဗြဟ္မာယုပုဏ္ဏားကြီး၏ တပည့်ဖြစ်ပါသည်။ အရှင်ဘုရားထံ

စန်းမြင့်ထွန်း

လာရောက်ရခြင်း မှာ ဆရာ ဖြစ် သူ ၏ စေခိုင်းမှုအရ လာရောက်ရခြင်းဖြစ်ပါသည်”

“တပည့်တော်၏ ဆရာသည် အရှင်ဘုရားအား အနာကင်းကာ ကျန်းမာချမ်းသာခြင်း ရှိမရှိ၊ တပည့်တော်မှတဆင့် မေးမြန်းလျှောက်ထားအပ်ပါသည်”

“အရှင်ဘုရား တပည့်တော်၏ဆရာ ဗြဟ္မာယုပုဏ္ဏားကြီးသည်၊ အသက် တရာ့နှစ်ဆယ် ရှိနေပါပြီ။ အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ဣတိဟာသကျမ်းတို့ကို ကောင်းစွာ တတ်မြောက်ပါသည်။ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့ကိုလည်း တတ်မြောက်ကျွမ်းကျင်ပါသည်”

“ဤ မိထိလာပြည်ရှိ ပုဏ္ဏားမျိုးတို့တွင်၊ အသက်အားဖြင့်ရင်း၊ အတတ်ပညာ၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်သိက္ခာအားဖြင့်ရင်း ကြီးမားမြင့်မြတ်ဆုံး ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်”

“ထို တပည့်တော်၏ဆရာ ဗြဟ္မာယုပုဏ္ဏားကြီးသည် အရှင်ဘုရားကို ဖူးမြင်တွေ့ဆုံလိုသည့်အတွက် တပည့်တော်အား ကြိုတင်ခွင့်တောင်းခိုင်းလိုက်ပါသည်ဘုရား”

ထိုအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည်၊ ထိုတပည့်ဖြစ်သူမှတဆင့် ဗြဟ္မာယုပုဏ္ဏားကြီးကို ကောင်းစွာခွင့်ပြုတော်မူအပ်လေရကား၊ ဗြဟ္မာယုပုဏ္ဏားကြီးသည် မကြာမြင့်မီ အချိန်အတွင်း မြတ်စွာဘုရားထံ ဝင်ရောက် ချဉ်းကပ်လာခဲ့လေသည်။

ထိုနောက် မြတ်စွာဘုရားကို ဝမ်းမြောက် ဝမ်းသာ ရှိခိုးနှုတ်ဆက်ကာ တပည့်ဖြစ်သူ ဥတ္တရလုလင်နည်းတူပင် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့ကို ရှုကြည့်စုံစမ်းခဲ့သည်။

## ယုံမှားသံသယဖြစ်ရခြင်း

ထိုအခါတွင်လည်း နှစ်ပါးသော လက္ခဏာတော်တို့၌ ဥတ္တရလုလင်ကဲ့သို့ပင် ယုံမှားသံသယ ဖြစ်ရပြန်သည်။ သို့ဖြင့် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

"အရှင်ဂေါတမ၊ အရှင်ဂေါတမ၏ ကိုယ်တော်၌ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့အနက် နှစ်ပါးသော လက္ခဏာတို့ကို မတွေ့မမြင်ရပါ"

"လူတို့ယက်မြတ်တော်မူပေသော အရှင်ဂေါတမ၊ အရှင်၏ အင်္ဂါဇာတ်သည် အအိမ်ဖြင့် ဖုံးလွှမ်းအပ်ခြင်း ရှိပါသလော၊ လျှာတော်သည်လည်း ရှည်လျားကျယ်ပြန့်အပ်ပါသလော"

"အကျွန်ုပ်သည် ဤ လက္ခဏာနှစ်ပါးကို မသိမမြင်ရပါ၊ အကျွန်ုပ်၏ ယုံမှားသံသယကို ပယ်ဖျောက်တော်မူပါလော့....၊ အကျွန်ုပ်သည် အခွင့်ရအပ်သည်ရှိသော် အရှင်ဂေါတမအား မျက်မှောက်လောက၏ အကျိုးစီးပွား အလို့ငှာငှာဝင်း၊ တမလွန်လောက၏ အကျိုးစီးပွားအလို့ငှာဝင်း၊ လွန်စွာတောင့်တအပ်သော တစုံတခုသော ပုစ္ဆာကိုလည်း မေးလျှောက်လိုပါ၏"

မြတ်စွာဘုရားသည် ထိုအခါ၌ ဥတ္တရလုလင် နည်းတူပင် ပြဟ္မာယုပုဏ္ဏားကြီးအား အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသ

နိမိတ်ကို တန်ခိုးတော်အားဖြင့် သိမြင်စေ၏။ လျှာတော်ဖြင့်လည်း နားနှစ်ဖက်ကိုရင်း၊ နှာခေါင်းကိုရင်း၊ သုံးသပ်ပြတော်မူ၏။ နဖူးပြင်တခုလုံးကိုလည်း ထိရောက်ဖုံးလွှမ်း ပြတော်မူ၏။

နောက် - ဤသို့လည်း မိန့်တော်မူ၏။

" အသင်ပုဏ္ဏားကြီး၊ အသင်သည် ယောကျ်ား မြတ်တို့၏ လက္ခဏာ သုံးဆယ့်နှစ်ပါးကို သိဘူး - ကြားဘူး၏။ ထို- ကြားသိဘူးသောအတိုင်းပင်၊ ထိုလက္ခဏာတော်တို့သည် ငါ၏ ကိုယ်၌ ထင်ရှားရှိကုန်၏။ အသင်သည် တစုံတရာ ယုံမှား တွေးတောခြင်း မရှိလေလင့်"

" အသင်ပုဏ္ဏား.... ငါသည် ပိုင်းခြား၍သိသင့်သောတရားကို ပိုင်းခြား၍ သိပြီးပြီ။ ပွားများသင့်သော တရားကိုလည်း ပွားများပြီးပြီ။ ပယ်သင့်သော တရားကိုလည်း ပယ်အပ်ပြီးပြီ။ ထို့ကြောင့်လည်း ငါသည် ဘုရားစင်စစ်ဖြစ်၏ "

"မျက်မှောက် အကျိုးစီးပွား၊ တမလွန် အကျိုးစီးပွား ဆိုသည်တို့ကိုလည်း၊ အသင်တောင့်တအပ်သည့်အတိုင်း- မေးလိုသမျှ မေးလေတော့၊ ငါ ကောင်းစွာ ခွင့်ပြုအပ်ပေ၏ "

ထိုအခါ၌ ဗြဟ္မာယု ပုဏ္ဏားသည် " ငါကား - မျက်မှောက် အကျိုးစီးပွား၌ လိမ္မာတတ်သိပြီးဖြစ်၏။ သူတပါးတို့ကပင်လျှင် ငါ့အားမေးမြန်းကြကုန်သေး၏။ ထို့ကြောင့်တမလွန်လောက၏ အကျိုးစီးပွားကိုသာ မေးလျှောက်ပေအံ့ " ဟု တွေးကြံကာ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဤသို့ စတင်မေးလျှောက် အပ်ပေ၏။

ဦးမြင့်ထွန်း

## ဗြဟ္မာယု၏ အမေး ပြဿနာ

"အရှင်ဂေါတမ..၊ အဘယ်သူသည် မကောင်းမှုကို အပပြုပြီးသူ ဖြစ်ပါသနည်း။ အဘယ်သူသည် သိခြင်း အဆုံး သို့ ရောက်သူဖြစ်ပါသနည်း၊ အဘယ်သူသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း၊ အဘယ်သူသည် စင်ကြယ်သော ပုဂ္ဂိုလ် ဟူ၍ ဆိုရပါသနည်း"

"အဘယ်သူသည် ရဟန္တာ ဖြစ်ပါသနည်း၊ အဘယ်သူသည် အလုံးစုံသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ပါသနည်း၊ အဘယ်သူသည် အရဟတ္တမဂ်ဉာဏ် မောနေယျနှင့် ပြည့်စုံ သူ ဖြစ်ပါသနည်း၊ အဘယ်သူသည် သစ္စာလေးပါးကို သိသူ ဟူ၍ ဆိုရပါသနည်း"

## ဗုဒ္ဓမြတ်စွာ၏ အဖြေ

"အသင်ပုဏ္ဏား - အကြင်သူသည် ရှေးက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိ၏။ နတ်ဘုံနှင့် အပါယ်ဘုံ ကိုလည်း မြင်၏။ ထိုမှတပါး ဇာတိ၏ကုန်ခြင်းသို့ ရောက်၏။ အရဟတ္တမဂ်ဉာဏ်ကို အထူးသိ၍ အဆုံးသို့ရောက်၏။ ထိုသူသည် "မုနိ" ခေါ်သော ရဟန်းဖြစ်၏"

"အချင်းခပ်သိမ်း ရာဂတို့မှ လွတ်သော ကြောင့်၊ အထူး သဖြင့် စင်ကြယ်သောစိတ်ကိုသိ၏။ ပဋိသန္ဓေနေခြင်း - သေခြင်း ကို ပယ်ပြီးဖြစ်၏။ မြတ်သောအကျင့် အားလုံးနှင့် ပြည့်စုံ၏။ အလုံးစုံသောတရားတို့၏ ကမ်းတဖက်သို့ရောက်၏။ ထိုကဲ့သို့သော သူကို "ဗုဒ္ဓ" ဟူ၍ ဆိုရ၏"

စန်းမြင့်ထွန်း

ထိုအခါ၌ဗြဟ္မာယု ပုဏ္ဏားကြီးသည် မြတ်စွာဘုရား ဖြေကြား မိန့်ဆိုတော် မူအပ်သည်နှင့် စပ်လျဉ်း၍ လွန်စွာသော သဒ္ဓါ ကြည်ညိုခြင်း ဖြစ်မြောက်လေရကား၊ ထိုင်နေရာမှ ထ၍ လက်ဝဲ တဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်၍ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးတိုက်အပ်ပေ၏။ ခံတွင်းဖြင့်ငုံခြင်း၊ လက်ဖြင့် သုံးသပ်ခြင်းတို့ကိုလည်း ပြုအပ်၏။ နောက် – "အရှင်ဂေါတမ အကျွန်ုပ်သည် ဗြဟ္မာယု ပုဏ္ဏားပါတည်း။ အရှင် ဂေါတမ အကျွန်ုပ်သည်ဗြဟ္မာယုပုဏ္ဏားပါတည်း" ဟူ၍လည်း မိမိအမည်ကို အကြိမ်ကြိမ် ထုတ်ဖော် လျှောက်ထား အပ်ပေ၏။

အားလုံးသော ပရိသတ်တို့ကား၊ အတိုင်းထက် အလွန်ပင် ထူးဆန်းအံ့သြခြင်း ဖြစ်ကြရသည်။ ဗြဟ္မာယု ပုဏ္ဏား ကြီးသည် အသက်ကြီးလှပြီသာ မဟုတ်သေး၊ အမျိုးအဆွေ အားဖြင့်ရင်း၊ အတတ်ပညာ အားဖြင့်ရင်း၊ စည်းစိမ်ဥစ္စာ ဂုဏ်သိက္ခာအားဖြင့် ရင်း၊ များစွာကျော်စောထင်ရှားအပ်သူဖြစ်သည်ကို ကောင်းစွာ သိနေကြသောကြောင့် ဖြစ်သည်။

ထိုအချိန်၌ မြတ်စွာဘုရားသည် ဗြဟ္မာယု ပုဏ္ဏားကြီးအား ဒါန - သီလ အစရှိသည့် အစဉ်အတိုင်းသော တရားတို့ကို ဟော အပ်၏။ သို့ – ဟောအပ်ခြင်းဖြင့် ဗြဟ္မာယုပုဏ္ဏားကြီး၌ အညစ် အကြေးတို့မှကင်းစင်ကာ တက်ကြွကြည်လင်သောစိတ် ဖြစ်ပေါ် လာသည့်အခါ " **သစ္စာလေးပါး** " ကို ဆက်သက် ဟောကြား တော်မူပြန်၏။

နောက်ဆုံး၌ကား - ဗြဟ္မာယုပုဏ္ဏားကြီးသည် **သောတာပတ္တိ မဂ်**သို့တိုင် ဆိုက်ရောက်ခဲ့ရလေသည်။

ထိုအခါ တရားကိုမြင်ပြီးသော၊ တရားသို့ သက်ဝင်ပြီးသော၊ တွေးတောယုံမှားခြင်း ကင်းအပ်ပြီးသော ဗြဟ္မာယု ပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား ဤသို့လျှင်ကြည်ညိုမြတ်နိုးခြင်းကြီးစွာ လျှောက်ထားအပ်ပေ၏။

“ အရှင်ဂေါတမ....၊ အရှင်ဂေါတမ၏ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ ဥပမာသော်ကား- မှောက်ထားအပ်သော အရာဝတ္ထုကို လှန်၍ပြဘိသကဲ့သို့၎င်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို ဖွင့်လှစ်၍ပြဘိသကဲ့သို့၎င်း၊ အမိုက်တိုက်၌ ဆီမီးအရောင်အထောင်ကို ထွန်းလိုက်ဘိ သကဲ့သို့၎င်း၊ ထို့အတူ သာလျှင် အရှင်ဂေါတမသည် အကျွန်ုပ်အား အကြောင်းအမျိုးမျိုးဖြင့် အမှန်တရားကို ပြတော်မူအပ်ပါပေ၏။ အမှန်ကို သိမြင်သဘောပေါက် စေပါပေ၏ ”

“ အရှင်ဂေါတမ....၊ အကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ”

“ အရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အရှင်ဂေါတမအား အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ။ အရှင်ဂေါတမသည် ရဟန်း သံဃာတို့နှင့်အတူ နက်ဖြန်၌ အကျွန်ုပ်၏ဆွမ်းကိုလည်း အလှူခံတော်မူပါ ”

နေ့မြင့်ထွန်း

နောက်တနေ့နံနက် မိုးသောက်သောအခါ၊ ဗြဟ္မာယု ပုဏ္ဏားကြီးသည် မြတ်စွာဘုရားနှင့် တကွသော ရဟန်း သံဃာတို့အား မွန်မြတ်စွာသော ဆွမ်းအစရှိသည့် ခဲဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းဆက်ကပ်အပ်ပေ၏။ တနေ့တည်း - တကြိမ်တည်းမဟုတ်မူဘဲ ခုနစ်ရက်တိုင်တိုင် လှူဒါန်းဆက်ကပ်ခြင်းဖြစ်၏။

ထိုနောက် – ဗြဟ္မာယုပုဏ္ဏားကြီး သေဆုံး၍ ရဟန်းတို့က မြတ်စွာဘုရားကို မေးလျှောက်ကြသောအခါ....

> "ရဟန်းတို့ - ဗြဟ္မာယု ပုဏ္ဏားသည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့်၊ ဗြဟ္မာ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုခြင်း သဘောရှိ၏။ ထို ဗြဟ္မာ့ပြည်မှ ပြန်လာခြင်း သဘော မရှိတော့ချေ" ဟု မိန့်တော်မူပေ၏။


# ဗုဒ္ဓမြတ်စွာဘုရားနှင့်ခေတ်ကာလ

အထက်ဆိုခဲ့ပြီး ဗြဟ္မာယု ပုဏ္ဏားကြီး၏ စူးစမ်းလေ့လာမှုကို သိရခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဖြစ်ပွင့်တော်မူအဲ့ ခေတ်ကာလမှာ ပညာရှိအသီးသီး၊ ဘုရားအမည်ခံ ပုဂ္ဂိုလ်အသီးသီးတို့ ပေါ်ထွန်းရှိနှင့်ပြီးဖြစ်ကြောင်း ကောင်းစွာ သိသာထင်ရှားနေပေသည်။

သို့ ရှိ သည် နှင့် အ မျှလည်း ဗုဒ္ဓမြတ်စွာဘုရားသည် ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် ယှဉ်ပြိုင်ပြောဆိုခဲ့ရပေသည်။

မိမိတို့ ညဏ်မမှီနိုင်၍ အမှန်ကို သိရစိမ့်သောငှာ ပ က တိ သဘောရိုးဖြင့် မေးမြန်း လျှောက်ထားသူလည်း ရှိသည်။ ပညာပြိုင်သည့်သဘော၊ ထိပါးနှိပ်စက်လိုသည့်သဘော မရိုးမဖြောင့် မေးကြသူများလည်း ရှိသည်။

ဗြဟ္မာယု ပုဏ္ဏားကြီးဆိုလျှင် အသိပညာ ပုစ္ဆာသဘောမျှမဟုတ်၊ ဗုဒ္ဓမြတ်စွာ၏ ကြွန်အင်လက္ခဏာကိုပင်လျှင် အတိအကျ စူးစမ်းလေ့လာခဲ့ပေသည်။ သို့သော် သူ့သဘောထား ရည်စူးရင်းမှာမူ အခြားသူများနှင့် ဖြောင့်ဖြောင့်ကြီး ကွာခြားသည်။



စန်းမြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရားကို သူ လေ့လာခြင်းမှာ ယောကျ်ားမြတ်တို့၏ ကြန်အင်လက္ခဏာနှင့် ညီမညီ (ဘုရားစင်စစ် ဟုတ်မဟုတ်) ကို မိမိ၏ အသိပညာခံ အားလျော်စွာ ဝေဖန် စုံစမ်းခြင်းမျှ ဖြစ်သည်။ ချွတ်ယွင်းချက်ကို ရှာဖွေကာ ထိပါးပုတ်ခတ်လို၍ မဟုတ်ပေ။


ထို့ကြောင့်လည်း သူ မေးမြန်းစုံစမ်းအပ်သည်များ၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဖြောင့်မှန် တိကျသော အဖြေကို ကြားနာရသည့်အခါ ကြီးစွာသော သဒ္ဓါကြည်ညိုခြင်းဖြင့် ပျပ်ဝပ်ရိုသေစွာ ပူဇော်အပ်ပေသည်။ နောက်ဆုံး၌ သောတာပတ္တိမဂ်မှ တဆင့် ဗြဟ္မာ့ပြည်သို့ စုတေရောက်ရှိရကာ ထိုဗြဟ္မာ့ပြည်၌ ပင်လျှင် ပရိနိဗ္ဗာန်ပြုခဲ့သည်။

## နှိပ်စက်လို၍မေးမြန်းခြင်း

### ( အဿလာယန - သုတ် )

ဗြဟ္မာယု ပုဏ္ဏားကြီးက ယိုဟဲ့သို့ သဒ္ဓါတရားဖြင့် မေးမြန်းအပ်သလောက် ယှဉ်ပြိုင်ခြင်းကို အခြေခံကာ ထိပါးနှိပ်စက်လို၍ မေးသူလည်းရှိသေးသည်။ ထိုသူ၏အမည်မှာကား **အဿလာယန** ဖြစ်သည်။

အဿလာယနသည် တဆယ့်ခြောက်နှစ်မျှ ရှိသေးသော ပုဏ္ဏားလုလင်ပျိုတဦး ဖြစ်သည်။ သို့သော် အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်းတို့ကို ကောင်းစွာတတ်ကျွမ်းသည်။



ဇာတိဟာသကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်းတို့ကိုလည်း တတ်မြောက်ကျွမ်းကျင်သည်။ ဗေဒင်သုံးပုံတွင်လည်း သင်ရိုးကုန်သူ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တရံသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်တွင် အခြားတိုင်းပြည်မှ ငါးရာမျှလောက်သော ပုဏ္ဏားတို့သည်လည်း ဧည့်သည်အဖြစ် ရောက်ရှိနေကြကုန်၏။

ထိုထို ပုဏ္ဏားတို့သည် ဤသို့ တွေးကြံမိကြ၏။

“ရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းဟူ၍ ပြောဆိုလေ့ရှိ၏။ ပြောဆိုအပ်၏။ သို့ပြောဆိုအပ်သည်ကား စင်စစ်မဟုတ်မမှန်သည်သာတည်း။ စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်း ဆိုသည်မှာ အမှန်အားဖြင့်ကား ငါတို့ပုဏ္ဏားမျိုး (ပုဏ္ဏားများ)သည်သာလျှင် ရရှိဖြစ်မြောက်အပ်သော၊ ပြည့်စုံအပ်သော အခြင်းအရာတည်း”

“ရဟန်းဂေါတမ၏ ဤမဟုတ်မမှန်သော စကားကို ငါတို့သည် ချေပ,ကန့်ကွက်ထိုက်ကြ၏။ တုံ့ပြန်ဖြေရှင်းထိုက်ကြ၏။ အဘယ်သူအား ပြန်လည်ဖြေရှင်းခိုင်းရအံ့ပါနည်း”

ထိုအခါ ထို ပုဏ္ဏားတို့သည် အဿလာယန-လုလင်ကို တွေ့မြင်သတိရမိကြ၏။ သို့ဖြင့် – အဿလာယနအား –

“အမောင် အဿလာယန၊ ရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းဟူ၍၊ မကွဲမပြား ရောပြွမ်း၍သာလျှင် ပြောဆိုပညတ်အပ်၏။ သို့ ရောပြွမ်း ပြောဆိုအပ်ခြင်းကြောင့် ငါတို့ ပုဏ္ဏားမျိုးများမှ အပဖြစ်သူ (အခြားသူတို့)

နေ့မြင့်လွန်

တို့သည်လည်း စင်ကြယ်မြင့်မြတ်ရာ ရောက်နေဘိ၏။ ငါတို့ပုဏ္ဏားမျိုးများနှင့် အခြားသော မျိုးရိုးဇာတိတို့သည် တတန်းတစားတည်း တူညီမျှတရာ ရောက်နေခဲ့၏။ ထို့ကြောင့် အမောင်သည် ရှင်ဂေါတမထံ သွားရောက်က၊ ထိုသို့မဟုတ်– မပြောဆိုထိုက်ကြောင်း ချေပ ကန့်ကွက်ပါချေလော့....၊ ရှင်းလင်းတိုက်ဖျက်ပါချေလော့....” ဟု ပြောဆိုတိုက်တွန်းကြကုန်၏။

အဿလာယန လုလင်သည်၊ ထိုအခါ၌ –

“အရှင်တို့....၊ ရဟန်းဂေါတမသည် အကြောင်း ခြင်းရာ မှန်သမျှ၌ပင်လျှင် သဘောသဘာဝ ကျနဖြောင့်မှန်စွာ ပြောဆိုတတ်၏။ ယှဉ်ပြိုင်ပြောဆိုရန် ခဲယဉ်း၏။ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းဂေါတမနှင့် ယှဉ်ပြိုင်ပြောဆိုရန် မစွမ်းနိုင်သည်သာတည်း” ဆိုပေ၏။

သို့သော် တိုက်တွန်းစေခိုင်းအပ်သော ပုဏ္ဏားတို့သည်၊ အဿလာယန၏ စကားကို လက်မခံ၊ “အမောင် အဿလာယန အမောင်သည် များစွာသော ကျမ်းဂန်တို့ကို သင်ကြားတတ်မြောက် ပြီးသည်သာ မဟုတ်သေး၊ ငါတို့၏ ပရိဗိုဇ် အစီအစဉ် (ဗေဒင်) ကိုလည်း အဆုံးတိုင် သင်ယူပြီးသူ ဖြစ်ပေသည်။ ထို့ကြောင့် စစ်မထိုးရဘဲ ရှုံးသူမဖြစ်ပါစေလင့်၊ ရှင်ဂေါတမထံ သွားသာသွားပါချေလော့....” ဆိုကြကုန်၏။

ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် ငြင်းပယ်၍ မရသော အခါ သုံးကြိမ်မြောက်ဘိုင်အောင် ပြောဆိုတိုက်တွန်း ကြသောအခါ အဿလာယန လုလင်သည် များစွာသော ပုဏ္ဏားအပေါင်းနှင့် အတူ ဗုဒ္ဓမြတ်စွာဘုရားအထံ သွားရောက် တွေ့ဆုံလေ၏။

စန်းမြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြီး သောအခါ သင့်အပ် လျောက်ပတ်သော နေရာမှ နေကာ၊ ဤသို့ စတင်လျှောက်ထားလေ၏။

"အရှင်ဂေါတမ....၊ အကျွန်ုပ်တို့ ပုဏ္ဏားများသည် -

မိမိတို့ ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏။ အခြားအမျိုး သည် ယုတ်၏။ ပုဏ္ဏားမျိုး သည် သာ လျှင် ဖြူစင်၏။ အခြားအမျိုးသည် မည်း ညစ် ၏။ ပုဏ္ဏား မျိုး သည် သာလျှင် စင်ကြယ်၏။ အခြားအမျိုးတို့သည် မစင်ကြယ် ကုန်။ ပုဏ္ဏားမျိုးသည်သာလျှင် ဗြဟ္မာ၏ သားရင်းတို့ ဖြစ်ကုန်၏။ ခံတွင်းမှ ပေါက်ဖွားသူများ ဖြစ်ကုန်၏။ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏။ ဗြဟ္မာ ဖန်ဆင်းထား သူတို့ ဖြစ်ကုန်၏။ ဗြဟ္မာ၏ အမွေခံတို့ ဖြစ် ကုန် ၏- ဟု ဆိုကြပါကုန်၏။ ယူမှတ်ယုံကြည် ထားကြပါကုန်၏။

"ဤသို့ ယူမှတ်ပြောဆိုကြကုန်ရာ၌ ထိုအယူအဆ၊ ထိုယုံကြည် မှုကို အရှင်ဂေါတမသည် မည်သို့ သဘော ထားပါသနည်း၊ မည်သို့ ဆုံးဖြတ် ဝေဖန်အပ်ပါသနည်း...."

ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားသည် အဿလာယန လုလင်အား ဤသို့ တုံ့ပြန် ဆိုတော်မူ၏။

## ပုဏ္ဏေးမ,တို့မှ မွေးဖွားလာခြင်း

"အသင် အဿလာယန .... ပုဏ္ဏားမျိုးတို့တွင် ဥတု လာ သူ ( အမျိုးသမီးတို့၏ ဓမ္မတာ ရာသီပန်း ) ကိုယ် ဝန်ဆောင်သူ၊ သားဖွားသူ၊ နို့တိုက်နေသူ ပုဏ္ဏေးမ,တို့ကို အသင် မြင်ရဘူးသည်

မဟုတ်လော....၊ ပုဏ္ဏားတို့သည် ထိုပုဏ္ဏေးမတို့၏ အင်္ဂါဇာတ်မှ ဖြစ်ကြကုန်သည် (မွေးဖွားလာရသည်) မှန်လျက်၊ အဘယ့်ကြောင့်လျှင် ပုဏ္ဏားမျိုးသည် မြတ်၏။ ဗြဟ္မာတို့၏ သားရင်းဖြစ်ကုန်၏။ ခံတွင်းမှ မွေးဖွားလာသူများ ဖြစ်ကြကုန်၏-ဟု ဆိုဘိသနည်း....”

“အရှင်ဂေါတမ.... အရှင်ဂေါတမ ဤသို့ ဆိုစေကာမူ အကျွန်ုပ်တို့ ပုဏ္ဏားများသည်ကား၊ ဦးစွာဆိုခဲ့ပြီးအတိုင်း၊ ပုဏ္ဏားမျိုးသည်သာ မြတ်သည်-စင်ကြယ်သည်ဟု ယူမှတ် ယုံကြည်နေကြပါသည်”

## ကျွန်မှ - အရှင် အရှင်မှ - ကျွန်

“ကောင်းပြီ... အဿလာယန၊ သို့ဆိုလျှင် သင့်ကို မေးရဦးမည်။ ယောနပြည်-ကမ္ဗောဇပြည်နှင့် တကွ၊ အခြား အစွန်အဖျားကျသော နယ်တို့၌ အရှင်မျိုး-ကျွန်မျိုး ဟူ၍ နှစ်မျိုးသာရှိပါလျက်၊ အရှင်မျိုးက, ကျွန်ဖြစ်ရပြန်သည်၊ ကျွန်မျိုးက အရှင် ဖြစ်ရပြန်သည် ဆိုခြင်းကို သင်ကြားသိဘူးပါသလော”

“အရှင်ဂေါတမ .. အကျွန်ုပ်ကြားသိဘူးပါ၏”

“အဿလာယန....အရှင်မျိုး-ကျွန်မျိုး နှစ်ပါး တည်းသာ ရှိနေသည်၌ပင်၊ ဤသို့ အပြောင်းအလဲ-တမျိုးတဖုံဖြစ်တတ်ချေခဲ့သော်၊ ပုဏ္ဏားမျိုး တမျိုးတည်းကျကာမှ မည်သို့မျှ ပြောင်းလဲ ထူးခြားခြင်းမရှိ၊ အစဉ်အမြဲ မြတ်သည်-စင်ကြယ်သည် ဆိုနိုင်ပါအံ့လော”

စန်းမြင့်ထွန်း

" အရှင် ဂေါတမ.... အရှင် ဂေါတမက ဤသို့ ဆိုစေကာမူ၊ အကျွန်ုပ်တို့ ပုဏ္ဏားမျိုးများသည်ကား၊ မိမိတို့သာလျှင်မြတ်သည် စင်ကြယ်သည်ဟု ယူမှတ်ယုံကြည်နေကြပါသည် "

## မကောင်းမှု ပြုသူ မှန်လျှင်

" ကောင်းပြီ-အဿလာယန၊ သို့ဆိုလျှင် ငါထပ်မံဆိုဦးမည်။ အကယ်တည့်- ပုဏ္ဏားမျိုးမှ တပါးသော မင်း မျိုး တို့ သည် သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ ကာမလွန်ကျူးခြင်းစသောမကောင်း မှုတို့ပြုကျင့်သည်ဆိုအံ့၊ ထိုမင်းမျိုးတို့မှသာလျှင်(မင်းမျိုးတို့သည် သာလျှင်) အပါယ်ငရဲသို့ ကျရောက်ရကုန်အံ့လော....၊ ပုဏ္ဏားတို့ သည်လည်း မကောင်းမှုကို ပြုကျင့်သည် မှန်က၊ ထို - မင်းမျိုးတို့ ကဲ့သို့ပင် ငရဲ၌မကျရောက်ပဲ ရှိနိုင်ပါအံ့လော "

"အရှင်ဂေါတမ.... ဤသို့ကား မဖြစ်နိုင်ပါ၊ မင်း မျိုး ပင် ဖြစ်စေ - ကုန်သည်ပင်ဖြစ်စေ - ဆင်းရဲသားပင်ဖြစ်စေ၊ သတ်ဖြတ် ခြင်း၊ ခိုးဝှက်ခြင်း၊ ကာမဂုဏ်လွန်ကျူးခြင်းစသောမကောင်းမှုတို့ကို ပြုကျင့်သည်မှန်ပါက၊ မည်သူမဆို အပါယ်ငရဲသို့ ကျရောက်ခံစား ရမည်သာ ဖြစ်ပါသည် "

"အဿလာယန....၊ ဤသို့ဆိုလျှင် ပုဏ္ဏား တို့ သည် အခါ ခပ်သိမ်း မြတ်၏ - စင်ကြယ်၏ဟူ၍ အဘယ့်ကြောင့် ပြောဆိုနိုင် ပါသနည်း။ မြတ်ခြင်း - စင်ကြယ်ခြင်း၏ အ ထောက် အ ထား အဘယ်မှာ ရှိပါသေးတော့သနည်း။ ဗြဟ္မာ၏ အ မွေခံ ဟူ၍ အဘယ်သို့လျှင် ပြောဆိုနိုင်ပါသေးတော့သနည်း "

" အရှင်ဂေါတမ....၊ အရှင်ဂေါတမက ဤသို့ ဆိုစေကာမူ ပုဏ္ဏားတို့သည်ကား၊ မိမိတို့အမျိုးသည် သာလျှင် မြတ်သည် စင်ကြယ်သည်ဟူ၍ ယုံကြည် ယူဆ နေကြပါသည် "

## ကောင်းမှု ပြုသူမှန်လျှင်

" ကောင်းပြီ အဿလာယန....၊ သို့ဆိုလျှင် တဖန်နားထောင်လေဦးလော့...၊ အကယ်တည့် ပုဏ္ဏားမျိုးမှ တပါးသော သူတို့သည် ကုန်သည်ပင်ဖြစ်စေ၊ သူဆင်းရဲပင် ဖြစ်စေ၊ မကောင်းမှုအားလုံးကို ရှောင်ကြဉ်၍ ကောင်းသော အပြုအမူ – လှူဒါန်း ပေးကမ်းခြင်း - သီတင်းသီလ ဆောက်တည်ခြင်း စသည်တို့ကို ပြုကုန်ငြားအံ့၊ ထိုသူတို့သည် နတ်ပြည်နတ်ရွာသို့ မရောက်နိုင် ရှိပါအံ့လော၊ ပုဏ္ဏားမျိုးမဟုတ်သည့်အတွက် လူချမ်းသာ - နတ်ချမ်းသာ ဟူသော ကောင်းကျိုးတရားတို့ကို မရရှိ မခံစားရဘဲ ရှိကောင်းပါအံ့လော "

" အရှင်ဂေါတမ....၊ ဤသို့လည်းမဖြစ်နိုင်ပါ၊ ကောင်းမှုကို အားထုတ်လျှင် ကောင်းကျိုးကို ခံစားရမည်သာ ဖြစ်ပါသည် "

" အဿလာယန....၊ ဤသို့ ဆိုလျှင်လည်း ပုဏ္ဏား မျိုး သာ မြတ်၏ - စင်ကြယ်၏ဟု အဘယ်သို့လျှင် အထောက် အထား အားကိုးရှိပါသေးသနည်း၊ ဗြဟ္မာ၏သားရင်း - ဗြဟ္မာ၏အမွေခံဟု ပြောဆိုနိုင်ပါ သေးသနည်း "

" အရှင်ဂေါတမ....၊ အရှင်ဂေါတမက မည်သို့ဆိုစေ၊ ပုဏ္ဏားတို့သည်ကား မိမိတို့ အမျိုးသည်သာလျှင် မြတ်သည် - စင်ကြယ်သည်ဟု ယူဆ မှတ်ထင်နေကြပါကုန်၏ "

## ပုဏ္ဏားမျိုးမှသာ စင်ကြယ် နိုင်သလော

" ကောင်းပြီ.... အဿလာယန၊ သို့ဆိုလျှင် သင် - တဖန် ဆင်ခြင်ကြည့်ဦးလော့၊ ပုဏ္ဏားမျိုး တဦးတည်းသာလျှင် မေတ္တာစိတ် - မေတ္တာသဘောကို ပွားများနိုင်ရာသလော၊ ပုဏ္ဏားမျိုးမှ တပါး အခြားသော မင်းမျိုး ကုန်သည်မျိုး သူဆင်းရဲ မျိုးတို့သည်ကား၊ မေတ္တာစိတ် - မေတ္တာသဘောကို မပွားများနိုင် ရှိရာသလော "

" အရှင်ဂေါတမ.... ဤသို့ လည်း မဟုတ်ပါ၊ သို့ သော်— အရှင်ဂေါတမက မည်သို့ဆိုစေ ပုဏ္ဏားမျိုးတို့သည်ကား မိမိတို့သာ မြတ်သည် - စင်ကြယ်သည်ဟု ယူဆမှတ်ထင်နေကြပါသည် "

" အဿလာယန၊ ဂေါတမန်ဆိုဦးအံ့၊ ဤလောက၌ပုဏ္ဏားမျိုး တဦးတည်းသာလျှင် မြစ်တွင်း၌ရေချိုး ဆပ်ပြာတိုက်ကာ မိမိတို့ ကိုယ်မှ အညစ်အကြေးကို မြစ်ရေဖြင့် ဆေးကြောသန့်စင် နိုင်ရာ သလော....၊ အခြား မင်းမျိုး ကုန်သည်မျိုး သူဆင်းရဲ မျိုးတို့ သည်လည်း တို့အတူ မပြုနိုင်ကောင်းလေသလော "

" ဤသို့လည်းမဟုတ်ပါ - အရှင်ဂေါတမ၊ သို့ရာတွင် အရှင် ဂေါတမက မည်သို့ဆိုစေ၊ ပုဏ္ဏားမျိုးတို့ သည်ကား မိမိတို့သာ မြတ်သည် - စင်ကြယ်သည်ဟု ယူဆမှတ်ထင် နေကြပါသည် "

" ကောင်းပြီ... အဿလာယန၊ သင်ကလည်း မိမိလိုရာကို သာ ထပ်၍ထပ်၍ ဆိုနေဘိသည်။ ထို့ကြောင့် ဂေါတမန်ဆိုရပေဦးအံ့။ အဿလာယန၊ အကြင်မင်းသည် ဇာတ်အမျိုးမျိုး (လူတန်းစား) ရှိကုန်သော ယောက်ျားတရာတို့ကို စုဝေးစေကာ ဤသို့စေခိုင်းအပ်၏ "

စန်းမြင့်ထွန်း

## မီးပုံကြီး တခုစီ

" အသင်တို့....၊ အသင်တို့သည် ထင်းတို့ကို ရှာဖွေကာ မီးပုံကြီး တခုစီ ပြုလုပ်ကြကုန်လော့ "

" ထိုအခါ မင်းမျိုး - ပုဏ္ဏားမျိုး - မြို့စားမျိုး(မင်းမှုထမ်း) တို့သည်၊ ကျွန်းသား- အင်ကြင်းသား- ထင်းရှူးသား- စန္ဒကူးသား၊ ပဒုမာသားတို့ကို စုပေါင်းကာ မီးပုံကြီးတခု ဖြစ်စေ၏။ မီးတောက်မီးလျှံ ဖြစ်စေ၏ "

"ဒွန်းစဏ္ဍားမျိုး၊ မုဆိုးတံငါမျိုး၊ တောင်းယက် - ဖျာယက် နှီးသမားမျိုး၊ ရထားလုပ်သမားမျိုးစသည်တို့ကား၊ ခွေးစာကျင်း ဝက်စားကျင်း၊ ဆိုးရည်စားကျင်း၊ ကြက်ဆူသားထင်း စသည် တို့ဖြင့် မီးပျိုးကြ၏။ မီးတောက်မီးလျှံ ဖြစ်စေ၏ "

" အဿလာယန....၊ ထို ထို မီး တောက် မီး လျှံ တို့ သည် အင်ကြင်းသား၊ ထင်းရှူးသားထင်းဟူ၍ရှင်း၊ ကြက်ဆူသားထင်း ဟူ၍ရှင်း တမျိုးတဖုံ ကွဲပြား ထူးခြား အပ်သေးသလော...၊ အင်ကြင်းသားထင်းမီးဖြင့်၍ အပူဓာတ်ကိုဖြင့်စေသည်။ခွေးစား ကျင်း၊ ဝက်စားကျင်း၊ ကြက်ဆူသား ထင်းမီးဖြစ်၍ အပူဓာတ် မဖြစ်မြောက်စေနိုင်ဟု ရှိအပ်သေးသလော "

" အရှင်ဂေါတမ-ဤသို့ကား မဟုတ်ပါ၊ အင်ကြင်းသား ထင်းမီးပင်ဖြစ်စေ၊ ကြက်ဆူသား ထင်းမီးပင်ဖြစ်စေ၊ မီးတောက် မီးလျှံ အပူဓာတ် လောင်ကျွမ်း ခြင်း အတူတူသာ ဖြစ်ပါပေ၏ "

"မှန်သည်-အဿလာယန၊ပုဏ္ဏားမျိုးနှင့်အခြားသူတို့ကိုလည်း ဤအတူသာ မှတ်လေလော့၊ အဿလာယန- ဂေါတမနှ် ဟိုဦး...

စန်းမြင့်ထွန်း

ဤလောက၌ မင်းမျိုး သတို့သားနှင့် ပုဏ္ဏားမျိုး သတို့ သမီးတို့ ပေါင်းဖော်ခြင်းအားဖြင့် သားတယောက်ထွန်းကားရရှိလာသည် ဆိုအံ့၊ ထို သား ဖြစ် သူသည် မင်းမျိုး ဖြစ်သော အဖနှင့်လည်း တူသည်။ ပုဏ္ဏားမျိုးဖြစ်သော အမိနှင့်လည်းတူသည်။ မင်းသား ဟူ၍လည်း ဆိုသင့်သည်။ ပုဏ္ဏားဟူ၍လည်း ဆိုသင့်သည် - ဆိုနိုင် သည်သာ မဟုတ်ပါလော....”

“အရှင်ဂေါတမ- ဟုတ်ပါ၏၊ ထို သ တို့ သား ငယ် သည် မင်းသားဖြစ်အပ်သလို၊ ပုဏ္ဏားလည်းဖြစ်ပါပေ၏”

## မြင့်မြတ်ခြင်း - ယုတ်ညံ့ခြင်း

“ကောင်းပြီ- အဿလာယန၊ ငါ တဖန် ဆိုဦးအံ့၊ တမိ-တဖ တည်းမှပင် မွေးဖွားလာအပ်သော ညီအကို နှစ်ယောက် အနက် တယောက်သည်ကား- ဝေဒကျမ်းကိုတတ်ကျွမ်း၏။ ဆောင်ထား အပ်၏။ တယောက် သူသည်ကား- ဝေဒကျမ်းကို တတ်လည်း မတတ်- ဆောင်၍လည်းမထား။ ထိုသူ နှစ်ဦးတို့ အနက်၊ သင်- ပုဏ္ဏားတို့သည် အဘယ်သူအား အလေးပြုအပ်ပေသနည်း”

“အရှင်ဂေါတမ၊ ဝေဒကျမ်းကို တတ်သူအားသာ အလေး ပြုအပ်ပါသည်။ မတတ်သူကိုမူကား အလေးပြု၍ အဘယ်အကျိုး ရှိပါမည်နည်း”

“ကောင်းပြီ- အဿလာယန၊ တမိ-တဖတည်း မွေးအပ်လင့် ကစား၊ သီလရှိသူနှင့် မရှိသူကိုလည်း အဘယ်သူအား အလေး ပြုအပ်ပေသနည်း....”

"အရှင်ဂေါတမ....၊ သီလရှိသူသည်သာ အလေးပြုအပ်ပါသည်"

"ကောင်းလှပြီ အဿလာယန၊ ဤသို့ဆိုလျှင်– အမျိုးသည်ရင်း၊ ဇာတ်သည်ရင်း၊ အကြောင်းရင်း အခြေခံမဟုတ်၊ ပညာတတ်ခြင်း- မတတ်ခြင်း၊ သီလ ရှိခြင်း- မရှိခြင်းသည် သာလျှင် အကြောင်းရင်း အခြေခံဖြစ်အပ်သည် မဟုတ်လော"

"အဿလာယန....၊ အသင်သည် ပထမဦးစွာ ပြောအပ်သည်ကား၊ အမျိုးဇာတ်ကို စွဲ၍ ပြော၏။ ပုဏ္ဏားမျိုးသည် မြတ်သည် စင်ကြယ်သည် ဆိုဘိ၏။နောက်- ပုဏ္ဏားမျိုးပင် ဖြစ်စေကာ မူ- ဝေဒကျမ်းကို တတ်သူ- သီလရှိသူသည်သာ မြတ်သည်၊ အလေး၊ ပြုထိုက်သည်-ဆိုဘိ၏"

"နောက်- အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်း ဆိုသည်တွင်လည်း၊ ငါ– သုံးသပ်ဝေဖန်ပြအပ်ဘိသည့် အတိုင်းပင်၊ လက်ခံသဘောတူခဲ့ပြန်၏။ ဤသို့- အဆင့်ဆင့် ရွေ့လျော လာခဲ့ရခြင်းသည်ပင်လျှင်၊ သင်၏ ပထမဦးစွာ ဆိုအပ်သော စကားသည် မှန်ကန်ခြင်းမရှိကြောင်း- အခြေအမြစ်မရှိကြောင်း၊ ကောင်းစွာ ထင်ရှားနေချေပြီ မဟုတ်လော...."

ထိုအခါ၌ အဿလာယနသည် မည်သို့မျှ စကားတုံ့ မဆိုနိုင်၊ ဦးခေါင်းငိုက်စိုက်ကျကာ မျက်နှာမလှ တွေဝေ- ငေးငိုင် နေချေတော့၏။

ဗုဒ္ဓမြတ်စွာဘုရားသည်၊ အဿလာယနကို ဤသို့ ဆက်လက်ဆိုတော်မူပြန်၏။

စမ်းမြင့်ထွန်း

" အသယလာယန....ရှေးကဖြစ်ခဲ့ဘူးသည်ကား–ဤသို့တည်း။ တရံရောအခါ- တောတွင်း၌နေကြကုန်သော ပုဏ္ဏားမျိုး– ရသေ့ ခုနစ်ယောက်တို့သည်၊ ငါတို့ပုဏ္ဏားမျိုးသည်သာမြတ်၏။ တပါး သော အမျိုးသည် ယုတ်၏။ ပုဏ္ဏားမျိုးသည်သာလျှင် ဖြူစင်၏။ အခြား အမျိုးသည် မည်းညစ်၏ စသည်ဖြင့်၊ ယခု-သင်ဆိုအပ် သော အတိုင်းပင်၊ ထင်မြင် ယူဆကြကုန်သည်သာတည်း"

## ဒေဝလ– ရသေ့

" ထိုအခါ၊ 'ဒေဝလ' အမည်ရှိ အသား မည်းနက်သော ရသေ့တပါးသည်၊ ထို ပုဏ္ဏားမျိုး- ရသေ့ ခုနစ်ပါးတို့၏ ယုတ်မာ သော တွေးကြံယူဆမှုကို ကြားသိ၏။ သို့ဖြင့် ဒေဝလရသေ့သည် ပုဏ္ဏားမျိုး ရသေ့တို့ထံ သွားရောက်ကာ၊ ထို ရသေ့တို့၏ သစ်ရွက် မိုး၊ ကျောင်း သင်္ခမ်း ရှေ့၌ စင်္ကြံ သွားလျက် 'ပုဏ္ဏားမျိုး ရသေ့ တို့သည် အဘယ်သို့ သွားကြကုန်သနည်း၊ ပုဏ္ဏားမျိုး ရသေ့တို့ သည် အဘယ်သို့ သွား ကြ ကုန် သ နည်း....'ဟု ပြော ဆို ဟစ် ကြွေး၏"

" ထိုအခါ၊ ရသေ့ ခုနစ်ဦးတို့သည်– 'ငါတို့ ကျောင်းသင်္ခမ်း ရှေ့ဝယ် လာရောက် အော်ဟစ်နေသူကား– မည်သူနည်း၊ ငါတို့ ကျိန်ဆဲကြကုန်အံ့' အကြံဖြစ်၏။ ထိုနောက်- ဒေဝလရသေ့ကို 'သူယုတ်- ပြာဖြစ်လေလော့၊ သူယုတ်- ပြာဖြစ်လေလော့' ဟု ကျိန်ဆဲကြကုန်၏"

" အဿလာယန....ဒေဝလ ရသေ့သည်၊ ပုဏ္ဏားမျိုး ရသေ့ ခုနစ်ဦးတို့ ထိုကဲ့သို့ ကျိန်ဆဲကြသောအခါ၊ ပြာဖြစ်ရမည့် အစား-

ကျိန်ဆဲတိုင်းပင်လျှင်ပို၍သာအဆင်းလှလာ၏။ ရှုချင်စဖွယ်ရှိ၏။ အထူးသဖြင့် ကြည်ညိုဖွယ်ဖြစ်လာ၏ ”

“ ထိုအခါ- ပုဏ္ဏားမျိုး ရသေ့ ခုနစ်ဦး တို့သည်၊ ‘ ငါတို့၏ အကျင့်ကား- အချည်းနှီး ဖြစ်စွ တကား၊ ငါတို့၏ မြတ်သော အကျင့်သည် အကျိုးမရှိလေစွတကား၊ ငါတို့သည်-ရှေးအခါက ‘ သူယုတ်- ပြာဖြဲလေလော့....’ ကျိန်ဆဲသည့်အခါ၊ကျိန်ဆဲခံရသူ အချို့သည် ပြာဖြစ်ကြရကုန်၏။ ယခု- ဤရသေ့မူကား- ငါတို့ ကျိန်ဆဲသည့်အခါ၊ ပြာဖြစ်ရမည့်အစား၊ ကျိန်ဆဲတိုင်းမှာပင်လျှင် ပို၍သာ လှလာသေး၏။ ရှု ချင် ဖွယ် ရှိလာ၏။ အ ထူး သ ဖြင့် ကြည်ညိုဖွယ် ဖြစ်လာ၏ ’ဟု တွေးကြံမိကြ၏ ”

“ အဿလာယန၊ ထိုအခါ၌ ဒေ ဝ လ ရ သေ့ သည်–ရသေ့ ခုနစ်ဦးတို့အား ဤသို့ ပြောဆို၏ ”

“ အရှင်ရသေ့တို့....၊ အရှင် တို့ ၏ အကျင့်သည် အချည်းနှီး မဟုတ်၊ မြတ်သောအကျင့်သည် အကျိုးမရှိသည် မဟုတ်၊ ငါ့ကို စိတ်ဖြင့် ပြစ်မှားခြင်းကြောင့်သာ ဤသို့ ဖြစ်ရပေသည်။ အရှင်တို့သည် ထို ပြစ်မှားခြင်းကို စွန့်ကြကုန်လော့ ... ”

“ အဿလာယန၊ ရသေ့ ခုနစ်ဦးတို့သည် ‘ အရှင်....၊ ငါတို့၏ ပြစ်မှားမိခြင်းကို စွန့်အပ်ပါပြီ၊ အရှင်သည်- မည်သူ ဖြစ်ပါသနည်း ’ဟု ဒေဝလ ရသေ့ကို ပြန်လည်မေးမြန်းကြကုန်၏ ”

“ အရှင်ရသေ့တို့....၊ မည်းနက်သော ဒေဝလ ရသေ့ ဆိုသည်ကား၊ ငါပင်ဖြစ်ချေသည် ”

“ အဿလာယန၊ ပုဏ္ဏားမျိုး ရသေ့ခုနစ်ဦးတို့သည် ိုသော အခါ၊ ဒေဝလ ရသေ့ကို ရှိခိုးရန်အားထုတ်ကြကုန်၏။ ဒေဝလ

စန်းမြင့်ထွန်း

ရသေ့ကလည်း ‘အရှင်တို့....အရှင်တို့သည်- ငါတို့ပုဏ္ဏားမျိုးသည့်သာ မြတ်၏၊ စင်ကြယ်၏....စသည် တွေးကြံ မိကြကုန်သလော’ မေးမြန်း၏။ ရသေ့ တို့ကလည်း ‘အရှင်.... အရှင် ဆိုအပ်သည့် အတိုင်းပင် တွေးကြံမိကြပါကုန်၏’ဟု ဝန်ခံကြကုန်၏”

“အဿလာယန... ဒေဝလ ရသေ့သည်၊ ထိုသောအခါ- ပုဏ္ဏားမျိုး ရသေ့ ခုနစ်ဦး တို့အား ဤသို့ စတင် မေးမြန်းအပ်ပေ၏”

## မစင်ကြယ်-မသန့်ရှင်းမှု

“အရှင်တို့.... အရှင် တို့သည်၊ အကြင် ပုဏ္ဏေးမ တဦးအား- ပုဏ္ဏားမျိုး ယောကျ်ားနှင့်သာ ပေါင်းဖော်ခြင်းပြု၏။ ထိုပုဏ္ဏား မျိုးမှ လွဲ၍ အခြား အမျိုး တစုံတယောက်နှင့် ပေါင်းဖော်ခြင်း မပြုဟူ၍ သိကြပါ၏လော....”

“အရှင်....ဤသို့ကား- တပ်အပ်သေချာ မသိပါ”

“သို့ဆိုလျှင် လွန်ခဲ့သော အမျိုး ခုနစ်ဆက်မှ သည်၊ နောက်ဆုံး အရှင်တို့၏ အဖွား လက်ထက်သို့ ရောက်ရှိ လာခဲ့သည့် တိုင်၊ ထို - ပုဏ္ဏေးမတို့သည်၊ ပုဏ္ဏားမျိုး ယောကျ်ားမှ တပါး အခြား အမျိုးယောကျ်ား တို့နှင့် ပေါင်းဖော် ဆက်စပ်ခြင်း မပြုခဲ့ဟူ၍လည်း သိအပ်ပါသလော....”

“အရှင်– ဤသို့လည်း သေချာတပ်အပ်မသိနိုင်ခဲ့ပါ”

“ကောင်းလှပြီ အရှင်တို့....၊အဖွား ဖြစ်သူဘက်မှ မသိ နိုင်ခဲ့လျှင်၊ အဖိုးဖြစ်သူဘက်မှလည်း ထိုကဲ့သို့လျှင်၊ ပုဏ္ဏေးမမှတပါး၊

နေမြင့်ထွန်း

အခြားအမျိုးတို့နှင့် ပေါင်းဖော်ခြင်း မပြုဟူ၍ သိနိုင် အပ်ပါ သလော...."

"အရှင်....ဤသို့လည်း မသိနိုင်ခဲ့ပါ"

"ကောင်းလှပြီ အရှင်တို့.... အရှင်တို့သည်၊ ကိုယ်ဝန်တည်ပုံ (ပဋိသန္ဓေ တည်နေမှု) ကိုလည်း သိကြပါ၏လော...."

"အရှင်....ဤသည်ကိုကား- ငါတို့ သိကြပါ၏။ မိဘနှစ်ပါး တို့ ပေါင်းဖော်ခြင်း၊ ဥတုလာပြီး ခုနစ်ရက် အတွင်း ဖြစ်ခြင်း၊ ပဋိသန္ဓေ တည်နေမည့် သူကလည်း အသင့်ရှိနေခြင်း- ဟူသော အကြောင်းသုံးပါးအားလျော်စွာ၊ ပဋိသန္ဓေ-တည်နေဖြစ်မြောက် အပ်ပါ၏"

## မြတ်သည်-ယုတ်သည်-မခွဲခြားနိုင်

"သို့ဆိုလျှင်၊ ထို ပဋိသန္ဓေ တည်နေဝင်စားလာမည့် သတ္တဝါ ကလေးသည်၊ မင်းမျိုးတည်း ဟူ၍ငှင်း၊ ပုဏ္ဏားမျိုးတည်း ဟူ၍ ငှင်း၊ ကုန်သည်မျိုးတည်း ဟူ၍ငှင်း၊ ဆင်းရဲသားမျိုးတည်း ဟူ၍ ငှင်း၊ အရှင်တို့ သိနိုင်ကြပါသလော...."

"အရှင်- ဤသည်ကိုလည်း မသိနိုင်ပါ"

"ကောင်းလှပြီ ငါ့ရှင်တို့....၊ ဤ သို့ မ သိ နိုင် ခဲ့ ချေ သော်၊ ထိုပဋိသန္ဓေမှ တဆင့် မွေးဖွား ဖြစ်ပေါ် လာအပ်သော ငါ့ရှင်တို့ ကိုယ်တိုင်ကိုလည်း၊ အဘယ် အမျိုးမှ လာခဲ့သည်၊ မြတ်သည်- ယုတ်သည် ဟူ၍ ပြန်လည် သိနိုင်ကောင်းပါအံ့လော...."


"အရှင်....ဤသို့လည်း မသိ နိုင် ကောင်း သည် သာ ဖြစ်ပါ သည်"

"အဿလာယန....၊ ဒေဝလ ရသေ့က ပုဏ္ဏားမျိုး ခုနစ်ဦးတို့ကို ထိုကဲ့သို့ မေးမြန်း ဆန်းစစ် အပ်သည့်အခါ၊ အတိအကျ မဖြေနိုင်သကဲ့သို့ပင်၊ အသင် သည်လည်း ပုဏ္ဏားမျိုးတို့၏ဇာစ်မြစ်ခြင်းရာကို၊ တိကျ ဖြောင့်မှန်စွာ မဖြေနိုင် သည် သာတည်း။ ကြောင်းကျိုးသဘာဝ-မျှတလျော်ကန်ခြင်း မရှိသည်သာတည်း။ ထို့ကြောင့်လည်း- သင်သည် သင့်ဆရာနှင့် တကွ၊ ယခု ဆိုခဲ့ပြီး ပုဏ္ဏားမျိုး ရသေ့ ခုနစ်ဦးတို့၏ ယောက်မကိုင် ပုဏ္ဏားကို မျှပင် (ရသေ့တို့၏ အစေအပါး) မမှီနိုင်လေသေးတကား...."

ဗုဒ္ဓမြတ်စွာဘုရားက ဤသို့ နိဂုံးချုပ် မိန့်တော် မူအပ်သောအခါ၊ အဿလာယန လုလင်သည် မြတ်စွာဘုရားအား—

"အရှင်ဂေါတမ....၊ အရှင်ဂေါတမ၏အဖြေစကားသည်၊ အလွန်နှစ်သက်ဖွယ် ရှိပေစွတကား....၊ အလွန်ဖြောင့်မှန်ပေစွ တကား....၊ ဥပမာအားဖြင့်သော်ကား- မှောက်ထားသော အရာဝတ္ထုကို လှန်၍ ပြအပ်ဘိသကဲ့သို့ငှင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို လှပ်၍ ပြအပ်ဘိသကဲ့သို့ငှင်း၊ အမိုက်သိုက်၌ ဆီမီး အရာအထောင်ကို ထွန်းလိုက်ဘိ သကဲ့သို့ငှင်း၊ ကောင်းမြတ် ဖြောင့်မှန်စွာ ညွှန်ပြတော်မူအပ်သည် သာတည်း"

"အရှင်ဂေါတမ...၊ အရှင်ဂေါတမသည်- အကျွန်ုပ်အား- ယနေ့မှအစပြု၍ အသက်ရှည်သမျှကာလပတ်လုံး၊ အရှင်ဂေါတမကို - ကိုး ကွယ် ဆည်း ကပ် အပ် သော ဥပါသကာ ဒါယကာဟူ၍ ယူမှတ်တော်မူပါဘုရား...."
ဟု ကြည်ညိုလှိုက်လှဲစွာ လျှောက်ထားအပ်ပေ၏။



စန်းမြင့်ထွန်း

# ဗုဒ္ဓမြတ်စွာ၏ ဆင်းသွင်သဏ္ဍာန်

ဤစာအုပ် "ဗုဒ္ဓခေတ်-ပြဿနာများ "၌ ဗုဒ္ဓမြတ်စွာ ဘုရား ဖြည့်ကျင့် ဆည်းပူး တော်မူလာခဲ့ရသော ပါရမီတော်များ အကြောင်းကို၊ ပထမဦးစွာ ဖော်ပြသိသာစေခဲ့သည်။ နောက်-ဗုဒ္ဓမြတ်စွာဘုရား တွေ့ကြုံ ဖြေရှင်းခဲ့ရသော ပြဿနာရပ်များကို (အစပျိုးသဘော) ထိုက်သင့်သမျှ တင်ပြ သိသာစေခဲ့သည်။

သို့-တင်ပြရာ၌၊ "ဘုရားစင်စစ် ဟုတ်မဟုတ် စုံစမ်းခြင်း" (ဗြဟ္မာယု-သုတ်)တွင်၊ ဗုဒ္ဓ မြတ်စွာဘုရား၏ ကြွန်အင်လက္ခဏာ တော် အကြောင်း ပါဝင်နေခဲ့သည်။ ထို လက္ခဏာတော်များ-(ဗုဒ္ဓမြတ်စွာ၏ ဆင်းသွင် သဏ္ဍာန်)နှင့် ပတ်သက်၍၊ လိုအပ်မှု အရ ထပ်မံဆိုညွှန်းလိုပေသော သည်။

## အကြောင်းတရားလေးပါး

ရုပ်ဆင်းသဏ္ဍာန် ကြွန်အင်လက္ခဏာ ခိုသည်မှာ၊ ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရားလေးပါး အားလျော်စွာ၊ ထိုက်သင့်သလို ပေါ်ပေါက်လာရခြင်းသာ ဖြစ်ပေသည်။

ကံကလည်း ရုပ်ကို ဖန်ဆင်းသည်။ စိတ်ကလည်း ရုပ်ကို ဖန်ဆင်းသည်။ ဥတုကလည်း ရုပ်ကို ဖန်ဆင်းသည်။ အာဟာရ ကလည်း ရုပ်ကို ဖန်ဆင်းသည်။

ကြောင်းကျိုး သဘာဝ အပြန်အလှန် နည်းအာဖြင့်သော်၊ ရုပ်ဆင်းသဏ္ဍာန်ကို အကြောင်းပြု၍ပင် စိတ်သဘောထားကို သိနိုင်သည်။ အကျင့်အကြံကို သိနိုင်သည်။ အတတ်ပညာ အသိ

ဖိုးမြင့်ထွန်း

ပညာကို သိနိုင်သည်။ ကောင်း ဆိုး-ယုတ် မြတ် ဝေဖန်ပိုင်းခြား နိုင်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ထူးခြားလှသော ဆင်းသွင်သဏ္ဍာန်ကြန်အင် လက္ခဏာဆိုသည်မှာလည်း၊ ထိုထို ကံပါရမီ- ဉာဏ်ပညာများ အားလျော်စွာ၊ ဖြစ်ထွန်း ပေါ်ပေါက် လာရခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် ရောင်ခြည်တော် ခြောက်ပါးနှင့်တကွ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးဆိုသည်တို့မှာ၊ တစုံတရာ ယုံမှားဖွယ်မရှိသော အခြင်းအရာဖြစ်ပေသည်။

## သဘာဝယုတ္တိ၊ ပသာဒယုတ္တိ

စင်စစ်မူ - ဤသို့သော ထူးခြားမှုမျိုးသည်၊ 'သဘာဝယုတ္တိ' သဘောဖြင့်ပင် သက်ဝင် ယုံကြည်နိုင်သော အခြေအနေ ရှိပေသည်။ ဗုဒ္ဓမြတ်စွာဘုရားကို မဆိုထားဘိ၊ သာမန် ပညာရှိ သူတော်ကောင်း တဦးသည် ပင်လျှင်၊ ရိုးရိုး လူသားတို့ထက် ထူးခြား သိသာနေအပ်သော လောကမျက်မြင် 'ပသာဒယုတ္တိ' သဘောရှိနေပေသည်။

နောက် - ဗုဒ္ဓမြတ်စွာဘုရား၏ဂုဏ်ကျေးဇူးဆိုသည်မှာလည်း၊ ဆိုခဲ့ပြီး ထူးခြားမြင့်မြတ်ခြင်း၊ ဆန်းကြယ်ခြင်းများကို လက်ခံ ယုံကြည်မှုရှိပါမှ အလေးအနက်ဖြစ်နိုင်သည်။ ဗုဒ္ဓသည် (ယနေ့ ခေတ်အသုံးအနှုန်းအားဖြင့်) လူသားတဦးမျှဖြစ်သည်၊ ပညာရှိ တဦးမျှဖြစ်သည် ဆိုခဲ့လျှင်၊ ဂုဏ်ကျေးဇူးကိုသာ မဟုတ်သေး၊

နေ့မြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရား၏ တရားသဘာဝကိုလည်း အလေးအနက် ရှိနိုင်စွမ်းမည် မဟုတ်ပေ။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဆင်းသွင် သဏ္ဌာန် သဘောကို အာဂမယုတ္တိအဖြစ်ဖြင့် ကျေးဇူးရှင် ဒီပဲယင်း ဆရာတော်ဘုရား၏ **'တထာဂတ ဥဒါန ဒီပနီ'**မှ ပထမဦးစွာ ကောက်နုတ် တင်ပြလိုပေသည်။

## ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး

၁။ မြေ၌ကောင်းစွာတည်သော ခြေဖဝါးတော်ရှိခြင်း။

၂။ ခြေဖဝါးနှစ်ဖက်တို့၌ တရာ့ရှစ်ကွက်သော စက်လက္ခဏာ ရှိခြင်း။

၃။ ဖနှောင့်တော် ရှည်ခြင်း။

၄။ ခြေချောင်း၊ လက်ချောင်းတော် ရှည်ခြင်း။

၅။ နူးညံ့ သိမ်မွေ့စွာသော ခြေဖဝါး၊ လက်ဖဝါးတော် ရှိခြင်း။

၆။ လက်ချောင်းတော်များသည် တခုနှင့်တခု ပူးကပ်စွာ တည်နေအပ်ခြင်း။

၇။ စဉ်းငယ်မြင့်သော ခြေဖမျက်တော် (ခြေမျက်စိ) ရှိခြင်း။

၈။ ဧဏီသား၏ (တောဆိတ်) မြင်းခေါင်း (ဒူးခေါင်း) နှင့် တူသော မြင်းခေါင်းရှိခြင်း။

၉။ ရပ်တော်မူရင်းမှ မကိုင်းညွတ်ပဲလျှင် လက်နှစ်ဖက်ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်နိုင်ခြင်း။

၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်ရှိခြင်း။

၁၁။ ရွှေအဆင်းနှင့်တူသော အရေတော်ရှိခြင်း။

၁၂။ သိမ်မွေ့သော အရေတော်ရှိခြင်း။

၁၃။ မွေးတွင်းတခု၌ မွေးညှင်းတချောင်းစီသာ ပေါက်အပ်ခြင်း။

၁၄။ မွေးညှင်းတော်တို့သည် အထက်ဖက်သို့သာ လက်ျာရစ်လည်၍(လိမ်၍) တက်အပ်ခြင်း။

၁၅။ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း။

၁၆။ ခြေဖမိုးနှစ်ဖက်၊ လက်ဖမိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ကုတ် (ကုတ်ပိုး) ဟိုခုနစ်ပါးသောနေရာတို့၌ အသားပြည့်ဖြိုးစွာ ရှိခြင်း။

၁၇။ ခြင်္သေ့၏ ရှေ့ပိုင်းရင်အုပ်နေရာကဲ့သို့ စွင့်ကား ကျယ်ပြန့်သော ကိုယ်ဟန်ရှိခြင်း။

၁၈။ နောက်ပင်ပင်နိမ့်ရှိုင်းခြင်း၊ အကြားလင်ပေါက်ခြင်းမရှိဘဲ ပကတိသာလျှင် ပြည့်ဖြိုး ညီညာအပ်သော ကျောက်ကုံး (ကျောပြင်)ရှိခြင်း။

၁၉။ အရပ် အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် ညီညွတ်မျှတခြင်းကြောင့် မြင့်မားသည်လည်းမဟုတ်၊ တုတ်ခိုင်သည်လည်း မဆိုသာသော ကိုယ်ခန္ဓာရှိခြင်း။

၂၀။ ညီညွတ်ပြည့်ဖြိုးသော လည်တော်(လည်ပင်း)ရှိခြင်း။

၂၁။ အရသာကို (ချက်ချင်း - တပြိုင်နက်) သိစွမ်းတတ်သော အကြောရှိခြင်း။

၂၂။ ခြင်္သေ့၏ မေးရိုးကဲ့သို့ ကျယ်ပြန့်စွင့်ကားသော မေးရိုးရှိခြင်း။

စန်းမြင့်ထွန်း

၂၃။ အရေအတွက် လေးဆယ်စေ့သော သွားတော်ရှိခြင်း။

၂၄။ ဖြူဝင်းသန့်စင်စွာသော သွားတော်ရှိခြင်း။

၂၅။ သွားတော်သည် မကျဲမယိုင်၊ ညီညာစွာတည်ရှိခြင်း။

၂၆။ ပကတိ သန့်စင်ဖြူဖွေးစွာသော စွယ်တော်ရှိခြင်း။

၂၇။ ရှည်လျားကျယ်ပြန့်သော လျှာတော်ရှိခြင်း။

၂၈။ သာယာကြည်လင်စွာသော အသံတော် ရှိခြင်း။

၂၉။ အလွန်ညိုသော မျက်စိတော် ရှိခြင်း။

၃၀။ နှုပ်ကြိုသိမ်မွေ့စွာသော မျက်မွေးတော်ရှိခြင်း။

၃၁။ မျက်မှောင်တော်နှစ်ဖက်အကြား၌ ဖြူစင် နူးညံ့စွာသော အမွေးတော် ရှိခြင်း။

၃၂။ မကိုဋ်သင်းကျစ်နှင့်တူစွာသော နဖူးတော်အပြင် ရှိခြင်း။

ဤသည်တို့ကား ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားဆန်းကြယ်မှု ဆင်းသွင်သဏ္ဌာန် သဘောဖြစ်ပေသည်။ သို့ရာတွင် ထိုထိုထူးခြားဆန်းကြယ်မှုတို့မှာ၊ သဘာဝ အားလျော်စွာ သာမန် ဖြစ်ရိုးဖြစ်စဉ်မျှ မဟုတ်၊ ပါရမီတော် ဆိုအပ်သည် ဖြစ်စေ၊ ကောင်းမှုကုသိုလ် ကြိုးပမ်း ကျင့်ကြံမှု ဆိုအပ်သည် ဖြစ်စေ၊ သူတကာတို့ထက် ထူးခြားသာလွန်စွာ ပြုလုပ် အားထုတ် လာခဲ့သော အကြောင်းတရားများ အားလျော်စွာ ပေါ်ပေါက် ထင်ရှားလာရသော အကျိုးတရားသာ ဖြစ်ပေသည်။

ထိုထို ကြောင်းကျိုး ဆက်စပ်မှုသဘော (အကြောင်းကြောင့် ပေါ်လာရသော အကျိုး) ကို ဆက်လက်ဖော်ပြ လိုပေသေးသည်။

စန်းမြင့်ထွန်း

## မဟာပုရိသ လက္ခဏာတော်မြတ်ကို ရခြင်း၏ အကြောင်းနှင့် အကျိုး

၁။ မြတ်စွာဘုရားသည် ရှေးရှေးသောဘဝက ကုသိုလ်ကောင်းမှုကို ပြုသောအခါတို့၌ သဒ္ဓါတရားကြီးစွာ စိတ်နှလုံးကြွ ခိုင်စွာပြုအပ်၏။ ရဟန်း၊ ပုဏ္ဏား၊ နတ် စသည့် တစုံတယောက်သောသူမျှ ထိုကောင်းမှုကို တားမြစ်ဖျက်ဆီး၍မရ။ ပျက်ပြယ်ချွတ်ယွင်းသည် မရှိခဲ့ပေ။ ထို့ကြောင့်ပင် ထိုထို ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၌ စိတ်နှလုံး ခိုင်ကျည် မြဲမြံခြင်းဟူသော သဘောအားလျော်စွာ ပကတိ ညီညာပြန့်ပျူးသော ခြေဖဝါးတော်အပြင် ရှိအပ်၏။ ထိုလက္ခဏာနှင့် တူမျှစွာ မည်သည့်ရန်သူ တစုံတယောက်မျှ မြတ်စွာဘုရားကို ထိပါးနှောက်ယှက်ခြင်း မပြုနိုင်သော သဘောလည်း ရှိအပ်ပေ၏။

၂။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ များစွာသောသူတို့၏ ချမ်းသာကို ရွက်ဆောင်တော်မူခဲ့၏။ ထိတ်လန့်ကြောက်ရွံ့ နေသူတို့ကိုလည်း ကောင်းစွာ စောင့်ရှောက်ပေးမခဲ့၏။ အခြံအရံနှင့် တကွသော အလှူကိုလည်း ပေးလှူခဲ့၏။ ထို့ကြောင့် ဘုရားဖြစ်အံ့သောဘဝ၌ တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်တို့ ဖြစ်လာအပ်၏။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဒါယကာစသည့် အခြံအရံတို့လည်း ဖြစ်အပ်ကုန်၏။

၃။ မြတ်စွာဘုရားသည် ရှေးရှေးဘဝ များစွာတို့၌ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ခဲ့၏။ သူခိုးသိမ်းတို့အားလည်း

စန်းမြင့်ထွန်း

အစဉ်သနား ကြင်နာတတ်၏။ ထို့ကြောင့် ရှည်သော ဖနှောင့်၊ ရှည်သော ခြေချောင်း၊ လက်ချောင်း၊ ဗြဟ္မာမင်း ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော် ရှိအပ်၏။ အသက်တော် ရှည်သည်လည်း ဖြစ်၏။ အသက်အပိုင်းအခြား မရောက်မီ အတွင်း၌ မြတ်စွာဘုရား၏ အသက်ကို မည်သူမျှ မဖျက်ဆီးနိုင်ကုန်။

၄။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ မွန်မြတ်သော အစာအာဟာရ (ခဲဖွယ်ဘောဇဉ်) တို့ကို လှူ တော် မူခဲ့ ၏။ ထို့ကြောင့် ဘုရားဖြစ်လာသော အခါ ခြေ ဖမိုး - လက် ဖမိုး၊ လည်ကုတ်၊ ပခုံး စသည့် ခုနစ်နေရာတို့၌ ပြည့်ဖြိုးသော အသား ရှိအပ်၏။ မွန်မြတ်သော ဘောဇဉ် လာဘ် သပ္ပကာတို့ကိုလည်း ရအပ်သည်ဖြစ်၏။

၅။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ သူတပါးတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ သူတပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့် ထပ်တူညီမျှ ပြုကျင့်ခြင်းဟူသော သင်္ဂဟတရား လေးပါး တို့ကို ကျင့် သုံး ပြု လုပ်တော်မူ ခဲ့ ၏။ ထို့ ကြောင့် ရှည် လျား သွယ် ပျောင်း နူးညံ့ သိမ်မွေ့စွာသော လက်ချောင်း ခြေချောင်းတို့ ရှိကုန်၏။ ရိုသေ ပျပ်ဝပ်စွာ ဆည်းကပ် လုပ်ကျွေးတတ်သော အလုပ်အကျွေး ရှိသည်လည်း ဖြစ်ပေ၏။

၆။ မြတ်စွာဘုရားသည် ရှေးရှေးဘဝ၌ လူခပ်သိမ်းတို့အား အကျိုး စီး ပွား နှင့် စပ် သော (အကျိုးရှိစေသော) စကားကို ဆိုတော်မူခဲ့၏။ လူခပ်သိမ်းတို့၏ အကျိုး စီး ပွား ကိုလည်း ကောင်းစွာ ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ခြေဖမိုးအပြင်မှသည်

အထက်သို့ လက်လေးသစ်ခန့် မြင့်တက်တတ်သော ဖမျက်ရိုးသည်၎င်း၊ မျက်မှောင်တော် နှစ်ဖက် အကြားတွင် လဲ ဝါဂွမ်းအဆင်းနှင့် တူစွာသော မွေးရှင်တော်သည်၎င်း၊ ဖြစ်ရှိအပ်ပေ၏။

၇။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ သူတပါးတို့အား အတတ်ပညာ သင်ပေးရာ၌ တတ်စေလိုသော စေတနာကောင်းဖြင့် ဂရုတစိုက် သင်ပေးခဲ့၏။ လက်မှုပညာ၊ မန္တန်၊ ဗေဒင် စသည့် အတတ်ပညာတို့ကို လျင်မြန်စွာ သဘောပေါက် ကျွမ်းကျင်လေအောင် ကောင်းစွာသင်ကြား ပေးခဲ့၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူသည့်အခါ ဧဏီဇယ်လက္ခဏာ ရှိတော်မူ၏။ ဧဏီသားကဲ့သို့ လျင်စွာ သွားနိုင်ခြင်း အဖြစ်ကို ရတော်မူအပ်၏။ ရဟန်းတို့၏ အသုံးအဆောင်ကိုလည်း လျင်စွာရနိုင်စွမ်းရှိပေ၏။

၈။ မြတ်စွာဘုရားသည် ရှေးရှေး ဘဝတို့၌ ရဟန်းသို့၎င်း၊ ပုဏ္ဏားသို့၎င်း ချဉ်းကပ်၍ "အရှင်ဘုရား အဘယ်သည်ကား ကုသိုလ်နည်း၊ အဘယ်သည်ကား အကုသိုလ်နည်း၊ အဘယ်သည်ကား အပြစ်နှင့်တကွ ဖြစ်သနည်း၊ အဘယ်သည်ကား အပြစ်မရှိသနည်း၊ အဘယ်ကို မှီဝဲအပ်သနည်း၊ အဘယ်ကို မမှီဝဲအပ်သနည်း...." စသည်တို့ကို ရိုသေစွာ ဆွေးနွေးမေးမြန်းတတ်၏။ မေးမြန်းခဲ့၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူသည့်အခါ နူးညံ့သိမ်မွေ့စွာသော အရေတော် ရှိအပ်၏။ ပညာအရာတွင် တစုံတယောက်သောသူနှင့်မျှ မတူသည်လည်း ဖြစ်တော်မူပေ၏။

စန်းမြင့်ထွန်း

၉။ မြတ်စွာဘုရားသည် ရှေးရှေး ဘဝတို့၌ အမျက်ထွက်တတ်ခြင်း၊ စိတ်ခါတ် ခက်ထန်ခြင်းမရှိ၊ သူတပါးက ရိုင်းပြရင့်သီး ဆိုအပ်သည့်တိုင်အောင် အမျက်ဒေါသ မငြိစွန်းတတ်ရှိခဲ့၏။ သိမ်မွေ့နူးညံ့သော အခင်း အရုံ (ထိုင်စရာ-ခြုံစရာ အဝတ်ကမ္ဗလာ)တို့ကို လှူခဲ့သည်လည်း ဖြစ်၏။ ထို့ကြောင့် ရွှေအဆင်းနှင့် တူစွာသော အရေတော် ရှိအပ်၏။ သိမ်မွေ့နူးညံ့သော အခင်း အရုံတို့ကို ရအပ်သည်လည်းဖြစ်ပေ၏။

၁၀။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ မိမိနှင့် ကြာမြင့်စွာ ကွဲကွာနေခဲ့သော အဆွေခင်ပွန်းတို့နှင့် ပေါင်းရသည့်အခါ ဝမ်းမြောက်လှိုက်လှဲစွာ ခရီးဦးကြိုပြုတတ်၏။ ခင်မင်မြတ်နိုးစွာ ပြုစုကျွေးမွေးတတ်၏။ ထို့ကြောင့် မြတ်စွာဘုရား ဖြစ်တော်မူသည့်အခါ၊ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်ရှိအပ်၏။

၁၁။ မြတ်စွာဘုရားသည် ရှေးရှေး ဘဝတို့၌ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ပေးကမ်းထိုက်သူကို ပေးကမ်းခြင်း စသည်များ ပြုလုပ်ခဲ့၏။ ထို့ကြောင့် အရပ်တော်နှင့် ကိုယ်လုံးကိုယ်ထည် ညီညွတ်မျှတသော လက္ခဏာကိုရင်း၊ ရပ်တော်မူလျက်မှပင် ကိုယ်တော်ကို မကိုင်းညွတ်ပဲ ပုဆစ်ဒူးတို့ကို လက်ဖြင့် သုံးသပ်ဆုပ်ကိုင်နိုင်ခြင်းလက္ခဏာကိုရင်း ရရှိတော်မူအပ်၏။

၁၂။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ လူခပ်သိမ်းတို့၏ အကျိုး စီးပွားကို များစွာ လိုလား တောင့်တတော် မူခဲ့၏။ လူခပ်သိမ်းတို့သည် အဘယ်နည်းဖြင့် သဒ္ဓါတရား ဖြစ်နိုင်ပါမည်နည်း၊ အဘယ်နည်းဖြင့် သီလ ဆောက်တည် နိုင်ပါမည်နည်း၊ အဘယ်နည်းဖြင့် အကြားအမြင် အတတ်ပညာတို့ ရရှိနိုင်ပါမည်

စန်းမြင့်ထွန်း

နည်း စသည် တွေးကြံ ရှေ့ရှုတော် မူခဲ့၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူသည့် အခါ ကိုယ်လုံး ပြည့်ဖြိုးခြင်း၊ ကျောက်ကုံး(ကျောပြင်)ပြေပြစ်ခြင်း၊ လည်တော် လုံးဝန်းကာ အသံကြည်လင်ခြင်းဟူသော လက္ခဏာသုံးပါးဖြင့် ပြည့်စုံတော်မူအပ်၏။

၁၃။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ လက်ဖြင့်၎င်း၊ အင်္ဂြဲ-လှံတံ-ဓား စသည်တို့ဖြင့်၎င်း၊ သတ္တဝါတို့အား ညှဉ်းဆဲခြင်းမရှိခဲ့။ ထို့ကြောင့် အရသာကို ချက်ချင်း သိစွမ်း ခံစားနိုင်သော အကြောရှိခြင်းအဖြစ်ဖြင့်၎င်း၊ အနာရောဂါနည်းခြင်း အဖြစ်ဖြင့်၎င်း ပြည့်စုံတော်မူအပ်၏။

၁၄။ မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ လူခပ်သိမ်းတို့အား ချစ်ခင်နှစ်လိုသော အကြည့် ဖြင့်သာ ရှုကြည့်တတ်၏။ ထို့ကြောင့် ဘုရား ဖြစ်တော်မူသည့် အခါ မျက်စိအစုံ သည် အလွန်ညိုခြင်း – တောက်ပခြင်း ဟူသော လက္ခဏာ နှစ်ပါးနှင့် ပြည့်စုံတော်မူအပ်၏။ ချစ်ကြင်ကြည်ညိုဖွယ်သော အပြင်အလျာနှင့်လည်း ပြည့်စုံတော်မူအပ်ပေ၏။

၁၅။ မြတ်စွာ ဘုရားသည်၊ ရှေးရှေး ဘဝ တို့၌ - ကုသိုလ်ကောင်းမှုပြုရာ၌ လူခပ်သိမ်းတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်၏။ ဦးစီး ခေါင်းဆောင် အဖြစ်ဖြင့် ကြိုးပမ်း အား ထုတ် တတ် ၏။ ထို့ကြောင့် - ဘုရားအဖြစ်သို့ ရောက်တော်မူသည့်အခါ၊ပတ်ဝန်းကျင်မှ ညီညွတ်စွာ လုံး အပ် သော ဦး ခေါင်း တော် ရှိ အပ် ၏။ ခပ်သိမ်းသော ပရိသတ်သည်- မိမိ အလိုသို့သာ လိုက်အပ်သော အကျိုးကိုလည်း ရရှိအပ်ပေ၏။

၁၆။ မြတ်စွာဘုရားသည်၊ ရှေးရှေးဘဝတို့၌ မဟုတ်မမှန်သည်ကို ရှောင်ကာ၊ ဟုတ်မှန်သည့်အတိုင်းသာ ဆိုတော်မူအပ်၏။ ထို့ကြောင့် မျက်ခမောင်တော် နှစ်ဖက် အကြား၌ မွေး ရှင် တော် လက္ခဏာ၊ မွေးတွင်းတခု၌ – မွေးညွှင်း တချောင်းစီသာ ပေါက်သော လက္ခဏာတို့နှင့် ပြည့် စုံ တော် မူ အပ် ၏။ လူခပ်သိမ်းတို့–ချဉ်းကပ်ခံစားခြင်းအဖြစ်ကိုလည်း ရရှိအပ်ပေ၏။

၁၇။ မြတ်စွာဘုရားသည်၊ ရှေး ရှေး ဘ ဝ တို့၌- ချောပစ်ဂုံးတိုက်သော စကားကို ရှောင် ကြဉ် ခဲ့ ၏။ လူ နှစ် ဦး တို့ အား-ညီညွတ်ချစ်ခင်အောင်သော စေ့စပ် ပေါင်းဖျပေးတတ်၏။ ပိုပြီးခင်မင်ရင်းနှီးစေတတ်၏။ ထို့ကြောင့်- နောက်ဆုံး ဘဝ ဘုရားဖြစ်တော်မူသည်၌၊ အရေအတွက် လေးဆယ်သော သွားတော်တို့နှင့်ရင်း၊ ထို သွားတော်တို့သည်- အကြားမလပ်- စေ့စပ်ညီညာခြင်း အဖြစ်ဖြင့်ရင်း၊ ပြည့်စုံတော်မူအပ်ပေ၏။

၁၈။ မြတ်စွာဘုရားသည်၊ ရှေးရှေးဘဝတို့၌– ကြမ်းတမ်းသော စကားကို ရှောင်ကြဉ်ကာ၊ ချစ်နှစ်လိုဘွယ်သော စကားကိုသာ- ဆိုတော် မူတတ်၏။ ထို့ကြောင့် - ရှည်လျား ကျယ်ပြန့်သော- လျှာတော်နှင့်ရင်း၊ ပြဟ္မာမင်း၏ အသံနှင့်တူမျှသော-အသံတော်နှင့်ရင်း ပြည့်စုံတော်မူအပ်၏။ လူ ခပ် သိမ်း တို့ လေး စား လိုက်နာလွှယ်သော အကျိုးနှင့်လည်း ပြည့်စုံအပ်ပေ၏။

၁၉။ မြတ် စွာ ဘု ရား သည်၊ ရှေးရှေးဘဝတို့၌ - ယုတ်ညံ့သိမ်ဖျင်းသော စကားတို့ကို ရှောင်ကြဉ်တော် မူခဲ့၏။ စေတနာကောင်းနှင့်ယှဉ်စပ်သော ကောင်းမြတ် ဖြောင့်မှန်ရာစကားတို့ကိုသာ- ဆိုလေ့ ရှိခဲ့၏။ ထို့ကြောင့်- နောက်ဆုံး ဘုရားဖြစ်အံ့

ပန်းမြင်ထွန်း

သော ဘဝ၌၊ ခြသေ့် မင်း ကဲ့ သို့ တင့် တယ် ခန့် ညား စွာ သော ကိုယ်ဟန်ရှိအပ်၏။ ကိုယ်တွင်း – ကိုယ်ပ - ရန် သူ တို့ မ ဖျက် ဆီး နိုင်သော အကျိုးတရားနှင့်လည်း ပြည့်စုံအပ်ပေ၏။

၂၀။ မြတ်စွာဘုရားသည်၊ ရှေးရှေး အလောင်းတော်ဘဝ-သံသရာတွင် ကျင်လည် ခဲ့ရစဉ် အခါ၊ မရိုးဖြောင့်သော အားဖြင့် အသက်မွေးခြင်းမပြု၊ အချိန်အတွယ်မရိုးသားခြင်း၊အရေအတွက် မ ရိုး သား ခြင်း၊ ငွေ ကြေး မ ရိုး သား ခြင်း စ သည် များ ကို ကောင်းစွာ ရှောင်ကြဉ်ခဲ့၏။ ထို အ ကြောင်း တရားကြောင့်– ဘုရားဖြစ်တော်မူသော ဘဝ၌၊ သွား တော် တို့ သည် - ပကတိ ညီညာခြင်း လက္ခဏာ၊ ကျိုးပဲ့ ယိုင်နဲ့ခြင်း မရှိ - ဖြူ ဝင်း သန့်စင်စွာသော လက္ခဏာဟူသော အကျိုးတရား နှစ်ပါးတို့ ရအပ်၏။ သန့်ရှင်း စင်ကြယ်သော အခြံ အရံ (ပရိသတ်) လည်း - ရှိတော်မူအပ်ပေ၏။

ဤသို့လျှင်- ထူး ခြား ဆန်း ကြယ် စွာ သော လက္ခဏာတော်များနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်-ပြန်လည် ဟောကြားအပ်သည်လည်း ရှိသေး၏။

> " ချစ်သား ရဟန်းတို့....၊ နှစ်လိုဘွယ်သော ကံ ၏ အကျိုး ရှေးရှုထင်သည်ရှိသော်၊ လာခြင်း ကောင်းသော ငါဘုရားအား၊ ရှည် ကုန် သော အ ကြင် အင်္ဂါ တို့ ဖြင့် တင့်တယ်၏။ ထိုအင်္ဂါ တို့သည် - ရှည်ကုန် ၏။ အကြင် အင်္ဂါတို့သည်– တို သည် ရှိသော်-တင့်တယ်၏။ ထို အင်္ဂါ တို့သည် တိုကုန်၏။ အကြင်အင်္ဂါ တို့သည် - ဆူကုန်သည် (ပြည့်ဖြိုးသည်) ရှိသော် တင့်တယ်၏။ ထို အင်္ဂါတို့သည်

စမ်းမြင့်ထွန်း

ဆူ (ပြည့်ဖြိုး) ကုန်၏။ ....တပါးမက များသော ကမ္ဘာဟု ဆိုအပ်သော ကာလတို့၌ ဆည်းပူးအပ်သော ကုသိုလ်ကံကြောင့် ပြီးသော မြတ်စွာဘုရား၏ အ ရုပ် တော် နှင့်တူသော အရုပ်ကို၊ တစုံတယောက်သော သူတို့သည်၎င်း၊ တန်ခိုးနှင့် ပြည့်စုံသော သူတို့သည်၎င်း၊ ပြုအံ့သော၄ှာ - မတတ်နိုင်ကုန်.... ''

ဤကား – ဗုဒ္ဓ မြတ် စွာ ဘု ရား ၏ ဆင်း သွင် သဏ္ဍာန် နှင့်ပတ်သက်၍၊ ကျေးဇူးရှင်- ဒီပဲယင်း ဆ ရာ တော် ဘု ရား (သိမိရိသဒ္ဓမ္မာဘိလင်္ကာရ)၏ ''တထာဂတ - ဥဒါန ဒီပနီ ''မှ အာဂမယုတ္တိ- ကျမ်းဂန် အဆိုအညွှန်း ဖြစ်ပေသည်။

ဤ- ''အာဂမယုတ္တိ'' နောက်၌၊ သဘာဝယုတ္တိ ဖြစ်သော- ကြောင်း ကျိုး လျော် ကန် မှု သဘောကို၊ ထပ်မံ ဆိုညွှန်း လိုပေသေးသည်။

## သဘာဝယုတ္တိသဘော

လူ သည် - မိမိ သင်ကြား တတ် ကျွမ်း သော ပညာ၊ မိ မိ ၏ အသက်မွေးမှု၊ မိမိ ကိုယ်တိုင်၏ စိတ်နေ သဘောထား အကျင့်အကြံ၊ မိမိနေထိုင်ရာ အရပ်ဒေသ - ရပ်ကွက်မြို့ရွာ၊ မိမိ၏ မျိုးရိုး စဉ်လာ ဟူသော အကြောင်းတရား များနှင့် အလေး အနက်- ဆက်စပ် ပတ်သက်နေခဲ့၏။

ဆိုးသည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ ထိုထိုပတ်ဝန်းကျင် ကြောင်းကျိုး ဆက်စပ်မှု များနှင့်ကား၊ အ နည်း နှင့် အ များ- ယှဉ်တွဲဆက်စပ်နေသည်သာဖြစ်၏။

စန်းမြင့်ထွန်း

အတတ် ပညာ အား လျော်စွာ လည်း- စိတ်သဘော အနေအထိုင်- ဝတ်စား ဆင်ယင်မှု လိုက်လျော ဖြစ်မြောက်တတ်၏။ အသက်မွေးမှု အားလျော်စွာလည်း- စိတ်သဘော အနေအထိုင် ဝတ်စားဆင်ယင်မှု- လိုက်လျောဖြစ်မြောက်တတ်၏။

လခစား စာရေးစာချီ အဖြစ် အသက်မွေးသူနှင့်၊ ကုန်သည်အဖြစ်၊ အုပ်ချုပ်ရေး အမှုထမ်း အဖြစ် (စစ်ဘက် - ရဲဖက်) အသက်မွေး သူသည်၊ လှုပ်ရှား ပြုမူပုံချင်း မတူညီပေ။ စာရေးစာချီ ဆိုသည်မှာ- (တာဝန်ရှိသည် မှန်သော်လည်း) ရုံးတက်ချိန် - တက်မည်။ ရုံးဆင်းချိန် - ဆင်းမည်။ ရုံးအလုပ် ကိုလည်း ပြီးသင့်သလောက်-ထိုက်သလောက် လုပ်မည်ဆိုသောသဘောမျိုး ဖြစ်၏။

ကုန်သည်ဖြစ်သူမှာကား- လျင်မြန်ဖျတ်လပ်မှု၊ ပါးနပ်လိမ္မာမှု သဘော- သက်ဝင် ရောထွေး လာသည်။ ဆိုင်တွင် ထိုင်ရောင်းသူပင် ဖြစ်စေ၊ ကူးသန်း သွားလာပြီး ရောင်းဝယ်သူပင် ဖြစ်စေ၊ အခြေ အနေ အား လျော်စွာ လိမ္မာ ပါးနပ် မှု သဘောရှိ၏။ ထို့ကြောင့်- မျက်လုံး ကြည့်ပုံ - နားစွင့်ပုံ - နေထိုင်ပုံ အား လုံး ပင်လျှင် စာရေးစာချီနှင့် မတူ သိသာ ကွဲပြား၏။

အုပ်ချုပ်ရေး အမှုထမ်းများမှာ၊ ပိုပြီး ထူးခြား၏။ သိသာ ထင်ရှား၏။ သူတို့အလုပ်မှာ သတိနှင့် လျင်မြန် ဖျတ်လတ်မှုကို အစဉ် ဦးစားပေးထားရသဖြင့်၊ မျက်လုံး ကြည့်ပုံ က အစ- လျင်မြန်ခြင်း- စူးစမ်းတတ်ခြင်း သဘောရှိ၏။ လူတယောက်ကို မြင်လိုက်လျှင်၊ ရိုးရိုး ကြည့်ခြင်းမျိုး အစား၊ လူကောင်းလား-

နေမြင့်ထွန်း

လူဆိုးလား- ဘယ်ကိစ္စနှင့် ဘယ်ကိုသွားမလို့လဲ- စူးစမ်း တွေးကြံသည့် အကျင့်မျိုး ရှိနေပါတ်၏။

အတတ် ပညာသည်လည်း၊ ရုပ်ရည် သွင်ပြင်ကို လျော်ကန်သလို ဖန်ဆင်း ထင်ရှား စေတတ်၏။ ကျောင်းဆရာ ဖြစ်သူနှင့် ရုံးအမှုထမ်း အရာရှိဖြစ်သူသည်၊ သွင်ပြင်ဟန်ပန်ချင်းမတူညီပေ။ လက်မှု-စက်မှု ပညာသည်နှင့် စာပေ ပန်းချီ ပန်းပု အနုပညာသည်တို့သည်လည်း၊ သွင်ပြင်ဟန်ပန်ချင်း- မတူညီပေ။

လူသည်- မိမိကိုယ်တိုင်က မသိသော်လည်း၊ ပြောဆို ပြုမူပုံမှာကား- မိမိအတတ်ပညာ၊ မိမိ အသက်မွေးမှု ထဲတွင်၊ ဝင်စားနှစ်မြုပ်နေခဲ့၏။ အကျင့်ပါနေခဲ့၏။

နှစ် ပေါင်း များ စွာ ကျောင်းဆရာ လုပ်လာခဲ့သူသည်ငှင်း၊ နှစ်ပေါင်းများစွာ အုပ်ချုပ်ရေးဘက်တွင် လုပ်လာခဲ့သူသည်ငှင်း၊ မိမိ ကျင်လည် ကျရောက်ခဲ့ရာ ပြုမူ လှုပ်ရှားပုံ များတွင် အလေ့အကျင့်သဘော ဖြစ်နေခဲ့၏။ ပုံသေဟန်ကျ သဘော ဖြစ်နေခဲ့၏။ ထို့ကြောင့်- ယောကျ်ားချင်း တူသော်လည်း ဟန်ချင်း - သိမြင်နားလည်ပုံချင်းမတူ၊ သူတပါး သိသာနိုင်လောက်အောင် ကွဲပြားနေတတ်၏။ ထင်ရှားပေါ်လွင်နေတတ်၏။

ဤသည်တို့ကား - လူသည် ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ၊ မိမိတို့၏ သဘောသဘာဝကို ဖုံးကွယ် ပြုပြင်၍ မရနိုင်၊ " သူ့သဘော–သူဆောင်သည် " ဆိုသည့် ပမာ၊ အမှန် စင်စစ် ဖြစ်တည် ထင်ရှားနေအပ်သော " **သဘာဝ ယုတ္တိသဘော** "ပင် ဖြစ်သည်။

အတတ်ပညာ-အသိပညာအားလျော်စွာရင်း၊ အသက်မွေးမှု အလုပ်အကိုင်၊ မျိုးရိုးဗီဇ၊ စိတ်သဘောထား အားလျော်စွာရင်း၊ ဤကဲ့သို့- ကွဲပြား ခြားနားနေတတ်ခြင်းနှင့် စပ်လျဉ်းကာ၊ ဗုဒ္ဓမြတ်စွာဘုရား၏ ဆင်းသွင်သဏ္ဌာန်ကို၊ ဝေဖန် ပိုင်းခြား ကြည့်ခဲ့သော်- အကြောင်းနှင့်အကျိုး သဘောကို သိမြင် ဆင်ခြင်နိုင်ပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာ ဘုရားသည်၊ ဖော်ပြ ခဲ့ပြီး အတိုင်း ပါရမီတော်များစွာ ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာမှတပါးသောလူသာမန်တို့သည်လည်း ကောင်းမှု-မကောင်းမှု ပြုလုပ်ဆက်စပ်လာခဲ့ကြ၏။ ထိုထို အကြောင်းတရားများကြောင့်ပင်၊ လူသာမန် တို့သည် တဦးနှင့် တဦး ရုပ်ဆင်းသဏ္ဌာန် ကွဲပြားကြ၏။ အ တတ်ပညာ - အ သိ ပညာ ခြား နားကြ၏။ ပတ်ဝန်းကျင် ဆွေမျိုး မိတ်ဆွေမှ အစ ကွဲပြား ခြားနားကြ၏။

---

စနစ်မြင်းထွန်း

# ဗုဒ္ဓမြတ်စွာ၏ ထူးခြားခြင်း

သာမန်မျှသော လူသားတို့သည်ပင်လျှင်၊ မိမိတို့ ကောင်းမှု-မကောင်းမှု အားလျော်စွာ၊ ဤကဲ့သို့ ကွဲပြား ခြားနားနေသေးလျှင်၊ ကောင်းမြတ်သော ပါရမီတော်ပေါင်း များစွာကို ဘဝအဆက်ဆက် ပြု ကျင့် လာ ခဲ့ သော ဗုဒ္ဓ မြတ် စွာ ၏ ဆင်း သွင်သဏ္ဍာန်ပေါ် - ထူး ခြား ဆန်းကြယ် မှု ဆို သည် မှာ၊ မည်သို့မျှတွေးတောယုံမှားစရာ မလိုကြောင်း ကောင်းစွာ ထင်ရှားနေပြီးဖြစ်သည်။

ရုပ်အဆင်းနှင့် ပတ်သက်၍၊ လက်တွေ့ မျက်မြင် သာဓကမျိုး သိသာနိုင်သည်လည်း ရှိသေး၏။ လူသည် တဦးတည်းပင် ဖြစ်စေကာမူ၊ မကောင်းမှုဖြင့်ယှဉ်စပ်သည့်အခါ ရုပ်တမျိုး၊ ကောင်းမှုဖြင့် ယှဉ်စပ်သည့်အခါ ရုပ်တမျိုးဖြစ်၏။

**လူဆိုးဓားပြ ဦးမဲနှင့် - သူတော်ကောင်း ဦး**မဲသည်၊ ရုပ်ရည် သွင်ပြင်ချင်း မတူညီပေ။ ပညာမဲ့ ဦးမဲနှင့် ပညာရှိ ဦးမဲသည်လည်း၊ ရုပ်ရည်သွင်ပြင်ချင်း တခြားစီသာ ဖြစ်ပေသည်။

စန်းမြင့်ထွန်း

လူဆိုး ဦးမဲ၏ စိတ်သည် ကြမ်းကြုတ်၏။ ခက်ထန်၏။ လိုချင်တပ်မက်မှု အားကြီး၏။ ထိုအခါ ဦးမဲ၏ မသန့်စင် မသိမ်မွေ့သော စိတ်ဓာတ် အားပျော့စွာ၊ ဦးမဲ၏ နှလုံးသွေး (ဟဒယဝတ္ထု) သည်လည်း၊ ကြည်လင်သန့်စင်ခြင်း မရှိနိုင်ပေ။ အဆင်းအရောင် ညိုညစ်သလိုပင်၊ သွေး၏ အကျိုးသက်ရောက်မှုကလည်း မကောင်းသော သွင်ပြင်သဏ္ဌာန် ကိုသာ ပေးစွမ်း ဖြစ်မြောက်စေပေသည်။

သူတော်ကောင်း ဦးမဲ ဘဝ၌ကား၊ သိမ် မွေ့၏။ နူး ညံ့ ၏။ အလိုရမက်နည်း၏။ မေတ္တာ သဘောဖြင့် ရင်းနှီး၏။ ကြံစည်ခြင်း -တောင့်တခြင်း ခေါင်း ပါး ၏။ ထို အ ခါ - နှလုံးသွေး (ဟဒယဝတ္ထု) သည်လည်း သန့်စင်ကြည်လင်၏။ အေးချမ်း၏။ ပတ္တမြားသွေးကဲ့သို့ ရဲရဲနီသော အဆင်းရှိ၏။

ထို့ကြောင့်ပင် - သူတော်ကောင်း ဦးမဲသည်၊ လူဆိုး ဦးမဲ ဖြစ်စဉ်ကနှင့် မတူ၊ သန့်စင် ကြည်လင်သော အဆင်း ရှိလာ၏။ အသားရောင် မဲသည်ဖြစ်စေ၊ ဖြူသည်ဖြစ်စေ၊ လူဆိုး ဘဝတုန်းကလို ညိုညစ် ခြောက် သွေ့ ခြင်း မရှိ ဘဲ၊ စို ပြေ ကြည် လင်လာခဲ့၏။ တည်ငြိမ်အေးချမ်းလာခဲ့၏။

ဗုဒ္ဓမြတ်စွာဘုရား၏ ဆင်းသွင်သဏ္ဌာန်တော်ကို၊ ဤနည်းဖြင့်လည်း ဆက်စပ်နှိုင်းယှဉ် (နှိုင်းရှည့်) ကြည့်နိုင်ပေသည်။

## ပသာဒ ယုတ္တိသဘော

မျက်မြင်ထင်ရှား- ပသာဒ ယုတ္တိသဘောမှာလည်း အတော်ပင် ထူးခြား ဆန်းကြယ်၏။

နေမြင့်ထွန်း

မျိုးရိုးစဉ်ဆက် ချမ်းသာကြီးမြင့် လာခဲ့သူတို့သည်၎င်း၊ ပညာဉာဏ် ထူးချွန်သူတို့သည်၎င်း၊ စီမံ အုပ် ချုပ် မှု တွင် ကျွမ်း ကျင် လာခဲ့ သူတို့သည်၎င်း၊ ရုပ်အဆင်း အားဖြင့်၊ ပြော ဆို ပြုမူပုံ အားဖြင့်၊ နေထိုင်ဆက်ဆံပုံအားဖြင့် အသိအသာကွဲပြားခြားနား ကြ၏။

မျိုး ရိုး စဉ် ဆက် ချမ်း သာ ကြီး မြင့် လာ ခဲ့ သူ တို့ သည်၊ အကြောင်းမသင့်၍ ဆင်းရဲ နွမ်းပါး ဖြစ် ရ သည့် တိုင် အောင်၊ အထက်စီး ဆံသော၊ စည်းကမ်းကြီးသော နဂိုဟန်ပန်မူရာကား - တနည်းနည်းဖြင့် သိသာထင်ပေါ်နေတတ်၏။

ပညာဉာဏ် ထူးချွန် သူတို့သည်လည်း ထို့အတူသာ ဖြစ်၏။ အခြေအနေအရ အဝတ် အထည်ပင် နွမ်းပါး စေကာမူ၊ အနေ အထိုင်ပင် သိမ်ငယ်စေကာမူ၊ ရဲရင့် တည်ကြည်သော သဘော ရှိ၏။ အနေအထိုင် အေး ဆေး ၏။ သို့ - အေး ဆေး တည်ငြိမ် ရခြင်းမှာလည်း၊ စင်စစ် - ခိုင်လုံသော အကြောင်းရှိ၏။

"ငါကား– မည်သည့် ပညာကို တတ်ထားသူ ဖြစ်သည်။ မည်သို့ မည်ပုံ ကျွမ်းကျင် ပိုင်နိုင်သည်" ဟူသော အတွင်း စိတ် အသိက ရဲဆေးသဖွယ်ဖြစ်နေသောအခါ၊ မိမိကိုယ်မိမိ ယုံကြည် စိတ်ချနေသောကြောင့် ဖြစ်၏။

စီမံ ခန့်ခွဲမှုကို ကျွမ်းကျင် သူတို့ သည်လည်း၊ ထို့ အတူသာ ဖြစ်၏။

သူတို့တွင် အရာရာကို (ကိစ္စတစုံတရာကို) လျင်မြန်စွာ ပေဖန် ဆုံးဖြတ်နိုင်စွမ်းရှိကြ၏။ လိုအပ်လျော်ကန်သလို စီမံ ခန့်ခွဲတတ် ကြ၏။ ထို့ကြောင့် - ဝတ်ကောင်း စားလှပင် မပါရှိစေကာမူ၊

စန်းမြင့်ထွန်း

လူအများထဲတွင် သိမ်ငယ်ခြင်းမရှိ၊ ရဲရင့်တည်ကြည်သော ဟန်ပန်သည်သာ ပေါ်လွင်နေတတ်ချေ၏။

## အဖက်ဖက်မှ - ပြည့်စုံခြင်း

ဗုဒ္ဓမြတ်စွာဘုရားသည်၊ အဖက်ဖက်မှ ပြည့်စုံလာသူဖြစ်၏။ စိတ်သဘော ကောင်းမြတ်ခြင်းနှင့်လည်း ပြည့်စုံသည်။ လုံ့လဝိရိယနှင့်လည်း ပြည့်စုံသည်။ စိတ်ဓာတ်ခိုင်ကျည်ခြင်းနှင့်လည်း ပြည့်စုံသည်။ သုံးသပ်ဝေဖန်မှုနှင့်လည်း ပြည့်စုံသည်။ ပေးကမ်းစွန့်ကြဲခြင်းနှင့်လည်း ပြည့်စုံသည်။ နူးညံ့သိမ်မွေ့မှု (မိမိကိုယ်မိမိ-နှိမ့်ချခြင်း) နှင့်လည်း ပြည့်စုံသည်။

ဘဝများစွာ သံသရာအဆက်ဆက် ဤကဲ့သို့ အဖက်ဖက်မှ ပြည့်စုံလာခဲ့လေသောအခါ၊ အဆုံးစွန်သောဘဝဗုဒ္ဓမြတ်စွာဘုရား အဖြစ်၌ သူမတူသော ဆင်းသွင်သဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ညီညွတ်ပြည့်စုံရမည်မှာ ကြောင်းကျိုးသဘာဝ ကျနလျော်ကန် လှပေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဆင်းသွင်သဏ္ဌာန် သဘောကို ဤရွေ့ ဤမျှ ကြောင်းကျိုးဆက်စပ်နေရခြင်းမှာ အခြားကြောင့် မဟုတ်ပေ။

ဗုဒ္ဓမြတ်စွာဘုရားသည် ပြုလုပ်ခြင်းဟူသော **အကြောင်းတရား** (ပါရမီတော်) ကြောင့် ဖြစ်မြောက်ခြင်းဟူသော **အကျိုးတရား**နှင့် ပြည့်စုံညီညွတ်အပ်သည့် အဖြစ်ကို အမှန်အတိုင်း သိသာထင်ရှားစေလို၍ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ၏ ဆင်းသွင်သဏ္ဌာန်ပင် ဖြစ်စေ၊ ဉာဏ်ပညာပင် ဖြစ်စေ၊ သူမတူ အောင် ဖြစ်လာခဲ့ရခြင်းမှာ သာမန်မျှဖြင့် မဟုတ်ကြောင်း ကိုးကားထုတ်ဖော်ခြင်းလည်း ဖြစ်ပေသည်။

ဗုဒ္ဓသည် **ခေတ်ပေါ် ပညာရှိတဦး၊ အသိပညာရှင်တဦး**မျှ အမှတ်ထားခဲ့လျှင် ထိုထို ကြောင်းကျိုးဆက်စပ်မှုများကို အလေးအနက် ရှိနိုင်ချိမ့်မည် မဟုတ်ပေ။

တွေးတတ်သည် - ပေဖန်တတ်သည် ဆိုခြင်းမှာကောင်းပါ၏။ အသိဉာဏ်ရှိသည်၊ ထူးခြားသည်လည်း ဆိုနိုင်ပါ၏။ သို့ရာတွင် စိတ်အလုပ်သက်သက် တွေးခြင်းထက် ကိုယ်တိုင်လက်တွေ့ လုပ်ကြည့်ခြင်းက ပိုပြီးကောင်းသည်။ အတွေးဖြင့် ပြောရခြင်းထက် အသိဖြင့်ပြောရခြင်းက ပိုပြီးကောင်းသည်။

သည်းခံခြင်း၊ ပေးကမ်းခြင်း၊ ကျင့်ကြံခြင်း၊ ပွားများခြင်း စသည်များသည် မိမိကိုယ်တိုင် လက်တွေ့လုပ်ကြည့်သောအခါ အဘယ်မျှ ခက်ခဲနေသည်၊ ဟာဝန်ကြီးလေးနေသည်ကို သေချာ တိကျ သိလာရပေမည်၊

ပေးကမ်းခြင်း ( ဒါနပါရမီ ) ကျင့်ကြံခြင်း(သီလပါရမီ)မျှ မဟုတ်သေး၊ ကိုယ်ခန္ဓာနှင့်ပင်း၊ အသက်နှင့်ပင်း ရင်းနှီး၍ ဘဝများစွာ သံသရာအဆက်ဆက် ကျင့်သုံးအားထုတ် လာခဲ့ရသော ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားမြင့်မြတ်မှုကို မိမိ ကိုယ်တိုင်၏အဖြစ် ( ကိုယ်တွေ့ )နှင့် လက်တွေ့ နှိုင်းယှဉ်ချိန်ထိုး ကြည့်ခဲ့လျှင် အသိဉာဏ် (ပါရမီခံ) ရှိသလောက် သဘောပေါက် ဆင်ခြင်နိုင်ပေလိမ့်မည်။

စန်းမြင့်ထွန်း

## ဘုရားဟူသောအမည်

စင်စစ် '**ဘုရား**' ဟူသော အမည် (ဂုဏ်ထူးဝိသေသ) မှာပင်လျှင် အကြောင်းအားလျော်စွာ ရရှိမည်တွင် လာခဲ့ရခြင်းဖြစ်၏။ မိမိကိုယ်တော်တိုင် ဖန်တီးမှည့်ခေါ် အပ်သည်လည်း မဟုတ်၊ သူတပါးတို့က ပေးအပ် သတ်မှတ်သည်လည်း မဟုတ်။ အခြေအနေ ဂုဏ်ဝိသေသ အားလျော်စွာ ဖြစ်ထွန်းခိုင်ကျည် လာခဲ့ရသော အမည်တော်သာဖြစ်၏။

ဘုရားဟူသော ဤအမည်ကို မဟာမာယာ မယ်တော်သည်လည်း မပြုအပ်၊ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည်လည်းမပြုအပ်၊ အစ်ကိုသည်လည်းမပြုအပ်၊ နှမသည်လည်း မပြုအပ်၊ အဆွေခင်ပွန်းသည်လည်း မပြုအပ်၊ ရဟန်းပုဏ္ဏားတို့သည်လည်း မပြုအပ်၊ နတ်တို့သည်လည်း မပြုအပ်။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံကုန်သော ဘုရားရှင်တို့အား ဗောဓိပင်၏ အရင်း၌ သဗ္ဗညုတဉာဏ်ကိုရသည်နှင့်တကွမျက်မှောက်ပြုအပ်သော အကြင်ဘုရားဟူသော အမည်ပညတ်သည် ရှိ၏။ ဤ **ဗုဒ္ဓ** ဟူသော အမည်ကို အရဟတ္တမဂ်ဉာဏ်သည် ပြုအပ်၏။

(တထာဂတ - ဥဒါနဒီပနီ)

စန်းမြင့်ထွန်း

## ပုထုဇဉ်အသိနှင့် ဗုဒ္ဓမြတ်စွာဘုရားအသိ

အသိပညာ (ဉာဏ်) အရာတွင် သာမန်လူသားတဦး အသိနှင့် ဗုဒ္ဓမြတ်စွာဘုရားအသိ မည်ရွေ့မည်မျှ မည်သို့မည်ပုံ ကွဲပြားခြားနားသည်မှာလည်း အလွန့်အလွန်ပင် လေးမြတ်မှတ်သားဖွယ်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားဟူသည် အသိပညာ (ဉာဏ်တော်) အကြောင်း အထူးဖော်ပြနေရန်ပင် လိုအပ်တော့သည် မဟုတ်၊ သို့သော် အထက်ဆိုခဲ့ပြီး ကြောင်းကျိုးသဘာဝနှင့် စပ်လျဉ်း၍မူ သိသင့် သိထိုက်သော အကြောင်းတရပ်ကို ဆက်စပ်ဖော်ပြလိုပေသေးသည်။

### ပေါတလိယ သုတ်

အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်တိုင်း အာပဏနိဂုံး၌ တခုသောတောအုပ်သို့ ဝင်ရောက်လျက် သစ်ပင်အောက်တွင် စံနေတော်မူ၏။

ထိုအခါ ' **ပေါတလိယ** ' အမည်ရှိသော သူကြွယ်တဦးသည် အညောင်းပြေ လမ်းလျှောက်ထွက်လာရင်း မြတ်စွာဘုရားအထံ ဝင်ရောက်၍ မြတ်စွာဘုရားအား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် စကားပြောဆိုအပ်၏။

မြတ်စွာဘုရားက " သူကြွယ်....၊ နေရာတို့သည် များစွာ ရှိကုန်၏၊ အလိုရှိမူ ထိုင်လော့ " ဆိုတော်မူ၏။

ပေါတလိယသူကြွယ်သည် မြတ်စွာဘုရား ထိုသို့ ခေါ်ဆို အပ်သည်ကို မနှစ်သက် " ရဟန်းဂေါတမသည် ငါ့ကို သူကြွယ် ဟူသော အခေါ်အဝေါ်ဖြင့် ခေါ်ဝေါ်ပြောဆိုဘိသည် " ဟု အမျက်ထွက်ကာ မြတ်စွာဘုရားအား မည်သို့မျှ ပြန်၍မပြော၊ ထိုင်လည်းမထိုင်ဘဲ ဆိတ်ငြိမ်စွာသာ မတ်တတ်ရပ်နေ၏။

မြတ်စွာဘုရားက " သူကြွယ်...၊ နေရာတို့သည် များစွာ ရှိကုန်၏၊ အလိုရှိမူ ထိုင်လော့ " ဟု သုံးကြိမ်တိုင်တိုင် ဆက်လက် ဆိုတော်မူ၏။

ပေါတလိယ သူကြွယ် သည် ထိုအခါ မြတ်စွာဘုရားကို "အရှင်ဂေါတမ....၊ အရှင်ဂေါတမသည် အကျွန်ုပ်အားသူကြွယ် ဟူ၍ ခေါ်ဝေါ်ပြောဆိုခြင်းသည် မသင့်တင့်မလျောက်ပတ်ပါ" ဟု ပြန်လည်လျှောက်ထား၏။

မြတ်စွာဘုရားက " သူကြွယ်...၊ သင်၏ အမူအရာနှင့် သွင်ပြင်ပုံပန်းတို့သည် သူကြွယ်ကဲ့သို့ပင် ဖြစ်ပေသည် " ဆိုတော်မူ၏။

စန်းမြင့်ထွန်း

“ အရှင်ဂေါတမ အကျွန်ုပ်သည်ခပ်သိမ်းသော လူမှုကိစ္စတို့ကိုပယ်ထားပြီးပါပြီ၊ ခပ်သိမ်းသော သူ့အသုံးအနှုန်းတို့ကို ဖြတ်တောက်ထားပြီးပါပြီ ”

“ သူကြွယ်....၊ သင်သည် အဘယ်သို့လျှင် ခပ်သိမ်းသော လူမှုကိစ္စတို့ ပယ်ထားအပ်သနည်း၊ အဘယ်သို့လျှင် ခပ်သိမ်းသော လူ့အသုံးအနှုန်းတို့ကို ဖြတ်တောက်ထားအပ်သနည်း ”

## သူကြွယ်သိသော - လူမှုကိစ္စ ဖြတ်တောက်ခြင်း

“ အရှင်ဂေါတမ....အကျွန်ုပ်သည်၊ ရှိရှိသမျှသော ပစ္စည်းဥစ္စာ - ရွှေ ငွေ ရတနာ စသည်တို့ကို သားသမီးများအား အမွေအဖြစ် အားလုံးပင် ခွဲဝေပေးထားပြီးပါပြီ၊ ထိုပစ္စည်းများကို မည်သို့မျှ တပ်မက်တွယ်တာနေခြင်း မရှိတော့ပါ၊ မိမိ ဘကိုယ်စာ စားလောက် ဝတ်လောက်ရုံမျှ ဖြင့်သာ ရောင့်ရဲ တင်းတိမ်အပ်ပါသည်။ ထို့ကြောင့် ခပ်သိမ်းသော လူမှုကိစ္စများကို စွန့်ပယ် ဖြတ်တောက် ထားပြီး ဖြစ်ပါသည် ”

“ သူကြွယ်....သင် ဆို အပ်သော လူမှုကိစ္စ ဖြတ်တောက် ပယ်စွန့် ခြင်း ဆို သည် ကား၊ ငါ ဘုရား ဆုံး မ အပ် သည့် ဖြတ်တောက်ခြင်းနှင့် မတူညီတကား....”

“ အရှင်ဂေါတမ....အရှင် ဂေါတမ ဆုံးမအပ်သည့် လူမှုကိစ္စ ဖြတ်တောက်ခြင်း ဟူသည်ကား၊ အဘယ်သို့ ဖြစ်ပါသနည်း၊ အဘယ်ပုံ ဖြတ်တောက် အပ်ပါသနည်း၊ အကျွန်ုပ် သိပါရစေ....”

“ သူကြွယ်....ငါဆုံးမအပ်သော လူမှုကိစ္စ - လူ့ အသုံးအနှုန်း ဖြတ်တောက်ခြင်း ဟူသည်ကား - ဤသို့တည်း။ သင် -သိလိုသော် ကောင်းစွာ နားထောင်လေလော့....”

စန်းမြင့်ထွန်း

"ကောင်းပါပြီ - အရှင်ဂေါတမ၊ အကျွန်ုပ် ကောင်းစွာ နားထောင်ပါမည်။ အရှင်ဂေါတမ၏ အဆုံးအမကို ဆိုတော်မူပါလော့ ...."

"အချင်းသူကြွယ်....၊ လူမှုကိစ္စ - လူ့ အသုံးအနှုန်းကို ဖြတ်တောက် ပယ်စွန့်ခြင်း၌၊ ငါဘုရား ဆုံးမ အပ်သည်ကား- အရေအတွက်ရှစ်မျိုး ရှိ၏။ ထိုရှစ်မျိုး တို့သည်ကား –

## ဗုဒ္ဓမြတ်စွာ ဆုံးမအပ်သည့်

### သူမှုကိစ္စ ဖြတ်တောက်ခြင်း–ရှစ်မျိုး

၁။ အသက် မသတ်ခြင်းကို မှီ၍ (အကြောင်းပြု၍) အသက် သတ်ခြင်းကို ပယ်ရမည်။

၂။ ပေးသောဥစ္စာ ယူခြင်းကို မှီ၍ မပေးသော ဥစ္စာ ယူခြင်းကို ပယ်ရမည်။

၃။ မှန်ကန်သော စကားကို မှီ၍ မမှန်ကန်သော စကားကို ပယ်ရမည်။

၄။ ဂုန်း မတိုက်သော စကားကို မှီ၍ ဂုန်းတိုက်သော စကားကို ပယ်ရမည်။

၅။ မတပ်မက် မလိုချင်မှုကို မှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည်။

၆။ မကဲ့ရဲ့ မချုပ်ချယ်ခြင်းကို မှီ၍ ကဲ့ရဲ့ ချုပ်ချယ်ခြင်းကို ပယ်ရမည်။

စန်းမြင့်ထွန်း

၇။ အမျက် မထွက်ခြင်း – မပင်ပန်းခြင်းကို မှီ၍ အမျက်ထွက်ခြင်း - ပင်ပန်းခြင်းကို ပယ်ရမည်။

၈။ လွန်စွာ မာန်မမူခြင်းကို မှီ၍ လွန်စွာ မာန်မူခြင်းကို ပယ်ရမည်။

" အချင်း သူကြွယ်....ဤသည်ကား – ငါဘုရား ဆုံးမအပ်သော လူမှုကိစ္စ – လူ့ အသုံးအနှုန်း ဖြတ်တောက်ခြင်း ရှစ်မျိုးတည်း။ သို့သော် ဤသည်တို့သည် အခြေခံ အကျဉ်းချုပ် သဘောမျှသာ ဖြစ်ပေ၏ "

" အရှင်ဘုရား အကျဉ်းချုပ် သဘောမျှဖြင့်ကား၊ အကျွန်ုပ် ကောင်းစွာ သိနားလည် နိုင်မည် မဟုတ်ပါ။ ကျေပြားသေချာ သိနားလည် နိုင်စေရန် အကျယ်ချဲ့၍ ဆိုတော်မူပါဦးလော့...."

" ကောင်းပြီ သူကြွယ်.... သို့ဆိုလျှင် အကျယ်ချဲ့ ပြပေဦးအံ့၊ ကောင်းစွာ နားထောင်လော့...."

### ၁။ အသက် မသတ်ခြင်းကိုမှီ၍ အသက် သတ် ခြင်း ကို ပယ်ရမည်။

" အချင်းသူကြွယ်....၊အသက် မသတ်ခြင်းကိုမှီ၍ ( အကြောင်းပြု၍ ) အသက်သတ်ခြင်းကို ပယ်ရမည် ဆိုသည်ကား၊ ထိုအမှုနှင့်ပတ်သက်၍ ငါဘုရား၏ တပည့်ဖြစ်သူသည် ကောင်းစွာသိမြင်ဆင်ခြင် နိုင်စိမ့်သောငှာ၊ ငါဘုရား ဆုံးမ ထားအပ်ခြင်းပင် ဖြစ်ပေသည်။

"အဘယ်သို့ သိမြင် ဆင်ခြင် ရမည် မှာကား ငါသည် အကြောင်း အ မျိုးမျိုး ဖြင့် သူတပါးတို့၏ အသက်ကိုသတ်

ပန်းမြင့်ထွန်း

ပြုဘ်သည့် ဖြစ်အံ့၊ ထိုသတ်ဖြတ်မှုကြောင့် ပင်လျှင်၊ ငါသည် အပြစ်ရှိခြင်း နှောင်ဖွဲ့ ခံရခြင်းတို့ ဖြစ်ရပေအံ့။ သူတပါးတို့၏ အသက်ကို သတ်ဖြတ်ခြင်း အမှုအတွက် ငါ့ကိုယ်တိုင်-မှာလည်း 'ငါသည် သူတပါးတို့၏ အသက်ကို သတ်မိပေသည်' ဟူ၍ ပူပန်ကြောင့်ကြခြင်း ဖြစ်ရလတ္တံ့။ ထိုသတ်ဖြတ်မှုအတွက် သူတပါးတို့က ငါ့အပေါ်၌ ကဲ့ရဲ့ ရှုတ်ချခြင်း ပြုကြသည်လည်း ဖြစ်ပေလတ္တံ့။ ဘဝတပါး ပြောင်းသွား ကွယ်လွန်ရသော အခါ၌လည်း၊ ထိုမကောင်းမှု ကြောင့် ပင်လျှင် မကောင်းကျိုးကို တွေ့ကြုံခံစား ရပေဦးအံ့။

"အကယ်တည့် ထိုသတ်ဖြတ်မှုကို ရှောင်ကြဉ်ပါမူကား၊ ထိုထိုမကောင်းမှုများ (အပြစ်များ) ကို မကြုံတွေ့ မခံစား ရတော့ပြီ။ ထို့ကြောင့် အသက် သတ်ခြင်း၏ မကောင်းမှု အားလျော်စွာ အသက် သတ်ခြင်းကို ရှောင်ကြဉ်ရမည်သာ တည်း...." ဟူ၍ သိမြင် ဆင်ခြင် အပ်ပေ၏။

## ၂။ ပေးသောဥစ္စာယူခြင်းကိုမှီ၍ မပေးသောဥစ္စာယူခြင်းကို ပယ်ရမည်။

"အချင်းသူကြွယ်....၊ ပေးသော ဥစ္စာ ယူခြင်းကို မှီ၍ မပေးသော ဥစ္စာ ယူခြင်းကို ပယ်ရမည်ဆိုခြင်းမှာလည်း ထို့အတူသာ ဖြစ်ပေ၏။

"အကြင်သူသည် သူတပါးမပေးသော ဥစ္စာကို ခိုးယူသည် ဆိုအံ့၊ ထိုအကြောင်းကြောင့်ပင်လျှင် မိမိကိုယ် မိမိ လည်း 'ငါသည် သူတပါး၏ ပစ္စည်းကို ခိုးယူမိပေသည်' ဟူ၍ မြန်လည်

ငွပ်စွဲနေမိရာ၏။ သူကပါးတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း ခံရ ရာ၏။ သေလွန်သော အခါ၌လည်း ထိုမကောင်းမှုအားလျော်စွာ ပင် မကောင်းကျိုးနှင့် တွေ့ကြုံရဦးမည်သာတည်း။

"အကယ်တည့် ထိုမကောင်းမှုကို ရှောင်ကြဉ်ပါမူ ကား၊ ထိုထို ပူပန်ဆင်းရဲခြင်းများကိုလည်းမတွေ့ကြုံ မခံစားရတော့ပြီ။ ထို့ကြောင့်ပင်လျှင် ပေးသောဥစ္စာ ယူခြင်းကိုမျှ မပေးသော ဥစ္စာယူခြင်းကို ရှောင်ကြဉ်ရမည်ဟု ငါဘုရား၏ တပည့်ဖြစ်သူတို့ သိမြင် ဆင်ခြင်နိုင်စိမ့်သောငှာ ဆုံးမအပ်ခြင်း ဖြစ်ပေ၏။

## ၃။ မှန်ကန်သော စကားကိုမျှ၍ မမှန်ကန်သော စကားကို ပယ်ရမည်။

"အချင်းသူကြွယ်၊ မှန်ကန်သောစကားကိုမျှ၍ မမှန်ကန်သော စကားကို ပယ်ရမည် ဆိုခြင်းမှာလည်း ဤသို့ပင် ဖြစ်ပေသည်။

"ငါဘုရား၏ တပည့်ဖြစ်သူသည် မမှန်ကန်သော စကားကို ပြောဆိုလေ့ရှိသည်ဆိုအံ့၊ ထိုအကြောင်းကြောင့်ပင်လျှင် မိမိကိုယ်မိမိ ပြစ်တင်ကဲ့ရဲ့ရတော့မည်သာတည်း။ ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ နေခြင်မှာ အမျိုးမျိုးသော အနှောင်အဖွဲ့ ( လူမှု ကိစ္စ အမျိုးမျိုး ) တို့ကို ဖြတ်တောက်ရန် နေအပ်ခြင်းဖြစ်ပါလျက် မမှန်ကန်သော စကားကို ပြောဆိုမိ၏။ သို့ပြောဆိုမိခြင်းသည်ကား အနှောင်အဖွဲ့ကို ပွားမိခြင်းသာတည်း။

"ဤသို့ မဟုတ်မမှန် ပြောဆိုမိခြင်းအတွက် သူတပါးတို့ သည်လည်း ငါ့ကို ရှုတ်ချကဲ့ရဲ့ကြကုန်ပေလတ္တံ့၊ ငါကိုယ်တိုင် မှာလည်း သေလွန်သောအခါ ထိုမကောင်းမှုအတွက် မကောင်း

ကျိုးကို ခံစားတွေ့ကြုံရပေဦးလတ္တံ့။ ထို့ကြောင့် မှန်ကန်သော စကားကို မှီ၍ မမှန်ကန်သော စကားကို ပယ်ရမည်သာတည်းဟု အမှန်အတိုင်း သိမြင်ဆင်ခြင်အပ်ပေ၏။

## ၄။ ဂုန်းမတိုက်သောစကားကိုမှီ၍ ဂုန်းတိုက်သောစကားကို ပယ်ရမည်။

"ဂုန်းမတိုက်သော စကားကို မှီ၍ ဂုန်းတိုက်သော စကားကို ပယ်ရမည် ဆိုသည်မှာလည်း ဂုန်းတိုက်ခြင်း၏အပြစ်၊ ဂုန်းမတိုက်ခြင်း၏ ကောင်းကျိုးကို ရည်စူးဦးတည်၍ ဆို ဆုံး မ အပ် ခြင်း ဖြစ်ပေသည်။

"ငါဘုရား၏ သာသနာတော်၌ ငါဘုရား၏တပည့်ဖြစ်သူသည် ဂုန်းတိုက်သော စကားကို ပြောဆိုလေ့ ရှိသည်ဆိုအံ့၊ ထို မကောင်းမှုကြောင့်ပင်လျှင် ထိုသူသည် မိမိကိုယ်မိမိ ပြန်လည်ရှုတ် ချ ဖွယ် - စွပ် စွဲ ကဲ့ ရဲ့ ဖွယ် ဖြစ် ရ တော့ မည် သာ တည်း။ ထို့နောက် သူတပါးတို့၏ ပြစ်တင် ကဲ့ရဲ့ခြင်းကိုလည်း ခံရပေဦးမည်တည်း။

"ထိုကြောင့်ပင် - ငါဘုရား၏ တပည့် ဖြစ်သူသည် ငါဆုံးမ ထားအပ်သည့်အတိုင်းပင် ဂုန်း တိုက် စ ကား ပြော ဆို ခြင်း၏ အပြစ်ကို သိမြင်ဆင်ခြင်မိ၏။ နောင် သေ လွန် ရ သောအခါ ထို ဂုန်းတိုက်ခြင်းဟူသော မကောင်းမှုကြောင့် တွေ့ကြုံ ခံစား ရမည့် မကောင်းကျိုးကိုလည်း သိမြင်၏။

"အချင်းသူကြွယ်...၊ ဤသည်ပင်လျှင် ဂုန်း မ တိုက် သော စကားကိုမှီ၍ (အကြောင်းပြု၍) ဂုန်းတိုက်သော စကားကို

နေမြင့်ထွန်း

ပယ်ရမည်ဟု ငါဘုရား ဆိုဆုံးမအပ်ခြင်း ဖြစ်ပေသည်။ ငါဘုရား၏တပည့်ဖြစ်သူတို့ သိမြင်ဆင်ခြင်ရာလည်းဖြစ်ပေသည်။

**၅။ မတပ်မက် မလိုချင်မှုကိုမှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည်။**

"မတပ်မက် မလိုချင်မှုကိုမှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည် ဆိုသည်မှာလည်း ထို့အတူပင် ဖြစ်ပေသည်။ အချင်းသူကြွယ်.... ငါဘုရား၏ တပည့်ဖြစ်သူသည် ငါဆုံးမထားအပ်သည့်အတိုင်း သိမြင်ဆင်ခြင်မိ၏။

"ငါသည် တပ်မက်လိုချင်မှု ရှိသည်ဖြစ်အံ့၊ ထိုအကြောင်းကြောင့်ပင်လျှင် ငါ့ကိုယ်ငါလည်း စွပ်စွဲပြစ်တင်စရာဖြစ်၏။ သူတပါးတို့ ရှုတ်ချကဲ့ရဲ့စရာလည်း ဖြစ်၏။ ကိုယ်ခန္ဓာပျက်စီးပြီး နောက်ပိုင်း၌လည်း မကောင်းကျိုးကို တွေ့ကြုံခံစားရဦးမည် ဖြစ်၏။

"ထို့ကြောင့်ပင်လျှင် မတပ်မက် မလိုချင်မှု၏ ကောင်းကျိုး အားလျော်စွာ တပ်မက်လိုချင်မှုကို ပယ်ရမည်ဟု ငါဘုရား ဆိုဆုံးမရခြင်း ဖြစ်ပေသည်။ ငါဘုရား၏ တပည့်ဖြစ်သူတို့ လိုက်နာဆင်ခြင်ဖွယ်လည်း ဖြစ်ပေသည် - သူကြွယ်....။

**၆။ မကဲ့ရဲ့မချုတ်ချယ်ခြင်းကိုမှီ၍ ကဲ့ရဲ့ချုတ်ချယ်ခြင်းကို ပယ်ရမည်။**

"မကဲ့ရဲ့ မချုတ်ချယ်ခြင်းကိုမှီ၍ ကဲ့ရဲ့ချုတ်ချယ်ခြင်းကို ပယ်ရမည် - ဆိုရာ၌လည်း ကောင်းကျိုး - ဆိုးပြစ် နှစ်ပါးအရ ဆိုဆုံးမရခြင်းသာ ဖြစ်ပေသည်။ ငါဘုရား၏ တပည့်သားကို သိမြင်လိုက်နာမှုလည်း ဖြစ်ပေသည်။

" အချင်းသူကြွယ်....၊ ငါဘုရား၏ တပည့်သားဖြစ်သူသည် ကဲ့ရဲ့ချုတ်ချယ်ခြင်း၏ အပြစ်ကို မှန်သည့်အတိုင်း သိမြင်ဆင်ခြင်မိ၏။ ထို့ကြောင့်ပင် -မကဲ့ရဲ့ မချုတ်ချယ်ခြင်း၏ ကောင်းကျိုးအားလျော်စွာ ကဲ့ရဲ့ ချုတ်ချယ်ခြင်းကို ရှောင်ကြည် ပယ်ခွာခြင်း ပြုအပ်၏။ ငါဘုရား ဆိုဆုံးမအပ်သော အတိုင်းပင် ကောင်းစွာ လိုက်နာကျင့်ကြံခြင်း ပြုအပ်ပေ၏။

## ၇။ အမျက်မထွက်ခြင်း မပင်ပန်းခြင်းကိုမှီ၍ အမျက်ထွက်ခြင်း ပင်ပန်ခြင်းကို ပယ်ရမည်။

" အမျက်မထွက်ခြင်း မပင်ပန်းခြင်းကိုမှီ၍ အမျက်ထွက်ခြင်း ပင်ပန်းခြင်း ( စိတ်လှုပ်ရှားခြင်း ) ကို ပယ်ရမည် ဆိုသည်မှာလည်း ရှေးနည်းအတူပင် ဖြစ်ပေသည်။

" အချင်းသူကြွယ်....၊ အကြင်သူတဦးသည် အမျက်ထွက်ခြင်း ပင်ပန်းခြင်းဖြစ်လေသောအခါ မိမိကိုယ်တိုင်မှာလည်း တဖန် ပြန်လည်၍ စိတ်မချမ်းမြေ့ခြင်း ဖြစ်ရ၏။ တပါးသူတို့ကလည်း စိတ်ခါတ်ကို မချုပ်ထိန်းနိုင်ရကောင်းလားဟု ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်၏။ ရှုတ်ချသည်ကို ခံရတတ်၏။

" အကယ်တည့်– အမျက် ထွက်ခြင်း၊ စိတ် ပင် ပန်း ခြင်းကို သည်းခံ ထိန်းချုပ် နိုင်ပါမူကား၊ မိမိ ကိုယ်တိုင်၌လည်း နောင်တဖန်ပြန်၍ စိတ် မချမ်းမြေ့ခြင်း မဖြစ်ရ၊ သူ တ ပါး တို့ လည်း မကဲ့ရဲ့နိုင်၊ ခန္ဓာပျက်ကြွေ သေလွန်ရသောအခါ၌လည်း၊ မကောင်းသော ဘဝသို့ မရောက်ရသည်သာတည်း။

“အချင်းသူကြွယ်...၊ လူမှုကိစ္စ လူ့ အသုံးအနှုန်း ဟူသော အနှောင်အဖွဲ့တို့ကိုဖြတ်တောက်ပယ်စွန့်အံ့သောငှာ၊ ဖြတ်တောက် ပယ်စွန့်လိုသောအားဖြင့်၊ ငါဘုရား၏ သာသနာတော်တွင်းသို့ ရောက်လာအပ်လေသော ငါ၏ တပည့်သားဖြစ်သူသည်၊အမျက် ထွက်ခြင်း၊ စိတ်ပူပ်ရှားခြင်း နှင့် ပတ်သက်၍၊ ဤသို့သော ကောင်းကျိုး ဆိုးပြစ်တို့ကို ဆင်ခြင်သုံးသပ်မိ၏။

“ထို့ကြောင့်ပင်လျှင်၊ ငါဘုရား ဆိုဆုံးမအပ်သော အတိုင်း လိုက်နာ ကျင့်ကြံ အပ်သည်သာတည်း။ ဤသည်ပင်လျှင်- လူမှု ကိစ္စ ဖြတ်တောက်ခြင်း၊ လူ့ အသုံးအနှုန်း ပယ်စွန့်ခြင်း အတွက်၊ ငါဘုရား၏ အဆုံးအမလည်း ဖြစ်ပေသည်။ ငါ့ တပည့်သားတို့ သိမြင်ဆင်ခြင်မှုလည်း ဖြစ်ပေသည်။

### ဂ။ လွန်စွာမာန်မမူခြင်းကို မှီ၍ လွန်စွာ မာန်မူခြင်းကို ပယ်ရမည်။

“အချင်းသူကြွယ်....၊ငါ ဆုံးမအပ်သည့်၌၊ နောက်ဆုံး ရှစ်ခု မြောက် အကြောင်းတရားသည်ကား၊ လွန်စွာ မာန်မမူခြင်းကို မှီ၍ လွန်စွာ မာန်မူခြင်းကို ပယ်စွန့်ရန်ပင် ဖြစ်ပေသည်။

“အချင်းသူကြွယ်....၊ အကြင်သူ တဦးသည် လူမှု ကိစ္စ လူ့ အသုံးအဆောင် တို့ကို အကြောင်း ပြု၍ လွန်စွာ မာန်မူခြင်း (ခက်ထန်ထောင်လွှားခြင်း) ရှိသည်ဆိုအံ့၊ ထိုသူသည် - သို့လျှင် မာန်မူခြင်းအတွက်၊ မိမိကိုယ်တိုင်မှာလည်းစိတ်ဓာတ်ကြမ်းကြုတ် ခက်ထန်သူဖြစ်ရ၏။ သူတပါးတို့၏ အထင်သေးငြိုငြင်မှုကိုလည်း ခံရချေသေး၏။ စင်စစ်မူ လွန်စွာ မာန်မူခြင်း (မာန်မာနထောင်

လွှားခြင်း) ဟူသည်၊ ယခုမျက်မှောက်ဘဝ၌ လက်တွေ့ ဆင်းရဲ ပင်ပန်းရသည်သာ မဟုတ်သေး၊ နောင် တမလွန် ဘဝ၌လည်း ဆင်းရဲပင်ပန်းစေအံ့သော အကြောင်းပေတည်း။

"ထို့ကြောင့်ပင်- ငါဘုရား၏ တပည့်ဖြစ်သူသည်၊ လွန်စွာ မာန်မူခြင်း၏ ဆိုးပြစ်ကိုရင်း၊ လွန်စွာမာန်မမူခြင်း၏ ကောင်း ကျိုးကိုရင်း၊ ငါဘုရား ဆုံးမအပ်သော အတိုင်း ကောင်းစွာ သိမြင် ဆင်ခြင်မိ၏။ သို့ - ဆင်ခြင်မိသည့် အားလျော်စွာလည်း၊ လွန်စွာ မာန်မမူခြင်းကို အကြောင်းပြု၍ လွန်စွာ မာန်မူခြင်းကို ပယ်စွန့်အပ်သည်သာတည်း။

"အချင်းသူကြွယ်....၊ လူ မှု ကိစ္စ- လူ့ အသုံး အနှုန်း ဖြတ် တောက် ပယ်စွန့်ခြင်းနှင့် ပတ်သက်၍၊ ငါဘုရားဆိုဆုံးမအပ်သည် ကား၊ ဤရှစ်မျိုးတို့ပင်တည်း။ သို့သော် - ဤ ရှစ် မျိုး တို့သည် လည်း၊ ငါဘုရား၏ အဆုံးအမ စင်စစ် မဟုတ်သေး၊ အားလုံးပြီး ပြည့်စုံပြီ မဟုတ်သေးတကား ..."

ထိုအခါ၌၊ ပေါတလိယ သူကြွယ်သည်-

"အရှင်ဂေါတမ....၊ ဤသို့ဆိုလျှင် လူမှုကိစ္စ ဖြတ်တောက် ပယ်စွန့်ခြင်း၌၊ အရှင်ဂေါတမ အပြည့်အစုံ ဆုံးမအပ်သည်ကား- အဘယ်သို့ဖြစ်ပါသနည်း၊ အရှင်ဂေါတမ- အကျွန်ုပ်တောင်းပန် အပ်ပါသည်။ ထို - အပြည့် အစုံ ဖြစ်သော တရားကို အကျွန်ုပ် သိပါရစေ၊ ထပ်မံ ဟော ကြား တော် မူ ပါ ဦး လော့...." ဟု ဆိုပေ၏။

မြတ်စွာဘုရားကလည်း၊ ပေါတလိယ သူကြွယ် တောင်းပန် အပ်သည့်အတိုင်းပင် လိုက်လျောတော်မူပေ၏။

နန်းမြင့်ထွန်း

" ကောင်းပြီသူကြွယ်....၊ သို့ဖြစ်လျှင် သင် ကောင်းစွာ အာရုံပြုလေလော့၊ ငါ ထပ်မံ ဟောကြားပေအံ့.... "

## ကာမဂုဏ်မှု၏ အပြစ်သဘော

" အချင်းသူကြွယ်....၊ လူ မှု ကိစ္စ- ကာ မ ဂုဏ် ခံ စား ခြင်း ဟူသည်ကား၊ ဤဥပမာကဲ့သို့သာတည်း။

" သူကြွယ်....၊ နွားသတ်သမားတဦးသည်၊ စဉ်းတီတုံး ပေါ်တွင် နွား သား နွား ရိုး များ ကို ခုတ် ထစ် လှီး ဖြတ် နေ ၏။ ထိုအခါ- လွန်စွာ ဆာလောင် မွတ်သိပ် နေသော ခွေးတကောင်သည်၊ အစာ စားချင်ဇောဖြင့်၊ ထို နွားသတ်သမားအနီးသို့ ချဉ်းကပ်သွား၏။

"နွားသတ်သမားက၊ အရိုးတခုကိုခွေးထံသို့ ပစ်ပေးလိုက်၏။ ခွေးသည် လွန်စွာ ဆာလောင် မွတ်သိပ်နေသဖြင့်၊ ထို အမဲရိုးကို ဆောလျင်စွာ ကောက်ယူ စားသောက်ခြင်း ပြု၏။ သို့သော်- ထို အမဲရိုးမှာ၊ နွားသတ်သမားဖြစ်သူက အသားမှန်သမျှကို အနည်းငယ် ကလေးမျှမကျန် ရှိရလေအောင်၊ကျွမ်းကျင်စွာ ခုတ်ထစ် လှီးဖြတ်၍ ယူထားလိုက်ပြီး ဖြစ်လေရကား....၊ ဆာလောင် မွတ်သိပ် လှစွာသော ခွေးသည် ထိုအမဲရိုးကို အားရဝမ်းသာ ကောက်ယူ စားသော် ငြားလည်း၊ တစုံတရာသော အသားကိုမျှ မစားရ၊ အရိုးတွင် စွန်းထင်နေသော သွေးစ သွေးန ကိုသာလျှင်- လျှာဖြင့် လျက်ရရုံ ရှိချေသည်သာတည်း....။

" အချင်း သူကြွယ်....၊ အစာ မစားရ သဖြင့် အ လွန် တ ရာ ပိန်ချုံးချိနဲ့နေသော ထို ခွေး သည်၊ အမဲရိုးမှ သွေးစ သွေးန

မျှ ကို လျက် ရ ခြင်း အားဖြင့်၊ ဆာ လောင် မွတ် သိပ် ခြင်း ပြေပျောက်နိုင်ပါအံ့လော၊ အားအင်ပြည့်ဖြိုးခြင်းလည်း ဖြစ်နိုင်ပါအံ့လော....”

“အရှင်ဂေါတမ....၊ ထိုခွေးသည် အဘယ်သို့မျှ ဆာလောင်မွတ်သိပ်ခြင်း မပြေပျောက်နိုင်ပါ၊ အားအင်လည်း မဖြစ်နိုင်ပါ၊ အကြောင်းမူကား– အမဲရိုး၌ သွေးဖြင့်သာ လိမ်းကျံနေအပ်ခြင်းကြောင့် ဖြစ်ပါသည်။ စင်စစ် မူကား - ခွေးသည် ထို အမဲရိုးကို ရအပ်ခြင်းမှာ၊ ပင်ပန်းဆင်းရဲရန် သက်သက်မျှသာ ဖြစ်ပါသည်”

“အချင်းသူကြွယ်....၊ လူမှုကိစ္စ- ကာမဂုဏ် စည်းစိမ်ဆိုသည်မှာလည်း၊ စင်စစ်- သို့ အတူ သာ ဖြစ်ပေ သည်။ ကာမဂုဏ်ဟူသည်- အသား စဉ်းငယ်မျှမရှိသော အရိုးနှင့်သာ တူကုန်၏။ များစွာ ဆင်းရဲ၏။ များစွာ ပင်ပန်း၏။ ငါ ဘုရား၏ တပည့်တို့သည်၊ ကာမဂုဏ် စည်းစိမ်နှင့် ပတ်သက်၍ ဤသို့သာ သိမြင် ဆင်ခြင်ကြကုန်၏။ ထို့ကြောင့်ပင်လျှင်- ထိုထို ကာမဂုဏ်မှုတို့ ချုပ်ငြိမ်းရာ - တရား သဘော၌ သာလျှင်၊ ဝင်စား ပွားများ နေအပ်ကြသည်ဖြစ်၏။

## သားတစ် ရလာအပ်သော ငှက်ကဲ့သို့

“အချင်းသူကြွယ်....၊ ကာမဂုဏ်မှု၌ နောက် ထပ် ဥပမာ ရှိသေးသည်ကား–ဤသို့တည်း။ လင်းတ သည်၎င်း၊ ဘုံမတီး ငှက်သည်၎င်း၊ စွန်ရဲသည်၎င်း၊ သားတစ်တခုကိုချီ၍ ပျံသွားအပ် သည့်အခါ အခြားသော ငှက်အပေါင်းတို့သည် ထို သား တစ် ချီလာအပ်သော ငှက်နောက်သို့ ဝိုင်းအုံပြီး လိုက်ကြကုန်၏။

စန်းမြင့်ထွန်း

"ထိုအခါ၌ သားတစ်ချီလာသောငှက်သည်၊ အကယ်တည့် သားတစ်ကို ကိုက်မြဲ တိုင်း ကိုက် ထား ချေသော်၊ သားတစ်ကို မစွန့်လွှတ်ချေသော်၊ နောက် မှ လိုက် လာ ကြ ကုန်သော ငှက် အပေါင်းတို့သည် သားတစ် ရယူမှုအတွက် ထိုငှက်ကို ထိုး ဆိတ် ချေမှု ပြု ကြ တော့မည်သာတည်း။ သားတစ် ချီလာအပ်သော ငှက်သည် ငှက်အပေါင်းတို့ ဝိုင်းအုံထိုးဆိတ်ခံရခြင်းကြောင့် မုချ သေကျေ ပျက်စီးရတော့မည်သာတည်း။

"အချင်းသူကြွယ်....၊ ကာမဂုဏ်မှုသည်လည်း ထို့အတူသာ ဖြစ်ပေသည်။ ရန်သူအပေါင်းတို့ ဝိုင်းအုံလုယက်ခြင်းခံရသော သားတစ်နှင့် တူ၏။ များစွာ ဆင်းရဲ၏။ များစွာ ပင်ပန်း၏။ အပြစ်တို့သည်သာလျှင် များလှစွာ၏။

"ထို့ကြောင့်ပင် ထိုထိုအပြစ်တို့ကို မြင်အပ်လေသော ငါဘုရား၏တပည့်သာဖြစ်သူတို့သည် လူမှုကိစ္စ - ကာမဂုဏ်မှုကို စွန့်ပယ်ကာ ငါဘုရားသာသနာတော်၌ ဆင်းရဲငြိမ်းကြောင်း နည်းလမ်းကောင်းတို့၌ ကျင့်ကြံအားထုတ်နေကြခြင်းပေတည်း။

"အချင်းသူကြွယ်....၊ ကာမဂုဏ်ကိုအမှီပြု၍ ရလာအပ်သော ဆင်းရဲပင်ပန်းခြင်းဟူသည်၊ ဤမျှ ဤသို့ သာ မ ဟုတ် သေး၊ နောက်ထပ်လည်းရှိချေသေး၏။ ဥပမာ အား ဖြင့် သော်ကား ဤသို့တည်း။

## မီးတောက်ကို ကိုင်မိသူကဲ့သို့

"အကြင်သူတစ်ဦးသည် တောက်လောင်နေသော ထင်းမီးစ တခုကိုကိုင်၍ လေဆန်အရပ်သို့သွားအပ်၏။ ထိုအခါ လေဆန်

စန်းမြင့်ထွန်း

အရပ်မှတိုးဝှေ့တိုက်ခိုက်သော လေအဟုန်ကြောင့်၊ မီးတောက် မီးလျှံသည် ကိုင်ထားသူဘက်သို့ ပြန်လည်လောင် ကျွမ်းအပ်၏။

“ အချင်းသူကြွယ်....၊ ထိုသူသည် မိမိလက်တွင်းမှထင်းမီးစကို မစွန့်ပစ်ချေသော် မီးလောင်ကျွမ်း ခံရခြင်းဖြင့် ကြီး စွာ သော ဆင်းရဲ မဖြစ်ရာသလော ”

“ မှန်ပါ....မီး လောင် ကျွမ်း ခံရခြင်းဖြင့် ဆင်းရဲ ပင် ပန်း ရ ပေါ့မည် ကေန်ဖြစ်ပါသည် အရှင်ဂေါတမ ”

“ မှန်ပေသည်သူကြွယ်....၊ မီးတောက်ကို ကိုင်ထားခြင်းဖြင့်၊ မီးလောင်ခံအပ်ရသကဲ့သို့ အကြင်လူမှုကိစ္စ ကာမဂုဏ်ချမ်းသာ ဆိုသည်မှာလည်း၊ လေဆန်အရပ်တွင် ပြင်း စွာ တောက်လောင် အပ်သော မီးတောက် မီးလျှံကဲ့သို့သာ ဖြစ်ပေသည်။ တွယ်တာ တပ်မက်လေ- ပင်ပန်းဆင်းရဲလေလေသာ ဖြစ်ပေသည်။

“ အချင်းသူကြွယ်....၊ ကာ မ ဂုဏ်မှုနှင့်ပတ်သက်၍ အခြား ဥပမာ တခုရှိသေးသည်မှာလည်း ဤသို့ ဖြစ်ပေသည်။

## မီးကျိုးတွင်းထဲ အချခံရသည်ကဲ့သို့

“ အကြင်သူ တယောက်သည် မိမိလိုရာ သွား အံ့ သော ငှာ လျှောက်လာ၏။ ထို အ ခါ အခြားသူနှစ်ယောက်တို့က ထို တယောက်တည်းသောသူအား၊ အတင်းအဓမ္မချုပ်ကိုင်ဆွဲငင်ကာ တခုသော တွင်းထဲသို့ တွန်းထိုးချကြ၏။ ထို တွင်းသည်ကား၊ မီးကျီးခဲများ အပြည့်အလျှံဖြစ်ရှိနေသော တွင်းပေတည်း။

စန်းမြင့်ထွန်း

"အချင်းသူကြွယ်....၊ ထိုအခါ၌ ချုပ်ကိုင်ဆွဲငင် ခံရသူသည် ထိုမီးကျီးထဲသို့ မကျရောက်ရစေရန် မိမိခွန်အားရှိသမျှ ရုန်းကန် ရှောင်တိမ်းခြင်း မပြုရာသလော...."

"မှန်ပါ....၊ အားရှိသမျှ ရုန်းကန်မည်သာဖြစ်ပါသည် အရှင် ဂေါတမ၊ အဘယ်ကြောင့်ဆိုသော် 'ငါသည် ထိုမီးကျီးတွင်း ထဲသို့ကျရောက်ခံရလျှင် မုချသေရတော့မည်' ဟူ၍ သိနေအပ် ခြင်းကြောင့် ဖြစ်ပါသည်"

"မှန်ပေသည် အချင်းသူကြွယ်....၊ ကာမဂုဏ်မှုနှင့် ပတ်သက်၍ ငါ၏တပည့်သားများ သိအပ်ကြသည်မှာလည်း ဤအတိုင်းပင် ဖြစ်ချေသည်"

"ကာမဂုဏ်ဟူသည် မီးကျီးတွင်းနှင့်တူ၏။ ကြောက်မက်ဖွယ် အတိဖြစ်၏။ များစွာဆင်းရဲခြင်း၊ များစွာပင်ပန်းခြင်း၊ လောင်မြိုက်ကျွမ်းမြေ့ခြင်း ဖြစ်အပ်၏။ ထို့ကြောင့် လည်း လူမှုကိစ္စကို စွန့်ပစ်ကာ ငါဘုရားသာသနာတော်ဘွင်းသို့ ရောက်ရှိလာကြခြင်း ပေတည်း။

"အချင်းသူကြွယ်....၊ ကာမဂုဏ်၏အပြစ်ဟူသည် ထို့ထက် မကလည်း များလှစွာသေး၏။ ဥပမာတို့သည်လည်း များစွာ ရှိချေသေး၏။

"အလုံးစုံ ခြုံလွှမ်းဆိုရသော်ကား- ငါဘုရား၏တပည့်ဖြစ်သူ တို့သည် ကာမဂုဏ်၏အပြစ်ကို ထိုသို့လျှင် အမျိုးမျိုး အနည်း နည်းဖြင့် သိကြကုန်၏။ မြင်အပ်ကြကုန်၏။ ဝေဖန်ပိုင်းခြား နိုင်ကြကုန်၏။

" ဤသို့ဝေဖန်ပိုင်းခြားနိုင်ခြင်းကြောင့်လည်း၊ ကာမဂုဏ်မှုတို့ ချုပ်ငြိမ်းရာ ဥပေက္ခာတရားကို ကောင်းစွာ ပွားများအပ်သည် ရှိသော်၊ တည် ကြည် စွာ အား ထုတ် အပ်သည်ရှိသော်၊ သတိ တရား၏ စင် ကြယ် ခြင်း ဖြစ် အပ်၏။ ထို- သတိစင်ကြယ်ခြင်း ကြောင့်ပင် ရှေးက နေခဲ့ဘူး - ဖြစ်ခဲ့ဘူးသော များပြားလှသည့် ခန္ဓာအစဉ်ကို အောက်မေ့သိမြင်နိုင်၏။ အမည်နှင့်တကွ ရင်း၊ အမျိုးအနွယ်နှင့်တကွရင်း၊ အလုပ်အကိုင် အ သက် မွေး မှု နှင့် တကွရင်း၊ ကောင်းစွာ သိမြင် ဆင်ခြင်နိုင်ကြ၏။

" သတိစင်ကြယ်ခြင်းကြောင့် ရအပ်သော လူတို့၏မျက်စိကို လွန်အပ်သော၊ နတ်တို့၏ မျက် စိ နှင့် တူ စွာ သော ဒိ ဗ္ဗ စ က္ခု ညာဏ်ဖြင့်၊ သ တ္တ ဝါ အ ပေါင်း တို့ ကို မြင်အပ်၏။ စုတေဆဲ သတ္တဝါတို့ကိုရင်း၊ ပ ဋိ သ န္ဓေ နေ ဆဲ သ တ္တ ဝါ တို့ ကို ရင်း၊ ယုတ်သောသတ္တဝါ - မြတ် သော သ တ္တ ဝါ စ သည် တို့ ကိုရင်း၊ ကောင်းစွာ သိမြင်အပ်ကုန်၏။

" အချင်းသူကြွယ်....၊ ငါ ဘု ရား၏ တပည့်သားသည်၊ ဤ အတုမဲ့သော ဥပေက္ခာကြောင့်ဖြစ်သော သ တိ ၏ စင် ကြယ် ခြင်းကြောင့်၊ အာ သ ဝေ ါ တရားတို့ ကုန် ဆုံး လွတ်မြောက်ရာ (အရဟတ္တဖိုလ်)ပညာကို ယ ခု မျက် မှောက် ဘ ဝ ၌ ပင် လျှင် ကိုယ်တိုင် ထူးသောညာဏ်ဖြင့် သိအပ် ခံစားအပ်၏။

" ဤသို့ သိအပ်ခံစားအပ်ခြင်းသည်ပင်လျှင် ခပ်သိမ်းသော လူမှုကိစ္စ - ကာမဂုဏ်တို့ ချုပ်ငြိမ်းပြတ်စဲရာ ဖြစ်ပေတော့သည်။

## ဖြတ်တောက်ပုံချင်း တူညီသလော

" အချင်းသူကြွယ်....၊ လူမှုကိစ္စ လူ့ အသုံးအနှုန်းဖြတ်တောက် ပယ်စွန့်ခြင်းနှင့်ပတ်သက်၍ ငါဘုရား ဆုံးမအပ်သည် များကို ယခုကဲ့သို့ ဟောကြားခဲ့ရာ၌၊ သင်- အဘယ်သို့ သိနား လည် အပ်သနည်း။ ငါဘုရား၏ သာသနာတော်၌ ငါ့တပည့်သားတို့ သိမြင်ဆင်ခြင်အပ်သည်များနှင့်၊ သင် သိမြင်သည်နှင့် တူ ညီပါ သလော၊ သင်၏လူမှုကိစ္စဖြတ်တောက်ခြင်းနှင့် ငါ့တပည့်သားတို့ ဖြတ်တောက်ပုံသည်၊ တူညီမျှတခြင်း ရှိပါသလော...."

မြတ်စွာဘုရားက ဤကဲ့သို့ နိဂုံးချုပ် မိန့်ဆိုအပ်သော အခါ ပေါတလိယ သူကြွယ်သည် တုန် လှုပ် ချောက်ချားသော အမူ အရာဖြင့် သို့လျှင် ပြန်လည် လျှောက်ထားအပ်ပေ၏။

" အရှင်ဘုရား....၊ တပည့်တော်သိမြင်ပုံမှာ မြတ်စွာဘုရား၏ တပည့်သားများ သိမြင်ပုံနှင့်တူညီရန် အပထား၍ များစွာမှပင် ဝေးကွာ ခြားနားလှပါသည်။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် ရှေးအခါက ဆိုလျှင်၊ အယူတမျိုးရှိကုန်သော ပရိဗိုဇ်တို့အား၊ မသိသူ များ ဖြစ်လျက်၊ သိသူများဟူ၍ ထင်မှတ် မိခဲ့ပါ၏။ သိသူများကို သာ ကျွေးမွေးထိုက်သော ဘောဇဉ်အစာအဟာရကိုလည်း ထို မသိသူ များအား ကျွေးမွေးမိခဲ့ပါ၏။

" အရှင်မြတ်စွာဘုရား၏ တပည့်ရဟန်းတို့ကိုကား သိသူများ ဖြစ်လျက် မသိသူများဟု ထင်မှတ်မိခဲ့ပါ၏။

စန်းမြင့်ထွန်း

“ အရှင်မြတ်စွာဘုရား ...၊ အရှင်မြတ်စွာ ဘုရားသည် အကျွန်ုပ်အားရဟန်းတို့ကို ရဟန်းအဖြစ်ဖြင့် ချစ်တတ်စေရန်၎င်း၊ ကြည်ညိုတတ်စေရန်၎င်း၊ ရိုသေတတ်စေရန်၎င်း၊ သိနားလည် စေတော်မူအပ်ပါပေ၏။ ထို့ကြောင့်လည်း ယခုအခါ၌ကား တပည့်တော်သည် မသိသူများကို မသိသူအရာ၌ထား၍ သိသူများကို သိသူအရာ၌ ထားပါတော့အံ့။ သိသူများဖြစ်၍ သိသူများအား ကျွေးမွေးထိုက်သောဘောဇဉ်တို့ကိုလည်း ကျွေးမွေး (လှူဒါန်း) ပါတော့အံ့။

“ အရှင်မြတ်ဘုရား....၊ အရှင်ဘုရား၏ တရားတော်သည်၊ အလွန်နှစ်သက်ဖွယ်ဖြစ်ပါပေ၏။ အလွန်နှစ်သက်ဖွယ် ဖြစ်ပါ ပေ၏။ ဥပမာအား ဖြင့် သော်ကား- မှောက်ထားသော အရာဝတ္ထုကို လှန်ပြလိုက်ဘိသကဲ့သို့၎င်း၊ ဖုံးလွှမ်းထားသောအရာဝတ္ထုကို ဖွင့်လှစ်ပြလိုက်ဘိသကဲ့သို့၎င်း၊ မျက်စိ လည်နေသူအား လမ်းမှန်ကို ပြောကြားပြသလိုက်ဘိ သကဲ့သို့၎င်း၊ အမိုက်တိုက်၌ဆီမီး အရာအထောင်တို့ကို ထွန်းလိုက်ဘိသကဲ့သို့ ၎င်း ဖြစ်ပါပေ၏။

“ အရှင်မြတ်စွာဘုရား....၊ အရှင်မြတ်စွာဘုရားသည် တပည့်တော်အား အမှန် တရားကို သိစိမ့်သောငှာ - အကြောင်း အမျိုးမျိုးဖြင့် ညွှန်ကြားပြသတော်မူအပ်ပါပေ၏။ တပည့်တော်သည်- ယနေ့မှအစပြု၍ အရှင်မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း- ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်

ပါ၏။ သံဃာတော်ကိုလည်း- ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

"အရှင် မြတ်စွာဘုရားသည်၊ တပည့်တော်အား ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်အပ်သော 'ဥပါသကာ – ဒါယကာ' ဟူ၍၊ ယူမှတ်တော်မူပါဘုရား.... "

ဤကား - ပေါတလိယ သုတ်လာ၊ ဗုဒ္ဓ မြတ်စွာ ဘုရား၏ ဟောကြားဆုံးမမှု အကျဉ်းချုပ် ဖြစ်သည်။ သိလွယ်စေရန် အတွက်- ဥပမာ အနည်းငယ်ကိုသာ ကောက်နုတ် တင်ပြထားသည်။ ရှေ့ရှု ရည်ရွယ်ရင်း မှာကား- လူသား (ပုထုဇဉ်) တဦး အသိနှင့် ဗုဒ္ဓ မြတ်စွာဘုရား အသိအလေး အနက် ကွဲပြားကွာခြားအပ်ပုံ ဖြစ်ပေသည်။

ပေါတလိယ သူကြွယ်သည်၊ သူ့ကိုယ်သူ လူမှုကိစ္စ အားလုံး (သံယောဇဉ် အနှောင်အဖွဲ့) ပြတ်တောက်နေပြီ၊ ဖြတ်တောက်နိုင်ပြီ အထင်ကြောင့်၊ ဗုဒ္ဓ မြတ်စွာဘုရားက သူကြွယ်ဟုခေါ်သည်ကိုပင် မနှစ်သက် မကျေနပ်နိုင် ရှိနေသည်။

သို့သော်- မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူအပ်သော အခါတွင်ကား၊ သူ့ အယူအဆ သူ့ယုံကြည်မှုမှာ၊ ဘုရားရှင်၏ အဆုံးအမနှင့် မည်သို့မျှ မယှဉ်သာအောင် ဝေးကွာ ခြားနား နေသည်။ နားလည်မှုချင်း၊ အသိချင်း ဆက်စပ်မရနိုင်လောက် အောင်ပင် ရှိနေခဲ့သည်။

ပန်းမြင့်ထွန်း

ဤသည်ပင်လျှင်၊ ဘ၀များစွာ သံသရာအဆက်ဆက် ပါရမီတော်များ ဖြည့်ကျင့် ဆည်းပူးလာခဲ့ရသော ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ကောင်းစွာ သိသာနိုင်စေခြင်းဖြစ်ပေသည်။

မြတ်စွာဘုရားသည်၊ သက်တော် ထင်ရှား ရှိစဉ် အခိုက် ဤကဲ့သို့သော ပြဿနာပေါင်း များ စွာ ကို အ ကြောင်း အားလျော်စွာ ဖြေဆိုတော် မူခဲ့သည်။ ဟောကြား ညွှန်ပြတော် မူခဲ့သည်။ ထိုထို ပြဿနာများ အနက် အာဠာ၀က ဘီလူး မေး လျှောက် အပ် သော ပြဿနာ မှာ လည်း၊ အ ထူး သ ဖြင့် လေးမြတ်လိုက်နာဘွယ်သာ ဖြစ်ပေ၏။

စန်းမြင့်ထွန်း

# အာဠဝကနှင့် ဗုဒ္ဓမြတ်စွာဘုရား

အခါတပါး၌၊ ဗုဒ္ဓမြတ်စွာ ဘုရားသည်၊ အာဠဝီ ပြည်တွင် ဝါဆိုတော်မူ၏။ ထိုအခါ- ကျွတ်ထိုက်သော သတ္တဝါတို့ကို သဗ္ဗညုတဉာဏ်ဖြင့် ရှုကြည့်သော်၊ အာဠဝက မင်းသားငယ်နှင့် အာဠဝကဘီလူး၊ ထို့နောက်- ရှစ်သောင်း လေးထောင်သော ပရိသတ်တို့ကို သိမြင်တော်မူ၏။

သို့ဖြင့်· လကွယ်နေ့ ညချမ်းအချိန်ဝယ်၊ တကိုယ်တော်တည်း ပင်လျှင် အာဠဝကဘီလူးစံရာ ယူဇနာသုံးဆယ်ကွာဝေးသော အရပ်သို့ ကြွရောက်လာခဲ့၏။ ထိုအချိန်ကား အာဠဝက ဘီလူးသည်၊ နတ်တို့၏ အစည်း အဝေးသို့ သွားရောက် နေသဖြင့် မိမိ ဗိမာန်တွင် မရှိခိုက်ဖြစ်၏။

မြတ်စွာဘုရားက တံခါးစောင့် ဘီလူး 'ဂဒြဘ'ကို၊ အာဠဝက၏ ဗိမာန်၌ တညမျှ တည်းခိုခွင့် တောင်းသော အခါ၊ ဂဒြဘ ဘီလူးက— "အရှင်ဘုရား....၊ အကျွန်ုပ် အဖို့မူ တည်းခို ခွင့်ပြုရန် ဝန်မလေးပါ၊ သို့သော်- အာဠဝကဘီလူးသည်ကား၊ လွန်စွာ ခက်ထန် ကြမ်းကြုတ် လှပါသည်။ ရဘနာ သုံးပါး၏

ဂုဏ်ကျေးဇူးကိုလည်း မသိတတ်ပါ၊ အရှင်ဘုရားတွင် အန္တရာယ် များလှပါသည်၊ မတည်းခိုချင်ပါလင့်....” ဆိုပေ၏။

မြတ်စွာဘုရားက “ ဂဒြဘ၊ ဤ အ တွက် မ စိုး ရိမ် လင့်၊ အာဠဝကကြောင့်- ငါမည်သို့မျှ အန္တရာယ် မဖြစ်နိုင်ပြီ၊ သင် ဝန်မလေးပါမူ တညမျှ တည်းပါရစေ....” ဆို၏။

နောက်ဆုံး၌– “အရှင်မြတ်စွာဘုရား....အကျွန်ုပ် အဖို့ကား ဝန်မလေးပါ၊ သို့သော်- အကျွန်ုပ်သဘောဖြင့်တည်းခိုခွင့် ပြုချေ သော်၊ အာဠဝကသည် အကျွန်ုပ်အား သတ်ကောင်း သတ်ပါ လိမ့်မည်။ ထို့ကြောင့်- အာဠဝကထံလိုက်၍အကြောင်းကြား အသိပေးပါရစေ....” ဆိုပေ၏။

“ ကောင်းပြီ ဂဒြဘ....၊ ဤ သို့ ဆို လျှင် သင် လိုက် ၍ အကြောင်းကြားချေလော့....”

မြတ်စွာဘုရားသည် ဂဒြဘကို- ဤသို့ဆိုတော်မူပြီးနောက်၊ အာဠဝက ဗိမာန်တွင်းသို့ ဝင်ရောက်လျက်၊ ရဟန္တာ ခုနစ်ပါး အတိပြီးသော ရာဇပလ္လင်ထက်တွင် စံနေတော်မူအပ်၏။ နောက်- တခဲနက် ရွှေသော ရောင်ခြည်တော်ကို ဖြစ်စေ၏။

ထိုအခါ၊ အာဠဝက ဘီလူး၏ မောင်းမ မိဿံ တို့သည်- ဘုရားရှင် အထံတော်သို့ လာရောက်၍ ရိုသေစွာ ရှိခိုးကြကုန်၏။ မြတ်စွာဘုရားကလည်း ထိုမောင်းမ မိဿံတို့အား–

“ သင်တို့ကား– ရှေးရှေးသော ဘဝက ဒါန- သီလ- ဘာဝ နာကို လွန်စွာ ဆည်းပူး၍ ပူ ဇော် ထိုက် သော သူ ကို ပူဇော်ဘူး သောကြောင့်၊ ယခုကဲ့သို့ ထူးမြတ်သော နတ်တို့၏ စည်းစိမ်ကို ရအပ်ခြင်း ဖြစ်ပေသည်။

နေမြင့်ထွန်း

“သူတပါးအား ချစ်ခင်ခြင်း၊ သနားခြင်း ကြောင့်လည်း အဆင်းအရောင် လှပရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် - ယခု ဘဝ၌လည်း၊ ကုသိုလ်ကောင်းမှုကို ပြုစု အားထုတ် ကြကုန်၊ သူတပါးတို့အပေါ်၌ငြူစူခြင်း၊ ဝန်တိုခြင်း၊ထိပါးနှိပ်စက်ခြင်း၊ ချုတ်ချယ်ခြင်းမပြု ကြကုန်လင့်....” စသည် ဖြင့်၊ သင့်တင့် လျောက်ပတ်ရာ တရားကို ဟောကြား ဆုံးမတော်မူပေ၏။

## အာဠဝကဏ် မာန်မာန

ထိုအချိန်၌ တံခါးစောင့် ဂဒြဘ က အာဠဝကအား ဗိမာန်၌ မြတ်စွာဘုရား ရောက်ရှိနေကြောင်း သိစေသောအခါ– “အချင်း ဂဒြဘ၊ ငါကဲ့သို့သော သူ၏ဗိမာန်ကို မရှို မလေးစား ဘုရားဆိုသူ ဝင်၍နေခြင်းသည်၊ ကြား၍မျှ မတင့် တယ်၊ ရှက်ဖွယ်ရှိလှသည် တကား....၊ သင် - ဆိတ်ဆိတ်သာနေ၊ သူမသိစေလင့်၊ သည်အမှု၌ ပြုခွင့်ရှိသမျှကို ငါပြုမည် ” ဆို၏။

တံခါးစောင့် ဂဒြဘနှင့် အာဠဝကတို့ ထိုကဲ့သို့ ပြောဆိုနေ ကြစဉ်မှာပင်၊ သာတာဂိရိနှင့် ဟေမဝတ နတ်မင်း တို့ သည် လည်း၊ အာဠဝကနည်းတူ နတ်သဘင် ရှိရာသို့ ကောင်းကင် ခရီးဖြင့် လာခဲ့ကြ၏။ သို့သော် - အာဠဝက ဗိမာန် အစပ်သို့ ရောက်မိသည့်အခါ၌ကား၊ မြတ်စွာဘုရား ရှိနေအပ်ခြင်းကြောင့် ထိုဗိမာန်ကို ကျော်လွှား၍ မသွားနိုင်ဘဲ၊ မြေပြင်ထက်သို့ ရုတ်တ ရက် ကျရောက်ကြရကုန်၏။

မဖြစ်စဖူး ထူးဆန်းလှသည်ကို စုံစမ်း အပ်ခြင်းဖြင့်၊ အာဠဝ ကဏ် ဗိမာန်တွင်း၌ မြတ်စွာ ဘုရား ရောက်ရှိ သိတင်း သုံး

နေသည်ကို သိရသော အခါ၊ နတ်မင်း နှစ်ဦး တို့သည် မြတ်စွာ ဘုရားကို ဝမ်းမြောက်ဝမ်းသာ ဝင်ရောက် ရှိခိုးကြကုန်၏။

ထိုနောက် မြတ်စွာဘုရားအား နတ်သဘင် ရှိ၍ သွားရဦး မည့်အကြောင်း လျှောက်ထားကာ၊ နတ်သဘင်ရှိရာ ဟိမဝန္တာ သို့ ဆက်လက် ထွက်လာခဲ့ကြ၏။

အာဠဝက ဘီလူး ကိုလည်း – "အဆွေ အာဠဝက....၊ သင်ကား အရတော်ပေစွ၊ မြတ်စွာဘုရားသခင်သည် ယခုအခါ သင်၏ ဗိမာန်၌ စံနေတော် မူလျက် ရှိ၏။ သင် မြန်စွာ သွား၍ ညွှတ်တွားပျပ်ဝပ် ဆည်းကပ် ပူဇော် လေလော့...."ဟု ဆိုကြ ကုန်၏။

အာဠဝက မူကား၊ ထို စကား အတွက် ဝမ်း မြောက်ရန် ဝေးစွ၊ အမျက်ဒေါသ ခြောင်းခြောင်းထလျက်–"မရည်မငံ ငါ့ဗိမာန်တွင် ဝင်၍ နေသော ဘုရား ဟူသည်ကား အဘယ် သို့သောသူနည်း၊သတ်မည် စားမည်၊ ထွားထွား ကြေစေ့မည် " ဟူ၍သာလျှင် ကြုံးဝါးအပ်ချေ၏။

သာတာဂိရိနှင့် ဟေမဝတ နတ်မင်း-တို့က မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် တန်ခိုးတော်အကြောင်းကို ကောင်းစွာ ရှင်းလင်း ပြောပြ အပ်သော်လည်း၊ အာဠဝကသည် ထို စကားများကို စဉ်းငယ်မျှ လက်မခံ၊ ပြင်း ထန် စွာ သော အမျက် ဒေါသဖြင့် သာလျှင်– " သင်တို့ ဆရာ ဂေါ တ မ ရ ဟန်း နှင့်၊ ငါ့အစွမ်း အားသည် မည်သူကတန်ခိုးသာမသာကြည့်ရှုကာနေ့ကြကုန် "ဟု ကြုံးဝါးလျက်၊ အလျား အ စောက် ယူ ဇ နာ ခြောက် ဆယ်

စန်းမြင့်ထွန်း

ရှိသော 'ကောလာသဘ' တောင်ထွဋ်ကို လက်ျာခြေဖြင့်ပြင်းထန်စွာ နင်းလိုက်ဘိ၏။

ထိုအခါ၊ ကေလာသဘ တောင် ထွဋ် သည် ရုတ် တ ရက် ချက်ခြင်းပင်လျှင် အချပ်ချပ်အလွှာလွှာ ကွာကျကုန်၏။ ဤသို့ ဖြင့်လျှင် အာဠဝက ဘီလူးသည်၊ လေ မုန် တိုင်း၊ ရေ အ ယဉ်၊ လက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ ညွန်ပြောင်းမိုးတို့ကို အဆင့်ဆင့် ဖြစ်စေ၏။

သို့သော် ထိုအန္တရာယ် အသီးသီးတို့သည် မြတ်စွာဘုရားကို မည်သို့မျှ မထိပါး နိုင်ချေ။ နောက် ဆုံး ဘွဲ့ဖြူ လက် နက် ဖြင့် ပစ်လွှတ်သည့်တိုင်အောင်လည်း၊ ဘုရားရှင်တွင် မည်သို့မျှ မထိ ပါးနိုင်သောအခါ၊ အာဠဝကသည်– "ရဟန်းဂေါတမသည် အဘယ့်ကြောင့် ဤသို့ ရှိရလေသနည်း...." ဟု စဉ်းစားဆင်ခြင် ကြည့်၏။

ထိုအခါ၊ မြတ်စွာဘုရား၏ မေတ္တာတရား ပွားများနေတော်မူခြင်း အဖြစ်ကို သိအပ်၏။ သို့အတွက် ထို မေတ္တာသဘောကို ပျက်စေအံ့ အကြံဖြင့်–

"ရှင်ဂေါတမ....၊ ငါ အခွင့်မပြုဘဲ ငါ့ ဗိမာန်သို့ အဘယ် ကြောင့် ဝင်ရောက်နေဘိသနည်း၊ အရှင် ခွင့်မပြုသော ဗိမာန် တွင်း၌ နေခြင်းသည်လည်းကောင်း၊ မိန်းမတို့နှင့် ရောယှက်ခြင်း သည် လည်းကောင်း၊ ရဟန်းတို့နှင့် လျော်ကန်ပါ သလော....၊ သင်သည် မိမိကိုယ် မိမိ သူတော်ကောင်းဟု ဝန်ခံထားပါလျက်၊ အဘယ့်ကြောင့် - မလျော်ရာသို့ ဝင်ရောက် နေဘိသနည်း၊ ယခု ချက်ခြင်း လျင်စွာထွက်လော့...." ဆို၏။

စန်းမြင့်ထွန်း

မြတ်စွာဘုရားလည်း အကြောင်းအကျိုးကို သိမြင် ဆင်ခြင်မိသော အားဖြင့်၊ အာဠဝက ဆိုတိုင်းပင် ဗိမာန် အပြင်သို့ ထွက်အပ်ပေ၏။ နောက် ဗိမာန်တွင်းသို့ ပြန်ဝင်ခိုင်းသည်တွင်လည်း ကောင်းစွာပင် ပြန်ဝင်အပ်ပေ၏။

နောက်တကြိမ် ပြန်ထွက်ခိုင်းသောအခါတွင်လည်း၊ မြတ်စွာဘုရားသည် အာဠဝက ဆိုတိုင်းပင်၊ ဆောလျင်စွာ ထွက်အပ်ပေ၏။ နောက်ဆုံး ထွက်ခိုင်းသော အခါတွင်ကား– "ငါ မထွက်လိုပြီ" ဆိုတော်မူ၏။

အာဠဝကက မေးမြန်းသော အခါ– "အသင် အာဠဝက....၊ ယခုတကြိမ် ထွက်ခဲ့လျှင်၊ အသင်သည် ငါ့ခြေနှစ်ဖက်ကို ကိုင်၍ မြစ်တဖက်သို့ ပစ်အံ့ကြံသော ကြောင့်၊ ငါ မထွက်ခြင်း ဖြစ်သည်" ဆိုပေ၏။

အာဠဝကသည်၊ ထိုအခါ၌ "ဤရဟန်းကား တန်ခိုးကြီးမားရုံသာမက၊ ငါ့စိတ်အကြံကိုလည်း သိနိုင်ပေသည်။ ထိုသို့ ပညာရှိသော သူမြတ်ကို ပြဿနာ မေးရသော် ကောင်း၏။ အကယ်တည့် ပြဿနာ မဖြေနိုင်ကာမူ၊ စိတ်ချောက်ချားအောင် သော်လည်း ပြုအံ့၊ သူ့အရှက်ကို သော်လည်း ခွဲအံ့၊ သမုဒ္ဒရာသို့ သော်လည်း ပစ်အံ့...."ဟု ကြံစည်၏။

မြတ်စွာဘုရားကလည်း ထိုအကြံကိုသိ၏။ သို့ဖြင့် သဗ္ဗညုတဉာဏ်တော်၏ အခြင်းအရာကို ပြတော်မူခြင်းငှာ–

"အချင်းအာဠဝက....၊ နတ်ဗြဟ္မာနှင့်တကွသော လောကသုံးပါးတွင်၊ ငါဘုရားအား ထိပါး နှိပ်စက်လျက်၊ စိတ်တော်ကို ပျံ့လွင့်အောင်သော်လည်းကောင်း၊ နှလုံးတော်ကို ကွဲစေအောင်

နေးမြင့်ထွန်း

သော်လည်းကောင်း၊ ငါဘုရား၏ ခြေအစုံကို ကိုင်၍ ပစ်လွှင့်နိုင်မည့် သူကိုသော်လည်းကောင်း၊ တစုံတယောက်ကိုမျှ ငါ မမြင်ပြီ။ သင် မေး လိုသမျှ သော ပြဿနာကို လျင်စွာသာ မေးလော....” ဆိုတော်မူ၏။

ထိုအခါ၊ အာဠဝကဘီလူးသည်–

## အာဠဝကဘီလူး၏ အမေးပြဿနာ

“ရဟန်းဂေါတမ....၊ လောကသုံးပါး၌ယောကျ်ား မိန်းမ ဟူသမျှတို့၏ မြတ်လှဥစ္စာ ရတနာကား အဘယ်နည်း၊ လေ့ ကျက် ခြင်း တကာဝယ် - အဘယ် အလေ့အကျက်သည်၊ ချမ်းသာကို ဆောင်ပါသနည်း၊ အရသာတို့တွင် အဘယ် အရသာ ကို သာ လွန် ကောင်း မြတ်သည်ဟု ဆိုအပ်ပါသနည်း၊ အသက်မွေးခြင်း မှန်သမျှတွင် အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သည် ဆိုအပ်ပါသနည်း....”ဟု မေး၏။

ဤပြဿနာကို - အာဠဝက ရအပ်သည်ကား၊ မိဘနှစ်ပါး ထံမှ တဆင့် ရအပ်ခြင်း ဖြစ်လေသည်။ ကဿပ မြတ်စွာဘုရား လက်ထက် တော်၌၊ အာဠဝက၏ မိဘ - နတ်ဘီလူးတို့သည် ဘုရားရှင် ထံတွင် ဆည်းကပ် လုပ်ကျွေးရင်း၊ ဤပြဿနာကို အဖြေနှင့် တကွ သင်ကြားခဲ့ကြ၏။ သားဖြစ်သူ - အာဠဝက ကိုလည်း ငယ်စဉ်ကပင် သင်ကြားပေးခဲ့၏။ သို့သော် အာဠဝက သည် ကာလကြာမြင့်သည်တွင် အဖြေကို မေ့လျော့ သွားသဖြင့် မေးစဉ် ပုစ္ဆာမျှကိုသာ ရေးမှတ်ထားရလေသည်။

စန်းမြင့်ထွန်း

မြတ်စွာဘုရား သခင်လည်း - ကဿပ ဘုရားရှင်နည်းတူပင် ဤသို့ ဖြေတော်မူအပ်ပေ၏။

## ဗုဒ္ဓမြတ်စွာဘုရား၏ အဖြေ

"အချင်း အာဠာဝက ဘီလူး၊ ဤလူ့ ရွာ၌ ယောကျ်ား မိန်းမ စသည် များစွာ သတ္တဝါ၏ ရတနာ သုံးပါးဂုဏ်၌ မတုန်မလှုပ် စုပ်စုပ် သက်ဝင် ခင်မင် ကြည်ညိုခြင်းသည် လောကီ လောကုတ္တရာ - ချမ်းသာပေးတတ် - အလွန်မြတ်သော ဥစ္စာပင်တည်း။ ကောင်းမွန်လှစွာ လေ့လာကျင့်သုံး အပ်သော၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးသည်၊ လူ့ပြည်နတ်ရွာ နိရောဓာဟု - ချမ်း သာ သုံးပါး ကို မချွတ် နိုင် အောင် - ရွက် ဆောင် ပေ၏။ မှန်ကန်ဖြောင့်မတ်သော စကား သည် ၊ စင်စစ်အားဖြင့် ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် - ခြောက်ဖြာ အရသာတို့တွင်၊ အရသာတို့ထက်၊ အလွန် ကောင်းမြတ်သော အရသာမည်၏။ အသက်မွေးခြင်း တကာတို့တွင်၊ ပညာတို့ဖြင့် အသက်မွေးခြင်းကို မြတ်၏ ဟူ၍၊ လိမ္မာကုန်သော ပညာရှိတို့သည် - ဆိုကုန်၏"

အာဠာဝကသည် - ထိုအခါ၌ မြတ်စွာဘုရား၏ အဖြေ အတွက် - အလွန်ဝမ်းမြောက်လှသည် ဖြစ်၍၊ ကျန်ပြဿနာတရပ် ကိုလည်း - ဤသို့လျှင် ထပ်မံ မေးမြန်းပြန်၏။

စန်းမြင့်ထွန်း

## သံသရာမှ - လွန်မြောက်ခြင်း

"အရှင်ဂေါတမ....၊ အဘယ်သို့သော အကြောင်းဖြင့် သံသရာတည်းဟူသော ဝဲသြဃကို ကူးမြောက်နိုင်ပါအံ့နည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် ဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။ အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာလွတ်နိုင်ပါအံ့နည်း၊ အဘယ်ရေအေးဖြင့် ကိလေသာ ဟူသော အညစ်အကြေးကို ဆေးကြော သန့်စင် နိုင်ပါအံ့နည်း...."

## မြတ်စွာဘုရား - အဖြေ

"အချင်း အာဠဝက၊ သံသရာတည်းဟူသော ဝဲသြဃကို သဒ္ဓါတရားဖြင့် ကူးမြောက်နိုင်၏။ သမုဒ္ဒရာ ပမာ ထက်ကဲ ဝဋ်ဆင်းရဲကို၊ ကုသိုလ်ပြုပြု၊ ကောင်းမှုပျော်မွေ့၊ မမေ့မလျော့ ခြင်းဖြင့် လွန်မြောက်နိုင်၏။ ဇာတိ - ဇရာ၊ ဗျာဓိ - မရဏ၊ စသည်သောင်းသောင်း ဆင်းရဲပေါင်းကို ပါရမီဆယ်ပါး တရားဝီရိယ မြတ်ခမ္မနှင့် နိစ္စကြိုးကုတ် အားထုတ်ခြင်း ဖြင့် လွန်စေနိုင်၏။ ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားဖြင့် ကိလေသာမှုမှေး-ညစ်အကြေးမှ ကင်ဝေးစင်ကြယ် နိုင်ပေ၏"

ဗုဒ္ဓမြတ်စွာဘုရားက ဤသို့ဖြေတော်မူအပ်သော အခါ၌ကား၊ အာဠဝက ဘီလူးသည် နောက်နောက်က ပါရမီခံရှိခဲ့ပြီးသူ ဖြစ်ရကား....၊ တဆယ့် ခြောက်ပါးသော ယုံမှားခြင်းတို့ ကင်းကွာလျက်၊ သောတာပတ္တိ ဖိုလ်၌ တည်လေ၏။ သောတာပန် ဖြစ်လေ၏။

စိန်မြင့်ထွန်း

သို့ - သောတာပန် တည်ပြီးသည့်အခါ ပညာနှင့်ပတ်သက်သော ပြဿနာတရပ်ကို မိမိဉာဏ်အားဖြင့် ကြံ၍ ဤသို့တဖန် မေးအပ်ပြန်ပေ၏။

" အရှင်မြတ်စွာဘုရား....၊ အဘယ် သို့သော အကြောင်းအားဖြင့် ထူးခြားသောပညာကို ရရာပါသနည်း၊ အဘယ်အရေးဖြင့် အသက်မွေးကြောင်း ဥစ္စာကို ရရာပါသနည်း၊ အဘယ်သဘောဖြင့် ကောင်းသောသတင်း ကျော်စောခြင်းသို့ ရောက်ပါသနည်း၊ မိတ်ဆွေကောင်းတို့ကို အဘယ်သို့ ပြုအပ်ပါသနည်း၊ မျက်မှောက်ဘဝ ဤလောကမှ တမလွန်ဘဝ သွားရသောအခါဝယ်၊ အဘယ်အမှုမျိုးဖြင့် စိုးရိမ်ခြင်း - ကင်းရာပါသနည်း...."

## ဗုဒ္ဓမြတ်စွာ - အဖြေ

" ချစ်သား အာဠဝက၊ ပူဇော်ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါသာဝကတို့သည် ဟောပြအပ်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားကို ယုံမှားမရှိ ပကတိသော သဒ္ဓါကြည်ညိုခြင်းဖြင့် လွန်စွာ ယုံကြည်သည်ဖြစ်၍၊ နှစ်နှစ်သက်သက်စုံမက်မြတ်နိုးစွာ မှတ်နာ ကျင့်ဆောင် လေ့ ရှိခြင်းသည်ရင်း၊ မမေ့မလျော့ မပေါ့သော သတိရှိခြင်းသည်ရင်း၊ စုံစမ်းတိုင်းထွာ စာနာကြံစည်လေ့ ရှိခြင်းသည်ရင်း၊ ဤအကြောင်းသုံးပါးဖြင့် ထူးပြားသော ပညာကို ရရာသိသတည်း "

" သင့်တင့် ကောင်းမြတ်သော အခါ၌၊ ကောင်းမြတ်လှစွာသော မိတ်ဆွေနှင့် ပေါင်းလျက်၊ ကောင်းမြတ်သော အမှုကို ဂရုကထ လုံ့ လ ပြု လေ့ ရှိ သော သူသည်၊ လော ကီ ဥ စ္စာ၊

လောကုတ္တရာဥစ္စာ၊ ဤနှစ်ဖြာကို ရရာသော အကြောင်းဖြစ်၏။ ရှေးဆိုနောက်ချက် ယှင်းကွက်မရှိ ပကာတိ ဟုတ်မှန်သော သစ္စာ စကားကို ဆိုခြင်းသည်၊ ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်၏။ မိမိစီးပွား သူတပါးစီးပွား၌ လိုလားမျှတ ဝေငှ ပေးကမ်းခြင်းသည်၊ မှီတင်း ကိုးစားရာ ဖြစ်သော အဆွေခင်ပွန်း ကောင်းကို ရကြောင်း ကေန် အမှန်ဖြစ်၏။

“အကြင်သူအား ဖြောင့်သား ဟုတ်မှန်စွာသော သစ္စာတရား အပါယ်လားမှု ဒုစရိုက်မှ ရှောင်ကြဉ်လျက်၊ နိစ္စ ကြိုး ကုတ် အားထုတ်အပ်သော ပုညကိရိယာ ဓမ္မာဆယ်ပါး စီးပွားနှစ်ဖြာ ထိုအရာ၌၊ လွန်စွာ ဆည်း ပူးအပ်သော ဓိတိတရား၊ သူ့အား စွန့်ကြဲ ဝေခွဲပေးကမ်းခြင်း ဟူသော စာဂတရား၊ ဤလေးပါးကို ပွားများစေသည် ဖြစ်အံ့၊ ထို သ သူ အား လူ၏ ဘောင်ဘွင် အိမ်ထောင် ရာထား သားမယားနှင့် ပျော်ပါး၍ နေသည်ပင် ဖြစ်သော်လည်း၊ စင်စစ် တမလွန်ရွာ၌ စိုး ရိမ် ရာ မ ရှိ လေပြီ။ ယုတ်ညံ့သော ဂတိမှ လွတ်ကွာ၍ လူ့ရွာနတ်သံ၌ ကေန်ဖြစ်လတ္တံ့ သည်သာတည်း....”

မြတ်စွာဘုရားသည် အာဠဝက ဘီလူး ထပ်မံမေး အပ် သည်ကို သို့ လျှင် ဖြေဆို တော် မူပြီးသောအခါ၊ “အချင်း အာဠဝက၊ ငါမှတပါး ဘု ရား ဟု ဝန်ခံကုန်သော ပူရဏ ကဿပ အစ ရှိကုန်သော ရဟန်း ပုဏ္ဏား အများတို့ကိုလည်း လျှောက်ထား စုံစမ်းလေဦးလော ဟု၊ တိုက်တွန်းတော်မူ၏။

အာဠဝကလည်း ယုံမှားသံသယ နှစ်ခုသော ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ပယ်၍ နှစ်သွယ်သော အကျိုးကို မြင်ပြီး

သသူဖြစ်ရကား "အရှင်ဘုရား....၊ အကျွန်ုပ်ကား သူတပါး၌ လျှောက်ထားခွင့် မရှိပါပြီ။ တသက်ပတ်လုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သော သဒ္ဒါ၏ အရသာ - အနက်အဓိပ္ပာယ်၏ အရသာ ရှိလှစွာသော ဓမ္မရတနာကို ကောင်းစွာ သိရပါပြီ။

"အရှင်ဘုရားသည် အကျွန်ုပ်တို့၏ အကျိုးစီးပွား များစေခြင်းငှာ ဖြစ်တော်မူလာပါပေသည်။ အကျွန်ုပ်တို့၏ မျက်စိသဖွယ် ဖြစ်ပါပေသည်။ သံသရာဝဋ်ဟူသော တောအုပ်ကြီး၌ ခရီးမှား၍ပျက်ပြားရလတ္တံ့သော အကျွန်ုပ်တို့အားဟုတ်မှန်သော လမ်းကို ညွှန်ငင်၍ ကယ်တင်တော်မူပါပေသည်။

"အရှင်ဘုရား၏ ကျေးဇူးတော်ကို တဗိမာန်မှသည် တဗိမာန်သို့၊ တနိုင်ငံမှသည် တနိုင်ငံသို့၊ နတ်တို့စံရာ တဘုံမှသည် တဘုံသို့ဆောင်၍ ပြန့်နှံ့အောင် အကျွန်ုပ် ဖော်ထုတ်ချီးကျူးကာ လှည့်လည်ပါအံ့"ဟု သဒ္ဒါလိုက်လှဲစွာ လျှောက်ထားအပ်ပေ၏။

## ပြဿနာမေးရခြင်း၏အကျိုး

အာဠဝကဘီလူးသည် နောက်နောက်က မည်မျှကြမ်းကြုတ်သည်မှန်စေ၊ ဗုဒ္ဓမြတ်စွာဘုရားကို ပြဿနာမေးပြီးနောက်၊ ဗုဒ္ဓမြတ်စွာ၏ အဖြေကို ကြားနာရပြီး အခါတွင်ကား ပကတိ ယဉ်ကျေးသိမ်မွေ့သည်မျှ မဟုတ်သေး၊ သောတာပန်ပုဂ္ဂိုလ်ပင် ဖြစ်မြောက်ခဲ့ရပေသည်။

နောက် ဗုဒ္ဓမြတ်စွာဘုရား **အာဠဝီပြည်**သို့ ကြွရောက်တော်မူသည့်အခါ အာဠဝီဘုရင် မေးလျှောက်အပ်သဖြင့် ထိုအာဠဝကနှင့် စတင်တွေ့ဆုံရသည်မှ - အမေးအဖြေ ပြုအပ်

သည်များ( အာဠဝကသုတ် )ကို ပြန်လည် ဟောကြားတော်မူသည်တွင်လည်း တရားနာ ပရိသတ် အပေါင်း ရှစ်သောင်းလေးထောင်တို့သည် အကျွတ်တရား ရကြကုန်ပြန်သည်။

ပထမဦးစွာ သဗ္ဗညုတညာဏ်ဖြင့် ဆင်ခြင်တော်မူစဉ်၊ သိမြင်အပ်ခဲ့ပြီး အာဠဝက ကုမာရမင်းသား (ဟတ္ထာဠဝကမင်းသား) သည်လည်း ကြီးပြင်း၍ မြတ်စွာဘုရားအထံ ဆည်းကပ်ကိုးကွယ်အပ်သည့်အခါ အနာဂါမိဖိုလ်၌တည်တော့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခဲ့ရသည်။

စင်စစ်အားဖြင့်ကား ပြဿနာဟူသည် မေးမြန်းသူပင်ဖြစ်စေ၊ ဖြေကြားသူပင်ဖြစ်စေ အလွန့်အလွန်ပင် အရေးပါ အရာရောက်လှသည်။ ပြဿနာဆိုကာမျှ မေးမြန်း ဖြေကြားသည်ဆိုကာမျှဖြင့်ကား ထူးမြတ်သော အကျိုးတရားကို မရရှိ မဖြစ်မြောက်နိုင်ပေ။

မေး သူ ကိုယ် တိုင်ကလည်း အသိပညာခံနှင့်တကွ အလေးအနက် မေးတတ်ပါမှ၊ ဖြေကြားသူကလည်း တိကျဖြောင့်မှန်စွာ ဖြေတတ်ပါမှ၊ အမေးရော-အဖြေပါ လေးမြတ်မှတ်သားဖွယ် လိုက်နာကျင့်ကြံဖွယ် ဖြစ်နိုင်သည်။

## မေးခြင်း - ဖြေခြင်း အမျိုးမျိုး

မေးခြင်း - ဖြေခြင်း အမျိုးမျိုးရှိသည့်အနက် သိသာကို ဖြေခြင်းမျှ မဟုတ်မူဘဲ ဘာ့ကြောင့် ဤကဲ့သို့ ဖြေရသည် ကိုရှင်း၊ ကောင်းကျိုး - ဆိုး ပြစ် ကို ရှင်း၊ ပြည့်စုံစွာ ဝေ ဖန် ပိုင်း ခြား

စန်းမြင့်ထွန်း

ပြအပ်ခြင်းမှာကား အ ထူး သဖြင့် ကောင်း မြတ် လှ သည် သာ ဖြစ်တော့သည်။

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်တွင် ဤကဲ့သို့ ဝေ ဖန် ပိုင်းခြားမှုနှင့်တကွ ဖြေ ကြား တော် မူ အပ် သည် များ လည်း ရှိခဲ့သည်။ မေးမြန်းခြင်း၏ အရင်းခံ အားလျော်စွာ သော်၎င်း၊ အကျိုးတရား သက်ရောက် ဖြစ်မြောက်စေမှု အ တွက် သော်၎င်း၊ လိုအပ်လျော်ကန်သလို ဖြေကြားတော်မူခြင်းပင် ဖြစ်ပေသည်။

မာလုကျပုတ္တမထေရ်ကို ဖြေ ကြား တော် မူ ခြင်း ဆို လျှင် အဖြေသက်သက်မျှမဟုတ်၊ ဝေဖန်ပိုင်းခြားမှုပါ ဆက်စပ်ပါဝင် နေသည်။ မာလုကျပုတ္တ၏ မေး မြန်း ရင်း နှင့် စပ် လျဉ်း ၍ ကောင်းကျိုးတရားကိုပါ ဝေဖန်ညွှန်ပြအပ်ခြင်း ဖြစ်လေသည်။

## မာလု ကျပုတ္တမထေရ်၏ အမေးပြဿနာ

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း တွင် သီ တင်း သုံး စံ နေ တော် မူ ၏။ ထိုအခါ၌ **အရှင် မာလုကျပုတ္တမထေရ်**သည် ဤသို့ တွေးကြံမိ၏။

"လောကသည် မြဲ၏ဟူ၍၎င်း၊ မမြဲဟူ၍၎င်း၊ လောကသည် အဆုံးရှိ၏ ဟူ၍၎င်း၊ အဆုံးမရှိ ဟူ၍၎င်း၊ ထို အသက်သည်ပင် ထို ကိုယ်တည်း ဟူ၍၎င်း၊ အသက်သည်တခြား ကိုယ်သည်တခြား တည်းဟူ၍၎င်း၊သတ္တဝါသည်သေသည်မှနောက်၌ဖြစ်၏ဟူ၍၎င်း၊ မဖြစ် ဟူ၍၎င်း၊ ဖြစ်လည်းဖြစ်၏ - မဖြစ်လည်း မဖြစ်ဟူ၍၎င်း သတ္တဝါသည် သေ သည် မှ နောက်၌ ဖြစ် သည် လည်း မဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူ၍၎င်း၊ မြတ်စွာဘုရားသည် ငါ့အား

စန်းမြင့်ထွန်း

အတိအကျ ဟောတော်မမူ။ ထိုသို့ မဟောကြားသည်ကို ငါမနှစ်သက်။ ထို့ကြောင့် ငါသည် မြတ်စွာဘုရားအား ထိုအကြောင်းတို့ကို မေးလျှောက်အံ့။ အကယ်၍ မြတ်စွာဘုရားသည် ငါမေးအပ်သည်တို့ကို တိကျသေချာစွာ မဟောကြား (မဖြေဆို) ခဲ့သော် ငါသည် ရဟန်းသိက္ခာကို စွန့်၍ လူထွက်တော့အံ့"

မာလုကျပုတ္တမထေရ်သည် ဤသို့လျှင် တွေးကြံမိသည့်အတိုင်း မြတ်စွာဘုရားအထံ ချဉ်းကပ်၍ မိမိတွေးကြံမိပုံကို အစဉ်အတိုင်း ထုတ်ဖော်လျှောက်ထားပြီးသော် –

"အရှင်မြတ်စွာဘုရား...၊ အရှင်မြတ်စွာဘုရားသည် လောကသည် မြဲ၏ဟူ၍ သိတော်မူငြားအံ့၊ အကျွန်ုပ်အား လောကသည် မြဲ၏ဟူ၍ ဟောကြားတော်မူပါ။ အကယ်၍ လောကသည် မမြဲဟူ၍ သိတော်မူငြားအံ့၊ လောကသည် မမြဲဟူ၍ ဟောကြားတော်မူပါ။ လောကသည် မြဲ၏ ဟူ၍ ၎င်း၊ မမြဲဟူ၍၎င်း သိတော်မမူငြားအံ့၊ မသိမမြင်ဟု ဝန်ခံခြင်းသည် ဖြောင့်မတ်သောသဘော ဖြစ်ပါ၏" ဟု ဆက်လက်လျှောက်ထား၏။

## ဗုဒ္ဓမြတ်စွာ – အဖြေ

ထိုအခါ မြတ်စွာဘုရားက ဤသို့တုံ့ပြန်ဆိုတော်မူ၏။

"မာလုကျပုတ္တ၊ ငါသည်သင့်ကို မာလုကျပုတ္တ၊ သင်-လာခဲ့လော့၊ ငါဘုရားထံ၌ မြတ်သောအကျင့်ကိုကျင့်လှည့်လော့၊ ငါသည်- လောက၏ မြဲခြင်း မမြဲခြင်းကို၎င်း၊ အဆုံးရှိခြင်း

မရှိခြင်းကိုရှင်း၊ ထို အသက်သည်ပင် ထို ကိုယ်တည်း၊ သို့မဟုတ် အ သက် သည် တခြား ကိုယ်သည် တခြားတည်း ဆိုခြင်းကိုရှင်း၊ သတ္တဝါသည်သေပြီးသည့်နောက် ဖြစ်သည် မ ဖြစ် သည်ဆိုခြင်း ကိုရှင်း၊ ဖြစ်လည်းဖြစ်၏၊ ဖြစ် လည်း မ ဖြစ် ဆို ခြင်း ကို ရှင်း၊ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဆိုခြင်းကိုရှင်း၊ ဟောကြားပေအံ့ဟူ၍ ဆိုခဲ့ဘူးသလော....”

“အရှင်ဘုရား....၊ ဤသို့ကား - မဆိုခဲ့ဘူးပါ”

‘မာလုကျပုတ္တ....၊ သို့ဆိုလျှင် သင်ကလည်း ငါ့ကို “အရှင်ဘုရား....လောက သည် မြဲ - မမြဲ အ ဆုံး ရှိ မရှိ စသည်တို့ကို ဟောကြားချေသော် အရှင်ဘုရားထံ၌ ရ ဟန်း အ ကျင့် ကို ကျင့်ပါအံ့– ဟု ဆိုခဲ့ဘူးသလော....”

“အရှင်ဘုရား....၊ ဤသို့လည်း မဆိုခဲ့ဘူးပါ”

“ကောင်းပြီ မာလုကျပုတ္တ....၊သို့ဆိုလျှင် ငါကလည်းသင့်ကို ‘မာလုကျပုတ္တ သင်လာခဲ့လော့....၊ ငါသည် ဤ သည် တို့ ကို ဟောကြားပေအံ့.... ဟူ၍ မဆိုခဲ့စဖူး၊ သင်ကလည်း ငါ့ကို ဤသို့ ဟောကြားချေသော်၊ ငါ၏သာသနာတော်၌ မြတ်သောရဟန်း အကျင့်ကို ကျင့်ပါအံ့’ ဟူ၍ မဆိုခဲ့စဖူး၊ သို့ပါလျက် အဘယ် သူက တောင်းပန်၍ အဘယ်သူက တုံ့ပြန်ပြောကြားရအံ့နည်း”

“မာလုကျပုတ္တ....၊ အ ကြင် သူ တဦးသည် လောကသည် မြဲ - မမြဲ အဆုံးရှိ မရှိ စသည်တို့ကို မြတ်စွာဘုရားမဟောကြား သေးသမျှ၊ ငါသည် မြတ် စွာ ဘုရား အထံ၌ မြတ်သောရဟန်း အကျင့်ကို မကျင့်ဟု– ဆိုငြားအံ့၊ ထိုသူသည် ရဟန်း အကျင့်ကို မကျင့်ရသေးမီပင်လျှင် မကျင့်ရဘဲလျက်ပင် သေ လေ ရာ ၏။

စန်းမြင့်ထွန်း

ထို အကြောင်း ကို ကား- မြတ် စွာ ဘုရား မဟောကြားသည် သာတည်း....''

## မြှားမှန်ခံ ရသူ ကဲ့သို့

''မာလုကျပုတ္တ၊ ဥပမာအားဖြင့်ကား ဤသို့တည်း''

'' အကြင်ယောကျ်ားတဦးသည်၊ဆိပ်လူးမြှားဖြင့်ပစ်ခတ်ခြင်း ခံရ၏။ ထိုအခါ ဆွေမျိုးတို့က မြှားနှုတ်တတ်သောဆရာသမားကို ပင့်ခေါ်လာကြ၏။ သို့သော်- မြှားမှန်ခံရသူသည်၊ မြှား ပစ် သူ၏ အမည် အမျိုးနေရပ်ဌာနတို့ကို မသိရသေးသမျှ၊ ရင်ဝမှ မြှားကို အနှုတ်မခံနိုင် ဆို၏''

''ထို့နောက် တဖန်လည်း၊ မည် သည့် မြှား မျိုး ဖြစ် သည်၊ မည်သည့်အဆိပ် သုတ်လူးထားသည် မသိရသေးသမျှ၊ မြှားကို အနှုတ်မခံနိုင် ဆိုပြန်၏''

''မာလုကျပုတ္တ၊ မြှား မှန် ခံ ရ သူ သည် ဤသို့လျှင် သူ သိချင်သမျှ၊ သူ စုံစမ်းချင်သမျှ အကြောင်းအရာ များစွာကို စွဲလမ်း ပြောဆိုနေရာ၌၊ ထို ထို သိချင်သမျှသော အကြောင်း အ ရာ တို့ ကို မ သိ ရ သေး မီ ပင်လျှ င် အသက်သေဆုံးရာ၏။ သူ သိချင်သည် တို့ကိုကား - မ သိ နိုင် သည်သာတည်း''

'' မာလုကျပုတ္တ၊ လောကသည် မြဲ သ လော၊ မ မြဲ သလော။ ၄လောကသည် - အ ဆုံး ရှိ သ လော၊ အ ဆုံး မ ရှိ သ လော။ လောကသည် - အ ဆုံး ရှိ သည် လည်း ဟုတ် ၏၊ အ ဆုံး မ ရှိ

သည်လည်းဟုတ်၏ ဟူ၍တည်းဖြစ်သလော.... စသည့် မေး မြန်း အပ်ခြင်း• သံလိုခြင်းမှာလည်း ထို့အတူသာဖြစ်၏”

“အကြင်သူသည် ထို ထို ပြ ဿ နာ တို့၏ အဖြေကို သိရမှ၊ မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်၍ မြတ်သောရဟန်း တို့၏အကျင့်ကို ကျင့်မည်ဆိုငြားအံ့၊ ထို–မြတ် သော အကျင့် ကို မကျင့်ရသေးမီပင်လျှင်၊ မ ကျင့် ရ သေး ဘဲ လျှက် ပင်၊ အ သက် သေဆုံးရာ၏။ မြတ်စွာဘုရားတို့သည်ကား– ထို ပြ ဿ နာ ၏ အဖြေကို မဟောရာသည်သာတည်း”

## မြတ်သော အကျင့်

“မာလုကျပုတ္တ၊ စင်စစ် အား ဖြင့် ကား....၊ လော က သည် မြဲ၏ - ဟူ၍ သိ ရ ခြင်း အား ဖြင့် လည်း မြတ်သော အကျင့်ကို ကျင့်နိုင်သည်မဟုတ်၊ လော က သည် မမြဲ – ဟု သိ ရ ခြင်း အားဖြင့်လည်း၊ မြတ်သောအကျင့်ကို ကျင့်နိုင်သည်မဟုတ်”

“လောကသည် မြဲ၏ဟူ၍ သိရသည်ဖြစ်စေ၊ လောကသည်– မမြဲဟူ၍သိရသည်ဖြစ်စေ၊ ပဋိသန္ဓေနေရခြင်းကား • ရှိသေးသည် သာတည်း။ အိုရခြင်း- နာရခြင်း- သေ ရ ခြင်း လည်း- ရှိသေး သည်သာတည်း။ ပူဆွေးရခြင်း-ငိုကြွေးရခြင်း- စိတ်ဆင်းရဲရခြင်း ကိုယ်ဆင်းရဲရခြင်း- ရှိသေးသည်သာတည်း ”

“ငါ ဘုရား သည်၊ ထို ထို ဝဋ် ဆင်း ရဲ များ ကို ယခု မျက်မှောက်သောကိုယ်၏အဖြစ်၌ ယခု ဘဝ၌ပင်လျှင် ချုပ်ငြိမ်း ပယ်ဖျောက်နိုင်စိမ့်သော ပညတ်၏။ ညွှန် ကြား ဆုံးမ အပ်၏”

"မာလုကျပုတ္တ၊ လောကသည် အဆုံးရှိ၏၊ လောကသည် အဆုံးမရှိသိရခြင်း၌လည်း၊ထို့အတူသာဖြစ်ချေ၏။လောကသည် အဆုံးရှိ၏ဟူ၍သိရခြင်းသည်၎င်း၊ လောကသည် အဆုံးမရှိ ဟူ၍သိရခြင်းသည်၎င်း၊ မြတ်သောအကျင့်ကို ကျင့်နိုင်ကြောင်း မဟုတ်၊ လောကသည်- အဆုံးရှိ၏ဟု သိရသည်ဖြစ်စေ၊ လောကသည်အဆုံးမရှိဟု သိရသည် ဖြစ်စေ၊ ပဋိသန္ဓေ နေရခြင်းကား- ရှိသေးသည်သာတည်း။ အိုရခြင်း-နာရခြင်း သေရခြင်းရှိသေးသည်သာတည်း။ စိုးရိမ်ရခြင်း- ငိုကြွေးရခြင်း- စိတ်ပင်ပန်းခြင်း- ကိုယ်ပင်ပန်းခြင်းများ ရှိသေးသည်သာတည်း"

"မာလုကျပုတ္တ....၊ ဤသည်တို့မှတပါး ကျန်အခြားသော သင် သိချင်သမျှတို့မှာလည်း ထို့အတူသာ ဖြစ်ချေ၏။ လောကသည် အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံးမရှိ သည်လည်း ဟုတ်၏-ဟူ၍ သိရသည်ပင်ဖြစ်စေ၊ ထိုသို့ သိရခြင်း သည် မြတ်သောအကျင့်ကို ကျင့်နိုင်ကြောင်းမဟုတ်၊ ထိုသို့ သိရခြင်းဖြင့် မြတ်သောအကျင့်ကို ကျင့်နိုင်သည်မဟုတ်"

"မည်သို့သိရသည်ပင်ဖြစ်စေ၊ ပဋိသန္ဓေတည်နေရခြင်းကား ရှိချေသေးသည်သာတည်း။ အိုရခြင်းဆင်းရဲ - နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ ထိုမှတပါး စိုးရိမ်ရခြင်း ပူပန်ရခြင်း နှလုံးမသာဖြစ်ရခြင်း ပင်ပန်းဆင်းရဲရခြင်းတို့ ရှိနေသေးသည် သာတည်း"

"မာလုကျပုတ္တ၊ စင်စစ် ငါဘုရား ဆုံးမအပ်သည်ကား၊ ထိုထို ဆင်းရဲအစုတို့အား ဤမျက်မှောက်သော ဘဝ၌ပင်

ဒေါ်မြင့်ကောင်း

ချုပ်ငြိမ်း လေ အောင် ကျင့်ကြံ အား ထုတ်ရန် သာ ဖြစ်၏။ ကျင့်ကြံရမည် ဖြစ်၏”

“မာလုကျပုတ္တ၊ ထို့ကြောင့် ဤ ငါဘုရား၏ သာသနာတော်၌ သင်သည် ငါမဟောကြားသည်ကိုလည်း မဟောကြားသည့် အတိုင်းပင် မှတ်လေလော့။ ငါ ဟောကြားသည်ကိုလည်း ဟောကြားသည့်အတိုင်း မှတ်လေလော့”

## မဟောကြားခြင်း

“ငါ မဟောကြားသည်မှာ အဘယ်နည်း၊ မာလုကျပုတ္တ လောကသည် မြဲ၏ဟု ငါ မဟောကြား၊ လောကသည် မမြဲဟု ငါ မဟောကြား၊ လောကသည် အဆုံးရှိ၏ဟု ငါမဟောကြား၊ လောကသည် အဆုံး မရှိဟု ငါ မဟောကြား၊ ထို အသက်သည်ပင် ထို ကိုယ်တည်းဟု ငါ မဟောကြား၊ အသက်သည် တခြား ကိုယ်သည်တခြားဟု ငါ မဟောကြား”

“မာလုကျပုတ္တ ထို အကြောင်းများကို အဘယ်ကြောင့် ငါ မဟောကြားသနည်း။ မာလုကျပုတ္တ....၊ ထို အကြောင်းများသည် အကျိုးစီးပွားနှင့်မစပ်၊ မြတ်သော အဆုံး အမ စိုးစဉ်းမျှလည်းမဖြစ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ မဖြစ်နိုင်၊ ရာဂ ကင်း ခြင်း ငှာ မဖြစ်နိုင်၊ ရာဂချုပ်ခြင်းငှာ မဖြစ်နိုင်၊ ကိလေသာမီး ငြိမ်းအေးခြင်းငှာ မဖြစ်နိုင်၊ ထူး သော ဉာဏ်ဖြင့် သိ ခြင်း ငှာ မ ဖြစ် နိုင်၊ သစ္စာ လေး ပါး ကို သိ ခြင်း ငှာ မဖြစ်နိုင်၊ ချုပ်ခြင်းငှာ မဖြစ်နိုင်။ ထို့ကြောင့်ပင်လျှင် ထိုထို

စန်းမြင့်ထွန်း

အကြောင်းအရာတို့ကို ( **လောကသည်မြဲမမြဲ၊ အဆုံးရှိမရှိစသည်**) ငါဘုရား မဟောကြားသည်သာတည်း ”

**ဟောကြားခြင်း**

“ မာလုကျပုတ္တ အဘယ်ကို ငါဘုရားဟောကြားသနည်း ”

“ မာလုကျပုတ္တ ဤကား ဆင်းရဲတည်း (**ဒုက္ခသစ္စာ**)ဟု ငါဘုရားဟောကြား၏။ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း (**သမုဒယ သစ္စာ**)ဟု ငါဘုရားဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာတည်း (**နိရောဓ သစ္စာ**)ဟု ငါဘုရားဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်း (**မဂ္ဂသစ္စာ**)ဟု ငါဘုရားဟောကြား၏ ”

“ မာလုကျပုတ္တ ထိုတရားကို အဘယ့်ကြောင့် ငါဟောကြားသနည်း ”

“ မာလုကျပုတ္တ၊ ထိုတရားသည် အကျိုးစီးပွားနှင့် စပ်၏။ မြတ်သောအကျင့်ဖြစ်သော သာသနာတော်၏ အစအနဖြစ်၏။

“ **ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ**

“ **ရာဂကင်းခြင်းငှာ**

“ **ရာဂချုပ်ခြင်းငှာ**

“ **ကိလေသာမီး ငြိမ်းခြင်းငှာ**

“ **ထူးသောဉာဏ်ဖြင့် သိခြင်းငှာ**

“ **သစ္စာလေးပါးကို သိခြင်းငှာ**

“ **ချုပ်ငြိမ်းခြင်းငှာ ဖြစ်၏။**

စန်းမြင့်ထွန်း

" ထို့ကြောင့် ထိုတရား(အကြောင်း)ကို ငါဟောကြား၏။ မာလုကျပုတ္တ၊ ထို့ကြောင့်သာလျှင် သင်တို့သည် ငါ မဟောကြားသည်ကိုလည်း မဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့။ ငါ ဟောကြားသည်ကိုလည်း ဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့ "

"**လောကသည် မြဲမမြဲ၊ အဆုံးရှိမရှိ စသည်မှ၊ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်သည်ယည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်**" အထိ မေးအပ်လေသော **မာလုကျပုတ္တမထေရ်၏ အမေးပြဿနာ**ကို **ဗုဒ္ဓမြတ်စွာဘုရား**သည် ဤသို့လျှင် ဖြေကြားတော်မူအပ်ပေ၏။ မာလုကျပုတ္တသည်လည်း မြတ်စွာဘုရား၏ တရားတော် (အဖြေ)ကို များစွာပင် နှစ်ခြိုက် ဝမ်းမြောက်အပ်ပေ၏။

နေမြင့်ထွန်း

# ပြဿနာအထွေထွေ အဖြေအမျိုးမျိုး

ဗုဒ္ဓမြတ်စွာဘုရား ဖြေကြားတော်မူအပ်သည်များမှာ အထက်ဆိုခဲ့ပြီးအတိုင်း မေးအပ်သော ပြဿနာကို လိုက်၍ ဖြေပုံဖြေနည်း အမျိုးမျိုး ဖြစ်သည်။ အာဠဝက ဘီလူး၏ ပြဿနာ၌ လောကဓမ္မ နှစ်ဝပြိုးပြွမ်းသော အဖြေမျိုးဖြစ်၍ မာလုကျပုတ္တ မထေရ်၏ ပြဿနာတွင်ကား ကျင့်ကြံအားထုတ်မှု အချုပ်သဘော ဝေဖန်ပိုင်းခြား ဖြေဆိုမှု ဖြစ်သည်။

ယခု ဆက်လက် ဖော်ပြမည့် ပြဿနာမှာကား ကျင့်ကြံအားထုတ်မှုဖြင့် နိဂုံးချုပ်အပ်သော်လည်း ကောင်းကျိုး ဆိုးပြစ်ကို သိသာစေသည့် ဥပမာများကလည်း အထူးစိတ်ဝင်စားဖွယ် ဖြစ်သည်။

နောက်ဆုံး နိဂုံးချုပ် ဆိုလိုရင်းအတွက် ရှေးရှုဦးတည် လာအပ်သော ကြောင်းကျိုး ဆက်စပ်မှုများကို တွေ့သိရသည်မှာလည်း၊ ဗုဒ္ဓမြတ်စွာဘုရား ခေတ်ကာလ အခြေအနေကိုပါ ရောပြွမ်း ဆင်ခြင်နိုင်ဖွယ် ဖြစ်ပေသည်။

စန်းမြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရားသည် လောကသုံးပါး၏ အထွဋ်အထိပ်သို့ ရောက်ခဲ့ပြီးသည်ကား မှန်လှ၏။ သို့ရာတွင် ဂုဏ် ကျေး ဇူး ကို မ သိ မြင် တတ် သေး သူ၊ မသိမြင်နိုင်သေးသူများ အဖို့မူ ဗုဒ္ဓ မြတ်စွာဘုရားအား အမှန်အတိုင်း နားမလည်တတ်နိုင် ရှိနေကြပေသည်။

ဤသို့သော ပုဂ္ဂိုလ်မျိုးနှင့် တွေ့ ကြုံ ရ ခြင်း ၌၊ ဗုဒ္ဓ မြတ်စွာဘုရားသည် ခေတ်စကားနှင့်သော် အတော်ပင် စိတ်ရှည် ရသည့် အခြေအနေမျိုးဖြစ်သည်။ နောက်ဆုံး ကောင်း မြတ် စွာ သော အကျိုးတရားသို့ ဆိုက်ရောက်ဖြစ်မြောက်သည့်တိုင်၊ ဟောကြားဖြေဆိုတော်မူအပ်ခြင်းမှာလည်း၊ အထူးသဖြင့် လေးမြတ်ကြည်ညိုဖွယ်သာ ဖြစ်ပေတော့သည်။

ဤသဘော ဤပြဿနာကို၊ ဆက်လက် ကြားနာ ကြည့်ကြဦးစို့....။

## အဆင့်ဆင့် သိမြင်ခြင်း

## (မာဂဏ္ဍိယ-သုတ်)

အခါတပါး၌ မြတ်စွာ ဘုရားသည်၊ ကုရုတိုင်း - ကမ္မာသဓမ္မနိဂုံးရှိ၊ 'ဘာရဒွါဇ ဂေါတ္တ' ပုဏ္ဏား၏ မီးတင်းကုပ် အတွင်းဝယ်၊ သီတင်းသုံး စံနေတော်မူ၏။ ဆွမ်း စား ပြီး ၍ တခုသောတောအုပ်ဘွင်းမှ သစ်တပင်ရင်းတွင် နေ့သန့်စင် နေတော်မူသောအခါ၊ '**မာဂဏ္ဍိယ**' အမည်ရှိသော ပရိဗိုဇ် တဦးသည်၊ ဘာရဒွါဇ ပုဏ္ဏားအထံ ရောက်လာ၏။ အညောင်းပြေ လမ်းလျှောက်ထွက်လာရင်းမှ၊ လမ်းကြုံ၍ဂိုက် ဝင်ရောက် လာခဲ့ခြင်း ဖြစ်၏။

စန်းမြင့်ထွန်း

မာဂဏ္ဍိယ ပရိဗိုဇ် သည်၊ ဘာရဒွါဇ ပုဏ္ဏား၏ မီး တင်းကုပ် အတွင်းရှိ မြတ်စွာဘုရား သီတင်း သုံး တော် မူရာ မြက်အခင်းကို တွေ့မိသည့်အခါ–

" အဆွေ ဘာရဒွါဇ၊ အဘယ်သူ အတွက် ဤမြက်အခင်းကို ခင်းထားပါသနည်း၊ ရဟန်း၏ အိပ်ရာ နေရာ နှင့် တူယောင် တကား.... " ဆို၏။

ဘာရဒွါဇက - " အချင်း မာဂဏ္ဍိယ၊ ဤ အခင်းသည်ကား- ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော၊ **ရဟန်း ဂေါတမ** အတွက် ခင်းထားအပ်ခြင်းပေတည်း.... " ပြောသည့် အခါ–

" အချင်း ဘာရဒွါဇ၊ ငါတို့ကား ဆိုးပါးစွာသော အရာကို မြင်ရ၏။ ငါတို့သည် အညွန့်တုံးဖြစ်သော ထိုအရှင်ဂေါတမ၏ အိပ်ရာနေရာကို မြင်ကြရကုန်၏ " ဆိုချေ၏။

" မာဂဏ္ဍိယ၊ ဤသို့မဆိုလင့်၊ သင့်စကားကို ဆိုင်းငံ့ဦးလော့၊ ရဟန်းဂေါတမသည်၊ ပညာရှိအသီးသီးတို့၏ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်ပေသည်။ ထို အ ရှင် ဂေါ တ မ ၏ စင်ကြယ် စွာသော၊ လမ်းမှန်ဖြစ်သော တရားတို့၌၊ မင်းပညာရှိ - လူပညာရှိ - ရဟန်း ပညာရှိ - ပုဏ္ဏားပညာရှိ အသီးသီး တို့သည် ပင်လျှင်၊ သက်ဝင် ကြည်ညိုကြပြီး လက်ခံထားကြပြီး ဖြစ်ချေသည် "

" အချင်း ဘာရဒွါဇ၊ သင် - ဤသို့ဆိုသော်လည်း၊ ငါမူကား ထိုရဟန်းဂေါတမကို မျက်နှာချင်းဆိုင် မျက်ဝါးထင်ထင် တွေ့ရ ချေသော်၊ ထို အရှင်ဂေါတမကို အညွန့်တုံးသူတည်းဟု ဆိုဦး၏။ ဆိုမည်သာဖြစ်၏။ အဘယ်ကြောင့် ဆိုသော်၊ ငါတို့ ကျမ်းဂန်၌ ဤသို့လျှင် လာသောကြောင့်တည်း.... "

စန်းမြင့်ထွန်း

“ကောင်းပြီ - မာဂဏ္ဍိယ၊ သို့ဆိုလျှင် - သင့်တွင် ဝန်မလေးပါမူ၊ ထိုအကြောင်းကို ရဟန်းဂေါတမအား ပြောပြပေအံ့”

“ပြောနိုင်သည် ဘာရဒွါဇ၊ ဤအတွက် ဘာမျှ မကြောင့်ကြလင့်၊ ငါ ဆိုတိုင်းပင် ပြောပါလော့”

ဘာရဒွါဇနှင့် မာဂဏ္ဍိယတို့ သို့လျှင် အချင်းချင်း ပြောဆိုကြသော စကားကို၊ မြတ်စွာဘုရားသည် သီတင်း သုံးနေတော်မူရာမှပင် အလုံးစုံ သိတော်မူအပ်၏။ သို့ဖြင့် ဘာရဒွါဇပုဏ္ဏား၏ မီးတင်းကုပ်သို့ ပြန်ကြွလာခဲ့၏။ မြက်အခင်းတွင် ထိုင်နေတော်မူ၏။

ဘာရဒွါဇ ပုဏ္ဏားလည်း မြတ်စွာဘုရားအနီး ချဉ်းကပ်ကာ နှုတ်ဆက် စကား ဆိုအပ်ပေ၏။ မြတ်စွာဘုရားက – “ဘာရဒွါဇ....၊ သင်နှင့် မာဂဏ္ဍိယ ပရိဗိုဇ် တို့သည်၊ ဤမြက်အခင်းနှင့် စပ်လျဉ်း၍ စကားတစုံတရာ ပြောဆိုဖြစ်ကြသလော” မေးတော်မူ၏။

ဘာရဒွါဇ ပုဏ္ဏားသည် ထိတ်လန့် တုန်လှုပ်သွားမိ၏။

နောက် - မြတ်စွာဘုရားကို အားတုံ့အားနာ သဘောမျိုးဖြင့်–

“မှန်ပါသည် အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် ဤ မြက်အခင်းနှင့် စပ်လျဉ်း၍ စကား ပြောဆိုခဲ့ကြရပါသည်။ အရှင်ဂေါတမသည်၊ အကျွန်ုပ်ကပြန်မပြောရသေးမီပင်၊ထိုအကြောင်းကို သိနှင့်နေပြီးတကား....” ဆို၏။

မာဂဏ္ဍိယပရိဗိုဇ်သည်၊ ထိုစဉ် အခိုက်မှာပင် လမ်းလျှောက်ရာမှ တခေါက် ပြန်ရောက် လာခဲ့ပြန်၏။ မြတ်စွာဘုရားအထံ

စန်းမြင့်ထွန်း

ချဉ်းကပ်ကာ၊ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် စကား ပြောဆို ပြီး၊ သင့်လျော်ရာ၌ ထိုင်နေ၏။

## အညွန့်တုံးသူ

မြတ်စွာ ဘုရား က မာဂဏ္ဍိယ ပရိဗိုဇ်အား - ဤသို့ စတင် မေးမြန်းတော်မူ၏။

" မာဂဏ္ဍိယ၊ မျက်စိသည် ရူပါရုံ၌ မွေ့လျော်၏၊ ပျော်ပိုက်၏၊ နှစ်ခြိုက်၏။ ငါသည် - ထို မျက်စိကို လုံခြုံအောင် ဆုံးမ စောင့်ရှောက် ပိတ်ဆို့ ထား အပ်၏။ မိမိ စောင့်ရှောက် ပိတ်ဆို့ရုံမျှ မဟုတ်သေး၊ အခြား သူတို့ ကိုလည်း ပိတ်ဆို့ ခြင်းငှာ တရား ဟောအပ်၏ "

" သင်သည်၊ ထိုအကြောင်းကို ရည်ရွယ်၍ ငါ့အား (ရဟန်း ဂေါတမသည်) အညွန့်တုံးသူဟု ဆိုအပ်သလော.... "

မာဂဏ္ဍိယပရိဗိုဇ်ကလည်း - မှန်သည့်အတိုင်းပင် ပြန်ဖြေ၏။

" မှန်ပေသည် - အရှင်ဂေါတမ၊ အကျွန်ုပ်သည်ထိုအကြောင်းကို ရည်ရွယ်၍ ပင်လျှင်၊ အရှင်ဂေါတမသည် အညွန့် တုံးသူဟု ဆိုအပ်ပါ၏။ အဘယ်ကြောင့်ဆိုသော်၊အကျွန်ုပ်တို့၏ကျမ်းဂန်၌ ဤသို့ပင် လာအပ်သောကြောင့်တည်း "

" မာဂဏ္ဍိယ၊ နားသည်– သဒ္ဒါရုံ (**အသံ**) ၌ မွေ့ လျော် ၏။ နှာခေါင်းသည် - ဂန္ဓာရုံ (**အနံ့**)၌ မွေ့ လျော်၏။ လျှာ သည် - ရသာရုံ (**အရသာ**)၌ မွေ့လျော်၏။ ထိုသည် တို့ကိုလည်း - ငါဘုရားသည် လုံခြုံအောင် စောင့်ရှောက် ပိတ်ဆို့ ထားပြီးဖြစ်၏။ သူတပါးတို့ကိုလည်း လုံခြုံစေရန် တရားဟောအပ်၏။ သင်သည်–

စန်းမြင့်ထွန်း

ဤအကြောင်းကို ရည်ရွယ်၍လည်း၊ ငါဘုရားကိုအညွန့်တုံးသူဟု ဆိုအပ်သလော....”

“မှန်ပေသည် - အရှင်ဂေါတမ၊ ထိုအတိုင်းပင် ဆိုအပ်ပါ၏။ အကြောင်း မူကား - အကျွန်ုပ် တို့၏ ကျမ်း ဂန်၌ ဤသို့ ပင် လာအပ်သောကြောင့်တည်း”

“ကောင်းပြီ - မာဂဏ္ဍိယ၊ ငါ - တဖန်ဆိုဦးအံ့၊ **ကိုယ်ခန္ဓာ** သည် အတွေ့၌ မွေ့လျော်၏၊ ပျော်ပိုက်၏၊ နှစ်ခြိုက်၏။ **စိတ်** သည် ဝင်စားမှု၌ မွေ့လျော်၏၊ ပျော်ပိုက်၏၊ နှစ်ခြိုက်၏။ ထို - ကိုယ်ခန္ဓာ၏ အတွေ့ သဘောကိုရင်း၊ စိတ်ဝင်စား စွဲလမ်းမှုကိုရင်း၊ ငါ ဘုရားသည် လုံခြုံစွာ စောင့်ရှောက် ပိတ်ဆို့ ထားအပ်၏။ တပါးသူတို့ကိုလည်း - စောင့်ရှောက် ပိတ်ဆို့ စေ၏”

“မာဂဏ္ဍိယ၊ သင် သည် - ထို သည် ကို ရည်ရွယ်၍လည်း၊ ငါဘုရားကို အညွန့်တုံးသူဟု ဆိုအပ်သလော....”

“မှန်ပေသည် - အရှင်ဂေါတမ၊ အကျွန်ုပ်သည် - အရှင်ဂေါတမအား အ ညွန့် တုံး သူ ဟု ဆိုအပ်ပါ၏။ အကြောင်းမူကား - အကျွန်ုပ် တို့၏ ကျမ်းဂန်၌ - ဤသို့ပင် လာအပ်သောကြောင့်တည်း”

## ငြိမ်းချမ်းသူ - တည်ကြည်သူ

“ကောင်းပြီ - မာဂဏ္ဍိယ၊ သင့်ကို ငါ မေးပါအံ့၊ အကြင်သူသည် - တပ်မက် နှစ်သက်ဖွယ်သော အဆင်း တို့၌၊ မျက်စိဖြင့် မြင်အပ်သည့်အတိုင်းပင် စွဲလမ်းတွယ်တာကာ၊ နှစ်ခြိုက်ပျော်မွေ့ဘူး၏။ သုံးဆောင်ခံစားဘူး၏။ သို့သော် - နောင်အခါ၌ကား -

ထိုအဆင်းတို့၏ မတည်မြဲခြင်း၊ စက်ဆုပ်ဖွယ်ဖြစ်ခြင်းတို့ကို သိမြင်ဆင်ခြင်မိကာ၊ ထို ထို အ ဆင်း တို့ ၌ - တွယ်တာ တပ်မက်ခြင်း၊ သာယာနှစ်သက်ခြင်း ကင်းအပ်၏။ ရှောင်ကြဉ်အပ်၏"

"ထို့ကြောင့်လည်း - ထိုသူသည်၊ အဆင်းကြောင့် ဖြစ်ရသော ပူလောင်ခြင်း၊ စိုးရိမ် ကြောင့်ကြခြင်း တို့ကို မခံစားရတော့ဘဲ၊ စိတ်၏ ငြိမ်းချမ်းခြင်း၊ ကိုယ်၏ငြိမ်းချမ်းခြင်း ဖြစ်အပ်၏။ ကိုယ်အမူအရာ - နှုတ် အ မူ အ ယာ တည်ကြည် ငြိမ်သက်ခြင်းလည်း ရှိအပ်၏"

"အချင်း မာဂဏ္ဍိယ၊ ထိုသူကို - အသင် အဘယ်သို့ ဆိုမည်နည်း"

"အရှင်ဂေါတမ၊ အဘယ်သို့မျှ ဆိုရန်မရှိပါ"

"ကောင်းပြီ – မာဂဏ္ဍိယ၊ ငါတဖန် ဆိုပေဦးအံ့၊ အကြင်သူသည် နှစ်သက်ဖွယ်သော အသံ တို့ဖြင့်ရင်း၊ နှစ်သက်ဖွယ်သော အနံ့တို့ဖြင့်ရင်း၊ နှစ်သက်ဖွယ်သော အရသာတို့ဖြင့်ရင်း၊ နှစ်သက်ဖွယ်သော အတွေ့အထိ တို့ဖြင့်ရင်း၊ အမျိုးမျိုးသော ကာမဂုဏ်မှုတို့ကို ခံစားခဲ့၏။ မွေ့လျော်ပျော်ပါးခဲ့၏။ တွယ်တာ တပ်မက်ခဲ့၏"

"နောင်အခါ၌ကား၊ ထိုထို ကာမဂုဏ်မှု တို့သည် မတည်မြဲခြင်း- စက်ဆုပ်ဖွယ်ဖြစ်ခြင်းတို့ကို အမှန်အတိုင်း သိမြင် ဆင်ခြင်မိ၍၊ လုံး၀ စွန့်ပစ် ရှောင်ကြဉ်ကာ - ငါတ်နှလုံး ငြိမ်းချမ်းစွာ- တည်ကြည်ငြိမ်သက်စွာသာလျှင် နေအပ်၏"

"ထိုသူကိုလည်း၊ သင်– အဘယ်သို့ ဆိုမည်နည်း...."

"အရှင်ဂေါတမ၊ အဘယ်သို့မျှ ဆိုရန်မရှိပါ...."

စန်းမြင့်ထွန်း

" ကောင်းပြီ- မာဂဏ္ဍိယ၊ ငါ- ထပ်မံဆိုပေဦးအံ့၊ ငါသည်- ရှေးလူဖြစ်စဉ် (**သိဒ္ဓတ္ထ မင်းသား ဘဝ**) အခါက၊ ထိုထို ဆိုအပ်ခဲ့ပြီး ဤကာမဂုဏ် စည်းစိမ် ချမ်းသာတို့ကို များစွာပင် ခံစား စံစား ခဲ့ဘူး ၏။ သာယာခြင်း - နှစ်သက်ခြင်း - မွေ့လျော် ပျော်ပိုက်ခြင်း ဖြစ်ရှိခဲ့ဘူး၏ "

" အချင်း မာဂဏ္ဍိယ၊ ငါသည် - ထိုသောအခါ၌ကမူ၊ ဆောင်းရာသီ၌ စံနေအပ်သော ပြာသာဒ်၊ နွေရာသီ၌ စံနေအပ်သော ပြာသာဒ်၊ မိုးရာသီ၌ စံနေအပ်သော ပြာသာဒ်ဟူ၍ပင်လျှင်၊ ရာသီဥတုအားလျော်စွာ - အမျိုးမျိုး ပြောင်းလဲစံမြန်းခဲ့၏ "

" ထိုပြာသာဒ်သုံးမျိုးဖြင့် စံနေစဉ်အခါ၊ ငါ့အား-သီဆိုခြင်း- တီးမှုတ်ခြင်း - ကခုန်ခြင်းတို့ဖြင့် ဖျော်ဖြေ ခစား ကြကုန်သော၊ မိန်းမ အခြွေအရံ တို့သည်လည်း များပြားလှစွာ၏ "

" သို့သော် - နောင်အခါ၌မူကား၊ ထိုထို ကာမဂုဏ် စည်းစိမ် ချမ်းသာတို့၏ အပြစ်ကို သိမြင်ဆင်ခြင်မိခဲ့၏။ သို့နှင့်အမျှလည်း ထိုထို ကာမဂုဏ်မှုတို့ကို တွယ်တာ တပ်မက်ခြင်းကင်းခဲ့၏။ ငြိမ်းငွေ့ စက်ဆုပ်ခဲ့၏ "

" မာဂဏ္ဍိယ၊ ငါသည် - ကာမဂုဏ်မှုတို့ကို - ထိုကဲ့သို့စက်ဆုပ် ငြီးငွေ့သည်နှင့်အမျှ၊ စွန့်ပစ် ပယ်ဖျောက် အပ်သောအခါ၊ ငါ၏ ကိုယ်စိတ် နှစ်ပါး တို့သည် လည်း များစွာပင် ငြိမ်းချမ်းခဲ့၏။ တည်ကြည်ငြိမ်သက်ခဲ့၏ "

" အခြားသူတို့ ခံစား စံစား ကြကုန်သည်ကို မြင်တွေ့ရသည့် တိုင်အောင်လည်း၊ ငါသည် – ထိုသူများကဲ့သို့ ကာမဂုဏ် စည်း

စိမ်ကို တဖန်ပြန်လည်၍ ခံစားလိုစိတ်၊ တောင့်တခြင်း - တပ်မက်ခြင်း - မဖြစ်တော့ပြီ ”

“ အချင်း မာဂဏ္ဍိယ၊ ဤသို့ ဖြစ်ရခြင်း ကား - အဘယ့်ကြောင့်နည်း ”

“ ကာမဂုဏ်မှုတို့ကို စွန့်ပယ် အပ်သည်နှင့် အမျှ၊ အကုသိုလ်တရားတို့ကို ရှောင်ကြဉ်၍သာလျှင်၊ နတ်တို့၏ ချမ်းသာထက် မကသော - ချမ်းသာခြင်း (**အေးငြိမ်းခြင်း**) ၌ မွေ့လျော် နေအပ်ခြင်းကြောင့်သာ၊ ယုတ်ညံ့သော ကာမဂုဏ်မှုတို့ကို မတောင့်တခြင်း၊ မမွေ့လျော်ခြင်း ဖြစ်တော့သည်သာတည်း ”

## လူ့စည်းစိမ်နှင့် နတ်စည်းစိမ်

“ အချင်း - မာဂဏ္ဍိယ၊ ဥပမာ အားဖြင့် ကား - ဤ သို့တည်း ”

“ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာစွာသော သူကြွယ်တဦးသည်၊ ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို၊အတိုင်းထက်အလွန်ခံစားစံစားအပ်၏။ ခံစား စံစားဘူး၏။ ထို သူကြွယ် ဖြစ်သူသည်၊ ကုသိုလ်ကောင်း မှု တို့ ကို လည်း များ စွာ ပင် ပြု လုပ် အားထုတ် ခဲ့၏။ စိတ်ကောင်း ရှိခြင်း၊ ရိုးသား ဖြောင့်မတ်ခြင်း၊ နူးညံ့ သိမ်မွေ့ခြင်းတို့နှင့်လည်း ပြည့်စုံ၏ ”

“ သေလွန်သော အခါ၊ ထို ထို ကုသိုလ် ကောင်း မှု များ - အားလျော်စွာ၊ နတ်ပြည်၌ နတ်သားတဦး ဖြစ်အပ်၏။အထူးထူးသော ကာမဂုဏ် စည်းစိမ်တို့ကို ခံစားစံစားရ၏။ နတ်သမီး

ပန်းမြင့်ထွန်

ပေါင်းများစွာ ခြံရံလျက် အလွန်ပင် မွေ့လျော် ပျော်ပိုက်ဖွယ် လည်း ရှိအပ်၏”

“အချင်း - မာဂဏ္ဍိယ၊ သူကြွယ် အဖြစ်မှ နတ် အ ဖြစ် သို့ ရောက်ရကာ၊ ကြီးစွာသော နတ်တို့၏ စည်း စိမ် ချမ်း သာ ကို ခံစားစံစားနေရလေသော ထို နတ်သားသည် လူဖြစ်စဉ်အခါက သူကြွယ်၏ စည်းစိမ်ချမ်းသာကို တဖန်ပြန်လည်၍ ဘောင့်တခြင်း စုံမက်တွယ်တာခြင်း ရှိပါဦးမည်လော”

“အရှင်ဂေါတမ ဤသို့ကား မဖြစ်နိုင်တော့ပါ၊ အဘယ် ကြောင့်ဆိုသော် နတ်တို့၏ စည်းစိမ်ချမ်းသာက၊ သူကြွယ်ဖြစ် ခဲ့စဉ်အခါ လူ တို့ ၏ စည်းစိမ်ချမ်းသာထက် သာ လွန် ထူး ကဲ နေခြင်းကြောင့် ဖြစ်ပါသည်”

“မှန်ပေသည် မာဂဏ္ဍိယ၊ ငါဘုရားလည်း ထို့အတူသာ ဖြစ် ပေ သည်။ ရှေး လူ ဖြစ် စဉ် အခါ က ကာမဂုဏ် စည်းစိမ် အမျိုးမျိုးတို့ကို ခံစား စံစားခဲ့ဘူးသည်၊ ခံစား စံစားခဲ့သည် မှန်သော်လည်း၊ ထိုထို ကာမဂုဏ်တို့၏ အပြစ်ကို သိမြင်ဆင်ခြင် မိသော အခါ၌ကား မည်သို့မျှ တွယ် တာ တပ် မက် ခြင်း မရှိ တော့ပြီ။ သာယာနှစ်သက်ခြင်း မရှိတော့ပြီ”

“ထို ကာမဂုဏ်မှုတို့ကို ရှောင်ကြဉ်ကာ၊ အကုသိုလ်တို့ကို ရှောင်ကြဉ်ကာ၊ နတ်တို့၏ ချမ်းသာထက်လွန်သော ချမ်းသာ၌ မွေ့လျော်နေအပ်ခြင်းကြောင့်၊ ယုတ်ညံ့သော ကာမဂုဏ်တို့ကို မည်သို့မျှ တဖန်ပြန်၍ မတောင့်တ မမွေ့လျော်တော့ပြီ”

စန်းမြင့်ထွန်း

## ကုဋ္ဌနူနာ ပျောက်ကင်းပြီးသူ ပမာ

"အချင်း မာဂဏ္ဍိယ၊ ဥပမာတခု ထပ်မံဆိုပေဦးအံ့"

"ကုဋ္ဌနူနာစွဲကပ်နေသူတဦးသည် နာကျင်သောကြောင့်ရင်း၊ ပိုးလောက်ထိုးကာ ယားယံလှန်းသောကြောင့်ရင်း၊ မိမိအနာကို မီးကင်ခြင်း ကုတ်ဖဲ့ခြင်းများ ပြုအပ်၏"

"ထိုသူအား ဆွေမျိုးတို့က ဆေးဆရာဖြင့် ကုသပေးသောအခါ နူနာပျောက်ကင်းသွား၏။ လူကောင်းပကတိ ဖြစ်သွား၏။ နူနာစွဲကပ်နေသူဘဝမှ ထိုကဲ့သို့ လူကောင်းပကတိ ဖြစ်မြောက်သွားရခြင်းကြောင့်ပင် ထိုသူသည် အလွန်တရာ စိတ်ချမ်းသာရရှိသာ မဟုတ်သေး၊ မိမိ သွားလိုရာ မိမိ စားသောက် လိုရာတို့ကိုလည်း အလိုရှိတိုင်းပင် ကောင်းစွာပြုလုပ်ရ၏။ ချမ်းမြေ့ပျော်ရွှင်လျက် ရှိ၏"

"တနေ့သောအခါ မိမိကဲ့သို့ပင် နူနာစွဲကပ်နေသူ တဦးကို တွေ့မြင်ကြုံကြိုက်မိ၏။ ထို နူနာစွဲကပ်နေသူသည် မိမိ နောက်နောက်က ပြုခဲ့ဘူးသည်သို့ပင် နူနာကို မီးကင်ခြင်း ကုတ်ဖဲ့ခြင်းများ ပြုလုပ်နေ၏"

"အဘယ်သို့ပါနည်း-မာဂဏ္ဍိယ၊ နူနာပျောက်ကာလူကောင်းပကတိ ဖြစ်နေပြီးသူသည် ထိုသူကဲ့သို့ပင် နူနာသည် အမြဲဖြင့် အနာကို မီးကင်ခြင်း၊ ကုတ်ဖဲ့ခြင်းများကို တဖန်ပြန်လည်၍ တောင့်တပါဦးမည်လော....၊ ဆေးဝါးကုသမှု ပြုလိုပါဦးမည်လော...."

စန်းမြင့်ထွန်း

“မှန်ပါ....၊ ဤသို့ကား မဖြစ်နိုင်တော့ပါ -အရှင်ဂေါတမ၊ အကြောင်းမူကား နူနာကို မီးကင်ခြင်း ဆိုသည်မှာ အနာမရှိသူအဖို့ မလိုအပ်တော့၍ ဖြစ်ပါသည်။ ဆေးဝါးကုသ လိုခြင်းမှာလည်း အနာမရှိလျှင် မလိုအပ်တော့ပါ - အရှင်ဂေါတမ”

“မာဂဏ္ဍိယ၊ ငါသည်လည်း ထို့အတူသာ ဖြစ်ပေသည်။ ကာမဂုဏ်ချမ်းသာတို့ကို တွယ်တာတပ်မက်ခြင်း သာယာနှစ်သက်ခြင်း မရှိချေတော့ပြီ။ တပါးသူတို့ ခံစားစံစား ကြသည်ကို မြင်ရ၍လည်း မည်သို့မျှ အားမကျ မတောင့်တတော့ပြီ”

“အချင်း မာဂဏ္ဍိယ၊ ဥပမာတခု ဆိုပေဦးအံ့။ အကြင် နူနာ ပျောက်ကင်းပြီးသူတဦး ရှိ၏။ ထိုသူအား အခြားသူနှစ်ဦးတို့က အနိုင်အထက် ချုပ်ကိုင်ကာ မီးကျီးခဲများရှိရာ ခေါ်လာကြ၏။ မီးကင်စေရန် အားထုတ်ကြ၏”

## မီး၏အပူဒဏ်

“မာဂဏ္ဍိယ၊ နူနာ ပျောက်ကင်းပြီး သူသည် ထိုအခါ ချုပ်ကိုင်ထားသူတို့လက်မှ ခွန်အားရှိသမျှ ရုန်းကန်ထွက်ခြင်း မပြုရာသလော”

“မှန်ပါ....၊ ရုန်းကန်မည်သာ ဖြစ်ပါသည်—အရှင်ဂေါတမ၊ အကြောင်းမူကား မီး၏ပူလောင်ခြင်းကို ကြောက်လန့်သောကြောင့် ဖြစ်ပါသည်”

“ကောင်းပြီ - မာဂဏ္ဍိယ၊ သို့ဆိုလျှင် ငါထပ်မံ ဆိုပါဦးအံ့၊ မီး၏ပူလောင်ခြင်း သဘာဝသည် ယခုအခါမှသာ ဖြစ်အပ်သလော၊ ရှေးကတည်းကပင် ဖြစ်အပ်သလော”

နေမြင့်ထွန်း

"အရှင်ဂေါတမ၊ ဤသို့ ကွဲပြားခြားနားခြင်းကား မရှိပါ၊ မီးသည် ရှေးရှေးကတည်းကလည်း ပူလောင် ဆင်း ရဲစေတတ် သည်သာ ဖြစ်ပါသည်။ အရှင်ဂေါတမ.... စင် စစ် သော် ကား နူ နာ စွဲ ကပ် နေ သူ သည် အ နာ အား လျော် စွာ ကိုယ်ခန္ဓာ ဖောက်ပြန် ပျက်စီးနေခြင်းကြောင့်သာ မီး၏ ပူလောင်ခြင်းကို ကောင်း သည်၊ ချမ်း သာ သည် ဟူ ၍ ထင် မှတ် မှား နေ ခြင်း ဖြစ်ပါသည်"

## ကာမဂုဏ်၏ ပူလောင်ခြင်း

"မှန် ပေ သည် မာ ဂ ဏ္ဍိယ၊ ကာ မ ဂုဏ် ဟူ သည် လည်း ထို့အတူသာ ဖြစ်ပေ၏။ ရှေးရှေးက ခံစားတွေ့ကြုံခဲ့ရသော ကာမဂုဏ်သည်လည်း ပြင်းစွာပူလောင်ဆင်းရဲသည်သာ ဖြစ်၏။ ယခုလောလောဆယ် တွေ့ကြုံ ခံ စား နေ ရ သော ကာမဂုဏ် သည် လည်း ပြင်း စွာ ပူ လောင် ဆင်း ရဲ သည် သာ ဖြစ် ၏။ နောက်နောင် တွေ့ကြုံခံစားရဦးမည့် ကာ မ ဂုဏ် သည် လည်း စင်စစ် ပြင်းစွာ ပူလောင်ဆင်းရဲစေတတ်သည်သာ ဖြစ်၏"

"အချင်း မာဂဏ္ဍိယ၊ သို့လျှင် ပူလောင်ဆင်းရဲစေပါလျက် သတ္တဝါအများတို့သည် ထို ကာမဂုဏ်မှု၌ စွဲလမ်းတွယ်တာနေ ကြခြင်းမှာကား နူနာသည်ကဲ့သို့သာလျှင် မိမိတို့၏ ဖောက်ပြန် ချွတ်ယွင်းသော အသိအမြင်ကြောင့် အထင်မှား - အမှတ်မှား နေကြရခြင်းဖြစ်၏"

"မာဂဏ္ဍိယ၊ ငါ ထပ်ဆင့် ဆိုပေဦးအံ့၊ နူနာစွဲနေသူသည် အနာရောဂါ ပြင်းပြလွန်းသောကြောင့်၎င်း၊ ပိုး လောက် တို့

နေမြင့်ထွန်း

ကိုက်ခဲလွန်းသဖြင့်၎င်း၊ မီးကင်ရခြင်း အယားဖျောက်ရခြင်းကို ချမ်းသာသည်၊ သာယာဖွယ်ဖြစ်သည် ထင်မှတ်နေခြင်းသာ ဖြစ်၏ ”

“ စင်စစ် ၎င်း၏ကိုယ်တွင် စွဲကပ်ဖြစ်ပွားနေသော ကုဋ္ဌနူနာရောဂါသည်ကား သို့လျှင် မီးကင်ခြင်း ကုတ်ဖွဲ့ခြင်းများကြောင့် လျော့ပါးသက်သာခြင်း မရှိဘဲ ပို၍သာ တိုးပွားပြင်းပြလာအပ်၏။ ကာမဂုဏ် ခံစားသူတို့သည်လည်း ထို့အတူသာ ဖြစ်၏။ ခံစားတွေ့ကြုံနေရဆဲတခဏ သာယာသည် ချမ်းသာသည် ထင်မှတ်ရခြင်းသာ ဖြစ်၏ ”

“ စင်စစ်မှာကား ကာမဂုဏ်မှုကို သာယာခံစားခြင်းအတွက် ပူလောင်ပြင်းပြစွာသော ဆင်းရဲပင်ပန်းခြင်းကိုသာလျှင် တောင့်တဖန်တီးရသည့် သဘောဖြစ်၏။ ပို၍သာ ဆင်းရဲပင်ပန်းရ၏ ”

## ကာမဂုဏ်ခံစားနေရင်း ငြိမ်းချမ်းသည် ရှိသလော

“ အချင်း မာဂဏ္ဍိယ၊ ငါမေးပါဦးအံ့၊ ပြည့်ရှင်မင်းသည်၎င်း၊ အမတ်သည်၎င်း၊ သူဌေး သူကြွယ်သည်၎င်း၊ ကာမဂုဏ်စည်းစိမ်တို့ကို ပြည့်စုံလုံလောက်စွာ ခံစားမွေ့လျော်နေရင်းမှ စိတ်၏ငြိမ်းချမ်းခြင်း - ကိုယ်၏ငြိမ်းချမ်းခြင်း၊ တည်ကြည်ငြိမ်သက်ခြင်းကို ရရှိဖြစ်မြောက်အပ်သည် ဟူ၍၎င်း၊ ရရှိဆဲ - ရရှိလတ္တံ့ဟူ၍၎င်း မြင်ရကြားရဘူးပါသလော ”

“ အရှင်ဂေါတမ....၊ ဤသို့ကား မဖြစ်နိုင်သည်သာတည်း ”

စန်းမြင့်ထွန်း

“ကောင်းလှပြီ - မာဂဏ္ဍိယ၊ ကာမဂုဏ်စည်းစိမ်ခံစားရင်း၊ သို့လျှင် စိတ်နှလုံး ငြိမ်းချမ်း တည်ကြည်ခြင်း ဆိုသည်ကို ငါ ကိုယ်တိုင်လည်း မမြင်စဘူး မကြားစဘူးသည်သာတည်း”

“အချင်း မာဂဏ္ဍိယ၊ စင်စစ်မူ ကာမဂုဏ်တရားတို့၏ ဖြစ်ခြင်း - ချုပ်ခြင်း - သာယာဖွယ်ကင်းခြင်းကို အမှန်အတိုင်း သိမြင် ဆင်ခြင်မိကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် ကား၊ စိတ်နှလုံး ငြိမ်းချမ်းတည်ကြည်ခြင်း အဖြစ်ကို ရလည်းရခဲ့ကြကုန်ပြီ၊ ရလည်းရနေဆဲ၊ နောင်ကိုလည်း ဆက်လက် ရရှိနေကြဦးမည်သာတည်း”

ဗုဒ္ဓမြတ်စွာဘုရားသည် မာဂဏ္ဍိယနှင့် ဤသို့ပြောဆိုနေရင်းမှ—

“လာဘ်ဟူသမျှတွင်**အနာကင်းခြင်း**သည်အသာဆုံး (အမြတ်ဆုံး)ဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် **နိဗ္ဗာန်**သည် အသာဆုံး (အမြတ်ဆုံး)ဖြစ်၏။ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါး ရှိသော (**မဂ္ဂင်ရှစ်ပါး**) လမ်းခရီးသည် ဘေးကင်း၍ အမြတ်ဆုံး ဖြစ်ပေ၏....” ဟူသော ဥဒါန်းစကားကို

ကြားဖြတ်ကာ ကျူးရင့်တော်မူအပ်၏။

ထိုအခါ၌ မာဂဏ္ဍိယ ပရိဗိုဇ်သည် မြတ်စွာဘုရား အား ဤသို့လျှင် ဝမ်းမြောက် ဝမ်းသာ လျှောက်ထားအပ်ပေ၏။

“အရှင်ဂေါတမ....၊ အံ့ဘွယ်ရှိပါပေစွ၊ အရှင်ဂေါတမ....၊ မဖြစ်စဖူးထူးကဲပါပေစွ....၊ အရှင်ဂေါတမ သည် ‘လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည်

စန်းမြင့်ထွန်း

အသာဆုံးဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏ 'ဟူ၍ မိန့်တော်မူပေ၏"

"အရှင်ဂေါတမ....၊ အကျွန်ုပ်သည်လည်း 'လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏' ဟူ၍ ပြောဆိုလာကြသော ရှေးပရိဗိုဇ် ဆရာအဆက်ဆက်တို့၏ စကားကို ကြားဘူးပါ၏"

"အရှင်ဂေါတမ....၊ အရှင်ဂေါတမ မိန့်ဆိုသော စကားသည်၊ အကျွန်ုပ် ကြားဘူးထားသည်နှင့် တထပ်တည်း တူညီနေဘိသည်တကား"

မာဂဏ္ဍိယ ပရိဗိုဇ်က သို့လျှင် ထူးဆန်းအံ့ဩသည့် သဘောမျိုး လျှောက်ထားအပ်သောအခါ မြတ်စွာဘုရားက ဤသို့ တုံ့ပြန်ဆိုတော်မူ၏။

"အချင်း မာဂဏ္ဍိယ၊ သင်သည် ငါဆိုအပ်လေသော ဥဒါန်းစကားကို ပရိဗိုဇ်အဆက်ဆက်တို့ထံမှ ကြားခဲ့ရဘူးသည် ဆိုဘိ၏။ သို့ဖြစ်ချေသော် ငါမေးပါဦးအံ့....

"အနာကင်းခြင်းဟူသည် အဘယ်နည်း၊ နိဗ္ဗာန် ဟူသည် အဘယ်နည်း"

## မာဂဏ္ဍိယ ပရိဗိုဇ် အဖြေ

ထိုအခါ၌ မာဂဏ္ဍိယ ပရိဗိုဇ်သည် မိမိကိုယ်မိမိ လက်ဖြင့် သုံးသပ်လျက်—

နေမြင့်ထွန်း

"အရှင်ဂေါတမ....၊ အနာကင်းခြင်းဟူသည်၊ ဤသည်ပင်တည်း၊ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း၊ အရှင်ဂေါတမ အကျွန်ုပ်သည် ယခုအခါ မည်သည့်အနာမျှမရှိ၊ ပကတိ ကျန်းမာချမ်းသာနေဘိ၏။ အကျွန်ုပ်ကို စိုးစဉ်းမျှသော ဆင်းရဲသည်ပင်လျှင် မနှိပ်စက်နိုင်ပါ" ဆို၏။

မာဂဏ္ဍိယ ပရိဗိုဇ်က သို့လျှင် သာမန်အသိမျှဖြင့် ဖြေဆိုလတ်သည့်အခါ ဗုဒ္ဓမြတ်စွာဘုရားသည် ဤသို့ ဆိုတော်မူ၏။

## မွေးကတည်းက မျက်စိကန်းလာခဲ့သူ

"အချင်းမာဏ္ဍိဂယ၊ ငါဥပမာတခု ဆိုပေအံ့၊ အကြင်သူတဦးသည် အမိဝမ်းတွင်းကတည်းကပင် မျက်စိကန်းလာခဲ့၏။ ထို့ကြောင့် နေ လ နက္ခတ်တာရာ စသည်တို့ကိုလည်း ဘာမျှမသိ၊ အဖြူ အနီ အဝါ အရွေစသော အရောင်အဆင်းတို့ကိုလည်း ဘာမျှ မသိနားမလည်တတ် ဖြစ်ခဲ့၏"

"တနေ့သောအခါ ထိုမျက်စိကန်းရှေ့တွင် မျက်စိမြင်သူ မျက်စိကောင်းသူ တဦးက ဤသို့ ပြောဆို၏"

"အချင်းတို့၊ ပကတိ သန့်ရှင်း စင်ကြယ်စွာသော အဝတ်ဖြူသည် အလှန်ပင် အဆင်း လှလေစွတကား....၊ အလွန်ပင် နှစ်သက်မြတ်နိုးဘွယ် ကောင်းလေစွတကား"

"မျက်စိကန်းသူသည် ထိုစကားကို ကြားရကာမျှဖြင့် အဝတ်ဖြူဆိုသည်ကို များစွာပင် လိုချင်တောင့်တမိခဲ့၏။ သဘောကျ နှစ်သက်ခဲ့၏။ သို့ဖြင့် ဟိုဟိုသည်သည်သို့ အဝတ်ဖြူ အရှာအဖွေထွက်ခဲ့၏"

စန်းမြင့်ထွန်း

“ ထိုအခါ တဦးသောသူက ဆီချေး များ လိမ်း ကျံကာ မဲညစ်နေသော သိုးမွေးပုဆိုးကြမ်းတခုကို ထို မျက် စိ ကန်းအား ပေးကာ ‘ဤပုဆိုးသည်ကား သင် ရှာဖွေနေသော ပုဆိုးဖြူ ပေတည်း။ အလွန်ပင် အဆင်းလှ၏၊ အလွန်လည်း နှစ်သက်ဖွယ် ရှိ၏’ ဆို၏”

“မျက်စိကန်းသည် ထို ပုဆိုးကို အားရဝမ်းသာ ယူငင် ဝတ်ရုံကာ အခြားသူများကိုလည်း ‘အချင်းတို့....၊ ငါ ဝတ်ရုံအပ်သော ပုဆိုးဖြူသည်ကား အလွန်ပင် အဆင်းလှလေစွ ဟကား....၊ သန့်ရှင်းစင်ကြယ်ခြင်းလည်း ရှိပေစွတကား....’ ဆိုအပ်၏ ”

“အချင်း မာဂဏ္ဍိယ၊ အဘယ်သို့ပါနည်း။ မျက် စိ ကန်းသူသည် ဆီချေးများ ညစ်ပေစွန်းထင်းနေသည့် ပုဆိုးကြမ်းကို မိမိကိုယ်တိုင် အမှန်အတိုင်း သိမြင်၍ လက်ခံယူငင်ခြင်း -တပ်မက် နှစ်သက်ခြင်း ဖြစ်အပ်သလော....၊ သို့တည်းမဟုတ် သူတပါး၏ စကားကို ယုံစားစွဲမှတ်၍ ယူအပ် - နှစ်သက်အပ်ခြင်း ဖြစ်လေသလော”

“အရှင်ဂေါတမ . ၊ကိုယ်တိုင်သိ၍မြင်၍ ယူငင်နှစ်သက်ခြင်း မဟုတ်နိုင်ပါ၊ မျက်စိမမြင်သည့်အားလျော်စွာသူတပါးစကားကို ယုံစားစွဲမှတ်၍ လက်ခံယူငင် နှစ်သက်ခြင်းသာ ဖြစ်ပါမည် ”

“အချင်း မာဂဏ္ဍိယ၊ အယူတပါးရှိကြကုန်သော ပရိဗိုဇ်တို့သည်လည်း ထို အတူသာ ဖြစ် ကုန် ၏။ ထို သူ တို့ သည် ဝမ်းတွင်းကန်း အတိုင်းသာ ဖြစ်ကြပေ၏။ အမှန်ကို မသိမြင်ကြကုန်။ အနာကင်းသော အဖြစ်ကိုလည်းမသိ၊ နိဗ္ဗာန်ကိုလည်း

စန်းမြင့်ထွန်း

မမြင်နိုင်ကြကုန်။ ထိုသို့ မသိမမြင်ကြဘဲလျက်ပင် ' လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏ ' ဟု မပြည့်မစုံ ဆိုကြကုန်၏ "

" အချင်း မာဂဏ္ဍိယ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ရှေးဘုရားရှင်တို့သည် ဤဂါထာ၌ စင်စစ်ဟောမြွက်တော်မူခဲ့ကြရင်းမှာကား –

" လာဘ်ဟူသမျှတို့တွင်၊ အနာကင်းခြင်းသည် အသာဆုံးဖြစ်၏။ ချမ်းသာမှု မှန်သမျှ တို့တွင် နိဗ္ဗာန် သည် အသာဆုံး ဖြစ်၏။ အမြိုက်နိဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်သောလမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည်ဘေးကင်း၍အမြတ်ဆုံးဖြစ်ပေ၏ " ဟူ၍သာတည်း။

## ရောဂါတုံး – အနာတုံး – ဆင်းရဲတုံး

" အချင်း မာဂဏ္ဍိယ၊ စင်စစ်မှုကား - ဤခန္ဓာ ကိုယ်သည် ရောဂါတုံး ဖြစ်၏။ အိုင်းအမာ အနာတုံး ဖြစ်၏။ ဘူးခြောင့်တုံးဖြစ်၏။ ဆင်းရဲတုံးဖြစ်၏။ သို့လျှင် - သာယာ နှစ်သက်ဖွယ်ဟူ၍ စိုးစဉ်းမျှမရှိ၊ ပကတိ - ဆင်းရဲခြင်း သက်သက်မျှ ဖြစ်သော ဤခန္ဓာကိုယ်ကို ' အရှင်ဂေါတမ....၊ အနာကင်းခြင်း ဟူသည် ဤသည်ပင်တည်း၊ နိဗ္ဗာန်ဟူသည် - ဤသည်ပင်တည်း ' ဟု သင်ဆိုဘိ၏ "

" အချင်း မာဂဏ္ဍိယ၊ ဤသို့ ဆိုအပ်ခြင်းကြောင့် ပင်လျှင်၊ အနာကင်းခြင်းကို စင်စစ်မှန်စွာ သိမြင် နိုင် စွမ်းသော ဉာဏ်

စန်းမြင့်ထွန်း

မျက်စိသည်ငင်း၊ နိဗ္ဗာန်ကို သိမြင်နိုင်စွမ်းသော ဉာဏ်မျက်စိသည် ငင်း၊ သင့်တွင် - စိုးစဉ်းမျှမရှိကြောင်း ကောင်းစွာ ထင်ရှား သိသာနေချေ တကား ”

မြတ်စွာဘုရားက သို့လျှင် နိဂုံးချုပ် ဆိုအပ်လေသောအခါ၊ မာဂဏ္ဍိယ - ပရိဗိုဇ်သည်–

“ အရှင်ဂေါတမ....၊ အနာကင်းခြင်းကို အကျွန်ုပ် သိမြင်ရန် ပင်ဖြစ်စေ၊ နိဗ္ဗာန်ကို သိမြင်ရန်ပင် ဖြစ်စေ၊ အရှင် ဂေါတမ ဟောပြော ညွှန်ပြနိုင်မည်ဟု အကျွန်ုပ် ယုံကြည်ပါသည် ”ဟု ဆိုပေ၏။

ဗုဒ္ဓမြတ်စွာဘုရားက ဤသို့ ဆိုတော်မူပြန်၏။

“ အချင်း မာဂဏ္ဍိယ၊ မွေးကတည်းက မျက်စိကန်းလာခဲ့သူ အား၊ ဆွေမျိုးတို့က ဆေးဆရာဖြင့် ကုသပေးသော် ငြားလည်း၊ မျက်စိပြန်မမြင်နိုင် ရှိငြားအံ့၊ ဆေးဆရာ ဖြစ်သူတွင် ထိုသူကို ဆေးကုပေးရခြင်း အတွက် ပင်ပန်းရုံသာ ရှိချိမ့်မည် မဟုတ် ပါလော....

“ မာဂဏ္ဍိယ၊ ယခုလည်း သည့် အတူ သာ ဖြစ် ပေ သည်။ သင့်အား ‘ အနာကင်းခြင်းဟူသည် ဤသို့တည်း၊ နိဗ္ဗာန်ဟူသည် ဤသို့တည်း ’ ဟူ၍ ငါဟောငြား သော်လည်း သင်ကိုယ်တိုင်က ငါဟောသည့်အတိုင်း မသိမမြင်ငြားအံ့၊ ငါ့ဩသာလျှင် ဆင်းရဲ ပင်ပန်းရာသည်သာတည်း ”

“ အရှင်ဂေါတမ၊ ဤသို့ကား - မဟုတ်ပါ၊ အရှင်ဂေါတမ သည် အနာကင်းခြင်း ဟူသည်ကို ငင်း၊ နိဗ္ဗာန် ဟူသည်ကို ငင်း၊

စန်းမြင့်ထွန်း

အကျွန်ုပ် သိမြင်နားလည် တတ်သည်အထိ၊ ဟောပြောညွှန်ပြနိုင်စွမ်းရှိကြောင်း၊ အကျွန်ုပ် ကောင်းစွာ ယုံကြည် အပ်ပါသည်”

## စွဲလမ်းမှု ကင်းပြတ်ခြင်း

“ကောင်းပြီ - မာဂဏ္ဍိယ၊ သို့ဆိုလျှင် ဥပမာတခုနားထောင်လေဦးလော့၊ မွေးကတည်းက မျက်စိကန်းလာခဲ့သူသည် ဆေးကုသခြင်းဖြင့် မျက်စိကောင်းသွားသည့်အခါ၊ ဆီချေးများ မဲညစ်စွန်းထင်းနေသည့် သိုးမွေးပုဆိုးကြမ်းကို တပ်မက်နှစ်သက်ခြင်း ကင်းပြတ်လေရာ၏”

ထို့ပြင် - သူ့အား ပုဆိုးဖြူတည်းဟူ၍ လိမ်ညာ လှည့်ပတ်ပေးခဲ့သူကိုလည်း ‘ဤသူကား - ငါ့ကိုကာလကြာမြင့်စွာ(မျက်စိမမြင်ရသေးသမျှ) လိမ်ညာ လှည့်ဖြားခဲ့ပေသည် တကား’ ဟူ၍ အောက်မေ့မှတ်ထင် ခင်မင်ကြည်ညိုခြင်း ကင်းလေရာ၏။ မယုံကြည်ထိုက်သူအရာ ထားပေရာ၏”

“အချင်း မာဂဏ္ဍိယ၊ ယခုလည်း ထို့အတူသာဖြစ်ချေ၏။ ငါသည် သင့်အား - အနာကင်းခြင်း ဟူသည်ကိုင်း၊ နိဗ္ဗာန်ဟူသည်ကိုင်း၊ ဤသို့တည်းဟူ၍ ဟောကြားညွှန်ပြချေသော်၊ သင်သည် - အနာကင်းခြင်းကိုင်း၊ နိဗ္ဗာန်ကိုင်း၊ ကောင်းစွာသိမြင်လေရာ၏”

“ဤသို့ သိမြင်သည်နှင့်တပြိုင်နက်လည်း၊ သင်သည် ခန္ဓာငါးပါးတို့၌ တပ်မက်ခြင်း ကင်းပြတ် လေရာ၏။ သို့ – ကင်းအပ်သည်နှင့်အမျှ ‘အချင်းတို့ - ဤစိတ်သည် ငါ့ကို ကာလကြာမြင့်စွာ လှည့်စား နှိပ်စက် ခဲ့သည်

စန်းမြင့်ထွန်း

တကား....၊ ငါသည် ရုပ်ကို – ရုပ်အဖြစ်ဖြင့် သာလျှင် စွဲလမ်းဘူး၏။ ဝေဒနာ ကိုလည်း - ဝေဒနာ အဖြစ်ဖြင့် သာလျှင် စွဲလမ်းဘူး၏။ သညာ ကိုလည်း - သညာ အဖြစ်ဖြင့် သာလျှင် စွဲလမ်းဘူး၏။ သင်္ခါရ ကိုလည်း သင်္ခါရ အဖြစ်ဖြင့်သာလျှင် စွဲလမ်း ဘူး ၏။ ဝိညာဏ်ကို လည်း - ဝိညာဏ်အဖြစ်ဖြင့် သာ လျှင် စွဲ လမ်း ဘူး ၏။

"ထိုထိုစွဲလမ်းမှု ဥပါဒါန်ကြောင့် ပင်လျှင် '**ဘဝ**' ဟူ၍ဖြစ်ပေါ်လာခဲ့ရ၏။ ထိုဘဝကြောင့်လည်း '**ဇာတိ**' ဖြစ်ပေါ်ရပြန်၏။ ဇာတိ ကြောင့်လည်း **ဇရာ - မရဏ သောက – ပရိဒေဝ - ဒုက္ခ - ဒေါမနဿ - ဥပါယာသ** ဟူသော အိုရခြင်း - သေရခြင်း - ငိုကြွေးရ ခြင်း - ကိုယ်ဆင်းရဲရခြင်း - စိတ်ဆင်းရဲရခြင်း - ပြင်းစွာပင်ပန်းရခြင်း တို့ဖြစ်ကုန်၏။ သို့ - ဖြစ်ရခြင်းသည်လည်း၊ ကောင်းစွာ ထင်ရှားချေ၏ဟူ၍ တွေးမြင်သိစွမ်း နိုင်ရာ သည်သာ တည်း...."

ထိုအခါ၌၊ မာဂဏ္ဍိယ ပရိဗိုဇ်သည်—

"အရှင် ဂေါတမ....၊ အရှင်ဂေါတမ ယခု ဆိုအပ်သည့် အတိုင်း ဤနေရာ၌ပင်လျှင် အကျွန်ုပ်အား အမှန် တရား ကို သိစွမ်းနိုင်စေရန်၊ အရှင်ဂေါတမ ကောင်းစွာဟောကြား ညွှန်ပြ နိုင်မည်ဟု ယုံကြည်ပါသည်" ဆိုပြန်လေ၏။

ဗုဒ္ဓမြတ်စွာဘုရားက,ဤသို့ ထပ်မံ ဆိုတော်မူ၏။

"ကောင်းပြီ - မာဂဏ္ဍိယ၊ သို့ဖြစ်လျှင် - သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ်လော့၊ သူတော်ကောင်းတို့ကို ဆည်း

ကပ်ခြင်းဖြင့်၊ သူတော်ကောင်းတို့၏ တရားကို ကြားနာရလတ္တံ့၊ သို့ - ကြားနာရခြင်း ကြောင့်လည်း၊ လောကုတ္တရာ တရားအား လျော်စွာသော ( လောကုတ္တရာ အကျိုးစီးပွား ဖြစ်စေသော ) အကျင့်ကို - ကျင့်ရလတ္တံ့၊ သို့ - ကျင့် ရ သော ကြောင့်လည်း -

"အနာဂေါ် - အိုင်းအမ - မြွား ငြောင့် တို့နှင့် တူစွာသော စွဲလမ်းမှု 'ဥပါဒါန်' ချုပ်သည်ရှိသော်၊ ဘဝ ချုပ် အပ် ခြင်းကိုရင်း၊ ဘဝ ချုပ်သည် ရှိသော်၊ ပဋိသန္ဓေ တည်နေ ရ မှု 'ဇာ တိ' ချုပ်အပ်ခြင်းကိုရင်း၊ ဇာတိ – ချုပ်သည်ရှိသော်၊ အိုရခြင်း 'ဇရာ' သေရခြင်း 'မရဏ' ပူဆွေးရခြင်း 'သောက' ငိုကြွေးရခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲရခြင်း 'ဒုက္ခ' စိတ်ဆင်းရဲရခြင်း၊ 'ဒေါမနဿ' ပြင်း စွာ ပင် ပန်း ရ ခြင်း၊ 'ဥပါယာသ' တို့ ချုပ်အပ်ခြင်း၊ ဆင်းရဲမှုန်သမျှ ကုန် သုံး ကင်း ပြက် ရခြင်း အဖြစ်ကို ကိုယ်တိုင် လက် တွေ့ သိ လာ ရ ပေ လတ္တံ့....;"

မြတ်စွာဘုရားက, သို့လျှင် အလုံးစုံ ခြုံလွှမ်း မိန့်ဆိုတော်မူ အပ်သောအခါ၊ မာဂဏ္ဍိယ ပရိဗိုဇ်သည် ဝမ်းမြောက် လိုက်သို့ စွဲသော အမူအရာဖြင့် –

" အရှင်ဂေါတမ....၊ အရှင်ဂေါတမ၏ တရားတော်သည်၊ အလွန်နှစ်သက်ဖွယ်ရှိပေစွ တကား၊ ရှိပေစွတကား၊ ဥပမာ အားဖြင့်ကား၊ မှောက်ထားသော အရာဝတ္ထုကို လှန်၍ ပြအပ် ဘိသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို လှစ်၍ ပြအပ်

ဘိသကဲ့သို့ငှင်း၊ မျက်စိလည်နေသူအား ခရီးလမ်းအမှန်ကို ညွှန်ကြား ပြောပြလိုက်ဘိ သကဲ့သို့ငှင်း၊ ဖြစ်ပါပေ၏”

“အရှင်ဂေါတမ....၊ အရှင်ဂေါတမသည် များစွာသော အကြောင်းတို့ဖြင့်၊ တရားတော်ကို ဟောပြတော်မူအပ်ပါပေ၏။ အကျွန်ုပ်သည် ယနေ့မှ အစပြု၍ အရှင်ဂေါတမကို - ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း - ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏” ဟု ရိုသေစွာ လျှောက်ထား အပ်ပေ၏။

ထို့နောက်လည်း —

“အရှင်ဂေါတမ....၊ အကျွန်ုပ်သည် - အရှင်ဂေါတမ၏ အထံတော်၌၊ ရှင်အဖြစ်ကို - ရလိုပါ၏။ ရဟန်းအဖြစ်ကို - ရလိုပါ၏” ဟူ၍ ထပ်မံလျှောက်ထား ပြန်၏။

ဗုဒ္ဓမြတ်စွာဘုရားက, ဤသို့ ဆိုတော်မူ၏။

“အချင်း - မာဂဏ္ဍိယ၊ တပါးသော အယူကို - ယူခဲ့ဘူးသူသည်၊ ငါဘုရား၏ သုတ်အဘိဓမ္မာ ဝိနည်းဟူသော သာသနာတော် ( အဆုံးအမ )၌၊ ရှင်အဖြစ်ကို - ရလိုငြားအံ့၊ ရဟန်းအဖြစ်ကို ရလိုငြားအံ့၊ လေးလမျှ အစမ်းသဘော နေထိုင်ရ၏။ စောင့်ဆိုင်းရ၏”

“ထို - လေးလမှ ကျော်လွန်ပြီး - နှစ်သက် ယုံကြည်လောက်သည့်အခါမှ၊ ရှင်အဖြစ်ကိုငှင်း၊ရဟန်းအဖြစ်ကိုငှင်း၊ ငါဘုရား၏ တပည့်သား သံဃာတော်တို့က, လက်ခံ ပြုပေးကြကုန်လတ္တံ့....”

မာဂဏ္ဍိယ ပရိဗိုဇ်သည်၊ ထိုအခါ၌ လည်း - ဝမ်းမြောက်လှိုက်လှဲစွာ လျှောက်ထားပြန်၏။

“ အရှင်ဂေါတမ....၊ အ ကျွန်ုပ် ကဲ့သို့ ကပါးသောအယူကို ယူခဲ့ဘူးသူသည်၊ လေးလ စောင့်ဆိုင်းရမည် ဆိုငြားအံ့၊ အကျွန်ုပ်သည် - လေးလမျှ မဟုတ်ပါ၊ လေးနှစ်တိုင်တိုင် ကြာမြင့်သည့်အထိလည်း ကောင်းစွာ စောင့်ဆိုင်းပါအံ့....”

ဤသို့ဖြင့်ပင်၊ နောင် အခါ၌ မာ ဂ ဏ္ဍိ ယ ပ ရိ ဗိုဇ် သည် - ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်၌၊ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို - ရအပ်၏။ မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော်တို့သည်၊ **မာဂဏ္ဍိယ ပရိဗိုဇ်** အပေါ် - ကောင်းစွာ ကျေနပ်ယုံကြည်ခြင်းဖြင့် ရှင် - ရဟန်း ပြုပေးကြကုန်၏။

မာဂဏ္ဍိယ ပရိဗိုဇ်သည်၊ သာသနာတော်တွင်း ရောက်ချိန်မှစ၍၊ ဗုဒ္ဓမြတ်စွာ ဆုံးမ ညွှန်ကြားအပ်သည့်အတိုင်း၊ ကောင်းစွာ ကျင့်ကြံ အားထုတ်အပ်ပေ၏။ နောက်ဆုံး၌ကား - အတုမဲ့မြတ်သော အကျင့်၏ အားလျော်စွာ၊ ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်**ကာ**လ - အများသော ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်ခဲ့ရလေသတည်း....။

## အကြိတ်အနယ်တွေ့ကြုံယှဉ်ပြိုင်ရခြင်း

စင်စစ်အားဖြင့်ကား ဗုဒ္ဓမြတ်စွာဘုရား ဖြစ်ပွင့်တော်မူစဉ်ခေတ်ကာလမှာ ပြ ဿ နာ များစွာ ပေါ် ပေါက်နေ သော ခေတ်ကာလ ဆိုထိုက်သည်။

လောကီပညာရှိများအပြင် ဘုရားအမည်ခံ ဂိုဏ်းဆရာများလည်း ရှိ နေ သော အ ခါ၊ ပြ ဿ နာ အမျိုးမျိုး ဖြစ်ပွား ပေါ်ပေါက်ခဲ့သည်။ ပညာရှိများက သဘောရိုးဖြင့် သိလို၍

ပန်းမြင့်ထွန်း

မေးမြန်းခြင်းမှာ အကြောင်းမဟုတ်သော်လည်း ဘုရားအမည်ခံများက တမင် ဖန်တီး မေးမြန်းကြခြင်းမှာကား ဗုဒ္ဓမြတ်စွာဘုရား၏ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ်ကြခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ထိုပြဿနာမျိုးကို ဖြေဆိုတော်မူရာ၌ အကြောင်းအားလျော်စွာ ပြေလည် ရှင်းလင်းစေရုံမျှမဟုတ်သေး၊ ဖြေကြားပုံ ဖြေကြားနည်း အရာ၌လည်း နည်းပရိယာယ်သဘောမျိုး သက်ရောက်ပါဝင်လျက် ရှိပေသည်။

ဤအခြေအနေမျိုးကို သိရသောအားဖြင့်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးအပြင်၊ တွေ့ကြုံယှဉ်ပြိုင်ရသည့် ဆန့်ကျင်ဘက် '**ခေတ်ကာလသဘော** ကိုပါ သိမြင်နားလည်ရလေသည်။

စန်းမြင့်ထွန်း

# မြတ်စွာဘုရားနှင့်စကားဆိုမှု

## (အဘယရာဇကုမာရ–သုတ်)

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏။ ထိုအခါ၌ နာဋ္ဌ၏သားဖြစ်သူ နိဂဏ္ဌသည် မိမိအထံ လာရောက် ဆည်းကပ်အပ်သော **အဘယမင်းသား**ကို ဤသို့ပြောဆို၏။

“အသင်မင်းသား....၊ အသင်သည် ရဟန်းဂေါတမထံ သွားရောက်ကာ အပြစ်တင်စကား ဆိုချေလော့....၊ ထိုသို့ဆိုခဲ့ချေသော်၊ အဘယမင်းသားသည် ဘုန်းတန်ခိုးကြီးစွာသော အရှင်ဂေါတမကိုပင်လျှင် ပြစ်တင်ရှုတ်ချနိုင်သူ ဖြစ်ပေသည်ဟူ၍ ဂုဏ်သတင်း ကျော်ဇောပြန့်နှံ့ခြင်း ဖြစ်ပေလတ္တံ့.”

အဘယမင်းသားက “အရှင်....၊ အကျွန်ုပ်သည် ဘုန်းတန်ခိုးကြီးစွာသော အရှင်ဂေါတမကို အဘယ်သို့လျှင် အပြစ်တင်စကား ဆိုရပါအံ့နည်း” ဟု ပြန်လည်မေးမြန်း၏။

စန်းမြင့်ထွန်း

နိဂဏ္ဌက ဤသို့ သင်ပေး၏။

"အသင်မင်းသား....၊ အသင်သည် အရှင်ဂေါတမကို 'အရှင်ဘုရား....၊ အရှင်ဘုရားသည် သူတပါး မနှစ်ခြိုက်ဖွယ် စကားမျိုးကို ပြောဆိုအပ်ပါသလော' ဟု မေးလေလော့.... ဤသို့မေးခြင်းဖြင့် အရှင်ဂေါတမက သင်မေးအပ်သည့်အတိုင်း၊ ပြောဆို၏ဟု ဖြေငြားအံ့၊ 'အရှင်ဂေါတမ....၊ ဤသို့ဆိုလျှင် အရှင်ဂေါတမသည် ပုထုဇဉ်တို့နှင့် အဘယ်သို့လျှင် ခြားနားပါသေးသနည်း၊ ပုထုဇဉ်တို့သည် သူတပါး မနှစ်ခြိုက်ဖွယ် စကားမျိုးကို ပြောဆိုကြသည်သာ မဟုတ်ပါလော' ဟု ဆိုလေလော့...."

"ဤသို့ဆိုခြင်းဖြင့် ရဟန်းဂေါတမက 'ငါသည် သူတပါး မနှစ်ခြိုက်ဖွယ်စကားကို မဆိုသည်သာတည်း' ဟု တမျိုးပြောငြားအံ့၊ အရှင်ဂေါတမ....၊ အရှင်ဂေါတမသည် ထိုကဲ့သို့ သူတပါး မနှစ်ခြိုက်ဖွယ် စကားကို မဆိုခဲ့လျှင် 'ဒေဝဒတ်သည် အပါယ်သို့ လားမည့်သူတည်း၊ ဒေဝဒတ်သည် ကုစား၍ မရနိုင်သူတည်း' ဟူ၍ အဘယ့်ကြောင့်လျှင် ပြောဆိုအပ်ပါသနည်း"

"ဒေဝဒတ်သည် အရှင်ဂေါတမ - ဤသို့ ပြောဆိုအပ်ခြင်းကြောင့် အမျက်ထွက်ခြင်း-စိတ်မချမ်းမြေ့ခြင်းဖြစ်ရမည်သာ မဟုတ်ပါလော' ဟု ထပ်ဆင့်ပြောလေလော့...."

"အသင်မင်းသား၊ အသင်သည် ယခု ငါဆိုအပ်သည့် အတိုင်း၊ ရဟန်းဂေါတမကို နှစ်မျိုးနှစ်ခွ မေးမြန်း ပြောဆိုချေခဲ့သော်၊ ရဟန်းဂေါတမသည် အစွန်းနှစ်ဖက် ထွက်နေသော

ဤပြဿနာကို မည်သို့မျှ အစွန်းလွတ်အောင် မဖြေဆိုနိုင်ရှိပေလတ္တံ့ ”

“ အကယ်တည့် အစဦးစွာ ကတည်းကပင် ငါသည် သူတပါး မနှစ်ခြိုက်ဖွယ် စကားမျိုးကို မပြောဆိုပါ – ဖြေခဲ့လျှင်လည်း၊ ဒေဝဒတ်ကို ဆိုညွှန်းပြော အပ်လေသော စကားများနှင့် ပတ်သက်၍ ကောင်းစွာ ပြစ်တင် ရှုတ်ချနိုင်သည်သာတည်း ”

“ သို့ မဟုတ်မူဘဲ၊ ငါသည် သူတပါး မနှစ်ခြိုက်ဖွယ် စကားမျိုးကို ပြောဆိုအပ်၏ – ဖြေခဲ့လျှင်လည်း ဤကဲ့သို့ စကားမျိုး ပြောဆိုခြင်းကြောင့်ပင်လျှင် ရှင်ဂေါတမသည် သာမန် ပုထုဇဉ်လူသားတို့နှင့် မည်သို့မျှ ကွဲပြားခြားနားခြင်း မရှိ - ဟူ၍ ကောင်းစွာ ပြစ်တင်ရှုတ်ချနိုင်သည်သာတည်း ”

“ အချင်း - အဘယမင်းသား၊ သင်မင်းသား - ထိုသို့ပြစ်တင်ရှုတ်ချချေသော်၊ ရဟန်းဂေါတမသည် - လည်မျိုတွင် သံဆူးခွကပ်ငြိနေသူကဲ့သို့သာ ဖြစ်ရပေလတ္တံ့၊ လည်မျိုတွင် သံဆူးခွကပ်ငြိနေသူသည် ထွေးထုတ်ရန်လည်း မဖြစ်နိုင် - မျိုချရန်လည်း မဖြစ်နိုင်ဘဲ၊ အကျဉ်းအကျပ် ကျခံနေရသကဲ့သို့ ရဟန်းဂေါတမသည်လည်း သင်၏ပြဿနာနှင့် ပတ်သက်၍ မည်သို့မျှ အစွန်းလွတ် အပြစ်ကင်းအောင် မဖြေဆိုနိုင်ရှိချိမ့်မည်သာတည်း ”

“ ထို့ကြောင့် သင်မင်းသားသည် ရဟန်းဂေါတမထံ သွားရောက်ပြီး၊ ယခု ငါ ဆိုအပ်သည့်အတိုင်း – ပြဿနာ မေးမြန်းကာ ကောင်းစွာ ပြစ်တင် ရှုတ်ချပါချေလော့ ”

ထိုအခါ၌ အဘယမင်းသားသည် “ အရှင်....၊ ကောင်းပါပြီ ” ဆိုကာ နိဂဏ္ဌ အထံမှသည် မြတ်စွာဘုရားဆီသို့ ရှေးရှုထွက်လာ

ခဲ့၏။ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးသော် တနေရာတွင် ထိုင်နေ၏။

ထိုစဉ်ခိုက်တွင် အဘယမင်းသားသည် နေကို မော့်ကြည့်ကာ ဤသို့ သဘိရမိ၏။

"မြတ်စွာဘုရားကို ပြစ်တင်ရှုတ်ချရန်အတွက်ယနေ့အဖို့ကား အချိန်မရှိတော့ပြီ၊ နက်ဖြန်နံနက်မှသာ အပြစ်တင်တော့အံ့"

သို့ဖြင့် အဘယမင်းသားသည်မြတ်စွာဘုရားကို "အရှင်ဘုရား အရှင်ဘုရားနှင့် တကွသော သံဃာတော်လေးပါး တို့သည် နက်ဖြန်နံနက်တွင် တပည့်တော်၏အိမ်သို့ ဆွမ်းစားကြွတော်မူပါ" ဟု လျှောက်ထားပင့်ဖိတ်၏။ မြတ်စွာဘုရားကလည်း အဘယမင်းသား၏ ပင့်ဖိတ်မှုကို ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူပေ၏။

နောက်တနေ့ နံနက်ခင်းတွင် အဘယမင်းသားသည် မြတ်စွာဘုရားနှင့် တကွသော သံဃာတော်လေးပါးတို့အား မိမိနေအိမ်တွင် ဆွမ်းဘောဇဉ် ချိုချဉ်ရသာများကို မိမိကိုယ်တိုင် ကောင်းစွာ ဆက်ကပ် လှူဒါန်းအပ်ပေ၏။

ထို့နောက် မိမိ၏ဆရာဖြစ်သူ - နိဂဏ္ဌ သင် ပေး လိုက်သော ပြဿနာနှင့် ပတ်သက်၍ ဤသို့ စတင်လျှောက်ထားအပ်ပေ၏။

"အရှင်ဘုရား....အရှင်ဘုရားသည်၊ သူတပါး မနှစ်သက်-မနှစ်ခြိုက်ဖွယ်စကားမျိုးကို ပြောဆိုအပ်ပါသလော"

"အသင် မင်းသား.... ဤ မေး ခွန်း မျိုး၌ ငါဘုရားသည် တထစ်ချမဖြေနိုင် - ဖြစ်သည်"

စန်းမြင့်ထွန်း

"အရှင်ဘုရား.... စင်စစ်အားဖြင့်ကား၊ ဤပြဿနာ မေးမှုသည် နိဂဏ္ဌတို့နှင့် ဆက်စပ်နေပါသည်"

"နိဂဏ္ဌ တို့နှင့် အဘယ်သို့ ဆက်စပ် နေပါသနည်း၊ သင်မင်းသား"

"အရှင်ဘုရား.... တပည့်တော်သည် နာဋ၏ သားဖြစ်သူ နိဂဏ္ဌထံသို့ ရောက်သွားပါသည် ထိုအခါ နိဂဏ္ဌက တပည့်တော်အား ဤသို့မေးပါချေ စေခိုင်းခြင်းကြောင့်၊ တပည့်တော် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ပါသည်"

အဘယမင်းသားသည် ဤသို့အစချီကာ၊ နိဂဏ္ဌ သွန်သင်မှာထားလိုက်သည် များကို၊ မြတ်စွာဘုရားအား အစအဆုံး ပြည့်စုံစွာ ပြန်လည် လျှောက်ထား အပ်ပေ၏။ ထိုစဉ်၌ ကလေးငယ် တဦးသည် အဘယ မင်းသား၏ ရင်ခွင်တွင်းတွင် ရှိနေ၏။

မြတ်စွာဘုရားသည်၊ ထိုကလေးငယ်ကိုရည်ညွှန်းလျက်- ဤသို့ စတင်ဆိုတော်မူ၏။

"အသင်မင်းသား...၊ ဤကလေးငယ်သည်၊ အထိန်းဖြစ်သူ တို့၏ မေ့လျော့မှုကြောင့်ရင်း၊ အသင်၏ သတိလစ်မှုကြောင့်ရင်း၊ သစ်သားတို-သစ်သားစ၊ သံတိုသံစ၊ ကျောက်စရစ် အိုးခြမ်းကွဲ စသည် တခုခုကို ပါးစပ်တွင်းသို့ ထည့်မိလေငြားအံ့၊ အသင် အဘယ်သို့ ပြုလုပ်ပါအံ့နည်း"

"အရှင်ဘုရား .. တပည့်တော်သည် ကလေး၏ပါးစပ်တွင်းမှ အရာဝတ္ထုကို လက်ဖြင့်နှိုက်၍ ထုတ်ယူရပါမည်။ အကယ်၍တည့် လက်ဖြင့်နှိုက်ယူ၍ မရနိုင်-မဖြစ်နိုင်ခဲ့ပါလျှင်၊ ကလေး၏ဦးခေါင်း

စန်းမြင့်ထွန်း

ကို ကိုင်၍ တနည်းနည်းဖြင့် မရရအောင် ထုတ်ယူ ရမည်သာ ဖြစ်ပါသည်"

"သို့ ထုတ်ယူခြင်းဖြင့်၊ သွေးထွက်လာသည့် တိုင်အောင် လည်း ပါးစပ်တွင်းမှ အရာဝတ္ထုကိုကား ရလေအောင် ထုတ်ယူ ရမည်သာ ဖြစ်ပါသည်။ အကြောင်းမူကား၊ ကလေးငယ်ကို အစဉ်သနားခြင်းရှိသောကြောင့် ဖြစ်ပါသည် ဘုရား"

## စကားခြောက်ခွန်း

"ကောင်းလှပြီ- အသင်မင်းသား၊ ငါဘုရား၏ စကားဆိုမှု သည်လည်း ထို့အတူသာဖြစ်ပေသည်။ ငါဘုရားသည်....

၁။ သူတပါးတို့ မနှစ်သက် - မနှစ်ခြိုက်ဖွယ် စကား ကို ပြောဆိုခြင်း မပြုသည်သာတည်း။

၂။ မှန်ပင်မှန်ငြား သော်လည်း၊ အကျိုးမရှိ - သူတပါးတို့ လည်း မနှစ်သက်၊ ဤစကားမျိုးကိုလည်း မပြောဆို သည်သာတည်း။

၃။ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတပါးတို့ကား မနှစ်သက် - မနှစ်ခြိုက်၊ ထိုစကားမျိုးကိုကား ငါဘုရား သည် အခါအားလျော်စွာ ပြောဆို၏။

၄။ မှန်လည်းမမှန် - အကျိုးလည်းမရှိ၊ သူတပါး တို့ကား နှစ်သက်၏ – နှစ်ခြိုက်၏၊ ထိုစကားမျိုးကို ငါဘုရား မပြောဆိုသည်သာတည်း။

နေမြင့်ထွန်း

၅။ မှန်လည်းမှန်၏၊ သူတပါးတို့လည်း နှစ်သက် - နှစ်ခြိုက်၏၊ အကျိုးကား မရှိ၊ ထိုစကားမျိုးကို ငါဘုရား မပြောဆိုပေ။

၆။ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတပါးတို့လည်း နှစ်သက် – နှစ်ခြိုက်၏၊ ထိုစကားမျိုးကို အခါအား လျော်စွာ ပြောဆို၏။

"အသင်မင်းသား....၊ ငါဘုရားသည် ယခု ဆိုခဲ့ပြီး စကား ခြောက်ခွန်း အနက်မှ နှစ်ခွန်းသော (နှစ်မျိုး) စကားကိုသာ ရွေး၍ ပြောဆိုအပ်ခြင်းကား၊ သတ္တဝါတို့အပေါ် အစဉ်သနား ခြင်းရှိသောကြောင့် ပေတည်း"

ထိုအခါ အဘယ မင်းသားသည် ဗုဒ္ဓမြတ်စွာ ဘုရားအား ဤသို့တုံ့ပြန် လျှောက်ထားအပ်၏။

"အရှင်ဘုရား....၊ တပည့်တော်မေးပါရစေ၊ ပညာရှိ - မင်းတို့ သည်၎င်း၊ ပညာရှိ - ပုဏ္ဏားတို့ သည်၎င်း၊ သူကြွယ် - ရဟန်း စသည့် ပညာရှိအသီးသီးတို့သည်၎င်း၊ အရှင်ဘုရားအားပြဿနာ မေးကြကုန်သည် ရှိသော်၊ အရှင်ဘုရားသည် 'ထိုသူ - ထိုသူတို့ သည် ငါ့အား ပြဿနာ မေးကြကုန်လတ္တံ့၊ ထိုသူတို့က ဤသို့ မေးကြချေသော်၊ ငါက ဤသို့ဖြေကြားအံ့' ဟူ၍၊ ရှေးကတည်း ကပင်လျှင် ကြိုတင်ကြံစည်ထားအပ်ပါ သလော"

"သို့တည်းမဟုတ်၊ ပြဿနာမေးလာသည့်အခါမှ ပြဿနာ၏ အားလျော်စွာ ဖြေကြားရန်ကို အရှင်ဘုရား၏ ဉာဏ်တည်းမှာ ထင်မြင်လာအပ်ပါ သလော"

စန်းမြင့်ထွန်း

“အသင်မင်းသား၊ ဤသည်နှင့် ပတ်သက်၍ အသင့်ကိုပင် ပြန်မေးဦးအံ့၊ အသင်နှစ်သက်သလို ဖြေကြားလော့၊ အသင်သည် ရထား၏ အင်္ဂါအစိတ်အပိုင်းတို့ကို ကောင်းစွာ သိနားလည်ပါသလော”

“အရှင်ဘုရား...၊ တပည့်တော်သည် ရထား၏ အင်္ဂါအစိတ်အပိုင်းကို ကောင်းစွာ ကျွမ်းကျင် နားလည်ပါသည်”

“ကောင်းပြီ သင်မင်းသား၊ သို့ဆိုလျှင် အကြင် သူတို့သည် သင်မင်းသားအား ရထား၏ အင်္ဂါအစိတ်အပိုင်းတခုကို လက်ညှိုးထိုးပြ၍ ဤသည်ကား - အဘယ်သို့ ခေါ်ပါသနည်းဟု မေးလာငြားအံ့၊ သင်သည် ထိုအမေးကို ဖြေရန်အတွက် ရှေးဦးကတည်းကပင်ကြိုတင်ကြံစည်ထားပါသလော၊ သို့တည်းမဟုတ် - မေးလာသည့်အခါ၌ပင်လျှင် မိမိ၏ကျွမ်းကျင်မှု အားလျော်စွာရုတ်တရက်မှန်သည့်အတိုင်း ဖြေကြားအပ်ပါသလော”

“အရှင်ဘုရား....၊ ကြိုတင်ကြံစည် ထားခြင်းကား မရှိပါ၊ တပည့်တော်သည် ရထား၏ အင်္ဂါအစိတ်အပိုင်းတို့၌ ကျွမ်းကျင် သိနားလည် ထားပြီးဖြစ်၍ မေးလာသည့် အခါ၌ ပင်လျှင် ဖြေကြားနိုင်စွမ်းသည်သာ ဖြစ်ပါသည်”

“မှန်ပေသည် သင်မင်းသား၊ ငါဘုရား သည်လည်း ထို့အတူသာဖြစ်ပေသည်။ မင်း - ပညာရှိ၊ ပုဏ္ဏား - ပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်း - ပညာရှိ အသီးသီးတို့ မေးမြန်း လာကြသောအခါ၌၊ တခဏချင်းပင်လျှင် ငါဘုရား၏ဉာဏ်၌ ထင်မြင်လာသည်ဖြစ်၏။ လျော်ကန်စွာ ဖြေဆိုနိုင်စွမ်းရှိ၏”

စန်းမြင့်ထွန်း

"အသင်မင်းသား….၊ ငါဘုရားသည် အဘယ့်ကြောင့်လျှင် ပြဿနာပေါင်း များစွာတို့ကို ဤသို့ ဖြေဆိုနိုင်ရ သနည်း။ အကြောင်းမူကား ဓမ္မဓာတ် (**သဗ္ဗညုတဉာဏ်**)ကို ထိုးထွင်း၍ သိထားသောကြောင့်ဖြစ်၏။ ယင်း ဓမ္မဓာတ် (**သဗ္ဗညုတဉာဏ်**) ကြောင့်ပင်လျှင် ပြဿနာတို့၏အဖြေသည် ငါဘုရား၏ ဉာဏ်၌ တခဏချင်းဖြင့် ထင်မြင်လာအပ်ခြင်း ဖြစ်ပေ၏"

ထိုအခါ၌ အဘယ မင်းသားသည် မြတ်စွာဘုရားကို–

"အရှင်ဘုရား…၊ အရှင်ဘုရား၏ တရားတော်သည် အလွန် နှစ်သက်ဖွယ် ရှိပေစွတကား၊ အလွန် နှစ်သက်ဖွယ်သာ ဖြစ်ဘိ၏ တကား။ အရှင်ဘုရားသည် ယနေ့မှစ၍ အကျွန်ုပ်အား အရှင် ဘုရားနှင့်တကွသော ရတနာ သုံးပါးတို့ကို အသက် ထက်ဆုံး ကိုးကွယ်ဆည်းကပ် အပ်သော ဥပါသကာ ဟူ၍ မှတ်ယူတော် မူပါဘုရား"ဟု ဝမ်းမြောက် လှိုက်လှဲစွာ လျှောက်ထား အပ် ပေ၏။

## ထူးဆန်းသောအကျင့် – ထူးဆန်းသော ပုဂ္ဂိုလ်

"အဘယရာဇကုမာရသည်၊ မိမိကိုယ်တိုင်၏သဘောရင်းဖြင့် မဟုတ်သော်လည်း၊ မြတ်စွာဘုရားကို ပြဿနာ မေးဖြစ်ခြင်းမှာ ကား၊ နိဂဏ္ဌ၏ ချေရှူရင်းအတိုင်း၊ မြတ်စွာဘုရား၏ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ်ရန်ပင် ဖြစ်ပေသည်။

သို့သော် - ဗုဒ္ဓ မြတ်စွာဘုရား၏ ဖြေဆို ဟောကြားမှုကို ကြားနာရသည်တွင်ကား၊ ရတနာသုံးပါး၌ ပကတိ သက်ဝင် ယုံကြည်သော ဥပါသကာပင် ဖြစ်သွားရပေသည်။

ပုဂ္ဂိုလ်အားဖြင့်ကား မည်သို့မျှထူးဆန်းမှုမရှိ၊ မြတ်စွာဘုရားနှင့်မတွေ့ရသေးမီ၊ နိဂဏ္ဌ (ဂိုဏ်းဆရာတဦး)၏ ပရိသတ် တဦး ဖြစ်နေသောကြောင့်သာ၊ အမှန်တရားနှင့် ဝေးကွာ ခဲ့ ရ ခြင်း ဖြစ်လေသည်။

အဘယ ရာဇ ကုမာရ အဖို့၊ ထိုကဲ့သို့ ပုဂ္ဂိုလ်အားလျော်စွာ ထူးဆန်းမှုမရှိသော်လည်း မြတ်စွာဘုရား ဖြစ်ပွင့်နေတော် မူဆဲ ခေတ်ကာလတွင် အကျင့် ထူးဆန်းသည်နှင့်အမျှ ပုဂ္ဂိုလ်အဖြစ် ထူးဆန်းသူများလည်း အံ့ဩစဖွယ် ရှိနေပေသေးသည်။

ထိုပုဂ္ဂိုလ်များမှာ ဗုဒ္ဓမြတ်စွာ ခေတ်ကာလ၌ များစွာပင် ထူးဆန်းနေပေသည်။ မြတ်စွာဘုရား၏ သာသနာတော် - နေလ ပမာ ထွန်းတောက်နေပါလျက်၊ မိမိတို့ သဘောအယူအဆအား လျော်စွာ အလွဲအမှားကျင့်ကြံနေကြခြင်းကြောင့် ဖြစ်ပေသည်။ ဤသို့ဖြစ်ရခြင်းသည် လူ့သဘော - လူ့သဘာဝ ဟူ၍လည်း ဆိုချင်စရာဖြစ်သည်။ လူသား (ပုထုဇဉ်) ဟူသည် အမှန်တရားကို မသိရသေးသမျှကာလပတ်လုံး မိမိတို့စွဲလမ်း ထင်မြင်ရာအတိုင်း အလွဲအမှား သက်ဝင်ယုံကြည်နေတတ်ခြင်းကြောင့်ဖြစ်ပေသည်။

## နွားကျင့် ကျင့်သူနှင့် - ခွေးကျင့် - ကျင့်သူ

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်၌၊ '**ပုဏ္ဏ**' ဆိုသူနှင့် '**သေနိယ**' ဆိုသူတို့ ရှိကြ၏။ ထိုသူ နှစ်ဦးတို့သည် - ထူးဆန်းသော အကျင့်ကို ကျင့်သုံး ပြုမူနေကြ၏။ '**ပုဏ္ဏ**' က, နွားကဲ့သို့ ကျင့်ကြံနေထိုင်သလို၊ သေနိယ က, ခွေးကဲ့သို့ ကျင့်ကြံနေထိုင်လျက်ရှိ၏။

စန်းမြင့်ထွန်း

သေနိယသည်၊ အဝတ် - လုံး ဝ မ ဝတ်၊ အ စား ကို လည်း ခွေးကဲ့သို့သာ ငုံဟပ်၍ စား၏။ ငုတ်တုတ် ထိုင်နေခြင်းအစား၊ ခွေ၍သာ နေလေ့ရှိ၏။

တနေ့သောအခါ၊ သူတို့နှစ်ဦးသည် - မြတ်စွာဘုရားထံရောက် သွားကြ၏။ မြတ်စွာဘုရားကို - ရိုသေစွာရှိခိုး နှုတ်ဆက် ပြီးသော အခါ၊ သင့်တော်ရာတွင် နေကြ၏။ ပုဏ္ဏ က, ထိုင်နေသော် လည်း၊ သေနိယ က,မူ - ခွေးကဲ့သို့သာ ခွေပြီးနေအပ်၏။

နွားကျင့် - ကျင့်နေသော ပုဏ္ဏသည်၊ သေနိယကို ကြည့်ကာ မြတ်စွာဘုရားအား - ဤသို့မေးမြန်း လျှောက်ထား၏။

## သေနိယ၏ လားရာဂတိ

" အရှင်မြတ်စွာဘုရား....၊ အဝတ်မဝတ်သော၊ ခွေးကျင့် - ကျင့်သော ဤ သေနိယ သည်၊ ပြုနိုင်ခဲသည်ကို ပြု၏။ မြေ၌ ပစ်ချထားသော အစာကို စား၏၊ ဤ - သေနိယသည် - ခွေး အကျင့်ကို - ရှည်မြင့်စွာသော ကာ လ ပတ် လုံး တည်ဆောက် ထား၏။ ထို - သေနိယ၏ လားရာဂတိသည်ကား - အဘယ် ပါနည်း၊ တမလွန်လောကသည် - အဘယ်ပါနည်း...."

မြတ်စွာဘုရားက, ပုဏ္ဏ၏ အမေးကို တားမြစ်တော်မူ၏။

" ပုဏ္ဏ....၊ ဤသို့မမေးလင့်၊ ဤပြဿနာသည် - ဤအတိုင်းပင် ရှိစေဦးလော့၊ ဤပြဿနာကို - ဖြေခြင်းငှာ - မသင့်လျော်ချေ"

ပုဏ္ဏသည် - မြတ်စွာဘုရား၏ ဟန့်တားမှုကို မနာခံ၊ သုံးကြိမ် မြောက်အထိ ဆက်၍သာ မေးလျှောက်၏။

ထိုအခါ၊ ဗုဒ္ဓမြတ်စွာ က, ဤသို့ ဆိုတော်မူ၏။

စမ်းမြင့်ထွန်း

"ပုဏ္ဏ....၊ အသင်သည် ငါ့တားမြစ်ပါလျက် - ဆက်၍သာ မေးဘိ၏။ ထို့ကြောင့် - ငါ ဖြေတော့အံ့၊ ပုဏ္ဏ....၊ အကြင်သူသည် ခွေး၏အမူအရာ - ခွေး၏ အကျင့်အကြံကို နှစ်သက်ကာ အားလုံး၌ပင်လျှင် ခွေးကဲ့သို့ ပြုမူ၏၊ အားထုတ်၏၊ ခွေးတို့၏ စရိုက် သဘာဝ မှန်သမျှကို ကြိုးစား၍ ပြုကျင့်၏"

"ထိုကဲ့သို့ - ခွေးတို့၏ ဘာဘာဝကို ကြိုးစား အားထုတ်အပ် သောကြောင့်ပင်၊ သေလွန် သည့် အခါ စင်စစ် ခွေး တို့ ၏ အပေါင်းအဖော်သာ ဖြစ်လေရာ၏။ ခွေးတို့နှင့်သာ ဆက်စပ် ပတ်သက်လေရာ၏"

"ပုဏ္ဏ....၊ အကြင်သူသည် ခွေးကဲ့သို့ ကျင့်ကြံပြုမူနေရာ၌ ဤ မြတ်သော အကျင့်ကြောင့် ထင်ရှားသော နတ်သော်၎င်း၊ မထင်ရှားသော နတ်သော်၎င်း - ဖြစ်ရအံ့ ဟူ၍ စွဲလမ်းယုံကြည် ထားအံ့၊ ထို အ ယူ အ စွဲ သည် လွဲ မှား သော အ ယူ အ စွဲ သာ ဖြစ်ဘိ၏"

"စင်စစ်မူကား လွဲ မှား သော အ ကျင့် အ ကြံ ရှိသူသည်၊ ငရဲသော်၎င်း - တိရစ္ဆာန်သော်၎င်း၊ ထိုနှစ်မျိုးအနက် တမျိုးမျိုး သာ ဖြစ်လေရာ၏။ အကြင်သူသည် ခွေးတို့၏ အကျင့်စရိုက်ကို စင်စစ် ပြည့်စုံညီညွတ်စွာ ကျင့်ကြံပြုမူငြားအံ့၊ ထို စိတ်ဓာတ် ထိုအကျင့်ကြောင့်ပင်လျှင်၊ သေ လွန် သည့် အ ခါ ခွေးစင်စစ် ဖြစ်လေရာ၏။ အကယ်တည့် -ခွေးတို့၏ အကျင့်စရိုက် မပြည့်စုံ ပါမူကား၊ ငရဲသို့ရောက်ရပေလတ္တံ့"

ထိုအခါ၌ သေနိယသည် ငိုကြွေး၏။ မျက်ရည်ကျ၏။

မြတ်စွာဘုရားက ပုဏ္ဏကို အပြစ်ဆိုသော သဘောဖြင့်--

“အချင်းပုဏ္ဏ....၊ဤ ပြဿနာကို မမေးလင့် ဆိုသော်လည်း သင်သည် မရခဲ့ချေတကား....” ဆိုတော်မူ၏။

သေနိယ က “အရှင်မြတ်စွာဘုရား....၊ အကျွန်ုပ် ငိုခြင်းမှာ ခွေးဖြစ်လိမ့်မည် ဆိုခြင်းကို မခံချိ၍ ငိုခြင်းမဟုတ်ပါ၊ အရှင်မြတ်စွာဘုရားအပေါ် မကျေနပ်၍ ငိုခြင်းမဟုတ်ပါ၊ အကျွန်ုပ်သည် ခွေး၏ အကျင့်ကို နှစ်ကာလကြာမြင့်စွာ ပြည့်ပြည့်စုံစုံ ဆောက်တည်ကျင့်သုံးထားခြင်းကို ပြန်လည်တွေးတောမိ၍သာ ငိုကြွေးရခြင်း ဖြစ်ပါသည်” ဆိုပေ၏။

## ကောလိယ၏ လားရာဂတိ

ထို့နောက်တဖန် ကောလိယနှင့် ပတ်သက်၍လည်း—

“အရှင်မြတ်စွာဘုရား....၊ ဤကောလိယသည် နွားကို၏ အကျင့်ကို နှင်ကာလကြာမြင့်စွာ ပြည့်ပြည့်စုံစုံ ဆောက်တည်ကျင့်သုံးထားပါ၏။ ဤကောလိယ၏ လားရာဂတိသည်လည်း အဘယ်သို့ပါနည်း၊ တမလွန်လောကသည် အဘယ်ပါနည်း” ဟု မေးလျှောက်ပြန်၏။

မြတ်စွာဘုရားသည် ထိုအခါ၌လည်း—

“သေနိယ ဤပြဿနာကို မမေးလင့်၊ ဤ ပြဿနာ သည် ဖြေဆိုခြင်းငှာ မသင့်လျော်ချေ” ဆိုတော်မူပြန်၏။

သို့သော် သေနိယသည် မြတ်စွာဘုရား တားမြစ်သည်ကို မနာခံ၊ ကောလိယနည်းတူပင် သုံးကြိမ်တိုင်အောင် ဆက်၍သာ မေးလျှောက်၏။

စန်းမြင့်ထွန်း

သို့ဖြင့် မြတ်စွာဘုရားက ဤသို့ တုံ့ပြန်ဖြေကြားတော်မူရပြန်၏။

"သေနိယ….၊ ဤ ပြဿနာကို မမေးလင့် ဆိုသော်လည်း သင်သည် ငါ့စကားကို မနာခံ၊ ဆက်၍သာ မေးဘိ၏။ ထို့ကြောင့်ပင် သင့်အမေးကို ငါဖြေတော့အံ့"

"အချင်းသေနိယ….၊ အကြင်သူသည် နွားတို့၏ အကျင့်ကို နှစ်သက်သောအားဖြင့် နွားတို့၏ နေထိုင်စားသောက်ပုံ - ပြုမူလုပ်ရှားပုံ အတိုင်း ပြည့်ပြည့်စုံစုံ ဆောက်တည်ကျင့်သုံးထား၏။ နွားတို့နှင့် စင်စစ်တူညီလေအောင် နေထိုင်ပြုမူ၏"

"ထို- နွားကျင့် ကျင့်သူသည် စိတ်ခာတ်ရော အနေအထိုင်ပါ နွားတို့၏ သဘောသဘာဝ၌သာ ဝင်စားစွဲလမ်းနေခြင်းကြောင့် သေလွန်သောအခါ၌လည်း နွားတိရိစ္ဆာန်သာ ဖြစ်ရလေရာ၏။ သို့မဟုတ် ငရဲသို့သာ ကျရောက်လေရာ၏"

"သေနိယ….၊ အကြင်သူသည် နွားကဲ့သို့ ကျင့်သုံးနေရာ၌ ငါသည် - ဤ မြင့်မြတ်သော အကျင့်ကြောင့် ထင်ရှားသောနတ်သော်၎င်း-မထင်ရှားသောနတ်သော်၎င်း ဖြစ်ရလတ္တံ့ဟု စွဲလမ်းယုံကြည်ထားအံ့၊ ထိုအယူအစွဲသည် လွဲမှားစွာသော အယူအစွဲသာ ဖြစ်ဘိ၏"

"စင်စစ်အားဖြင့်ကား၊ လွဲမှားသော အကျင့် ဟူသည် မိမိ ရှေးရှုဦးတည်ရာအတိုင်း စင်စစ် နွားတိရိစ္ဆာန် ဖြစ်လျှင်ဖြစ်၊ အကယ်တည့် နွားတိရိစ္ဆာန် မဖြစ်ခဲ့လျှင် ငရဲသို့သာ ကျရောက်နိုင်ကြောင်းပေတည်း"

ဝင်းမြင့်ထွန်း

ကောလိယသည် ထိုအခါ သေနိယနည်းတူပင် ငိုကြွေး၏။ မျက်ရည်ကျပြန်၏။

မြတ်စွာဘုရားကလည်း သေနိယကို အပြစ်တင်သည့်သဘော ဆိုတော်မူပြန်၏။ သို့သော် ကောလိယသည် သေနိယနည်းတူပင်၊ မြတ်စွာဘုရား ဤသို့ဆိုခြင်းကို မကျေနပ် မခံချိ၍ ငိုကြွေး ရခြင်း မဟုတ်မူဘဲ၊ နွားကျင့်ကို ကာလကြာမြင့်စွာ ဆောက်တည် ကျင့်သုံး ထားမိခဲ့ခြင်းကြောင့်သာ ငိုကြွေးရခြင်း ဖြစ်ကြောင်း ပြန်လည်လျှောက်ထားအပ်ပေ၏။

ထို့နောက် ဤသို့လည်း ဆက်လက်လျှောက်ထားပြန်၏။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် အရှင်မြတ်စွာဘုရားကို ဤသို့ ကြည်ညိုအပ်ပါသည်။ အရှင်ဘုရားသည် တပည့်တော်၏ နွားကဲ့သို့ ကျင့်ခြင်းကိုပင်ဖြစ်စေ၊ သေနိယ၏ ခွေးကဲ့သို့ ကျင့်ခြင်းကိုပင်ဖြစ်စေ လုံးဝ စွန့်ပစ်ကင်းပြတ်သည် အထိ ဟောကြား ဆုံးမနိုင်စွမ်း ရှိလိမ့်မည်ဟု တပည့်တော် ကောင်းစွာ ယုံကြည်ပါသည်ဘုရား...."

ထိုအခါ မြတ်စွာဘုရားက ဤသို့ ဆိုတော်မူ၏။

"ကောင်းပြီ - ပုဏ္ဏ....၊ သို့ဖြစ်လျှင် ထိုအကျင့်များ ပပျောက်စေရန် ငါဟောကြားပေအံ့၊ ကောင်းစွာ အာရုံပြု၍ နာကြားလော့...."

"အရှင်ဘုရား....၊ ကောင်းပါပြီ၊ တပည့်တော် အထူးသဖြင့် အာရုံပြု၍ နာကြားပါအံ့"

ပန်းမြင့်ထွန်း

## ကံလေးမျိုး

"အချင်းပုဏ္ဏ....၊ ငါကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိထားအပ်သော **ကံ ( အမှု )** တို့သည် လေးပါးရှိ၏။ ထိုကံလေးပါးတို့သည်ကား—

၁။ ကိုယ် - စိတ် ဆင်းရဲစေခြင်း မကောင်းမှုကို အခြေခံအပ်သဖြင့် မကောင်းကျိုးကိုသာ ဖြစ်မြောက်ပေးစွမ်းအပ်သော ကံ—

၂။ ကိုယ်-စိတ် ချမ်းသာစေခြင်း ကောင်းမှုကို အခြေခံသဖြင့် ကောင်းကျိုးကိုသာ ဖြစ်မြောက်ပေးစွမ်းအပ်သော ကံ—

၃။ ဆင်းရဲချမ်းသာ နှစ်မျိုးရောအပ်သဖြင့်၊ ကောင်းကျိုးရော - မကောင်းကျိုးပါ ရောနှော ဖြစ်မြောက်အပ်သော ကံ —

၄။ ဆင်းရဲသည်လည်းမဟုတ် - ချမ်းသာသည်လည်း မဟုတ်သဖြင့်၊ ကောင်းကျိုး မကောင်းကျိုးတို့ကို ချုပ်ငြိမ်းပပျောက်စေတတ်သော ကံ — ဟူ၍ လေးမျိုးလေးစား ကွဲပြားအပ်ပေ၏"

"ပုဏ္ဏ....၊ မကောင်းမှုကို အခြေခံအပ်သဖြင့် မကောင်းကျိုးကိုသာ ဖြစ်မြောက် ပေးစွမ်းအပ်သော ကံ ဆိုသည်ကား — ဤသို့တည်း"

၁။ အကြင်သူသည် ကံတခု ပြုလုပ်သည့်အခါ၊ မိမိကိုယ်တိုင် - ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊

နှုတ်၏ ဆင်းရဲခြင်းများဖြင့် -ရင်းနှီးကြုံတွေ့ရ၏။ ထိုကံ အမှုသည် ပြုလုပ်စဉ်ကပင် မကောင်းမှုတွင် အခြေခံခဲ့သည့်အားလျော်စွာ၊အကျိုးပေးသော အခါတွင်လည်း ကိုယ် - စိတ်- ဆင်းရဲပင်ပန်းစွာသော၊ မနှစ်သက် ဖွယ် မလိုလားဖွယ် - မကောင်းကျိုးများကိုသာ၊ ဖြစ်မြောက် ပေးစွမ်းအပ်သည်သာတည်း။

"ပမာအားဖြင့်ကား၊ ငရဲခံရသူကဲ့သို့ပင် - အားလုံးသော အတွေ့ အထိ အခြေအနေတို့သည်၊ဆင်းရဲပင်ပန်းမှု စိတ်နှလုံး မချမ်းမြေ့မှု တို့ချည်းသာ ဖြစ် ရ ကုန် သည် သာတည်း။

"ထို့ ကြောင့် လည်း - သ တ္တာ ဝါ မှန် သ မျှ တို့ ၌ 'ကံသာလျှင် အမွေ ဥစ္စာ ရှိကုန်၏၊ ပြုအပ်သော ကောင်းမှု - မကောင်းမှု အားလျော်စွာသော အကျိုး ကိုသာ ရရှိခံစားကြရကုန်၏' ဟူ၍ ငါဘုရား ဟော ကြားအပ်ခြင်း ဖြစ်ပေ၏။

"ကောင်းမှုကို အခြေခံအပ်သဖြင့် ကောင်း ကျိုး ကို သာ- ဖြစ်မြောက် ပေးစွမ်းအပ်သည် ဆိုခြင်းမှာကား ဤသို့တည်း"

၂။ အကြင်သူသည် ကံ တခုကို ပြုလုပ်သည့်အခါ၊ မေတ္တာ စေတနာ အစရှိသည့် အားလျော်စွာ မိမိကိုယ်တိုင်မှာပင် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ နှုတ်၏ ချမ်းသာခြင်းတို့ဖြင့် ရင်း နှီး တွေ့ ကြုံ ရ ၏။ ထို ကဲ့ သို့ စတင်ပြုလုပ်စဉ် ကတည်းကပင်၊ ချမ်းသာကောင်းမြတ်

မှုတွင် အခြေခံခဲ့သည့် အားလျော်စွာ၊ အကျိုးပေးသော အခါတွင်လည်း – ကောင်းကျိုး ချမ်းသာ နှစ်သက်လိုလားဖွယ် - သာယာဖွယ် တို့နှင့်သာ၊ တွေ့ကြုံရ၏။ ခံစား - စံစားရ၏။

"ပမာအားဖြင့်ကား၊ သုဘာကိဏှာ ဗြဟ္မာတို့ကဲ့သို့တည်း။ ထို့ကြောင့်လည်း 'သတ္တဝါတို့၌ မိမိပြုအပ်သော ကံအမှုသည်သာလျှင်၊ အမွေဥစ္စာဖြစ်ကုန်၏' ဟု ငါဘုရား ဟောကြားတော်မူအပ်သည်သာတည်း"

"အချင်းပုဏ္ဏ....၊ ဆင်းရဲချမ်းသာ - ကောင်းမှု မကောင်းမှု နှစ်မျိုး ရောနှောအပ်သော ကံအမှုဆိုသည်မှာကား ဤသို့တည်း"

၃။ အကြင်သူသည် တခုသော ကံအမှုကို ပြုလုပ်သည့်အခါ၊ ကိုယ် စိတ် ဆင်းရဲခြင်းလည်း ပါဝင်၏။ ချမ်းသာခြင်းလည်း ပါဝင်၏။ တဦးသူထံမှ အနိုင်အထက် လုယက်ယူလိုက်သော ပစ္စည်းဖြင့်၊ တဦးသူအား ကျွေးမွေး စောင့်ရှောက်ခြင်း ပြုသည့် ပမာ၊ အဆိုးလည်းပါ - အကောင်းလည်း ရောစွက်နေအပ်သည်မျိုးတည်း။

"ထို့ကြောင့်ပင် အကျိုးပေးသော အခါ၌လည်း အချို့သော လူနှင့် နတ်တို့ကဲ့သို့ရင်း၊ ဆင်းရဲချမ်းသာ ရောပြွမ်းနေသော( နေ့ဘက်တွင် စံစားရ၍ ညဘက်တွင် ခံစားရသည်မျိုး ) ဝိနိပါတိက အသုရာတို့ ကဲ့သို့ရင်း၊ ကောင်းဆိုးနှစ်ပါး ရောနှောနေအပ် သည်သာတည်း။

"သတ္တဝါတို့၌ ကံသည်သာလျှင်၊ မိမိတို့အမွေဥစ္စာ ဖြစ်ကုန်၏ဟူ၍ ငါဘုရား ဟောအပ်ခြင်းမှာ၊ထို့ကြောင့်ပင် ဖြစ်ပေ၏။

"ဆင်းရဲသည် လည်းမဟုတ် - ချမ်းသာသည် လည်း မဟုတ်သော ကံဆိုသည်မှာကား ဤသို့တည်း"

၄။ "အချင်းပုဏ္ဏ....၊ အကြင်သူသည် တခုသော ကံအမှုကို ပြုလုပ်သည့်အခါ ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲချမ်းသာကို အမှတ်မထားဘဲ ကောင်းခြင်း မကောင်းခြင်းကို အာရုံမပြုဘဲ၊(စေတနာ မပါသည့် သဘောမျိုး) ပြုလုပ်၏။

"ထိုကံမျိုးကိုကား၊ ကောင်းသည်ဖြစ်စေ-မကောင်းသည်ဖြစ်စေ၊ အကျိုးတရားကုန်အပ်သော ကံဟူ၍ ဆိုရ၏။

"အချင်းပုဏ္ဏ....၊ ဤကံလေးပါးတို့သည်ကား၊ ငါဘုရားကိုယ်တော်တိုင် **ထူးသောဉာဏ်ဖြင့် သိအပ် မြင်အပ်သော၊ ကံအမျိုးမျိုးတို့ပေတည်း** "

ထိုအခါ၌ ကောလိယသည် ဝမ်းမြောက်လှိုက်လှဲစွာဖြင့် -

"အရှင်မြတ်စွာဘုရား...၊ အရှင်မြတ်စွာဘုရား၏ တရားတော်သည်၊ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အလွန်နှစ်လိုဖွယ် ဖြစ်ပါပေ၏။ ပမာအားဖြင့်ကား မှောက်ထားသော အရာဝတ္ထုကို လှန်၍ ပြအပ်ဘိသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို ဖွင့်လှစ်ပြဘိသကဲ့သို့ရင်း၊ အမိုက်တိုက်၌ ဆီမီး အရာအထောင်ကို ထွန်းလိုက်ဘိသကဲ့သို့ရင်း ဖြစ်သည်သာတည်း"

နေးမြင့်ထွန်း

"အရှင်မြတ်စွာဘုရား....၊အရှင်ဘုရားသည် တပည့်တော်အား ယနေ့မှအစပြု၍ အရှင်ဘုရားနှင့် တကွသော ရတနာသုံးပါးတို့ကို အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာပုဂ္ဂိုလ် အဖြစ် မှတ်ယူတော်မူပါဘုရား" ဟူ၍ လျှောက်ထားအပ်ပေ၏။

သေနိယကမူ ကောလိယနည်းတူ လျှောက်ထားသည်သာ မဟုတ်သေး၊ "အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် အရှင်မြတ်စွာဘုရား သာသနာတော်၌၊ ရှင်အဖြစ်ကိုရင်း၊ ရဟန်းအဖြစ်ကိုရင်း ရလိုပါ၏" ဟူ၍ တောင်းပန်လျှောက်ထား အပ်ပေ၏။

မြတ်စွာဘုရားက —

"အချင်းသေနိယ....၊ တပါးသော အယူကို ယူခဲ့ဘူးသူသည်၊ ငါဘုရား၏ သာသနာတော်၌ ရှင်အဖြစ် - ရဟန်းအဖြစ်ကို ရလိုခဲ့လျှင် လေးလမျှ အစမ်းကျင့် သုံးရ၏။ ထိုလေးလမှ လွန်မြောက်ပြီး ကျေနပ် ယုံကြည်သောအခါမှ ငါဘုရား၏ တပည့်သား သံဃာတော်တို့က သင့်အား သာသနာတော်၌ ရှင်အဖြစ် - ရဟန်းအဖြစ် ပြုပေးကြကုန်လတ္တံ့" ဆိုတော်မူ၏။

ထိုအခါ၌ သေနိယသည် စိတ်အားထက်သန်စွာလျှင် —

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် လေးလမျှ မဟုတ်ပါ၊ လေးနှစ်ကြာမြင့်သည့်တိုင်အောင် အစမ်းကျင့်သုံး ရမည် ဆိုစေကာမူ ကောင်းစွာ ဆိုင်းငံ့ဆောက်တည်ပါမည်" လျှောက်ထားအပ်ပေ၏။

စိန်မြင့်ထွန်း

သေနိယသည် ဤသို့ဖြင့်ပင် ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်၌၊ ပထမဦးစွာ ရှင်အဖြစ်၊ ဒုတိယ ရဟန်းအဖြစ်ကို ရအပ်၏။

ထိုသို့ သာသနာဟော်တွင်း ရောက်အပ်သည်မှ စ၍လည်း၊ တယောက်တည်းသာလျှင် ဆိတ်ငြိမ်ရာသို့ ကပ်၍ မြတ်သော အကျင့်ကို ကောင်းစွာ အားထုတ်လေရကား၊ မျက်မှောက်သော ဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ချမ်းသာကို ရရှိခံစားနိုင်စွမ်းသော ရဟန္တာအဖြစ် ဆိုက်ရောက်တော် မူခဲ့ရပေ၏။

## ပြဿနာသဘော - လိုက်လျောညီစွာ

စင်စစ်အားဖြင့်ကား မြတ်စွာဘုရား ကြုံကြိုက်ရသော ပြဿနာများမှာ၊ အခြေအနေ အားလျော်စွာ ဖြေရှင်းရသည် မျိုးလည်း ပါရှိသည်။ မသိ၍ မေးခြင်းမျိုး မဟုတ်မူဘဲ၊ ပုဂ္ဂိုလ်ရေးရာ ထိပါးပုတ်ခတ်လာသည်မျိုး၌၊ မြတ်စွာဘုရားသည် လျော်ကန်သလို ဖြေရှင်းတော်မူကြောင်း သိရသည်။

ထိုပြဿနာမျိုးများ၌ မြတ်စွာဘုရားသည် ပြဿနာစတင်လာသူ၏ သဘောထား - စကားဆိုမှု အားလျော်စွာ လိုအပ်သလို တုံ့ပြန်ဖြေကြားခြင်း ပြုအပ်သည်မှာ၊ နည်းပရိယာယ်သဘော ဟူ၍ပင် ဆိုနိုင်ပေလိမ့်မည်။

အတိအကျ ဆိုရလျှင်၊ မြတ်စွာဘုရားသည် - ပြဿနာ ဖြေဆိုမှု၌၊ လိုအပ်လျော်ကန်ရာကို ဆောလျင်စွာ ကောက်၍ ကောက်၍ ကြောင်းကျိုးညီညွတ်စွာ ဖြေဆိုတော်မူတတ်ကြောင်း သိနားလည်ရသည်။ ထို့ကြောင့်လည်း နောက်ဆုံး နိဂုံးချုပ်

အပ်သောအခါ တရားသဘောကိုအပထားဦး၍ မြတ်စွာဘုရား၏ ကြောင်းကျိုး လျော်ကန်စွာသော စကားဆိုမှုအရ၊ ပြဿနာ ပြေရှင်းသွားရခြင်း၊ မြတ်စွာဘုရား၏ ပရိသတ် ဖြစ်သွားရခြင်း အကျိုးများ ဖြစ်မြောက်ခဲ့ရပေသည်။

ယခု - ဖော်ပြမည့် ပြဿနာ ( သုတ်တော် )တွင် ထိုသဘော ထို အခြေအနေကို တွေ့သိနိုင်ပေသည်။

---

နေမြင့်ထွန်း

## အဝိဇ္ဇာဥခွံတွင်းမှ ပထမဆုံး လွတ်မြောက်ခဲ့သူ

### ( ဝေရဉ္ဇ – သုတ် )

တရံရောအခါ၌ မြတ်စွာဘုရားသည် ဝေရဉ္ဇာပြည် နဠေရုမည်သော တမာပင် အနီးတွင် သီတင်းသုံး စံနေတော်မူ၏။ ထိုအခါ '**ဝေရဉ္ဇ**' အမည်ရှိသော ပုဏ္ဏားတဦးသည် မြတ်စွာဘုရားအထံ လာရောက်တွေ့ဆုံကာ မြတ်စွာဘုရားအား ဤသို့ စွပ်စွဲပြောဆို၏။

"အရှင်ဂေါတမ....၊ အကျွန်ုပ်သည် အရှင်ဂေါတမနှင့် စပ်လျဉ်း၍ ဤသို့သော သတင်းစကားကို ကြားသိထားခဲ့ရဘူးပါသည်။ ရဟန်းဂေါတမသည် သက်ကြီးရွယ်အို သေအံ့နီးနီး အရွယ်လွန်နေပြီး ပုဂ္ဂိုလ်များကိုပင်လျှင် ရိုသေ ကိုင်းညွှတ်ခြင်း မရှိ၊ နေရာထိုင်ခင်း ပေးခြင်း - ခရီးဦးကြိုဆိုခြင်း - အရိုအသေပြုခြင်း - ရှိခိုးခြင်းမရှိ ' ဟူ၍ဖြစ်ပါသည်"

"ယခုအခါ အရှင်ဂေါတမသည် ထို ကြားခဲ့ရဘူးသော သတင်းစကား အတိုင်းလည်း စင်စစ် ဟုတ်မှန်နေချေသည်။

စန်းမြင့်ထွန်း

အရှင်ဂေါတမ....၊ သက်ကြီးရွယ်အို အရွယ်လွန်နေပြီး ပုဂ္ဂိုလ်များကိုပင်လျှင် သို့လျှင် ရိုသေကိုင်းညွတ်ခြင်း အလေးမပြုခြင်းသည်ကား၊ အရှင်ဂေါတမအဖို့ မသင့်လျော်သော အပြုအမူသာ ဖြစ်ပေသည် တကား ”

ထိုအခါ မြတ်စွာဘုရားက ဤသို့ ဆိုတော်မူ၏။

“ အသင်ပုဏ္ဏား....၊ လူ နတ် ဗြဟ္မာနှင့် တကွသော ဤလောက၌၊ ငါက ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာထိုင်ခင်း ပေးခြင်း ပြုထိုက်သူဟူ၍ မရှိပြီ၊ ငါသည် အကြင်သူတဦးအား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း စသည်တို့ကို ပြုငြားအံ့၊ ထို အပြုခံရသူသည် ဦးခေါင်းပြတ်ကျရာ၏ ”

ထိုအခါ ဝေရဉ္စ ပုဏ္ဏားက ဤသို့ ဆိုပြန်၏။

“ အရှင်ဂေါတမသည် **အရသာကင်းသော** (အနှစ်မရှိသော) သဘောရှိ၏ ”

“ မှန်ပေသည် ပုဏ္ဏား ....၊ တခုသော 'အဓိပ္ပါယ် ရှေ့ရှု ရည်ရွယ်ချက်ဖြင့် ငါ့ကို အရသာကင်းသော သဘောရှိ၏ ဆိုက ဆိုနိုင်၏။ ဆိုထိုက်၏။ အကြောင်းမူကား ငါသည် အဆင်း အသံ အနံ့ အရသာ အတွေ့အထိတို့ကို ပယ် အပ်ပြီး ဖြစ်သောကြောင့်တည်း ”

“ အချင်းပုဏ္ဏား....၊ ငါသည် မည်သည့်အဆင်း၊ မည်သည့် အသံ၊မည်သည့်အနံ့တို့ကိုမျှ၊ တပ်မက်တွယ်တာခြင်း မရှိတော့ပြီ၊ အရသာနှင့် အတွေ့အထိတို့ကိုလည်း ထို့ အတူသာလျှင် မည်သို့မျှ တပ်မက်တွယ်တာခြင်း မရှိတော့ပြီ ”

စန်းမြင့်ထွန်း

"ထို့ကြောင့် ပင်လျှင် ငါ့အား **အရသာကင်းသူ**ဟူ၍ ပြောမည်ဆိုက ပြောနိုင်၏။ ထိုသို့မဟုတ်ဘဲ သင်ပုဏ္ဏား ပြောလိုရာသဘောမျိုး (စွပ်စွဲပုတ်ခတ်ခြင်း) ကား၊ ငါ၌ မရှိသည်သာတည်း"

ဝေရဉ္စက "အရှင်ဂေါတမသည်**သုံးဆောင်ခြင်းမရှိ**" ဆိုပြန်၏။

"အချင်းပုဏ္ဏား....၊ ဤသို့ဆိုလျှင်လည်း၊ တခုသော အဓိပ္ပာယ် အားဖြင့်မူ ဆိုနိုင်သည်သာဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ငါသည် ဦးစွာ ဆိုအပ်ပြီးသည့်အတိုင်း ပင်လျှင် အဆင်း အသံ အနံ့ အရသာ အတွေ့အထိတို့ကို ပယ်စွန့်ခဲ့ပြီး ဖြစ်သောကြောင့်တည်း"

"သို့ ပယ်စွန့်အပ်သောအခါ၊ သုံးဆောင်ခံစားခြင်း ဟူသည်လည်း မရှိတော့သည်သာတည်း။ ဤအဖြစ်ကြောင့် ပင်လျှင် ငါသည် **သုံးဆောင်ခြင်းမရှိ**ဟု ဆိုနိုင်၏။ ဆိုထိုက်၏။ ဤသို့ မဟုတ်မူဘဲ သင်ပုဏ္ဏား ပြောလိုရာ အခြားနည်းမျိုးကား ငါ၌ မရှိသည်သာတည်း"

"အရှင်ဂေါတမသည် **မပြုထိုက်ဟူသော** ယူ—'အကိရိယဝါဒ' ရှိ၏"

"မှန်ပေသည် ပုဏ္ဏား..၊ ငါကား မပြုထိုက်ဟူသော အယူဝါဒ ရှိသူတည်း။ အဘယ်သို့ မပြုထိုက်သနည်း၊ အချင်းပုဏ္ဏား....၊ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း **မကောင်းသော အမှုတို့ကို မပြုထိုက်သည်သာတည်း**၊ ထိုမကောင်းမှုတို့ကို မပြုလုပ်ရန် ဟောကြားအပ်သည်သာတည်း။ အခြားသော

စန်းမြင့်ထွန်း

နည်းအားဖြင့် သင်ပုဏ္ဏား စွပ်စွဲပြောဆိုခြင်းမျိုးကား ငါ၌ မရှိသည်သာတည်း ”

“ အရှင်ဂေါတမသည်၊ **ဖြတ်အပ်၏ဟူဖော်သောအယူ** ‘ ဥစ္ဆေဒ ဝါဒ ’ ရှိ၏ ”

“ ကောင်းလှပြီ - ပုဏ္ဏား....၊ ဤသို့ပြောလျှင်လည်း - ပြော နိုင်သည်သာတည်း။ ငါသည် - များပြား ယုတ်ညံ့စွာသော အကုသိုလ် တရားတို့ကို ဖြတ်တောက်ရန် ဟောကြားအပ်၏။ ဖြတ်တောက်စေ၏။ ဤအဖြစ်ကြောင့်ပင်လျှင် ငါ့အား - ဥစ္ဆေဒ ဝါဒ ရှိသူဆိုက, ဆိုနိုင်၏။ သင့်သဘောဖြင့် - သင် စွပ်စွဲပြော ဆိုလိုရာ၊ တခြားတပါးသော ဖြတ်ပယ်ခြင်း မျိုးကား မရှိ ဖြစ်ချေ၏ ”

“ အရှင်ဂေါတမသည်၊ **စက်ဆုပ်ခြင်းသဘော** ရှိ၏ ”

“ အချင်းပုဏ္ဏား....၊ ဤစကားသည်လည်း၊ တခုသော အဓိပ္ပာယ်အားဖြင့်မူ - ပြောနိုင်သည်သာတည်း။ ငါသည်-ကိုယ် နှုတ်နှလုံး သုံးပါးသော မကောင်းမှုတို့ကို စက်ဆုပ်၏။ရွံမုန်း၏၊ သူတပါးတို့ကိုလည်း စက်ဆုပ် ရွံမုန်း စေရန် ဟောကြား၏။ ဆုံးမ၏ ”

“ ထို သဘောမျိုး စက်ဆုပ်ခြင်းမှတပါး၊ အခြားသော စက်ဆုပ်ခြင်းကား - ငါ၌မရှိ ”

“ အရှင်ဂေါတမသည် - **ဖျက်ဆီးတတ်၏** ”

“ အချင်းပုဏ္ဏား...၊ ဤစကားသည်လည်း၊ ဆိုနိုင်သည်သာ ဖြစ်ပေ၏။ ငါသည် ရာဂ၊ ဒေါသ၊ မောဟ စသည့် - အကုသိုလ် တရားတို့ကို မိမိကိုယ်တိုင် ဖျက်ဆီးတတ်သည်သာ မဟုတ်သေး၊

စန်းမြင့်ထွန်း

သူတပါးတို့ကိုလည်း ဖျက်ဆီးစေခဲ့လေပြီ၊ ဖျက်ဆီးစေရန်-ဟောကြားခဲ့ချေပြီ။ ထိုမှတပါး အခြားသော အဓိပ္ပာယ် ဖျက်ဆီးခြင်းမျိုးကား – ငါ့၌ မရှိသည်သာတည်း ”

“ အရှင်ဂေါတမသည်၊ **ပူပန်စေတတ်သော သဘောရှိ၏** ”

“ အသင်ပုဏ္ဏား - ဤသို့ ဆိုလျှင်လည်း - ဆို နိုင် သည် သာ ဖြစ်၏။ ငါသည် ကိုယ်နှုတ် နှလုံး သုံးပါးသော မကောင်းမှုဟူသည်၊ ပူပန်စေတတ်သော တရားတို့ဖြစ်ကြောင်း ဟောကြားအပ်၏။ ငါကိုယ်တော် တိုင် မှာ လည်း ထို ထို ပူပန်စေတတ်သော တရားတို့ကို အလုံးစုံ ဖြတ် တောက် ပြီး အပ် ပြီ။ နောင်တဖန် မဖြစ်မြောက် စေတော့ပြီ ”

“ ဤအချင်းအရာကြောင့် ပင်လျှင်၊ ငါ့အား ပူပန်စေတတ်သော သဘောရှိသူ ဆိုက ဆိုနိုင်၏။ ထိုမှတပါး အခြားသော အဓိပ္ပာယ်မျိုးကား ငါ့တွင် မရှိချေ ”

“ အရှင်ဂေါတမသည်၊ **နတ်ပြည်ရောက်ခြင်း၌ မ ထိုက်** ”

“ အချင်းပုဏ္ဏား....၊ ငါ့အားနတ်ပြည်ရောက်ခြင်း၌ မထိုက် ဆိုခြင်းသည်လည်း၊ ဆို ထိုက် သည်သာ ဖြစ်၏။ အကြောင်းမူကား ငါသည်၊ နောင်တဖန် ပဋိသန္ဓေ မနေရတော့ပြီ၊ ပဋိသန္ဓေ နေရခြင်းအမှုကို ပယ်အပ်ပြီးပြီ။ ထို့ကြောင့်ပင်လျှင် နတ်ပြည်ရောက်ရန် ဆိုသည်မှာလည်း၊ ငါနှင့် မည်သို့မျှ မဆက်စပ်တော့ပြီသာတည်း ”

မြတ်စွာ ဘုရား သည်၊ ဝေရဉ္ဇ ပုဏ္ဏား၏ စွပ်စွဲ မှု များကို သို့လျှင် တုံ့ပြန်ချေပပြီးနောက်၊ ဤသို့ဆက်သက် ဆိုတော်မူ၏။

စန်းမြင့်ထွန်း

## ပထမဆုံး – ပေါက်လာအပ်သောကြက်၏ပမာ

" အချင်း-ပုဏ္ဏား....၊ ဥပမာ အားဖြင့်ကား၊ ဤသို့တည်း "

" ကြက်ဥပေါင်း များစွာရှိသည့်အနက် တခုသော ကြက်ဥမှ ကြက်ငယ်တကောင် ပထမဆုံး စတင်မွေး (ပေါက်) လာအပ်၏။ ထိုကြက်ငယ်ကို အသင်ပုဏ္ဏား အဘယ်သို့ နားလည် သနည်း၊ အကြီးဟူ၍တည်း - ဆိုအပ်သလော၊ အငယ်ဟူ၍တည်း ဆိုအပ်သလော...."

" အရှင် ဂေါတမ....၊ ထိုကြက်ငယ်အား အကြီးဟု ဆိုရပါမည်။ ဥခွံအတွင်းမှ ပထမဆုံး ဖောက် ထွက် လာ အပ် သော ကြောင့် ဖြစ်ပါသည် "

" ကောင်းလှပြီ ပုဏ္ဏား....၊ ငါသည်လည်း ထို့အတူသာ ဖြစ်ပေသည်။ **အဝိဇ္ဇာတည်းဟူသော ဥ ခွံ တွင်း တွင်** ပိတ်ဖုံး နှောင်ဖွဲ့ခြင်း ခံနေရသော သတ္တဝါ များစွာတို့အနက်၊ ငါတဦး တည်းသာလျှင် ထို**အဝိဇ္ဇာဥခွံကို ဖောက်ခွဲ၍** ထွက်မြောက်လာ နိုင်ခဲ့ခြင်း ဖြစ်၏ "

" ထို့ကြောင့်လည်း ငါသည် - ဤလောက၌ အကြီးဆုံး ဖြစ်၏။ အမြတ်ဆုံးဖြစ်၏။ သို့လျှင် - အကြီးဆုံး အမြတ်ဆုံး ဖြစ်သောကြောင့်လည်း၊ ဤလောက၌ အတုမဲ့ လွန်မြတ်စွာ သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိပိုင်ဆိုင်ခဲ့၏ "

" အချင်းပုဏ္ဏား....၊ ငါကား - ပထမဈာန်ကိုလည်းရအပ်ပြီ၊ ဒုတိယဈာန်ကိုလည်း ရအပ်ပြီ၊ တတိယဈာန်ကိုလည်း ရအပ်ပြီ၊ စတုတ္ထဈာန်ကိုလည်း ရအပ်ပြီ။ သို့လျှင် - အဆင့်ဆင့် ရအပ်

သော ဈာန်အစွမ်း ကြောင့်လည်း၊ ရှေးရှေး ဖြစ်ခဲ့ဘူးသည်တို့ကို အစဉ်အတိုင်း သိမြင် နိုင်စွမ်းသော ပုဗ္ဗေနိဝါသဉာဏ်ကို ရအပ်ခဲ့လေပြီ။ အဝိဇ္ဇာဟူသော မသိမှုအမိုက်မှောင် ပျောက်၍၊ ဝိဇ္ဇာဟူသော သိမှုအလင်းရောင် - ရောက်ခဲ့ အပ်လေပြီ ”

“ ဤသည်ပင်လျှင်- ငါသည် အဝိဇ္ဇာဟူသော ဥခွံအတွင်းမှ ပထမဆုံးအကြိမ် ဖောက်ခွဲထွက်မြောက် လာခဲ့ခြင်းပေတည်း....”

ဗုဒ္ဓမြတ်စွာဘုရားသည်၊ ဤသို့လျှင် ဝိဇ္ဇာဉာဏ် – ဖြစ်ပေါ်ရရှိလာအပ်ပုံကို နောက်ဆုံး သုံးဆင့်မြောက်အထိ၊ အဆင့်ဆင့် ဆစ်ပိုင်း ခွဲခြားပြီး - ရှင်းလင်း ဖြေကြားတော် မူအပ်ပေ၏။

ထိုအခါ၌ - ဝေရဉ္ဇပုဏ္ဏားသည်၊ လွန်စွာသော ဝမ်းမြောက်နှစ်သက်ခြင်းဖြင့်သာလျှင် –

“အရှင် မြတ်စွာဘုရား....'၊ အရှင် မြတ်စွာ ဘုရား သည်၊ ဆိုတော်မူအပ်သည့်အတိုင်း ပင်လျှင်၊ ဤလောက၌ အကြီးဆုံး ဖြစ်ပါပေ၏။ အမြတ်ဆုံး ဖြစ်ပါပေ၏။ အရှင်မြတ်စွာဘုရား၏ တရားတော်သည်လည်း အလွန်နှစ်သက်ဖွယ် ရှိပါပေ၏ ”

“ ဥပမာသော်ကား၊ မှောက်ထားအပ်သော အရာဝတ္ထုကို လှန်၍ ပြဘိသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို - ဖွင့်လှစ်ပြဘိသကဲ့သို့ရင်း၊ မျက်စိလည်နေသူအား - လမ်းမှန်ကို ပြလိုက်ဘိသကဲ့သို့ရင်း – ဖြစ်ပါပေ၏ ”

“ အရှင်မြတ်စွာဘုရား...၊ အရှင်ဘုရားသည်၊ တပည့်တော်အား – များစွာသော အကြောင်းတို့ဖြင့်၊ အမှန်တရားကို ညွှန်ကြားပြသတော်မူပါပေ၏။ တပည့်တော်သည် ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ပင်လျှင်၊ အရှင် မြတ်စွာ ဘုရား ကို -

စန်းမြင့်ထွန်း

ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်မြတ်စွာဘုရား၏ တရားတော်ကိုလည်း - ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

"အရှင် မြတ်စွာဘုရားသည်၊ တပည့်တော်အား - ယနေ့မှ အစပြု၍ အရှင်ဘုရားကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ် အပ်သော ဥပါသကာ ပုဂ္ဂိုလ်အဖြစ် - ယူ မှတ် တော်မူပါ ဘုရား၊...." ဟူ၍ ပျပ်ဝပ်ရိုသေစွာ လျှောက်ထားအပ်ပေ၏။

---

## ဉာဏ်ပညာ၏ သဘောသဘာဝ

ဉာဏ်ပညာဟူသည်၊ တဦးနှင့်တဦး အလေးအနက် ကွာခြားမှုရှိသည်။ တိက္ခဉာဏ်၊ ဇဝနဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ထိုးထွင်းသိမြင်တတ်မှု၊ လျင်မြန်မှု၊ နက်နဲမှုဟူ၍ အခြေခံသဘော ကွာခြားနေခဲ့ရင်းတွင်၊ လေ့လာကျင့်သုံးမှု အားလျော်စွာ ကွဲပြား ခြားနားတတ်မှုလည်း ရှိသေးသည်။

ဉာဏ်ပညာချင်း တူမျှနေသည့် တိုင်အောင်၊ ဝင်စားစူးစိုက်မှုအားလျော်စွာ ကွဲပြား ခြားနားသွားသည့် သဘော လည်း ရှိပေသေးသည်။

### ထိုးထွင်းသိမြင်တတ်သောဉာဏ်

တခါက၊ ဆေးဆရာကြီး တဦးထံတွင်၊ တပည့်ပေါင်းများစွာ ဆေးပညာ သင်ယူနေကြ၏။ ကျောင်း အိပ် – ကျောင်း စား သဘောမျိုး - ဆေးဆရာကြီးအိမ်တွင်ပင် နေ ထိုင် စား သောက်ကာ၊ ပညာသင်နေကြခြင်း ဖြစ်၏။

ပန်းမြင့်ထွန်း

ဆရာကြီး၏ဇနီး ဖြစ်သူသည်၊ ကိုယ်ဝန်အရင့်အမာနှင့် မွေးဖွားချိန်ရောက်လာ၏။ ကိုယ်ဝန်ဆောင်တို့ ဓမ္မတာ - ကမ္မဇလေလှုပ်ရှားကာ ဝမ်းဗိုက် နာခြင်း ဖြစ်လာခဲ့၏။ သို့သော်-မည်မျှပင် နာသည်ဖြစ်စေ၊ ကလေး မမွေးဖွားနိုင် ဖြစ်နေ၏။

တဦးသောတပည့်က, ဆေးဆရာကြီးကို၊ "ကျွန်တော်တို့အားလုံး - မြစ်ဆိပ်သို့ ရေချိုးသွားပါဦးမည်" ဆိုကာ၊ အခြားတပည့်အားလုံးကိုပါ - မြစ်ဆိပ်သို့ ခေါ်သွား၏။ ရေကို အေးအေးဆေးဆေးချိုးကာ၊ မြစ်ကမ်းနား– သရက်တောထဲတွင် တနေကုန်နေပြီး ညနေဘက် မှောင်ရိပ်ပျိုးစ အချိန်တွင်မှ၊ ဆရာကြီးအိမ်သို့ ပြန်လာ ခဲ့ကြ၏။

ထိုအခါတွင်ကား၊ ဆေး ဆ ရာ ကြီး ၏ ဇ နီး ဖြစ် သူ သည်၊ သားဦး ယောကျ်ားကလေးကို အောင်မြင်ချောမောစွာ မွေးဖွားပြီးဖြစ်နေခဲ့ပေပြီ။

ဤကား - ထိုးထွင်းသိမြင်တတ်သော ဉာဏ် ပ ညာသ သော ဖြစ်၏။

မြစ်ဆိပ်သို့ ရေချိုးသွားကြရန် တပည့်အားလုံးကို ဦးဆောင်ပြီးခေါ်သွားသော တပည့်သည်၊ ထိုးထွင်း သိ မြင် တတ်သော ဉာဏ်ရှိသူဖြစ်၏။

ဆရာကတော်ဖြစ်သူ ကလေး မမွေးနိုင်ဖြစ်နေခြင်းမှာ၊ ပထမဆုံးသားဦး ( အပျိုဗိုက် ) ဖြစ် နေ သည့် အ ပေါ် တွင် ဆေးပညာသင် - ယောကျ်ားများကို ရှက်နေ၍ က ့လေးမွေးဖွားရန် အပြင်းအထန် အား မ ထုတ် နိုင် ( စိတ်မလွတ်လပ်မှု ) ဖြစ်နေခြင်းကို၊ ထိုးထွင်း တွေး ခေါ် မိ ၏။ သို့ ဖြင့် - အား လုံး သော

စန်းမြင့်ထွန်း

အမျိုးသားများကို လွှတ်ရာသို့ ရှောင်ရှား ပေးစေသောအခါ ကိုယ်ဝန်ဆောင်ဖြစ်သူသည် - စိတ်လွတ်လပ်သည်နှင့် အမျှ ရှက်ကြောက်မှုမရှိဘဲ - အားထုတ်ခြင်းဖြင့် သားသမီး မွေးဖွားနိုင်ခဲ့ရလေသည်။

လူချင်း တူသော်လည်း၊ ဉာဏ်ချင်း မတူကြောင်း - ကောင်းစွာသိသာနေပေသည်။


## လျှင်မြန်ပါးနပ်သောဉာဏ်

မဟာဇနက မင်းသားသည်၊ သီဝလိဒေဝီနှင့် ပထမဦးဆုံးတွေ့ဆုံစဉ်၊ အမတ်များမေးမြန်းသမျှ ( ရွှေအိုးကြီးများ - မြှုပ်နှံထားရာ စသည် ) တို့ကို ဖြေကြားရ၏။ ထိုအခါ သလွန်တော်၏ ခြေရင်း ခေါင်းရင်း ပြဿနာ၌၊ တပုံစံတည်းဖြစ်နေ၍ မည်သည်ကား - ခေါင်း ရင်း၊ မည်သည်ကား ခြေရင်းဖြစ်ကြောင်း ယုတ်တရက် မသိသာနိုင် ရှိနေ၏။

သို့ဖြင့် - ဦးခေါင်းထက်မှ - ပေါင်းတော် (ခေါင်းပတ်ပုဝါ) ကို - သီဝလိဒေဝီလက်သို့ ပေးအပ်လိုက်သည့် အခါ၊ သီဝလိဒေဝီ၏ ပေါင်းတော် ချထားရာကို အမှတ်ပြု၍ သလွန်တော်၏ ခေါင်းရင်းဘက် (မြတ်သောနေရာ) ကို - ထုတ်ဖော် ပြောဆိုနိုင်ခြင်း သည်ကား၊ လျင်မြန်ပါးနပ်သော ဉာဏ်ဖြစ်၏။

## သိမ်မွေ့နက်နဲသောဉာဏ်

တရားသူကြီး အမတ်ဒိန်သည်၊ ရာဇဝတ်မှုခင်း တခု ကို စစ်ဆေးဆုံးဖြတ်ရ၏။



စန်းမြင့်ထွန်း

မယားကြီး ဖြစ်သူက, မယားငယ် ဖြစ်သူသည်၊ မိမိ၏ ကလေးကို ခိုးယူဖျောက်ဖျက် ပစ်ပါသည်ဟု - စွပ်စွဲ တိုင်တန်း လာသော အမှုဖြစ်၏။

အမတ်ဒိန်သည်၊ အားလုံးလူကြီးများ - ရှေ့တွင် မယားကြီး မယားငယ် နှစ်ဦးလုံးကိုပင် ကလေးပျောက်ဆုံးမှုနှင့် စပ်လျဉ်း၍ မေးမြန်း စစ်ဆေး၏။ မယားကြီးဖြစ်သူ (ကလေးငယ်မိခင်)က သူ့သားကို အလွန်ချစ်ခင်ကြောင်း၊ မယားငယ်သည် ကလေး မထွန်းကားသဖြင့်၊ လင်ယောကျ်ား၏ မြတ်နိုးမှုကို မခံယူရခြင်း အတွက်၊ မိမိ၏ သားဖြစ်သူကို - တိတ်တဆိတ် ခိုးယူဖျောက် ဖျက်ခြင်း ဖြစ်ပါသည်ဟု အတိအကျ ပြောဆိုဖြေကြား၏။

အမတ်ဒိန်က, မယားကြီးဖြစ်သူကို - ဤသို့ဆိုလျှင် (သင့် သားကို - သင်ပင်လျှင် မသတ်ခဲ့ရိုး မှန်ချေသော်) ငါနှင့်တကွ သော လူကြီးများ ရှေ့မှောက်၌ ထမီကိုချွတ်၍ လမ်းလျှောက် ပြဝံ့ပါမည်လော - ဆို၏။

မယားကြီးက ပြဝံ့ပါသည် - ဆိုကာ၊ တကယ် လည်း ထမီချွတ်၍ လမ်းလျှောက်ပြခဲ့၏။

မယားငယ်ကမူ "ကျွန်တော်မသည် - သူ့ သားငယ်ကို မသတ်သည်ကား အမှန်ဖြစ်ပါသည်။ သို့သော် - လူကြီးများ ရှေ့မှောက်တွင် အရှက်ကင်းမဲ့မှုကိုကား မည်သို့မျှ မပြုရဲပါ။

"ကျွန်တော်မသည် အကုသိုလ်များသူ ဖြစ်သဖြင့်၊ ယခု ဘဝတွင် လင်ယောကျ်ားကိုပင်လျှင်၊ တဝက်မျှသာ ပိုင်ဆိုင် ရပါသည်။ သူ့သားကို သတ်ရဦးမည်ဆိုလျှင်ကား၊ အကုသိုလ် ပိုကြီးဘို့သာ ရှိပါတော့သည်။

နေ့မြင့်ထွန်း

"သို့သော် ထမိကိုချွတ်၍ လမ်းလျှောက်မပြဝံ့သဖြင့်၊ ကျွန်တော်မကို ကလေးသတ်သူ ဖြစ်သည်ဆိုကာ သေစားသေစေရမည် ဆိုလျှင်လည်း၊ ကျွန်တော်မ့ထိုက်နှင့် ကျွန်တော်မ့ကံ အသက်ပင် အသေခံပါတော့မည်၊ အရှက်ကင်းမဲ့မှုကို ကားမည်သို့မျှ မပြုရဲပါ" ဟူ၍ တုံ့ပြန်လျှောက်ထား၏။

အမတ်ဒိန်သည် အားလုံးလူကြီးများကိုပင် ထိုအကြောင်းကို တဆင့် အသိပေးပြောပြကာ "အရှက်ရှိမှ - အကြောက်ရှိသည်" ဆိုသည့်အတိုင်း၊ မယားကြီးသည်ပင်လျှင် သူသတ်တရားခံ ဖြစ်ကြောင်း စွပ်စွဲ ဆုံးဖြတ်၏။ ထိုနောက် မယားကြီးဖြစ်သူကိုလည်း ထိုအတိုင်းပင် စင်စစ် မှန်သည်မဟုတ်လောဟု - မင်းမိန့်အာဏာသံဖြင့် စစ်ဆေး မေးမြန်းသည့်အခါ၊ မယားကြီးသည် ကွယ်ဝှက်လိမ်လည် မနေဝံ့တော့ဘဲ၊ မယားငယ် အပြစ်ရစေရန် သူ့သားကို သူကိုယ်တိုင်ပင် ရေတွင်းထဲချ၍ သတ်ခဲ့ပါကြောင်း အမှန်အတိုင်း ဖွင့်ဟ ပြောဆိုရတော့၏။

ဤတွင် အမတ်ဒိန်၏ တွေးခေါ် မြော်မြင်မှုသည်၊ သိမ်မွေ့နက်နဲသော ဉာဏ်သဘောပင် ဖြစ်လေသည်။ များရာစုအသိ သာမန်သဘောမျှဖြင့်ဆိုလျှင် မယားငယ်ဖြစ်သူသည်သူ့သားရင်း မဟုတ်၍တကြောင်း၊ လောကထုံးစံ ယုတ်ညံ့သေးသိမ်သည်ဟု သတ်မှတ်ခံနေရသော မယားငယ် ဖြစ်နေ၍တကြောင်း၊ ကလေးငယ်အား သနားကြင်နာမှုမရှိ - ရက်ရက်စက်စက် ပြုလုပ်နိုင်သည်။ ကလေးငယ်ကို ဖျောက်ဖျက်ပစ်သူမှာ၊ သူပင်လျှင် ဖြစ်နိုင်သည်ဟု လွယ်လင့်တကူ တွေးလိုက်နိုင်သည်။ ထင်မြင် ဆုံးဖြတ်ချင်ဖွယ် ဖြစ်သည်။

နေမြင့်ထွန်း

အမတ်ဒိန်အဖွဲ့မူ ထိုသို့မဟုတ်၊ နက်နဲစူးရှစွာတွေးခေါ်စူးစမ်းတတ်သော ဉာဏ်ပညာရှင်ဖြစ်၍၊ နည်းပရိယာယ် သဘောမျိုးစေစားဖန်တီးနိုင်ခဲ့သည်။ အမှန်အတိုင်း ဖြစ်လေအောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

## ကွဲပြားကွာခြားခြင်း သဘော

ဉာဏ်ပညာချင်း ကွဲပြားခြားနားမှုသည်၊ ထိုကဲ့သို့ပင် နေရာတိုင်းတွင် အလေးအနက် အထင်အရှား ရှိနေသည်။ အတတ်ပညာတခုတွင်၊ 'ဆရာမပြလျှင် ငါးပိဖုတ်ပင် နည်းမကျ' ဆိုရိုးစကား ရှိနေသည်ကပင်၊ တဦးနှင့်တဦး ဉာဏ်ပညာ(အသိ) ချင်း ကွာခြားနေကြောင်း သိသာနားလည်နိုင်သည်။

ဉာဏ်ပညာ ဆိုရာ၌လည်း၊ သိပ္ပံသဘောနှင့် ဝိဇ္ဇာသဘော ကွာခြားသေးသည်။ အသိလွယ်ဆုံး ဥပမာကား - ထုံးနှင့်နနွင်း ရောစပ်လိုက်လျှင် နီရဲသွားသည်ကို လူတိုင်း သိကြ၏။ လက်တွေ့သဘော ဖြစ်၏။

သို့သော် ဤနှစ်ခုကို ရောစပ်ခြင်းဖြင့်၊ ဘာ့ကြောင့် ရဲရဲနီသွားရသည်ကို သိတတ်သသဘောပေါက်ခြင်းမှာကား ဝိဇ္ဇာသဘောဖြစ်၏။ အသိပညာသဘောဖြစ်၏။

မည်သည့်ပညာရပ် - မည်သည့် အကြောင်း အချက်တွင်ပင် ဖြစ်စေ၊ ထိုကဲ့သို့ အသိပညာ သဘောဖြင့် ထိုးထွင်းသိမြင်နိုင်ရန်မှာ၊ သာမန်နည်းအားဖြင့် မရ၊ လက်တွေ့စမ်းသပ်မှု တခုတည်းဖြင့် မဖြစ်နိုင်၊ ဓာတ်သဘာဝသဘော ကြောင်းကျိုးဆက်စပ်မှုသဘော၊ စူးစမ်းတွေးခေါ် ဝေဖန်ပိုင်းခြားတတ်သော

စန်းမြင့်ထွန်း

ဝိဇ္ဇာသဘော ပါဝင်ပေါင်းစပ်မှု၊ အမှန်အတိုင်း သိမြင်နားလည်နိုင်သည်မျိုး ဖြစ်၏။

ထို့ကြောင့် —

## ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်ပညာ

ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်ပညာ ဆိုသည်တွင်လည်း၊ သာမန်လူသားတို့နှင့် မည်သို့မျှမတူ၊ **ပုဗ္ဗေနိဝါသဉာဏ်** ဆိုသည်ပင်ဖြစ်စေ၊ **သဗ္ဗညုတဉာဏ်** ဆိုသည်ပင်ဖြစ်စေ၊ သာမန်လူတို့ လိုက်မမှီနိုင်အောင် ထူးခြားလေးနက်လှကြောင်း ကောင်းစွာ သဘောပေါက် ဆင်ခြင်နိုင်ဖွယ် ဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရားနှင့် စပ်လျဉ်း၍ ဤကဲ့သို့ အထူးတလည် ဆိုညွှန်းနေရခြင်းမှာ အခြားကြောင့် မဟုတ်ပေ။

**" ရှူးမှ တတ်သည် "**

**" ကူးမှ ခပ်သည် "**

" **ထူးမှမြတ်သည်** " ဆိုသော အယူတော်မင်္ဂလာ၏ စကားအတိုင်း၊ လောက၌ " **မြတ် သည်** " ဆိုခြင်း မှာ၊ " **ထူး** " သည်ကို - အမှန်အတိုင်း သိတတ်မှု၊ "**မြတ်**" သည့်အဖြစ်ကိုလည်း ဆက်စပ်သိမြင်နိုင်သည်။ မိမိကိုယ်တိုင်က မသိတတ်၍ဖြစ်စေ၊ မစူးစမ်း - မလေ့လာ၍ ဖြစ်စေ၊ ပုဂ္ဂိုလ် တဦး တယောက် ၏ ထူးခြားခြင်းကို မသိ နားမလည်နိုင်ခဲ့လျှင်၊ ထိုသို့ ထူးကဲသည်၏ အဖြစ်ကြောင့် " **မြင့်မြတ်** "သည်၏ အဖြစ်ကိုလည်း သေချာ လေးနက်စွာ သိစွမ်းနိုင်မည် မဟုတ်ပေ။

စန်းမြင့်ထွန်း

## သိပ္ပံအမြင်နှင့် ဗုဒ္ဓအသိ

ယနေ့ခေတ်တွင်၊ ရုပ်ဝတ္ထု လက်တွေ့သဘောများ-များစွာ ထွန်းကား တိုးတက်နေ၏။ ဆေးပညာစသော အဖက်ဖက်မှ ပညာရပ်များ ထွန်းကား တိုးတက်နေသည်နှင့်အမျှ နေ - လ နက္ခတ်တာရာ - ကမ္ဘာမြေကြီး စသည့် ရှာဖွေ တွေ့ရှိမှုများ သည်လည်း၊ အဆက်မပြတ် ထွန်းကားပေါ်ပေါက်လျက် ရှိ၏။

ဤကမ္ဘာမြေကြီး၏ အသက်သည်၊ နှစ်ကာလ ပေါင်း မည်မျှမည်မျှ ကြာမြင့်ခဲ့ပြီဟူသော စူးစမ်း ရှာဖွေမှုများကို ပင်လျှင် ကြားသိနေရ၏။

ဗုဒ္ဓမြတ်စွာဘုရား၏ အသိဉာဏ် အားဖြင့် ကား၊ ထိုထို အကြောင်းခြင်းရာ -ရှာဖွေစူးစမ်းမှုများသည် လိုအပ်ရင်းမဟုတ်၊ ကမ္ဘာမြေကြီး၏ ဖြစ်ထွန်းပေါ်ပေါက်လာမှုကို သိနားလည်ရခြင်းပင်ဖြစ်စေ၊ နေ - လ - နက္ခတ်ဟာရာတို့သို့ သွား ရောက် ပေါက်မြောက်နိုင်ခြင်း၊ သဘော သဘာဝကို သိရခြင်းပင် ဖြစ်စေ၊ ကောင်းမြတ်စွာသော အကျိုးတရားဟု မဆိုနိုင်။

**သစ္စာလေးပါး**ကို သိရခြင်းသည်သာလျှင်၊ တဆယ့်တပါးသော မီးတို့ ချုပ်ငြိမ်းရာ **နိဗ္ဗာန်**သို့ ရောက်ရခြင်းသည်သာလျှင် အဆုံးမရှိ - မွန် မြတ် စွာ သော ကောင်းကျိုးတရား ဖြစ် ၏။ လိုအပ်ရင်း သဘော ဖြစ်၏။

ထို့ကြောင့်လည်း စူဠမာလုကျပုတ္တ မထေရ်ကို၊ လိုအပ်ရင်း သဘော ခြုံလွှမ်း၍ ဟောကြား ဆုံးမတော်မူခဲ့၏။

"အချင်းမာလုကျပုတ္တ၊ လောကသည် အဆုံးရှိ၏ဟု- သိရသည်ပင် ဖြစ်စေ၊ လောကသည် အဆုံးမရှိဟု - သိရ သည်ပင်ဖြစ်စေ၊ သတ္တဝါသည် သေသည်မှ နောက်၌ အသစ်တဖန် ပြန်လည် ဖြစ်မြောက်သည်ဟု - သိရသည် ပင်ဖြစ်စေ၊ မဖြစ်မြောက်တော့ပြီဟု သိရသည်ပင်ဖြစ်စေ ထိုအကြောင်းသည် - ကောင်းကျိုးတရား မဟုတ်၊ အိုရ ခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေ ရ ခြင်း ဆင်း ရဲ၊ ပဋိသန္ဓေ နေရခြင်း ဆင်းရဲတို့မှ - လွတ်ကြောင်းမဟုတ်။

"ငါ - ဟောကြားအပ်သည်မှာ၊ ထိုထို ဝဋ်ဆင်းရဲတို့ ချုပ် ငြိမ်းရာ - နိဗ္ဗာန်သို့ ရောက်စေကြောင်း သာလျှင် ဖြစ်ပေသည်"

## ရုပ်ဝတ္ထုသည်-ချမ်းသာစင်စစ် မဟုတ်

သိပ္ပံပညာ ခေါ်သည်ဖြစ်စေ၊ ရုပ်ဝတ္ထု တိုးတက်မှု ခေါ် သည်ဖြစ်စေ၊ ဤလောက၏ မတည်မြဲခြင်း၊ မ ငြိမ်း ချမ်း ခြင်း များကို ကိုယ်တွေ့ကြုံ ရသည့်အခါ၊ သို့မဟုတ် - ရုပ်ဝတ္ထု (စည်း စိမ်ဥစ္စာ အဆောင်အယောင်) ပြည့်စုံ နေ သည့် ကြားမှပင်၊ စိတ်နှလုံး ငြိမ်းအေး ချမ်းမြေ့မှု မရနိုင်သည့်အခါ၊ ဗုဒ္ဓမြတ်စွာ ဘုရား၏ ထူးမြတ်စွာသော အဆုံးအမ ( အ မှန် တ ရား ) ကို၊ ကောင်းစွာ သဘောပေါက် သိမြင်လာပေလိမ့်မည်။

ထို့ကြောင့်ပင်လျှင်၊ ဗုဒ္ဓမြတ်စွာဘုရား၏ ထူးမြတ်စွာသော အဖြစ် ( ဉာဏ် ပညာ သဘော ) ကို၊ ယုတ္တိသဘာဝ - သဘော အားဖြင့် ထုတ်ဖော် ဆိုညွှန်းနေရခြင်း ဖြစ်သည်။

စန်းမြင့်ထွန်း

"ဆင်ပြောင်ကြီးကို တွေ့မှတော့၊ ဆင် ခြေ ရာ ကို ခံ နေ ဘို့ မလို...." ဟူသော ဆိုရိုးစကားရှိ၏။

ရုပ်ဝတ္ထု မည်မျှ တိုးတက်သည်ဖြစ်စေ၊ လောက၏ ထူးခြား ဆန်းကြယ်ခြင်းများကို မည်မျှ သိတတ်သည်ဖြစ်စေ၊ စိတ်၏ ငြိမ်းချမ်းခြင်းကို မရရှိ မခံစား နိုင်ခဲ့လျှင်၊ စိတ်ကို အမှန်အတိုင်း မထိန်းချုပ်နိုင်ခဲ့လျှင်၊ ချမ်းသာစင်စစ်နှင့် တွေ့ကြုံနိုင်မည် မဟုတ်ပေ။ လောက၏ မတည်မြဲခြင်း၊ ရုပ်နာမ်နှစ်ပါးတို့၏ မတည်မြဲခြင်းသဘောကိုလည်း၊ ဗုဒ္ဓဝါဒနှင့်အညီ သိနိုင်စွမ်းမည်မဟုတ်ပေ။

## စိတ်သဘော၏ အရေးကြီးပုံ

စင်စစ် - ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြတော်မူရင်းမှာ ကား၊ လူသာမန်တို့ အသိခက် နက်နဲသိမ်မွေ့လှစွာသော နိဗ္ဗာန်ကို အပထားဘိဦး၊ ကိုယ်ကျင့်တရားအနေဖြင့် (အခြေခံ – သိမှတ်မှု) ပင်လျှင်၊ စိတ်ကို အဓိက ဦးတည်ထားသည့် သဘောရှိသည်။

ဗုဒ္ဓဝါဒတွင် စိတ်သဘော တခုတည်းကိုချည်း အဓိကပြုထားသည်ဟု ချွင်းချက်မရှိ မဆိုသာသည့်တိုင်အောင်၊ စိတ်သဘော၏ အရေးကြီးပုံကို နေရာအသီးသီးမှာပင် တွေ့မြင်နိုင်သည်။ သိရှိနိုင်သည်။

ဤသည်နှင့် စပ် လျဉ်း၍ စိတ် သ ဘော (အ သိ တရား) ၏ အရေးကြီးပုံကို ထင်ရှား သိသာစေသော သုတ် တော် တ ခု ထုတ်ဖော် ဆိုညွှန်းရပေဦးမည်။

စိန်မြင်ထွန်း

## ဥပါလိသုတ်

အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ - ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်တွင် သီတင်း သုံး စံနေ တော်မူ၏။ ထိုအခါ နာဋ၏သား ဖြစ်သူ နိဂဏ္ဌသည်လည်း၊ နာဠန္ဒမြို့၌ပင် များစွာသော တပည့်တပန်း များနှင့်အတူ နေထိုင်လျက်ရှိ၏။

တနေ့၌၊ **ဒီဃတပဿီနိဂဏ္ဌ**သည်၊ နာဠန္ဒမြို့တွင်း ဝယ် ဆွမ်းခံ ဆွမ်းစားခြင်း ပြုပြီးနောက်၊ မြတ်စွာဘုရားအထံ ရောက်သွား၏၊ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်ပြီးသော် သင့်တော်ရာတခုတွင် ထိုင်နေ၏။

မြတ်စွာဘုရားက, **ဒီဃတပဿီနိဂဏ္ဌကို** ဤသို့မေးတော်မူ၏။

"တပဿီ....၊ နာဋ၏သား နိဂဏ္ဌသည်၊ မကောင်းမှုပြုခြင်း၌ အဘယ်မျှလောက်သော **ကံ**တို့ကို ပညတ်သနည်း...."

"အရှင်ဂေါတမ ...၊ နာဋ၏သား နိဂဏ္ဌသည်၊ မကောင်းမှု ပြုခြင်း၌ 'ကံ - ကံ' ဟူ၍ မပညတ်ပါ၊ 'ဒဏ် - ဒဏ် - ဒဏ်' ဟူ၍သာ ပညတ်ခြင်း ပြုပါသည်"

"တပဿီ....၊ နာဋ၏သားသည် ထိုသို့ ပညတ်ရာ၌ အဘယ် မျှသော အရေအတွက်ကို ပညတ်အပ်သနည်း...."

"အရှင်ဂေါတမ....နာဋ၏သား - ပညတ်သည်မှာ၊ သုံးမျိုး ဖြစ်ပါသည်။ ထိုသုံးမျိုးတို့သည်ကား၊ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ် တို့ပင် ဖြစ်ပါသည်"

"ကောင်းပြီ တပဿီ၊ သို့ - ဒဏ်သုံးပါးဟူ၍ ပညတ်ရာ၌၊ နာဋ၏သား နိဂဏ္ဌသည် အဘယ်ဒဏ် (အဘယ်မကောင်းမှု)ကို၊ အပြစ် အကြီးလေးဆုံးဟူ၍ ပညတ် သတ်မှတ်အပ်ပေသနည်း...."

" အရှင်ဂေါတမ၊ '**ကာယဒဏ်**ကို-အပြစ်အကြီးလေးဆုံးဟု သတ်မှတ်ပညတ်အပ်ပါသည် "

" တပဿီ....၊ နာဋ္ဌ၏သားသည်၊ ကာယဒဏ်ကို အပြစ်အကြီး လေးဆုံးဟု ပညတ်အပ်ပေသလော...."

## ကာယကံသည် အပြစ်အကြီးလေးဆုံး

" မှန်ပါသည်။ အရှင်ဂေါတမ၊ ကာယဒဏ်ကို - အပြစ်အကြီး လေးဆုံးဟု - ပညတ် သတ်မှတ်အပ်ပါသည်...."

မြတ်စွာဘုရားသည် ထို မေး ခွန်း ကို သုံး ကြိမ် တိုင် တိုင် မေးတော်မူ၏။ တပဿီကလည်း – သုံးကြိမ်တိုင်တိုင်ပင် ထိုသို့ ချည်းဖြေအပ်၏။ သို့လျှင် တပဿီ၏အဖြေကို သုံးကြိမ်မြောက် ရရှိပြီးနောက် တပ ဿီ က လည်း - မြတ်စွာဘုရားကို ပြန်လည်း မေးလျှောက်၏။

" အရှင်ဂေါတမ....၊ မ ကောင်းမှု ဖြစ် ခြင်း....၊ မကောင်းမှု ပြုခြင်းတို့၌၊ အရှင်ဂေါတမသည်လည်း၊ အဘယ်သို့ ပညတ်အပ် ပါသနည်း၊ အဘယ်မျှသော အရေအတွက် ရှိ ပါ သ နည်း၊ အဘယ်သို့လျှင် ကွဲပြားခြားနား အပ်ပါသနည်း...."

## မနောကံသည် အပြစ်အကြီးလေးဆုံး

" တပဿီ....၊ ငါ ပညတ်အပ်သည်ကား၊ '**ကံ - ကံ - ကံ**' ဟူ၍ ပညတ်အပ်၏။ ကာယကံ - ဝစီကံ - မနောကံဟူ၍ သုံးမျိုး သုံးပါး ကွဲပြား၏။ ထိုသုံးပါးတို့အနက် '**မနောကံ**' ကို အပြစ် အကြီးလေးဆုံးဟူ၍ ပညတ်သတ်မှတ်အပ်ပေ၏ "

စန်းမြင့်ထွန်း

"အရှင်ဂေါတမ....၊ အရှင်သည် မနောကံကို အပြစ်အကြီးလေးဆုံးဟု ပညတ်သတ်မှတ်အပ်ပေသလော"

"မှန်ပေသည် - တပဿီ ..၊ ငါသည်ကား မနောကံကို အပြစ်အကြီးလေးဆုံးဟု ပညတ်အပ်ပေသည်"

တပဿီသည် ထိုမေးခွန်းကို မြတ်စွာဘုရား နည်းတူပင် သုံးကြိမ် တိုင်တိုင် ဆက်၍ မေး၏။ မြတ်စွာဘုရားကလည်း သုံးကြိမ် တိုင်တိုင်ပင် ထိုသို့ချည်း ဖြေတော်မူပေ၏။

ထို့နောက် တပဿီ ဒီဃနိဂဏ္ဌသည်၊ မြတ်စွာဘုရား အထံမှ ပြန်လည်ထွက်ခွာလာခဲ့၏။ နာဋ၏သား နိဂဏ္ဌထံရောက်လာ၏။ နာဋ၏သားသည် ထိုအခါ၌ **ဥပါလိသူကြွယ်** အမှူးရှိသော၊ ဗာလကိနိယာ ရွာသားတို့နှင့် ပြောဟောနေထိုင်လျက် ရှိ၏။

နိဂဏ္ဌသည် တပဿီအား မေးမြန်းလိုက်၏။

"တပဿီ....၊ သင်သည် နေ့လယ်အချိန်ကြီးတွင် အဘယ်က ပြန်လာခဲ့သနည်း"

"အရှင်....၊ အကျွန်ုပ်သည် ရှင်ဂေါတမထံမှ ပြန်လာခဲ့ပါသည်"

"တပဿီ....၊ သို့ဆိုလျှင် သင်သည် ရှင်ဂေါတမနှင့် တစုံတရာ စကားပြောခဲ့ရသေးသလော"

"ပြောခဲ့ရပါသည် အရှင်....၊ ရှင်ဂေါတမသည် အကျွန်ုပ်အား အရှင်၏ ပညတ်မှုကို မေးမြန်းသဖြင့်၊ မကောင်းမှုဖြစ်ခြင်း မကောင်းမှုပြုခြင်းတို့၌၊ အရှင်ပညတ်အပ်သည်တို့ကို အကျွန်ုပ် သိပြီးအတိုင်း ပြန်ပြောခဲ့ပါသည်"

စန်းမြင့်ထွန်း

"တပည့်....၊ ရှင်ဂေါတမသည်ကား အဘယ်သို့ ပညတ်အပ်လေသနည်း"

"အို အရှင်....၊ ရှင်ဂေါတမသည်ကား၊ ကာယကံ-ဝစီကံ မနောကံ-ဟူ၍ ပညတ်ပါသည်။ ထိုသုံးမျိုးတို့တွင်လည်း မနောကံကို အပြစ်အကြီးလေးဆုံးဟူ၍ ပညတ်အပ်ပါသည်"

"ကောင်းလေစွ တပည့်....၊ ကောင်းလေစွ....၊ ကောင်းလေစွ၊ သင်ကား အကြား အမြင် အသိအလိမ္မာနှင့် ပြည့်စုံသော ဆရာဖြစ်သူ၏ တပည့်ကောင်းပီပီ၊ ဆရာဖြစ်သူ ဆုံးမ ပညတ်အပ်သည်တို့ကို အမှန်အတိုင်းပင် ရှင်ဂေါတမအား ပြောကြား သိသာစေခဲ့ပေသည်"

"ဒဏ်သုံးပါးအနက်၊ မနောဒဏ်ကို အပြစ်အကြီးလေးဆုံး ပညတ်အပ်သည်ကား၊ ရှင်ဂေါတမ၏ အမှားသာတည်း။ **မနောဒဏ်**ဆိုသည်မှာ၊ စိတ်သဘော အရာမျှသာ ဖြစ်၍ မပြောပ လောက်သော သာမန် အသေးအဖွဲ မျှသာတည်း။ **ကာယဒဏ်** ဆိုသည်သာလျှင် ကိုယ်တိုင်လက်တွေ့ ပြုလုပ်အပ်သော အပြစ် ဖြစ်၍ အားလုံးသော အပြစ်တို့အနက်၊ အကြီးလေးဆုံး မကောင်းမှု အပြစ်ကြီး ဖြစ်ချေတကား"

ဆရာဖြစ်သူက တပည့်အပေါ် ဤကဲ့သို့ ကျေကျေနပ်နပ် ချီးမွမ်းပြောဆိုရင်း၊ ဗုဒ္ဓမြတ်စွာဘုရားအား ရှုတ်ချကဲ့ရဲ့ လိုက်သောအခါ ဥပါလိသူကြွယ်က စိတ်အားထက်သန်စွာဖြင့် ဤသို့ ပြောလာ၏။

မန်းမြင့်ထွန်း

## ဥပါလိသူကြွယ်၏ ထောက်ခံမှု

"မှန်ပေသည် အရှင်....၊ အရှင် ဆုံးမ ပညတ် အပ် သည့် အတိုင်းပင် တပဿီက အရှင်ဂေါတမကို ပြန်ပြောခဲ့ခြင်းကား အလွန်ပင် ကောင်းလှပေသည်။ အရှင်ဂေါတမက မနောဒဏ်ကို အပြစ်အကြီးလေးဆုံး ပညတ်သည်မှာလည်း၊ အ ရှင် ဆို သည့် အတိုင်းပင် မှားယွင်းသော ပညတ်ချက်သာ ဖြစ်ပေသည်"

"စင် စစ် အား ဖြင့် ကား မ နော ဒဏ် ဆို သည်မှာ ဘာမျှ ပြော ပ လောက် သည် မ ဟုတ်၊ ကာ ယ ဒဏ် သည် သာ လျှင် ကိုယ်ထိလက်ရောက် ပြုလုပ်ခြင်း အမှုဖြစ်၍၊ ဒဏ် သုံး ပါး တို့ ထဲတွင် အပြစ်အကြီးလေးဆုံး ဖြစ်ပေသည်"

"ဤကဲ့သို့ မှားယွင်း ချွတ်ချော်ကာ အရေးမကြီးသည်ကို အရေးတကြီးအဖြစ် ပြောဆိုလိုက်ခြင်းအတွက်၊ အကျွန်ုပ်သည် ရှင်ဂေါတမအထံ သွားရောက်ကာ အပြစ်တင်ပါမည်"

"သိုးငယ်အား သူ၏ အမွေးမှ ကိုင်ဆွဲ၍ လှုပ်ခါမွှေ့ရမ်း ပစ်သကဲ့သို့ရင်း၊ ခွန်အားတောင့်တင်းလှသော သေသောက်ကြူးသည်၊ ဖျာတချပ်ကို ဆွဲကိုင်မွှေ့ရမ်းပစ်သကဲ့သို့ရင်း၊ ဆင်ပြောင်ကြီးသည် ရေသို့ဆင်း၍များစွာသောရေအပြင်ကို နှာမောင်းဖြင့် မွှေနှောက် လှည့် ပတ် ပစ် သ ကဲ့ သို့ ရင်း၊ အကျွန်ုပ်၏ ဝါဒဖြင့် ရှင်ဂေါတမအား ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါချေအံ့"

နာဋ၏သား နိဂဏ္ဌက၊ ဥပါလိသူကြွယ်အား ဝမ်းမြောက်စွာ ထောက်ခံအားပေး၏။

" ကောင်းလှပြီ သူကြွယ်....။ သင်ပြောသည့် အတိုင်းပင် ရှင်ဂေါတမကို သွားရောက် အပြစ်တင်ချေလော့....။ ငါသည်ရင်း အသင်သူကြွယ်သည်ရင်း တပဿီသည်ရင်း ကောင်းစွာပြစ်တင် ရှုတ်ချ ထိုက်သည်သာတည်း "

ထိုအခါ၌ ဒီဃတပဿီ နိဂဏ္ဌက ဥပါလိ သူကြွယ် မြတ်စွာဘုရားထံ သွားရောက် ပြစ်တင်ရန်ကို သဘောမကျ ကန့်ကွက်စကား ပြောလာ၏။

" အို အရှင်....။ ဥပါလိသူကြွယ် ရှင်ဂေါတမထံ သွားရောက်မည်ကို အကျွန်ုပ် မနှစ်သက်ပါ၊ ရှင်ဂေါတမသည် သူတပါးတို့၏ စိတ်ကို ညှို့ယူကာ မိမိဘက်သို့ ပါလေအောင် မိမိ အယူဝါဒ၌ တည်လေအောင် ပြုခြင်း၌ အလွန်ပင် ကျွမ်းကျင် လိမ္မာလှပါသည် "

" ဥပါလိသူကြွယ် ရှင်ဂေါတမကို သွားရောက် အပြစ်တင် ချေခဲ့သော်၊ ဥပါလိ သူကြွယ်သည်သာလျှင် ရှင်ဂေါတမ၏ ဝါဒ၌ သက်ဝင်ယုံကြည်သူ ဖြစ်သွားမည်ကို အကျွန်ုပ် စိုးရိမ် မိပါသည် "

" မစိုးရိမ်လင့် တပဿီ၊ ဥပါလိ သူကြွယ်သည် ငါ့အပေါ်၌ရင်း - ငါ့တရား၌ရင်း၊ ကောင်းစွာ ယုံကြည်လက်ခံထားပြီးသူ ဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ရှင်ဂေါတမ၏ တပည့် မဖြစ်နိုင် သည်သာတည်း "

နာဋ္ဌ၏သား နိဂဏ္ဌက တပဿီကို ပြန်ပြောသည်။ တပဿီက သုံးကြိမ်တိုင်တိုင် ကန့်ကွက်သည်။ နာဋ္ဌ၏သားက တပဿီ၏

စကားကို မည်သို့မျှ လက်မခံ၊ ဥပါလိသူကြွယ်ကို မြတ်စွာဘုရားထံ စေလွှတ်လိုက်သည်။

ဥပါလိ သူကြွယ်သည် မြတ်စွာဘုရားနှင့် တွေ့ဆုံနှုတ်ဆက်ပြီးနောက်၊ ဤသို့ စတင်လျှောက်ထား၏။

"ရှင်ဂေါတမ....၊ ကံသုံးပါးအနက် မနောကံဟူသည်ကား သာမန် အသေးအဖွဲမျှသာတည်း။ အကျွန်ုပ်တို့၏ ဆရာမူကား၊ ကာယဒဏ်ကိုသာလျှင် အပြစ်အကြီးလေးဆုံး - ပညတ်အပ်ပေသည်။ ဤသို့ ပညတ်ခြင်းသည် - မှန်လည်း မှန်ကန်လှပေသည်။ သို့ပါလျက် - တစုံတရာ အကောင်အထည်မပေါ် -စိတ်ကူးကြံစည်ခြင်းမျှဖြစ်သော မနောကံကို၊ အပြစ် အကြီးလေးဆုံး ပညတ်အပ်သည်ကား၊ ရှင်ဂေါတမသည် - လွဲမှား ချွတ်ချော်လေစွတကား"

ထိုအခါ၌ မြတ်စွာဘုရားက ဤသို့ ဆိုတော်မူ၏။

"အချင်းသူကြွယ်....၊ သင် - ဖြောင့်မှန်စွာ ပြောဆိုပါက၊ ငါ - သင်နှင့် စကားဆွေးနွေးပေအံ့"

"ပြောပါမည် ရှင်ဂေါတမ....၊ ဆွေးနွေးပါလော့"

## စိတ်စွဲလမ်းခြင်း အပြစ်

"ကောင်းပြီ သူကြွယ်....၊ သင်တို့နိဂဏ္ဌ အများထဲမှ တယောက်သောသူသည်၊ နာဖျားမကျန်း ရှိရာ၌ သူစားသောက်လိုသည်ကို မစားရ၍၊ ထိုအစာကို စွဲလမ်းပြီး သေဆုံးသွားရသည့်အခါ၊နာဋ၏သားဖြစ်သူ - သင်တို့ဆရာသည်၊ ထိုသေသွား

ဗန်းမြင့်ထွန်း

သူကို အဘယ်အရပ် – အဘယ် နေရာဌာနမျိုး၌ ဖြစ်၏ ဟူ၍ ပညတ်အပ်ပေသနည်း ”

“ အရှင်ဂေါတမ....၊ မိမိစိတ်စွဲလမ်းရာဖြစ်သော နတ်ဟူ၍ ရှိပါသည်။ သေသူသည် ထိုနတ်အမျိုးတို့၌ ဖြစ်နိုင်ပါ၏ ”

“ အဘယ့်ကြောင့် – ဖြစ်ရပေသနည်း သူကြွယ်.... ”

“ စိတ်စွဲလမ်းမှုဖြင့် သေသွားရသောကြောင့် ဖြစ်ပါသည် ”

“ အချင်းသူကြွယ်....၊ သင် စကားကို စဉ်းစားပြောလော့၊ သင့်စကားသည် ရှေ့နှင့်နောက် မညီညွတ် - မစပ်ဟပ်မိလေ တကား ”

“ အရှင်ဂေါတမ....၊ အရှင်ဂေါတမ - မည်သို့ ဆိုစေကာမူ မကောင်းမှုပြုခြင်း၌ကား၊ ကာယဒဏ်သည်သာလျှင် ကြီးလေးသော အပြစ်ရှိပါသည် ”

## စိတ် စေတနာ မပါခြင်း

“ ကောင်းပြီ သူကြွယ်...၊ ငါ မေး ဦး အံ့၊ အကြင်သူ တယောက်သည် မကောင်းမှုမှန်သမျှကို ဟစုံတရာမျှ မပြုလုပ် ကောင်းစွာရှောင်ကြဉ်ထား၏။ မိမိစိတ်ကို စောင့်ထိန်းထား၏။ ချုပ်တီးထား၏။ သို့သော် - သူ တစုံတရာ ပြုလုပ်ရာ၌ သတ္တဝါ အများသည် သူ့ကြောင့် သေကျေပျက်စီးသွားရ၏။ ထို အပြစ်မျိုးကို၊ သင်တို့ဆရာသည် အဘယ်သို့ ပညတ်အပ်သနည်း ”

“ ဤအပြစ်မျိုးကိုကား၊ စေ့ဆော်ခြင်းစေတနာ မပါရှိသဖြင့် ကြီးလေးသော အပြစ်ဟု - မပညတ်ပါ - အရှင်ဂေါတမ ”

စနေမြင့်ထွန်း

" အကယ်၍ စေ့ဆော်ခြင်း စေတနာ ပါရှိခဲ့ လျှင်ကား မည်သို့ ဖြစ်နိုင်သနည်း "

" စေ့ဆော်ခြင်းစေတနာ ပါရှိခဲ့လျှင်ကား၊ ကြီးလေးသော အပြစ် ဖြစ်ပါမည် - အရှင်ဂေါတမ "

" ကောင်းပြီသူကြွယ်....၊ ထို စေ့ဆော်ခြင်း စေတနာ ကို နာဋပုတ္တ၏သားသည် အဘယ်ဒဏ်ဟု ပညတ်အပ်ပေသနည်း "

" မနောဒဏ်ဟု - ပညတ်ပါသည် - အရှင်ဂေါတမ "

" သူကြွယ်....၊ သင် စဉ်းစားပြောလော့၊ သင့်စကားသည်၊ ရှေ့နောက်မညီ - မစပ်ဟပ်မိချေတကား၊ သင် ပထမဦးစွာ ပြော ခဲ့စဉ်အခါက မှန်သည့်အတိုင်းသာ ပြောဆို ဆွေး နွေး ပါမည် ဆိုခဲ့သည် မဟုတ်လော "

" အ ရှင် ဂေါ တ မ....၊ အ ရှင် က မည်သို့ ဆို စေ ကာ မူ မကောင်းမှုပြုခြင်း၌ကား၊ ကာယဒဏ်သည်သာလျှင် ကြီးလေး သော အပြစ်ရှိပါသည် "

## ကာယကံ၏ အဋ္ဌမ်း

" ကောင်းပြီ သူကြွယ်....၊ သို့ဆိုလျှင် ငါ မေးဦးအံ့၊ ဤ နာဠန္ဒမြို့သည် လူပေါင်းများစွာ နေထိုင်ကာ အလွန်စည်ကား လှသော မြို့တမြို့ မဟုတ်လော "

" ဟုတ်ပါသည် အရှင်ဂေါတမ "

" အ ချင်း သူကြွယ် ..၊ ထို နာ ဠ န္ဒ မြို့ ရှိ များ စွာ သော လူအပေါင်းတို့ကို၊ တယောက်သောသူက တခဏချင်းအတွင်း

တွင်ပင် - အားလုံး သေကျေ ပျက်စီးသွားအောင် ခုတ်ထစ်သတ်ဖြတ်ပစ်မည်ဆိုက ဖြစ်နိုင်ပါအံ့လော”

“မဖြစ်နိုင်ပါ အရှင်ဂေါတမ....၊ တယောက်တည်း မဆိုထားဘိ - သုံး လေး ယောက် သုံးလေးဆယ် ခုတ်ထစ်သတ်ဖြတ်သည့်တိုင်အောင် တခဏချင်း အတွင်းတွင် သေကျေပျက်စီးခြင်း မဖြစ်နိုင်ပါ”

## စိတ်ဓာတ်၏ အကျိုးသက်ရောက်မှု

“ကောင်းပြီ သူကြွယ်....၊ သို့လျှင် လူသုံးလေးဦး သို့မဟုတ် လူသုံးလေးငါးဆယ်တို့က ကာယကံမြောက် ခုတ်ထစ်သတ်ဖြတ်၍ အားလုံး မပျက်စီးနိုင်သော်ငြားလည်း၊ အကယ်၍ စိတ်တန်ခိုးရှိသောသူ၊ စိတ်ဓာတ် စွမ်းအားနှင့် ပြည့်စုံသောသူ၊ သမဏ ဗြာဟ္မဏ တဦးဦးက စိတ်ဆိုး အမျက်ထွက်ခဲ့ပါမူကား နာဠန္ဒတမြို့လုံးသည်ပင်လျှင် သေကျေပျက်စီးကာ ပြာပုံအတိဖြစ်မသွားနိုင်ပါသလော”

“ဤသို့ကား ဖြစ်နိုင်ပါသည် အရှင်ဂေါတမ....၊ နာဠန္ဒတမြို့တည်းမဆိုထားဘိ၊ နာဠန္ဒမြို့ထက် ကြီးကျယ်စည်ကားသော မြို့ပေါင်းများစွာတို့သည်လည်း၊ ပျက်စီး ပြာကျသွားရမည်သာ ဖြစ်ပါသည်”

“အချင်းသူကြွယ်....၊ သို့ဆိုလျှင် သင့်စကားသည် ရှေ့နှင့်နောက် မညီပါတကား....၊ မစပ်ဟပ်မိတော့ပါတကား၊ ပထမဦးစွာ သင်ပြောခဲ့သည်ကား - မှန်ရာကိုသာ ပြောပါမည် ဆိုခဲ့သည် မဟုတ်လော”

ခန့်မြင့်ထွန်း

" အရှင်ဂေါတမ....၊ အရှင်က မည်သို့ဆိုစေ၊ မကောင်းမှုပြုခြင်း၌ကား၊ ကာယဒဏ် သည်သာလျှင် အပြစ်ကြီးလေးဆုံး ဖြစ်ပါသည် "

## တော - ဖြစ်သွားရခြင်းအကြောင်း

" ကောင်းလှပြီ သူကြွယ်...၊ ငါ တဖန် ဆိုပေဦးအံ့၊ သင်သည် **ကလိင်္ဂတိုင်း ဒဏ္ဍကီတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်း**တို့သည် တောအတိ ဖြစ်နေသည် ဆိုခြင်းကို ကြားသိဘူးပါသလော"

" ကြားဘူးပါသည်-အရှင်ဂေါတမ "

" ဘာ့ကြောင့် ထို တိုင်းကြီးတို့သည် တောအတိ ဖြစ်သွားခဲ့ရသနည်း သူကြွယ် "

" မှန်ပါ....၊ ထိုထို တိုင်းသူပြည်သားများသည် ရသေ့တို့ကို ပြစ်မှားမိခြင်းအတွက် ရသေ့တို့ စိတ်ဆိုး အမျက်ထွက် မှုဖြင့် တောအတိ ဖြစ်သွားရသည်ဟု ကြားရဘူးပါသည် "

" အချင်းသူကြွယ်....၊ သို့ဆိုလျှင်လည်း၊ သင့်စကားသည် ရှေ့နောက် မညီတော့ပါတကား၊ သင် ထပ်ခါတလဲလဲ ပြောဆိုအပ်သည့်အတိုင်း ကာယဒဏ်ဟုဆိုသော ကိုယ်ထိလက်ရောက် ပြုလုပ်မှုက အပြစ်ကြီးလေးရိုး မှန်ချေသော်၊ စိတ်စေတနာ၏ အကျိုးတရား -စွမ်းဆောင်မှုသည်၊ယခု ငါဆိုအပ်သည့်အတိုင်း မဖြစ်နိုင်ချေတကား- လေးနက်ထိရောက်မှု မရှိနိုင်ချေတကား"

ထိုအခါ၌ကား၊ ဥပါလိသူကြွယ်သည် ဝမ်းမြောက် လှိုက်လှဲစွာဖြင့်သာလျှင် စင်စစ် - ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ လျှောက်ထားအပ်ပေ၏။

နေ့မြင့်လှန်

"အရှင်မြတ်စွာဘုရား....၊ အကျွန်ုပ်သည် ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင်၊ အရှင်မြတ်စွာဘုရား၏ စကားကို နှစ်သက် ဝမ်း မြောက် လှ ပါ ပြီ။ သို့ သော် အ ကျွန်ုပ် သည် အ ရှင် မြတ်စွာဘုရား၏ ဆန်းကြယ်လှစွာသော ပြဿနာဖြေကြားမှုကို ကြားနာလိုခြင်းကြောင့်သာလျှင်၊ ဆန့်ကျင်ဘက်စကား ဆိုနေမိခြင်းဖြစ်ပါသည်"

"အရှင်မြတ်စွာဘုရား ....၊ အရှင်ဘုရား၏ ဟရားတော်သည်၊ အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အရှင်ဘုရားသည်၊ အကျွန်ုပ်အား - အမှန်တရားကို အကြောင်း အမျိုးမျိုးဖြင့်လည်း ပြတော်မူပါပေ၏။ သိစေတော်မူပါ၏"

"အရှင်မြတ်စွာဘုရား.... အရှင်မြတ်စွာဘုရားသည်၊ အကျွန်ုပ်အား - ယနေ့မှအစပြု၍ အရှင်ဘုရားကိုအသက်ထက်ဆုံး ကိုးကွယ်ဆည်း ကပ် အပ် သော ဥပါသကာ အ ဖြစ် မှတ်ယူတော်မူပါ ဘုရား...."

ထိုအခါ မြတ်စွာဘုရားက, ဤသို့ ဆိုတော်မူ၏။

"အချင်းသူကြွယ်....၊ မြ စူးစမ်းဆင်ခြင်လေဦးလော့....၊သင်တို့ကဲ့သို့ ထင်ရှားကျော်စော သူများသည်၊ စူးစမ်း ဆင်ခြင်ပြီးမှ ပြုကောင်းသည်သာတည်း ..."

ဥပါလိ သူကြွယ်သည်၊ ထိုစကားအတွက် - မြတ်စွာဘုရားကို ပို၍ ကြည်ညိုသွားရပြန်သည်။ သူ၏ အတွေ့အကြုံအရလည်း ဖြစ်သည်။ထို့ကြောင့်ပင် မြတ်စွာဘုရားကို ဝမ်းမြောက်လိုက်သှ စွာ လျှောက်ထားပြန်သည်။

စန်းမှိုင်ထွန်း

"အရှင်မြတ်စွာဘုရား....၊ ဤစကားကို - ကြားရခြင်းအားဖြင့်လည်း၊ အကျွန်ုပ်သည် အရှင်မြတ်စွာဘုရားအား အတိုင်းထက်အလွန် ကြည်ညိုရပါသည်။ နှစ်သက်ဝမ်းမြောက်ရပါသည်"

အရှင်မြတ်စွာဘုရား....၊ သူတပါးတို့ကား ဤသို့မဟုတ်ပါ၊ အကျွန်ုပ်ကဲ့သို့သော တပည့်ကို ရခဲ့သော်၊ **ဥပါလိသူကြွယ်** သည်ပင်လျှင် ငါတို့ တပည့် ဖြစ်လာရပေသည်ဟူသော သဘောထားဖြင့်၊ ဤနာဠန္ဒ မြို့တမြို့လုံး၌ပင်လျှင် အောင်လံတံခွန်စိုက်ထူ ဝင့်ကြွားကြကုန်ပါသည်"

"အချင်းမြတ်စွာဘုရားက မူ၊ အကျွန်ုပ်ကိုပင် စူးစမ်းဆင်ခြင်ရန် သတိပေးခဲ့ချေသေးတကား...."

"အချင်းသူကြွယ်....၊ သင့်အိမ်သည် ကာလကြာမြင့်စွာပင် နိဂဏ္ဌ တို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့၏။ ထို့ကြောင့် နိဂဏ္ဌ တို့ကို ဆွမ်းလှူရန်လည်း အောက်မေ့လေဦးလော့...."

"အရှင်ဘုရား....၊ အလှူနှင့် ပတ်သက်၍ အရှင်ဘုရားသည် ငါဘုရားကို၎င်း၊ ငါ၏တပည့်သား သံဃာတော်တို့ကို၎င်း၊ပေးလှူခြင်းသည်သာ အကျိုးကြီး၏ ဟူ၍ ဟောလေ့ရှိကြောင်း ကြားသိခဲ့ရဘူးပါသည်။ သို့ပါလျက်လည်း - ယခုအခါ နိဂဏ္ဌ တို့ကို ဆွမ်းလှူရန် အောက်မေ့လေဦးလော့ ဆိုတော်မူပြန်ပါသည်"

"နိဂဏ္ဌတို့ကို ဆွမ်းလှူရန်မှာ၊ အချိန်အခါ အားလျော်စွာ သာဖြစ်ပါတော့သည်။ (လှူလိုမှ - လှူပါတော့မည်) အရှင်မြတ်စွာဘုရား....၊ အကျွန်ုပ်သည် အရှင်မြတ်စွာဘုရားကို ၎င်း၊ တရားတော်ကို ၎င်း၊ သံဃာတော်ကို ၎င်း၊ သုံး ကြိမ် မြောက် လည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

စန်းမြင့်ထွန်း

“ယနေ့မှအစပြု၍ အကျွန်ုပ်သည် အရှင်မြတ်စွာဘုရားနှင့် တကွသော၊ တရားတော်ကို၎င်း၊ သံဃာတော်ကို၎င်း၊ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်အပ်သော ဥပါသကာအဖြစ် ယူမှတ်တော်မူပါဘုရား....”

ထိုအချိန်၌ - မြတ်စွာဘုရားသည်၊ ဥပါလိသူကြွယ်အား ဒါန သီလ နှင့် စပ်လျဉ်းသော တရားမှအစပြု၍၊ ကာမဂုဏ်မှု၏အပြစ်ကို၎င်း၊ သစ္စာလေးပါးကို၎င်း၊ အစဉ်အတိုင်း ဟောကြားဆုံးမတော်မူသည်။ နောက်ဆုံး၌ကား၊ **ဥပါလိသူကြွယ်** သည် **သောတာပန်ပုဂ္ဂိုလ်**ပင် ဖြစ်မြောက်သွားရလေသည်။

## အသိစိတ်နှင့် ဝိဇ္ဇာဉာဏ်

တင်ပြခဲ့ပြီး သုတ်တော်ကို စူးစမ်းဝေဖန်ကြည့်ခဲ့လျှင်၊ အသိစိတ်၏ အရေးကြီးပုံကို ကောင်းစွာသိနားလည်နိုင်သည်။ ဥပါလိသူကြွယ်သည်၊ သာမန်သိမြင်ခံစားတတ်သော စိတ်မျှသာရှိနေစဉ်မှာကား၊ နိဂဏ္ဌ နာဋပုတ္တ၏ တပည့်အဖြစ်ဖြင့် ‘ကာယဒဏ်’ ဆိုသည်ကိုပင်၊တထစ်ချအမှန်ဟု ယူဆယုံကြည်ခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားက, ကြောင်းကျိုး ဆင်ခြင်မှုနှင့်တကွ ဝေဖန် ပိုင်းခြား ပြတော်မူသောအခါတွင်ကား၊ အမှားနှင့်အမှန်ကို ကောင်းစွာ သဘောပေါက် သိမြင်သွားသည်။ သာမန် အများထုံးစံ သိတတ်သော စိတ်မှသည်၊ ကောင်းဆိုး မှားမှန် ဝေဖန်ပိုင်းခြားတတ်သော အသိစိတ်သို့ ပြောင်းလဲ ရောက်ရှိသွားသည် ဆိုနိုင်သည်။ လက်တွေ့သဘော စူးစမ်း တွေးခေါ်ခြင်း သဘောအားဖြင့်ကား၊ အစဦးစွာက **ကာယဒဏ်** - ကိုယ်ထိလက်ရောက်

နေမြင့်ထွန်း

ကြူးလွန်မှုသည် အပြစ် အကြီးလေးဆုံး ယူဆယုံကြည်ခဲ့သည် ကား - လက်တွေ့မျက်မြင်သဘော။ **မနောကံ** ၏ အရေးကြီးပုံကို သဘောပေါက် သိနားလည် သွားခြင်းမှာကား၊ စူးစမ်း တွေး ခေါ်ခြင်းသဘော **ဝိဇ္ဇာဉာဏ်** ပင်ဖြစ်ပေသည်။

ဤသဘောကို၊ ကျေး ဇူး ရှင် လယ် တီ ဆ ရာ တော်ဘုရား၏ 'ဗောဓိပက္ခိယ ဒီပနီ' တွင်လည်း၊ ဤကဲ့သို့ ထုတ်ဖော်ဆိုညွှန်း ထားသည်။

## ဝိဇ္ဇာ – စရဏ

သီလ-သမာဓိသည်၊ စရဏမျိုးတည်း။ ပညာသည် - ဝိဇ္ဇာမျိုးတည်း။ ဝိဇ္ဇာ - စရဏ - နှစ်ပါးဖြစ်၏။ ဝိဇ္ဇာ သည် - လူ သတ္တဝါ တို့၏ မျက်စိနှင့်တူ၏။ စရဏသည် ခြေလက်နှင့် တူ၏။ ဝိဇ္ဇာသည် ငှက်တို့၏ မျက်စိနှင့်တူ၏။ စရဏသည် - အတောင်နှင့် တူ၏။

သီလသမာဓိနှင့် ပြည့်စုံ၍ ဝိဇ္ဇာဉာဏ် ချို တဲ့ သော သူတို့သည်၊ ခြေလက်အင်္ဂါ ပြည့်စုံ၍ မျက်စိနှစ်ဖက် ချို့တဲ့ သော သူနှင့် တူကုန်၏။ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စရဏ တရား အားနည်းလှသော သူတို့သည်၊ မျက်စိ အင်္ဂါ ပြည့်စုံ၍ ခြေလက်အင်္ဂါ ချို့တဲ့သောသူနှင့် တူကုန်၏။ ဝိဇ္ဇာ - စရဏ နှစ်ပါးနှင့် ပြည့်စုံသူတို့သည်၊ ခြေအင်္ဂါ - လက်အင်္ဂါ မျက်စိအင်္ဂါ အ လုံး စုံ နှင့် ပြည့် စုံ သော လူကောင်းပကတိနှင့် တူကုန်၏။

စန်းမြင့်ထွန်း

## စရဏသာ - ပြည့်စုံကျိုး

ဤဘုရားသာသနာတွင်း၌ ယခုရှိကြကုန်သော သူ အပေါင်းတို့တွင် အကြင်သူတို့သည် သီလ - သမာဓိ ဟူသော - စရဏနှင့် ပြည့်စုံကြကုန်၏။ ရုပ်- နာမ် - ခန္ဓာ တို့၌ ဉာဏ်၏ ကျက်စားခြင်း ဟူသော ဝိဇ္ဇာမျိုး မရှိကြ ကုန်။ ထိုသူတို့သည် စရဏတရားအား ကောင်းလှသည့် အတွက်၊ နောက်ဘုရားသာသနာကို တွေ့ကြုံကြကုန် ရာ၏။ တွေ့ကြုံကြကုန်သော်လည်း ဝိဇ္ဇာမျိုး မရှိသည့် အတွက် နောက်ဘုရား တရားကို ကြားနာသော်လည်း၊ သစ္စာဉာဏ်အလင်း မပေါက်နိုင်ကြကုန်....။ ။

## အတတ်ပညာနှင့်အသိပညာ

ဤမျှဆိုလျှင် လက်တွေ့သဘောနှင့် အသိပညာ သဘော၊ သို့မဟုတ် အမှတ်သဘောနှင့် အသိသဘောသည်၊ မည်မျှကွဲပြား ကြောင်း၊ မည်သို့ဖြစ်ကြောင်း၊ ကောင်းစွာ သိသာနိုင်ပေပြီ။

စင်စစ်မူကား၊ ဤကွဲပြားမှုနှစ်မျိုးသည်၊ တရားမှု (ဘာသာ ရေး) တွင်သာမဟုတ်၊ နေရာတိုင်းတွင်ပင် ဆက်စပ်ပတ်သက်နေ ခဲ့သည်။ မည်သည့်ကိစ္စမဆို လုပ်တတ်ရုံ၊ လုပ်နေရုံမျှဖြင့်ချည်း မလုံလောက်၊ ဘာ့ကြောင့် ဤသို့လုပ်ရသည်ကို သိနားလည်မှ ပြည့်စုံသည်၊ မှန်ကန်သည်။

သိလွယ်သော ဥပမာအားဖြင့်ကား၊ ဆေးဝါး ဖော်စပ် နည်းကို အလေးချိန် အချိုးအစား ဖော်ပုံ ဖော်နည်းနှင့်တကွ သိထား - မှတ်မိထား ခြင်းသည်ကား၊ အတတ်ပညာသဘော

စန်းမြင့်ထွန်း

ဖြစ်၏။ လုပ်တတ်နေခြင်း ဖြစ်၏။ မကျည်းမှည့်၊ ထန်းလျက်၊ ပျားရည်စသည့် ဆေးမယ် - ဆေးဖက်များကို ဘာ့ကြောင့် ထည့်ရသည်။ မကျည်းမှည့် အစွမ်းက, မည်သို့ဖြစ်သည်။ ထန်းလျက်အစွမ်းက, မည်သို့ဖြစ်သည်။ မီးတောက် မီးလျှံဖြင့် မဟုတ်ပဲ မီးအေးအေးဖြင့် တဖြေးဖြေး သာ ကျို ချက် ရခြင်း သည်ကား ဘာ့ကြောင့် ဖြစ်သည်ဟု၊ သဘောသဘာဝနှင့်တကွ သိတတ်ခြင်းမှာကား၊ အသိပညာ - ဝိဇ္ဇာဉာဏ် သဘောဖြစ်၏။

## အသိပညာဖြစ်မြောက်ခြင်း

စာပေ အနုပညာတွင်လည်း ထို့အတူ ပင်ဖြစ် ၏။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသည်တို့ကို ရေးတတ်ခြင်း၊ ရေးနေခြင်း သည်ကား - အတတ်ပညာ သဘောဖြစ်၏။ ဘာ့ကြောင့် ဤသို့ ရေးရသည်၊ သုံးနှုန်း တင်ပြရသည်ကို - သဘောပေါက် သိနား လည်ခြင်းမှာကား - အသိပညာသဘော ဖြစ်၏။

စာပေ အနုပညာသည်၊ အက္ခရာ သင်္ကေတ နည်းအားဖြင့် ပြောဆိုသော စကားတမျိုး ဖြစ်သည်နှင့်အမျှ လူ့သဘော လူ့ သဘာဝ - ထိတွေ့ခံစားမှု - ဖြစ်ပျက် လှုပ်ရှားမှု အမျိုးမျိုးတို့ကို သိသာထင်ရှားစေသောနည်း (အသုံးအနှုန်း) တို့သည် လည်း မြန်မာစာ - မြန်မာမှုတွင် (အထူးသဖြင့်) အတိအကျ ရှိ၏။ ပြည့်စုံ ကြွယ်ဝလှ၏။ သဘောသဘာဝ ချင်း အသံအသာ ကွဲပြားခြားနားနေခဲ့၏။

လူ့သဘော လူ့သဘာဝ-ထိတွေ့ခံစားမှု၊ ဖြစ်ပျက် လှုပ်ရှားမှု အသီးသီးတို့ကို မြန်မာစာ - မြန်မာမှုတွင် - **သဒ္ဒါနည်း** အားဖြင့်

စန်းမြင့်ထွန်း

လည်း ထွန်းပြသည်။ **ဝေါဟာရ** နည်းအားဖြင့်လည်း ထွန်းပြသည်။ **သဒ္ဒလင်္ကာရ** ဟူသော အသံ၏ အဆင်တန်းဆာနည်းအားဖြင့်လည်း ထွန်းပြသည်။ **အတ္ထလင်္ကာရ**ဟူသော အနက်အဓိပ္ပာယ် ဆန်းကြယ် တင်စားမှုဖြင့်လည်း ထွန်းပြသည်။

## ကွဲပြားခြားနားခြင်း

အကျဉ်းချုပ် သဘော အား ဖြင့် ကား၊ '**မီ**' နှင့် '**မှီ**' ၏ ကွဲပြားမှု - '**နိုင်**' နှင့် '**နှိုင်**' ၏ ကွဲပြားမှုမျိုး ပမာဖြစ်၏။

'မီ' ကား မပြုလုပ်ရသေးမီ၊ မပြီးစီးသေးမီ၊ ပြုလုပ်နေဆဲ အချိန်ကာလ - **အကြောင်းတရား**ကို သိသာ ထင်ရှားစေသော အသုံးဖြစ်၏။ 'မှီ' ကား၊ ပြုလုပ် ပြီးစီးသွားပြီး-ဖြစ်မြောက်သွားပြီး **အကျိုးတရား**ကို သိသာထင်ရှားစေသော အသုံးဖြစ်၏။

> "ဆေးမယ် ( ဆေးဖက် ) အားလုံး – အပြည့်အစုံ မရောစပ်ရသေး**မီ** ဖြစ်၍၊ ဆေး၏ အစွမ်းသတ္တိကလည်း စံချိန်**မှီ**၊ အဆင့်အတန်း**မှီ** အဖြစ်သို့ မရောက်နိုင်သေးပေ"
>
> "စစ်ရေးကျွမ်းကျင်သည်နှင့်အမျှ၊ တဖက်ရန်သူများ မလှန်သာအောင် တိုက်ခိုက်**နှိုင်**သဖြင့်၊ လုံး၀ အောင်**နိုင်**ခဲ့ရသည် "

ဤသို့လျှင် သူ့သဘောနှင့်သူ တကယ်တမ်း ကွဲပြားခြားနားနေသည်များမှာ သိချင် - နားလည်ချင် - အမှန်အတိုင်း စည်းကမ်းတကျ ဖြစ်မြောက်စေချင်သော စိတ်ဓာတ်ဖြင့် အပင်ပန်းခံကာ၊ စေ့စေ့စပ်စပ် စူးစမ်းလေ့လာ ရှာဖွေပါမှ သိနားလည်နိုင်သည်မျိုး ဖြစ်၏။

စန်းမြင့်ထွန်း

လိုရင်းမှာကား၊ မည်သည့် အချင်းအရာတွင်မဆို ကြောင်းကျိုး သဘာဝကို - ကျနသေချာ သိနား လည်အောင် စူးစမ်းတွေးခေါ်ခြင်းသည် **အသိပညာသဘော**၊ အလေ့အကျင့် ဖြစ်နေခြင်းသည် **အတတ်ပညာသဘော** ဖြစ်၏။ အတတ်ပညာသဘောချည်းဆိုလျှင်လည်း မကောင်း ၊အသိပညာ သဘောချည်းဆိုလျှင်လည်းမကောင်း၊ အတတ်ပညာရော - အသိပညာပါ နှစ်ပါးစုံ ပေါင်းမိပါမှ ကောင်းမြတ်သော အကျိုးတရား - ဖြစ်မြောက်နိုင်စွမ်း၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ဤသည်နှင့် စပ်လျဉ်း၍ **အသိပညာသဘော**ကို ရှေးရှုဦးတည်ကာ ဟောကြားတော် မူအပ်သည်လည်း ရှိခဲ့၏။ **ကြောင်းကျိုးဆင်ခြင်တုံတရား**ကို သွန်သင် ညွှန်ပြတော်မူသည့်သဘောမျိုးဖြစ်၏။

ထိုသဘော - ထိုသုတ်တော်ကို ဆက်လက် ကြားနာကြည့်ကြဦးစို့....။

## ကောင်းကျိုး - ဆိုးပြစ် ဝေဖန်မှု
## (ကေသမုတ္တိသုတ်)

အခါတပါး၌၊ မြတ်စွာဘုရားသည် ကောသလတိုင်းအတွင်း လှည့်လည် ကြွ မြန်း တော် မူ စဉ်၊ **ကာလာမ မင်း** တို့ ပိုင်နက် **ကေသမုတ္တိ** အမည်ရှိသောရွာသို့ ဆိုက်ရောက်လာခဲ့၏။ ထို အခါ၊ **ကာလာမ မင်းသား**တို့သည် မြတ်စွာဘုရားကို ဝမ်းမြောက် ဝမ်းသာ ကြိုဆိုနှုတ်ဆက်ကာ၊ ဤသို့ မေးမြန်းလျှောက်ထားကြကုန်၏။

စန်းမြင့်ထွန်း

" အရှင်မြတ်ဘုရား .. ၊ အကျွန်ုပ်တို့ ထံသို့ အချို့ အချို့သော ရဟန်း ပုဏ္ဏားတို့ ရောက်လာကြသည့်အခါ၊ ထိုထို ရဟန်း ပုဏ္ဏားတို့သည်၊ မိမိတို့၏ အယူဝါဒကိုသာလျှင်၊ ထုတ်ဖော်ဟောပြောကြပါသည်။ ကောင်းသည် - မှန်သည် ပြောကြပါသည်။ ၊ အခြားသူတို့၏ အယူဝါဒကိုကား၊ မဟုတ်မမှန်သည့် အနေဖြင့်ရှင်း၊ မည်သို့ ချွတ်ယွင်းသည်။ မည်သို့ - ယုတ်နိမ့်သည်ဟူ၍ရှင်း၊ အမျိုးမျိုး ထိပါးပုတ်ခတ်လေ့ ရှိကြပါသည်။ ပြစ်တင်ရှုတ်ချလေ့ ရှိကြပါသည် ".

" အကျွန်ုပ်တို့သည်၊ ထိုသို့ပြောဆိုခြင်းများအတွက် ယုံမှားသံသယဖြစ်ကြရပါသည်။ မည်သည့် ရဟန်း ပုဏ္ဏား၏စကားကို အမှန်ဖြစ်သည် မဆုံးဖြတ်တတ်သည်နှင့်အမျှ၊ မည်သည့် အယူဝါဒကို လက်ခံ ယုံကြည်ရမည်ဟူ၍လည်း မသိနိုင် ဖြစ်ကြရပါသည် "

" အရှင်မြတ်ဘုရား ၊ ထိုယို စကားများအနက်၊ မည်သည့် စကားက, မှန်၍၊ မည်သည့်စကားက, မှားယွင်းနေပါသနည်းဘုရား.... "

ထို- အမေးပြဿနာနှင့် ပတ်သက်၍ မြတ်စွာဘုရားက, ဤသို့ဆိုတော်မူ၏။

" အသင် ကာလာမ မင်းအပေါင်းတို့၊ ရောက်လာသမျှသော ရဟန်း ပုဏ္ဏားတို့က၊ ထိုကဲ့သို့ ပြောဆိုကြခြင်းအတွက်၊ အသင်တို့ ယုံမှားသံသယ ဖြစ်မည် ဆိုလျှင်လည်း ဖြစ်နိုင်လောက်ပေသည်။ ရဟန်း ပုဏ္ဏားများစွာတို့သည်၊ တဦးနှင့်တဦး အယူဝါဒ

စန်းမြင့်ထွန်း

ချင်း မတူညီရုံမျှ မဟုတ်သေး၊ တဦးကိုတဦး အမျိုးမျိုး စွပ်စွဲ ပုတ်ခတ်နေကြသောကြောင့် ဖြစ်သည်"

## ဝေဖန်ပိုင်းခြားမှု သဘော

"အသင် - ကာလာမ မင်းအပေါင်းတို့....၊ အယူဝါဒတခု၌ ကောင်းဆိုး မှားမှန် ဝေဖန်ပိုင်းခြားမှုနှင့် ပတ်သက်၍၊ ဤသို့ မှတ်ကြလေကုန်လော့....။

"အသင်တို့သည်၊ မည်သည့် အယူဝါဒ ကိုပင် ဖြစ်စေ–

"တဆင့်စကား ပြောသံကြားမျှဖြင့်လည်း၊ ဟုတ်ပြီ၊ မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."

"အစဉ်အဆက် ပြောဆိုကြားနာခဲ့ရသော စကားဖြစ်၍ လည်း၊ ဟုတ်ပြီ - မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."

"ဤသို့ ဖြစ်ခဲ့ဘူးသည် ဖြစ်ခဲ့ဘူးသတတ် ဟူ၍လည်း ဟုတ်ပြီ - မှန်ပြီ မယူဆကြကုန်လင့်ဦး...."

"ပိဋကတ်စာပေနှင့် ညီညွတ်သည် ဟူ၍လည်း ဟုတ်ပြီ မှန်ပြီ မယူဆကြကုန်လင့်ဦး...."

"မိမိတို့ သဘောအားလျော်စွာ ကြံစည် တွေးတော၍ ရသည် ဖြင့် လည်း ဟုတ်ပြီ – မှန်ပြီ မယူဆကြကုန် လင့်ဦး...."

"သူတပါး၏ထံမှ နည်း မှီး ယူခြင်းမျှဖြင့်လည်း၊ ဟုတ်ပြီ မှန်ပြီ မယူဆကြကုန်လင့်ဦး...."

"အကြောင်းခြင်းရာကို တွေးတော ကြံစည်ခြင်းသဘော မျှဖြင့်လည်း၊ ဟုတ်ပြီ - မှန်ပြီ မယူဆကြကုန်လင့်ဦး...."

စန်းမြင့်ထွန်း

"မိမိ တွေးတော ကြံစည် နှစ်သက် သဘောကျသည်နှင့် တူညီနေသဖြင့်လည်း၊ ဟုတ်ပြီ - မှန်ပြီ မယူဆကြကုန် လင့်ဦး...."

"မှတ်ယူထိုက်သောသဘောမျှဖြင့်လည်း၊ ဟုတ်ပြီ - မှန်ပြီ မယူဆကြကုန်လင့်ဦး...."

"ငါတို့ လေးစားအပ်သော၊ လေးစားနေသော ရဟန်း ပုဏ္ဏား၏ စကားဖြစ်သည် ဟူ၍လည်း၊ ဟုတ်ပြီ - မှန်ပြီ မယူဆကြကုန်လင့်ဦး...."

"အသင် ကာလာမ မင်းအပေါင်းတို့....၊ စင်စစ်သော်ကား မကောင်းသော ပြုမူလုပ်ကိုင်မှု၊ ပညာရှိတို့ ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ် စေမှု၊ ဤသို့ လုပ်ကိုင် ပြုမူခြင်းသည်ကား၊ မကောင်း သော အပြုအမူသာ ဖြစ်ချေပါတကားဟူ၍ သင်တို့ကိုယ်တိုင် သဘော ပေါက် သိနားလည်သည်တို့ကို၊ ပယ်စွန့်အပ်၊ ရှောင်ကြဉ်အပ် သည်သာတည်း"

"ကာလာမ မင်းအပေါင်းတို့....၊ ငါ ဆိုပေဦးအံ့"

## တပ်မက်မှုသည် – ချမ်းသာသလော

"**တပ်မက်ခြင်း – လောဘတရား** သင်တို့ကိုယ်၌ ဖြစ်ပေါ် သည့်အခါ၊ စိတ်နှလုံးငြိမ်းအေးချမ်းမြေ့ခြင်း ရှိပါသလော...."

"မရှိပါ - ဘုရား"

"မှန်ပေသည် - ကာလာမမင်း အပေါင်းတို့....၊ တပ်မက်ခြင်း လောဘစိတ် ဖြစ်ပေါ်သည့်အခါ၊ ပထမဦးစွာ လိုချင်တပ်မက်မှု အာရုံအတွက်၊ စိတ်ပင်ပန်းခြင်း ဖြစ်ရ၏။ နောက် - သူတပါး

တို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက် လုယက်၍ပင်ဖြစ်စေ ရသည့်နည်းဖြင့် ယူမိတတ်၏။ သူတပါး အသက်ကိုလည်း ထိုလောဘစိတ်ကြောင့်ပင် သတ်မိတတ်၏”

“သူတပါး သားမယားကို လည်း ပြစ်မှားမိတတ်၏။ မဟုတ်မမှန်သော စကားကို လည်း ပြောဆိုမိတတ်၏။ မိမိတဦးတည်းသာ ဤကဲ့သို့ ပြုမူသည် မဟုတ်သေး။ သူတပါးတို့ကိုပင် တိုက်တွန်း စေခိုင်းတတ်ပြန်သေး၏”

“သို့လျှင် - တပ်မက်မှုဟူသော လောဘစိတ် အစွမ်းကြောင့် သူတပါး ပစ္စည်းကို ရသည့်နည်းဖြင့် ယူတတ်ခြင်း၊ သူတပါးတို့၏ အသက်ကို သတ်ဖြတ်ဖျက်ဆီးမိတတ်ခြင်း စသော အပြုတို့သည် စင်စစ် - ကောင်း စွာ သော အပြု အမူများ ဖြစ်ပါသလော”

“မကောင်းပါ - ဘုရား”

## အမျက်ဒေါသ၏ မကောင်းကျိုး

“မှန်ပေသည် - ကာလာမ မင်း အပေါင်းတို့...၊ လောဘစိတ် ပြီးသည့်နောက် - **ဒေါသစိတ်**သည်လည်း - တို့ အ ဟူ သော ဖြစ်ပေ၏။ အကြင်သူ တဦးသည် **ဒေါသအမျက်** တွက်သည့်အခါ ပြုသင့် - မပြုသင့်ဟူသော တွေးတောဆင်ခြင်မှု မရှိနိုင်၊ ဒေါသအမျက် အားလျော်စွာသာလျှင်၊ မိမိ ပြုလုပ်ချင်ရာတို့ကို ပြုမှားမိတတ်၏”

“သူတပါးကို သတ်ဖို့လည်း ဝန်မလေး၊ သူတပါး ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို ဖျက်ဆီးပစ်ရန်လည်း ဝန်မလေး၊

ပန်းမြင့်ထွန်း

သူတပါး - သားမယားကို သွားလာပြစ်မှားဘို့လည်း ဝန်မလေး အမှား ပေါင်း များစွာတို့ကို ဒေါသစိတ် အား လျော်စွာ ပင် ပြုမိ လုပ်မိသွားတတ်ချေ၏”

“ဤသို့လျှင် မိမိ ကိုယ်တိုင်တွင်လည်း မကောင်း၊ သူတပါး ကိုလည်း ဆင်းရဲ ပင်ပန်းစေတတ်သည့် အပြုအမူသည် စင်စစ် ကောင်းမြတ်ပါသလော....၊ ကာလာမမင်း အပေါင်းတို့”

“မှန်ပါ....၊ မည်သို့မျှ မကောင်းပါဘုရား”

## မေ့လျော့မှု၏ မကောင်းကျိုး

“မှန်ပေသည် ကာလာမမင်း အပေါင်းတို့၊ **မောဟ**ဟူသော **တွေဝေပိတ်ဖုံးမှု**သည်လည်း ထို့အတူပင် ဖြစ်ချေ၏။ လောဘစိတ် ဒေါသစိတ်များ ကဲ့သို့ပင် မကောင်းသော အကျိုးသက်ရောက်မှု ကိုသာ - ဖြစ်မြောက် ပေးစွမ်း၏”

“အကြင်သူသည် မောဟစိတ်ဟူသော တွေဝေမေ့လျော့မှု ဖြစ် နေ သည့် အ ခါ၊ မည် သည့် ကိ စ္စကိုမျှ ကောင်းဆိုးမှားမှန် ဝေဖန်ပိုင်းခြားမှု မ ပြု စွမ်း နိုင်၊ လုပ်သင့် လုပ်ထိုက်သည်တို့ကို မလုပ်မိသလိုပင်၊ မလုပ်သင့် မလုပ်ထိုက်သည်တို့ကိုလည်း၊ မှားမှား ယွင်းယွင်း ပြုမိတတ်သည်သာတည်း”

“အဘယ်သို့ပါနည်း - ကာ လာ မ မင်း တို့....၊ ထို သို့ လျှင် ပြုသင့်သည်ကို မပြု၊ မပြုသင့်သည်ကို ပြုမှားမိခြင်း စသည်တို့ သည်၊ ကော င်း ကျိုး စီး ပွား - ဖြစ် ထွန်း နိုင် ပါ အံ့ လော၊ ကောင်းသော အကျင့်အကြံ ဟူ၍လည်း ဆိုနိုင်ပါအံ့လော”

စန်းမြင့်ထွန်း

" မဆိုနိုင်ပါ-ဘုရား "

" ပညာရှိများ နှစ်သက်ချီးမွမ်းဖွယ်လည်း ဖြစ်နိုင်ပါအံ့လော "

" မဖြစ်နိုင်ပါဘုရား "

" ကောင်းပြီ - ကာလာမမင်းတို့၊ ငါ ထပ် ဆင့် မေး ဦး အံ့၊ တွေဝေမှု မောဟစိတ်ကြောင့်၊ဤကဲ့သို့ အမှားမှားအယွင်းယွင်းများ ဖြစ်ရသည့်အခါ၊အသင်တို့စိတ်၌ အေးငြိမ်းချမ်းသာမှုကော ဖြစ်ပေါ်ခံစားရပါသလော "

" မှန်ပါ....၊မည်သည့်ကိစ္စဖြစ်စေ၊ မပြုသင့်သည်ကို ပြုမိခြင်းဟူသည် စိတ်မချမ်းမြေ့နိုင်ပါဘုရား "

" ကောင်းလှပြီ- ကာလာမမင်း အပေါင်းတို့..၊ ထို့ကြောင့် ပင်လျှင် အသင်တို့သည် အယူဝါဒ – အကျင့်အကြံ တခုကို ဝေဖန်သုံးသပ်ရာ၌၊ သို့မဟုတ် စင်စစ် ကောင်းမြတ်စွာသော တရားသဘောကို ရှာဖွေစူးစမ်းရာ၌—

> " တဆင့်စကား ပြော သံ ကြား မျှ ဖြင့်လည်း၊ ဟုတ်ပြီ မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."
>
> "အစဉ်အဆက် ပြောဆို ကြားနာခဲ့ရသော စကား ဖြစ်၍လည်း၊ ဟုတ်ပြီ မှန်ပြီဟု မယူဆကြကုန်လင့်ဦး.... "
>
> " ဤသို့ ဖြစ် ခဲ့ ဘူး သည်၊ ဤ သို့ ဖြစ် ခဲ့ ဘူး သ တတ် ဟူ၍လည်း၊ဟုတ်ပြီ-မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."
>
> " ပိဋကတ်စာပေနှင့် ညီညွတ်သည် ဟူ၍လည်း ဟုတ်ပြီ မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."

စန်းမြင့်ထွန်း

"မိမိတို့ သဘောအားလျော်စွာ၊ ကြံစည်တွေးတော၍ ရသည်ဖြင့်လည်း၊ဟုတ်ပြီမှန်ပြီဟုမယူဆကြကုန်လင့်ဦး"

"သူတပါးထံမှ နည်းမှီးယူခြင်း မျှဖြင့်လည်း ဟုတ်ပြီ-မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."

"အကြောင်းခြင်းရာကို တွေးတော ကြံစည်ခြင်း သဘောမျှဖြင့်လည်း၊ ဟုတ်ပြီ-မှန်ပြီဟု မယူဆကြကုန် လင့်ဦး...."

"မိမိ တွေးတောကြံစည် နှစ်သက် သဘောကျသည်နှင့် တူညီနေသဖြင့်လည်း၊ ဟုတ် ပြီ မှန် ပြီဟု မ ယူ ဆကြ ကုန်လင့်ဦး...."

"မှတ်ယူ ထိုက်သော သဘောမျှဖြင့်လည်း၊ ဟုတ်ပြီ-မှန်ပြီဟု မယူဆကြကုန်လင့်ဦး...."

"ငါတို့ လေးစားအပ်သော လေးစားနေသော ရဟန်း ပုဂ္ဂိုလ်၏ စကားဖြစ်သည် ဟူ၍လည်း၊ ဟုတ်ပြီ-မှန်ပြီ မယူဆကြကုန်လင့်ဦး...."

## ကိုယ်ရော - သူပါ - ချမ်းသာစေမှု

"စင်စစ်သော်ကား၊ အကြင်အမှုကိစ္စ-အယူဝါဒ တခုသည်၊ မိမိကိုယ်တိုင်တွင်လည်း ကိုယ်၏ ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း ဖြစ်ရ၏။ တပါးသူတို့ကိုလည်း ကိုယ်ရော စိတ်ပါ ချမ်းသာစေ၏။ ငြိမ်းအေးချမ်းမြေ့ဖွယ် ဖြစ်စေ၏"

နေမြင့်ထွန်း

" ထိုကဲ့သို့ အပြစ်မရှိ ကောင်းစွာသော အကျိုးတရားကို ပေးစွမ်း ဖြစ်မြောက် စေ နိုင် ခြင်း သည် သာ လျှင်၊ မှန် သော အယူဝါဒ - ပြုသင့်ပြုထိုက်သော အမှုကိစ္စ ဖြစ်သည်သာတည်း "

" အသင် - ကာလာမမင်း အပေါင်းတို့—

" သူတပါး၏ ပစ္စည်းဥစ္စာကိုပင်ဖြစ်စေ၊ စည်းစိမ်ချမ်းသာကိုပင်ဖြစ်စေ၊ မိမိကိုယ်တိုင်၏ - လိုအပ်သည်ထက် ပိုလွန်သော စည်းစိမ် ဥစ္စာကိုပင်ဖြစ်စေ၊ တပ်မက်ခြင်း လိုချင်တောင့်တခြင်း မရှိသည့်အခါ၊ အသင်တို့၏ စိတ်သန္တာန်၌ အဘယ်သို့ ထိတွေ့ ခံစားရသနည်း။ ငြိမ်းချမ်းခြင်းပင် ဖြစ်ရလေသလော၊ ပင်ပန်း ဆင်းရဲခြင်းပင် ဖြစ်ရလေသလော "

" မှန်ပါ....၊ လိုချင်တပ်မက်ခြင်း ကင်းသည့်အခါ၊ စိတ်နှလုံး အေးငြိမ်း ချမ်းမြေ့ရပါသည်ဘုရား "

" မှန်ပေသည် အသင်တို့....၊ လိုချင်တပ်မက်ခြင်း မရှိခဲ့လျှင်၊ မိမိတို့ကိုယ်တိုင်၌ပင်လျှင် လောလောဆယ် - ငြိမ်းအေးချမ်းမြေ့မှု ဖြစ်ရ၏။ ထို့ပြင် သူတပါးတို့၏ ပစ္စည်းဥစ္စာကိုလည်း မတပ်မက်၊ သူ့ အသက်ကိုလည်း မသတ်ဖြတ်ရ၊ သူ့ သားမယားကိုလည်း မပြစ်မှားရ၊ မ ဟု တ် မ မှန် ကောက်ကျစ်စဉ်းလဲသော စကား ကိုလည်း မပြောဆိုရတော့သည်သာတည်း "

" ထို့နောက် အမျက်မထွက်ခြင်း၊ အမျက်ဒေါသ မရှိခြင်း သည်လည်း ထို့အတူသာ ဖြစ်ပေ၏။ အကြင်သူသည် အမျက် ဒေါသမဖြစ်ရသည့်အခါ၊ မိမိ ကိုယ်တိုင်မှာလည်း စိတ် နှ လုံး အေးငြိမ်း ချမ်းမြေ့ခြင်း ဖြစ်ရ၏။ မိမိနှင့် ပတ်သက်သမျှသော

တပါးသူတို့သည်လည်း၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးချမ်းမြေ့ခြင်း ဖြစ်ရ၏။

"ဤသို့ မိမိကိုယ်တိုင်လည်း ချမ်းသာ၊ သူတပါးကိုလည်း ချမ်းသာစေသောကြောင့်ပင်၊ ကောင်းစွာသော အကျိုးစီးပွား တို့ကိုလည်း၊ ဖြစ်ထွန်းရရှိစေအပ်သည်သာတည်း"

"အသင် ကာလာမ မင်း အပေါင်းတို့....

"တွေဝေမေ့လျော့ခြင်း ကင်းကာ၊ အရာရာကို သတိဖြင့် ဆင်ခြင်ပြုလုပ်နိုင်ခြင်းသည်လည်း၊ ကောင်းစွာသော အပြုအမူ အယူဝါဒသာ ဖြစ်ဘိ၏။ အကြင်သူသည် သတိမေ့လျော့မှု မရှိဘဲ ဆင်ခြင်စဉ်းစားတတ်သော စိတ်ဖြင့် ကျင့်ကြံပြုမူသည့်အခါ မိမိ ကိုယ်တိုင်လည်း စိတ်ချမ်းသာ၊ သူတပါးတို့၌လည်း ငြိမ်းအေး ချမ်းသာ ဖြစ်ကြရ၏"

"အဘယ့်ကြောင့် ဤသို့ ဖြစ်ရပေသနည်း၊ ဤကောင်းကျိုး တရားတို့ကို ရရှိခံစားရပေသနည်း"

"ကာလာမမင်း အပေါင်းတို့...၊ သိလွယ်ဆုံးအားဖြင့်ကား အကြင်သူသည် တွေဝေ မေ့လျော့မှု ကင်းသည့်အခါ၊ သတိ တရား ရှိနေသည့်အခါ၊ လူ အား လုံး တို့ အ ပေါ်၌ပင် အာရုံ စူးစိုက်နိုင်စွမ်းရှိ၏။ သတိဖြင့် သုံးသပ်လေ့လာနိုင်ခဲ့၏။ ယင်းသို့ သုံးသပ် လေ့လာနိုင်သောကြောင့်ပင်၊ ကောင်းစွာ နေရပါစေ၊ ကောင်းစွာ စားရပါစေ၊ ကောင်းစွာ ဝတ်ဆင်ရပါစေဟူသော **မေတ္တာစိတ်**ဖြစ်ပေါ်လာရ၏။ ဖြစ်ပေါ်နိုင်စွမ်း၏"

" ထို **မေတ္တာစိတ်** ဖြစ်ပေါ်လာအပ်ခြင်းကြောင့်ပင် –

" လူ အစရှိသော သတ္တဝါအားလုံးတို့ အပေါ်၌ချစ်ခင်နှစ်လိုခြင်းဟူသော **မေတ္တာသဘော** –

" သနားချစ်ကြင် ငဲ့ ညှာ ထောက် ထား ခြင်း ဟူ သော **ကရုဏာသဘော** –

" ချမ်းသာ ကောင်းမွန်စွာ နေရသည်ကို မြင်ရသည်ကို၊ ဝမ်းမြောက်အားရခြင်းဟူသော **မုဒိတာသဘော** –

" ချစ်သည်လည်း မဟုတ်၊ မုန်း သည် လည်း မဆိုသာ၊ အား ပေး သည် လည်း မဟုတ်၊ ဖျက် ဆီး သည် လည်း မဆိုနိုင်သော **ဥပေက္ခာသဘော** –

" ဤ ကောင်းမြတ်သော တ ရား လေး ပါး တို့ သည်လည်း ဆက် လက် ဖြစ် ပေါ် လာ ရ ပြန် ၏။ ထို မျှ မ က နောက်ထပ် ကောင်းကျိုးတရားလေးပါးတို့၊ ထပ်ဆင့်ဖြစ်ပေါ်လာရပြန်၏။ ထို လေးပါးတို့ကား အဘယ်သို့ ဖြစ်ပေသနည်း "

## မျက်မှောက်ဘဝ ချမ်းသာလေးပါး

" အသင်ကာလာမမင်း အပေါင်းတို့....

" ငါ ဆိုခဲ့ပြီးသည့်အတိုင်း မေတ္တာစိတ်နှင့် ယှဉ်ဧပ်နေသော ပုဂ္ဂိုလ်သည် ယခုဘဝ၌ပင်လျှင်၊ထောက်ရှုတည့်ရာ ကောင်းကျိုး ချမ်းသာ လေးပါးတို့ကို တွေ့ကြုံခံစားရ၏ "

" ထို လေးပါးတို့သည်ကား –

" တမလွန်လောကသည် အကယ်၍ရှိအံ့၊ ကု သို လ် ကံ အကုသိုလ်ကံ တို့၏ အကျိုးရင်း အ ကျိုး ဆက် သည်

သန်းမြင့်ထွန်း

အကယ်၍ ရှိအံ့၊ ထိုသို့ ရှိခဲ့သော် ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ ဖြစ်သော **နတ်ပြည်သို့ ရောက်ရလိမ့်မည်** ဟူသော ပဌမဆုံး ထောက်ရာ တည်ရာ တချက်–

"တမလွန်လောကသည် အကယ်၍မရှိအံ့၊ ကောင်းသော ကုသိုလ်ကံ - မကောင်းသော အကုသိုလ်ကံတို့၏ အကျိုးရင်း အကျိုးဆက်သည် အကယ်၍မရှိအံ့၊ ထိုသို့ မရှိခဲ့သော် ငါသည် မျက်မှောက်ဘဝ၌ပင်၊ ရန်မရှိသော ကြောင့်ကြမရှိသော၊ ဆင်းရဲမရှိသော **ချမ်းသာခြင်း ရှိသော မိမိကိုယ်ကို ဆောင်ရပေ၏** ဟူသော၊ ဒုတိယ ထောက်ရာ တည်ရာ တချက်–

"မကောင်းမှုကို ပြုခဲ့လျှင် ပြုသည်မည်အံ့၊ ငါသည် တစုံတခုသော မကောင်းမှုကို မပြုခဲ့၊ ထိုသို့ မကောင်းမှုကို မပြုခဲ့သောငါ့အား၊ **အကုသိုလ်ကံဘည် အဘယ်မှာ ဆင်းရဲကို တွေ့ထိစေနိုင်ပါအံ့နည်း** ဟူသော၊ တတိယ ထောက်ရာတည်ရာတချက် –

"မကောင်းမှုပြုသော်လည်းပြုသည်မမည်အံ့၊ထိုသို့ပြုသည် မမည်သော်၊ ငါသည် (မကောင်းမှုကို မပြုခြင်း ပြုသည်မမည်ခြင်း ဟူသော) နှစ်ပါးစုံဖြင့်သာလျှင် **စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်ရပေ၏** ဟူသော စတုတ္ထ ထောက်ရာတည်ရာ တချက်၊ ဤလေးပါးသော ထောက်ရာတည်ရာ ချမ်းသာလေးမျိုးကို ရရှိခံစားနိုင် သည်သာတည်း"

နေမြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရားက ဤသို့လျှင် ကောင်း မြတ် စွာ သော အယူဝါဒ - ပြုမူ ကျင့် သုံး မှု နှင့် ပတ်သက်၍ ကြောင်းကျိုး လျော်ကန်စွာ ဟောကြားဆုံးမတော်မူအပ်သောအခါ ကာလာမ မင်း အပေါင်းတို့သည် နှစ်ထောင်းအားရ လိုက်လှဲဝမ်းမြောက် ခြင်းဖြင့် သာလျှင် မြတ်စွာဘုရားကို ဤသို့ ပြန်လည်လျှောက် ထားကြကုန်၏။

"အရှင်မြတ်စွာဘုရား....၊ ပူဇော်အထူးကို ခံတော်မူ ထိုက်သော အရှင်မြတ်စွာဘုရား၏ တ ရား တော် သည် **အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်း**နှင့် ပြည့်စုံပေသည်ဟူသော အကျွန်ုပ်တို့ ကြိုတင် ကြားသိထားခဲ့ပြီး သတင်းစကား အတိုင်းပင် ယခုအခါ အရှင်ဘုရား၏ တရားတော်သည်၊ အကျွန်ုပ် တို့၏ ယုံမှားသံသယများကို တစမကျန် ပယ်ဖျောက် အပ်ပါပြီ။

"အရှင်မြတ်စွာဘုရားနှင့် မတွေ့ရသေးမီ ရှေးယခင်က၊ ရဟန်း ပုဏ္ဏား အသီးသီးတို့၏ အယူဝါဒ အမျိုးမျိုး ကြောင့်၊ သို့လော- သို့လော တွေးတောယုံမှားဖြစ်ရခြင်း ကင်းပျောက်ရသည်မျှ မဟုတ်သေး၊ မျက်မှောက်ဘဝ ထောက် ရာ တ ည်ရာ ချမ်း သာ လေး ပါး ကို လည်း ကောင်းစွာသိအပ်ပါပြီ။

"အရဟံအစ - ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား....၊ အရှင်မြတ်စွာ ဘုရား၏ တရားတော်သည်၊ အလွန်နှစ်သက်ဖွယ်လည်း

ရှိပါပေသည်။အလွန်မြတ်နိုးဖွယ်လည်း ဖြစ်ပါပေသည်။
"အကျွန်ုပ်တို့သည် ယနေ့မှ အစပြု၍ - အရှင်မြတ်စွာ ဘုရားကိုရင်း၊ တရားတော်ကိုရင်း၊ သံဃာတော်ကိုရင်း၊ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ် အပ်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား...."

## ကာလာမ - သုတ်

ဤကေသမုတ္တိသုတ်ကို 'ကာလာမ - သုတ်'ဟု အသိများကြသည်။ ကာလာမ မင်းတို့အား ဟောကြားဆုံးမတော်မူအပ်သည်ကို အစွဲပြု၍၊ ကာလာမသုတ်ဟု အများအား ခေါ်တွင်ခဲ့ကြဟန် ရှိသည်။

ဤသုတ်တော်အရ၊ မြတ်စွာဘုရားဆိုဆုံးမတော်မူအပ်သည်မှာ အသိပညာသဘောကို ရှေ့ရှုဦးတည်ထားသည် ဆိုနိုင်ပေသည်။ ကာလာမမင်းတို့ အသိလွယ်စေရန်အတွက်၊ ကျင့်ကြံအားထုတ်နည်း ( စည်းကမ်းနည်းလမ်း ) သဘောသက်၊ သိမှတ်ဆင်ခြင်နိုင်မှုသဘောကို ခြုံလွှမ်းထားသောကြောင့် ဖြစ်သည်။

ကြောင်းကျိုး ဆင်ခြင်တုံတရားနှင့်ဘက္ခ၊ သိမြင် နားလည် လွယ်သူများ အဖို့တွင်ကား၊ ဤသို့သော လိုအပ်ရင်း ဟောကြားမှုသည်ပင်လျှင်၊ ကောင်းကျိုးတရား ဖြစ်မြောက်စေနိုင်စွမ်း ရှိပေသည်။

ဤသဘောကို မှီ၍၊ အရာရာတွင် - ကောင်းကျိုးဆိုးပြစ် အမှားအမှန်ကို ဝေဖန်သုံးသပ်ခဲ့လျှင်၊ နှစ်လိုမြတ်နိုးဖွယ် အယူဝါဒ - ကျင့်ကြံပြုမူမှုများကို တွေ့သိနိုင်ပေလိမ့်မည်။

စန်းမြင့်ထွန်း

စင်စစ်အားဖြင့်ကား၊ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားဆုံးမတော်မူခဲ့သည်များမှာ၊ သံသရာမှ ထွက်မြောက်ကြောင်း သက်သက်မျှမဟုတ်၊ လောကနှင့် စပ်လျဉ်း၍ သိမှတ်လိုက်နာသင့်သည်များကိုလည်း၊ အကြောင်းအားလျော်စွာ ဟောကြားဆုံးမတော်မူခဲ့သည်သာ ဖြစ်သည်။

**အနာထပိဏ်သူဌေးအား** ညွှန်ကြားဆုံးမတော်မူခြင်းဆိုလျှင်၊ **ဗုဒ္ဓ၏ လောကအမြင်**’ ဟုပင် တင်စားခေါ်ဆိုချင်ဖွယ် ဖြစ်သည်။ ပုထုဇဉ် လူသားတဦး အဖြစ်ဖြင့်၊ အသက်ရှင် ရပ်တည်နေရသည့်အခါ၊ လောကအလျောက်လည်း ငြိမ်းချမ်းလေအောင်၊ တမလွန် ဘဝတွင်လည်း - ကောင်းကျိုးချမ်းသာဖြစ်ထွန်းရလေအောင်၊ လျော်ကန်လျောက်ပတ်စွာ ဆုံးမညွှန်ကြားထားခြင်းကြောင့် ဖြစ်ပေသည်။

စန်းမြင့်ထွန်း

# အပြစ်မရှိသော ချမ်းသာလေးပါး

## ( အာနဏျသုတ် )

ဗုဒ္ဓမြတ်စွာဘုရားသည်၊ အခါတပါး၌ အနာထပိဏ်သူဌေးအား လောကနှင့်ပတ်သက်၍ ဤသို့ ဆိုဆုံးမတော်မူခဲ့၏။

"ဒါယကာ....၊ လောကအလျောက် - သားမယား ခြွေရံသင်းပင်းနှင့် တကွသော လူသားတို့တွင်၊ တရားသဖြင့်ဖြစ်အပ်သော ချမ်းသာလေးမျိုးရှိ၏။ ထိုချမ်းသာလေးမျိုးသည်ကား၊ အပြစ်ကင်းစင်သည်နှင့်အမျှ စင်စစ် ပြုသင့်ပြုအပ် ရရှိခံစားအပ်သော ချမ်းသာတို့ပေတည်း။

"ထို ချမ်းသာလေးမျိုးတို့ သည်ကား –

၁။ ရှိမှု ချမ်းသာ
၂။ သုံးဆောင်မှု ချမ်းသာ
၃။ ကြွေးမြီမရှိမှု ချမ်းသာ
၄။ အပြစ်မရှိမှု ချမ်းသာ-ဟူသော ချမ်းသာလေးမျိုး တို့ပေတည်း"

စန်းမြင့်ထွန်း

## (၁) ရှိမှုချမ်းသာ

"ဒါယကာ....၊ ရှိမှုချမ်းသာ ဟူသည်၊ အဘယ်နည်း။ ဤလောက၌ အကြင်အမျိုးကောင်းသားသည်၊ ယက်ရှုံးအားကိုး အပင်ပန်းခံ၍ဖြစ်စေ၊ ကုန်သွယ်-လယ်လုပ်၍ဖြစ်စေ၊ အတတ်ပညာအားဖြင့်ဖြစ်စေ၊ တရားသဖြင့် ဖြစ်သော ပစ္စည်းဥစ္စာကို ရအပ်၏။

"ထိုအခါ ဤပစ္စည်းဥစ္စာတို့သည် ကား ငါ၏ လုံ့လစွမ်းအားလျှော်စွာ တရားသဖြင့် ရရှိလာအပ်သော ပစ္စည်းဥစ္စာတို့ဖြစ်ပေသည်တကား ဟူ၍ တွေးတော ဝမ်းမြောက်ချခြင်းသည် ရှိမှုကြောင့် ဖြစ်မြောက်လာရသော ချမ်းသာခြင်းပင် ဖြစ်ပေသည်။

## (၂) သုံးဆောင်မှု-ချမ်းသာ

"သုံးဆောင်မှု-ချမ်းသာဆိုသည်မှာကား ဤသို့ဖြစ်ပေသည်။

"အကြင်အမျိုးကောင်းသားသည်၊ တရားသဖြင့်ရအပ်သော ပစ္စည်းဥစ္စာတို့ဖြင့်၊ မိမိကိုယ်တိုင်လည်း သုံးဆောင်စားသောက်ရခြင်း၊ သား မယား ကျေးကျွန်စသည်တို့ကိုလည်း ကျွေးမွေးထောက်ပံ့ရခြင်း၊ ထို့နောက်-လှူဒါန်းပေးကမ်းမှု ဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုရခြင်း၊ ဤသို့သော အမှုတို့ကို ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ချခြင်းသည်ကား၊ သုံးဆောင်မှု-ချမ်းသာပင် ဖြစ်ပေသည်။

## (၃) ကြေးမြီမရှိမှု - ချမ်းသာ

"ဒါယကာ ...၊ ကြေးမြီမရှိမှုချမ်းသာ - ဆိုသည်မှာ လည်း ဤသို့ဖြစ်ပေသည်။

"အကြင်အမျိုးကောင်းသားသည်၊ လုံ့လဝီရိယရှိခြင်း ကြောင့်ရင်း၊ တရားသဖြင့် ရရှိအပ်သည့် ပစ္စည်းဥစ္စာကို - စည်းကမ်းတကျ သုံးစွဲတတ်ခြင်း ကြောင့်ရင်း၊ ကြေးမြီ တစုံတရာ မဟင်၊ သူတပါးထံမှ - မချေးမငှား ရသောအခါ၊ ငါ့အား - မည်သူ့ကြေးမြီမျှမရှိ၊ သူတပါးတို့ကို ပေးဆပ်ရန်အတွက်- ပူပန်ကြောင့်ကြ မဖြစ်ရပေဟု၊ တွေးတော ဝမ်းမြောက်ရခြင်းသည်၊ ကြေးမြီမရှိမှုအတွက် ဖြစ်ပေါ်လာအပ်သော ချမ်းသာခြင်းပင် ဖြစ်ပေသည်။

## (၄) အပြစ်မရှိမှု - ချမ်းသာ

"အပြစ်မရှိမှု - ချမ်းသာ ဆိုသည်မှာကား - ဤ သို့ ဖြစ် ပေ သည်။

"ဤလောက၌ အကြင်အမျိုးကောင်းသားသည်၊ **ကာယကံ ဝစီကံ - မနောကံ** ဟူသော ကံသုံးပါးတို့ကို၊ တရားနှင့်အညီ - ထိန်းသိမ်း၏။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု၊ စိတ်ဖြင့် ပြုအပ်သောမကောင်းမှုတို့ကို၊ လုံးဝမပြုလုပ်ပဲ - ရှောင်ကြဉ်ပယ်စွန့်အပ်၏။

"ထိုကဲ့သို့ - မကောင်းသော အပြုအမူတို့ကို - ရှောင် ကြဉ် ထိန်းသိမ်းကာ၊ တရားနှင့်အညီ - ကောင်းစွာနေရခြင်းသည်ကား အပြစ်မရှိသော ချမ်းသာခြင်းပင် ဖြစ်ပေသတည်း။

စန်းမြင့်ထွန်း

“ဒါယကာ....ပညာနှင့်ပြည့်စုံသော အကြင်အမျိုးကောင်း သားသည်ကား၊ ယခု - ဆိုခဲ့ပြီး ရှိမှုချမ်းသာ၊ သုံးဆောင်မှု ချမ်းသာ၊ ကြွေးမြီမရှိမှုချမ်းသာ၊ အပြစ်မရှိမှုချမ်းသာဟူသော ချမ်းသာလေးပါးကို တွေ့ကြုံခံစားနေရင်းမှပင်၊ အရာရာကို ပညာဖြင့် ဝေဖန်သုံးသပ်ကာ ကောင်းကျိုးချမ်းသာကို တိုးပွား စေအပ်သည်သာတည်း”

ဤကား လူ့ဘဝတွင် လူသားတဦး အဖြစ်ဖြင့် နှစ်သက် လိုလားဖွယ် ချမ်းသာခြင်းကို၊ အကြောင်းအားလျော်စွာ ညွှန်ပြတော်မူခြင်း ဖြစ်လေသည်။ ထိုထို ချမ်းသာမှုကို ရစေနိုင်ကြောင်း ကောင်းမြတ်စွာသော နည်းလမ်းမှာကား ဤသို့ ဖြစ်ပေသည်။

## မြင့်မြတ်ချမ်းသာ - ဖြစ်စေရာ
## (ဝေလာမ - သုတ်)

အခါတပါး၌ ဗုဒ္ဓမြတ်စွာဘုရားသည် အနာထပိဏ် သူဌေးကြီး၏ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးစံနေတော်မူ၏။ အနာထပိဏ် သူဌေးကြီးသည်လည်း မြတ်စွာဘုရားကို ဆည်းကပ်ရှိခိုးကာ၊ တနေရာတွင် ထိုင်နေ၏။

မြတ်စွာဘုရားက သူဌေးကြီးအား မေးတော်မူ၏။

“သူကြွယ်....၊ သင်၏ အိမ်၌ အလှူ ပေးလှူခြင်း ပြုပါ၏လော”

“မှန်ပါ.... ပေးလှူပါသည် ဘုရား၊ သို့သော် တပည့်တော် ပေးလှူသည်မှာ ဆန်ကွဲ (ဇာကွဲ) ထမင်း အလှူမျှသာဖြစ်ပါသည်”

စန်းမြင့်ထွန်း

"အချင်းသူကြွယ်....၊ ဆန်ကွဲထမင်းဖြစ်ခြင်းသည် အကြောင်းမဟုတ်၊ စေတနာနှင့် လှူဒါန်းမှု၊ ဤနှစ်ခုသည် သာလျှင် လိုအပ်ရင်း အခြေခံ ဖြစ်ပေသည်

"အချင်းသူကြွယ်..၊စွန့်ကြဲပေးကမ်း လှူဒါန်းဆက်ကပ်ခြင်း ဟူသော ဒါနမှု၌ အထူးသတိပြု လေးစား လိုက်နာရမည်ကား ဤသို့တည်း။

"အကြင်သူသည် လှူဒါန်းပေးကမ်းမှု ပြုရာ၌ –

"အဖိုးမတန် သာမန်မျှသော ဝတ္ထုပစ္စည်းကို လှူသည်ပင်ဖြစ်စေ၊ တန်ဘိုးမြင့်မား ထူးခြားမြင့်မြတ်စွာသော ဝတ္ထုပစ္စည်းကို လှူသည်ပင်ဖြစ်စေ –

၁။ အလှူခံပုဂ္ဂိုလ် (ပေးလှူခံရသူ)အား မရိုမသေ ပေးလှူခြင်းသည်လည်းကောင်း....

၂။ စိတ်စေတနာ သဒ္ဓါတရား မပါဝင်ဘဲ၊ ပေးလှူခြင်းသည်လည်းကောင်း....

၃။ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုမရှိ၊ မိမိလက်ဖြင့် ပေးလှူခြင်းမဟုတ်၊ သူတပါးအား စေခိုင်း၍ သာလျှင် အမှာအထား တဆင့်ခံသဘော အားဖြင့်သာလျှင် လွှင့်ပစ်သကဲ့သို့ ပေးလှူခြင်းသည်လည်းကောင်း....

၄။ သတ္တဝါမှန်သမျှတို့၌၊ ကံ - ကံ၏ အကျိုးတရား သာလျှင် စင်စစ် ရှိပေကုန်၏ဟူသော ယုံကြည်မှုဖြင့် မဟုတ်မူဘဲ၊ပေါ့ပေါ့တန်တန် အလေးမမူ ပေးလှူခြင်းသည်လည်းကောင်း....

ဤကဲ့သို့ ပေးလှူခြင်းသည် ဖြစ်လေရာဘဝတိုင်း၌၊ထိုအလှူ၏ အကျိုးတရား သက်ရောက်ဖြစ်ပြောက်စေရာ၌၊ ဤသို့ ဤသို့သော အခြေအနေ အခြင်းအရာများ ဖြစ်စေအပ်သည်သာတည်း။

"အ ချင်း သူ ကြွယ်....၊ ထို ထို အခြင်းအရာများ ဆိုသည် မှာကား ဤသို့ ဖြစ်ပေသည်။

"အကြွင်သူသည် လှူဒါန်းပေးကမ်းမှု၌ ယခု ငါ ဆိုခဲ့ပြီး သောအတိုင်း ပေးလှူအပ်လေသောအခါ—

၁။ ထိုအလှူ့ရှင်သည် ကောင်းမြတ်ရသာ ထူးခြား စွာ သော အ စာ အာ ဟာ ရ ကို သုံး ဆောင် စား သောက် ရန် စိတ် မ ညွတ်၊ သုံး ဆောင် စားသောက်ရကောင်းမှန်း မသိတတ်။

၂။ ဝတ်ကောင်းတန်ဆာ ထူးခြားစွာကို အသုံးပြု ဆင် မြန်း ရန် စိတ် မ ညွတ်၊ ဝတ် ဆင် သုံး စွဲ ရကောင်းမှန်း မသိတတ်။

၃။ ဆန်းကြွယ်ထူးခြား ခမ်းနား တင့်တယ်လှစွာ သော ယာဉ်ရထား စသည်တို့ကိုလည်း၊ စီးနင်း သုံး စွဲ ရန် စိတ်မညွတ်၊ နှစ် သက် မြတ် နိုး ရ ကောင်းမှန်း မသိတတ်။

"အချင်းသူကြွယ်....၊ ထိုအလှူ့ရှင်သည် အ ခြား အ ခြား သော ကာမဂုဏ်မှု သု ခ ချမ်း သာ မှန် သ မျှ တို့ တွင် လည်း၊ ထို့အတူပင် သုံးဆောင် ခံစားရကောင်းမှန်း မသိ၊ သုံးဆောင် ခံစားရန် အလိုမရှိ ဖြစ်ရချေသည်သာတည်း။

"ထိုသူ၏ သားမယား၊ ကျေးကျွန်၊ တပည့်တပန်းစသည်တို့သည်လည်း ထိုသူ့အား ရိုသေလေးစားခြင်း မရှိကြလေကုန်၊ ထိုသူ၏ အလိုဆန္ဒ၊ ထိုသူကြိုက်နှစ်သက်တတ်ရာကို အလိုက်သိစွာ စိတ်စေတနာ ထက်သန်စွာ ပြုလုပ်ဆောင်ရွက်ပေးမှု မရှိကြလေကုန်။

"ထိုသူ၏ စီမံခန့်ခွဲခြင်း၊ ပြောဆိုမှာထားခြင်း စသည်တို့၌လည်း အရိုအသေ နာခံလိုက်နာခြင်း မရှိကြလေကုန်"

## ကောင်းစွာ ပေးလှူရခြင်း အကျိုး

"အချင်းသူကြွယ်....၊ အကယ်တည့် ငါ ဆိုခဲ့ ပြီး အတိုင်း ကောင်းစွာသော ပေးလှူခြင်း ဖြစ်ပါမူကား၊ ထို ပေးလှူခြင်း၏ အကျိုးသက်ရောက်မှုသည်လည်း၊ မြင့်မြတ်ကောင်းမွန်စွာသော အခြေအနေ အခြင်းအရာတို့ကိုသာ ပေးစွမ်းဖြစ်မြောက်စေအပ်သည်သာတည်း။

## ဝေလာမ – ပုဏ္ဏား

"အချင်းသူကြွယ်....၊ ရှေးက, ဖြစ်ခဲ့ဘူးသည်ကား - ဤသို့တည်း။

**ဝေလာမ** ဟူသော ပုဏ္ဏားတဦးသည်၊ အမျိုးမျိုး အဖုံဖုံ ထူးခြားကြီးကျယ်လှစွာသော အလှူကြီးများ - ပေးလှူခဲ့ဘူး၏။ အဖိုးများစွာထိုက်တန်သော ရွှေခွက် - ငွေခွက်များအလှူ၊ အဖိုးများစွာ ထိုက်တန်သော ရတနာများဖြင့် တန်ဆာဆင်အပ်သည့် 'ဆင်'များအလှူ၊ အဖိုးများစွာထိုက်တန်သော ရွှေငွေရတနာ ခြသေ့်ရေ၊ ကျားရေ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ယာဉ်

ရထားများအလှူ၊ ကမ္ဗလာပုဆိုးအလှူ၊ အဖျော်ယမကာ၊ ယာဂု ခဲဘွယ် အစရှိသော စားသောက်ဖွယ်အလှူ၊ ဤသို့လျှင် တန်ဘိုး ပေါင်းများစွာ၊ အရေအတွက်ပေါင်း များစွာသော အလှူကြီး တို့ကို ပေးလှူခဲ့ဘူး၏။ ပူလုပ်အားထုတ်ခဲ့ဘူး၏။

"အချင်းသူကြွယ်....၊ ထိုထို အလှူကြီးများကို ပေးလှူခဲ့သော 'ဝေလာမပုဏ္ဏား' ဟူသည် မည်သူဟု - ထင်မှတ်ဘိသနည်း။

"အချင်းသူကြွယ်....၊ ထို ဝေလာမပုဏ္ဏားဟူသည် အခြားသူ မဟုတ်၊ ငါ ကိုယ်တိုင်ပင် ဖြစ်လေတော့သည်။ ယခုကဲ့သို့ ဘုရား အဖြစ်သို့ မရောက်ရသေးမီ၊ ရှေးသောအခါကာလ "ဝေလာမ ပုဏ္ဏား" ဟူ၍ ဖြစ် ခဲ့ ရ စဉ် ဝယ်၊ လှူ ဒါန်း ပေး ကမ်း ခဲ့သော အလှူကြီးများပင် ဖြစ်တော့သည်။

## မြတ်သောအလှူကို - ခံထိုက်သူ

"သူကြွယ်....၊ ငါသည် ထိုစဉ်အခါက ဝေလာမ ပုဏ္ဏား အဖြစ်ဖြင့် ဤရွေ့ဤမျှ ကြီးကျယ်များပြားစွာသော အလှူ တို့ကိုပင် ပူခဲ့သော်ငြားလည်း၊ ထို ငါ၏ မြတ်သောအလှူကို ခံယူထိုက်သူ၊ သို့မဟုတ် - အလှူနှင့် ထိုက်တန်စွာသော၊ မြတ်သော အလှူခံပုဂ္ဂိုလ် ဟူ၍ကား - မရှိခဲ့သည်သာတည်း။ ငါ့အလှူကို ထိုက်တန်သလောက် ချီးမြှောက်နိုင်သူ - မရှိခဲ့သည်သာတည်း။

"အချင်းသူကြွယ်....၊ ငါသည် ထိုထို အလှူကြီးများကို ပေး လှူခဲ့၏။ ပူလုပ်ခဲ့၏။ အကြင်သူ တဦးက, မူ၊ ဖြောင့်မှန်စွာသော အယူနှင့်ပြည့်စုံသူ **သောတာပန်** တဦးကို ကျွေးမွေး၏။ လှူဒါန်း

ပေးကပ်း၏။ ထိုအလှူသည် ဝေလာမပုဏ္ဏား၏ အလှူထက်၊စင်စစ် အကျိုးတရား ထူးကဲ ကြီးမြတ်သည်သာတည်း။

ထို့အတူပင်လျှင်၊သောတာပန် တရာကို ကျွေးမွေးပေးလှူရသည်ထက်၊ **သကဒါဂါမ်** ပုဂ္ဂိုလ်တဦးကို ကျွေးမွေး လှူဒါန်းရခြင်းက၊ ပို၍ ကဲ၍ အကျိုး ကြီးမြတ်သည်သာတည်း။

"သကဒါဂါမ် တရာကို ကျွေးမွေး ပေးလှူရသည်ထက်လည်း **အနာဂါမ်**တဦးကို ကျွေးမွေးပေးလှူ ရခြင်းက၊သာလွန်၍ အကျိုးတရား မြင့်မြတ်သည်သာတည်း။

"အနာဂါမ် တရာကို ကျွေးမွေး ပေးလှူ ရသည် ထက်၊ **ပစ္စေက - ဗုဒ္ဓါ** တပါးကို ကျွေးမွေး လှူဒါန်းရသည်က၊ပိုကဲပြီး မြင့်မြတ်သည်သာတည်း။

"ပစ္စေက - ဗုဒ္ဓါ တရာကို – ကျွေးမွေးလှူဒါန်းရသည်ထက်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို- ကိုယ်တိုင်မှန်စွာ သိတော်မူသော **မြတ်စွာဘုရား** ကို လှူဒါန်း ဆက်ကပ်ရခြင်းက၊ ဆတက်လွန်ကြူး ထူးမြတ်လှသည်သာ ဖြစ်ပေသတည်း။

## လှူဒါန်း ကျင့်ကြံရခြင်း အကျိုး

"အချင်းသူကြွယ်....၊ အကြင်သူသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်း သံဃာတို့ကို ဝတ္တုပစ္စည်းအမျိုးမျိုး လှူဒါန်း၏။ အကြင်သူ တဦးသည်ကား အရပ်လေးမျက်နှာ၌ ရှိကြကုန်သော ရဟန်း သံဃာတို့ကို ရည်စူး၍ ကျောင်းဆောက်ကာ လှူဒါန်း၏။

ငြိမ်းမြင့်ထွန်း

" အကြင်သူသည်ကား၊ ဘုရား - တရား - သံ ဃာ တို့ အား၊ ကိုးကွယ်အားထားရာ – သဒ္ဓါ ကြည်ညိုသော စိတ်ဖြင့် ပျပ်ဝပ် ရိုကျိုး ရှိခိုးဆည်းကပ်ခြင်း ပြု၏။

" အကြင်သူသည်ကား၊ သို့လျှင် ကြည်ညိုသော စိတ်ဖြင့်ပင်၊ သူ့အသက် သတ် ခြင်း မှ လည်း ရှောင် ကြဉ် ၏။ သူ့ဥစ္စာကို ခိုးယူခြင်းမှလည်း ရှောင်ကြဉ်၏။ ကာမဂုဏ်မှု၌ မှားယွင်းစွာ ကျင့်ခြင်းမှလည်း ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောဆိုခြင်းမှ လည်း ရှောင်ကြဉ်၏။ သေအရက် သောက်ခြင်းမှလည်း ရှောင် ကြဉ်၏။

" ထိုထို – ကျင့်သုံး ဆောက်တည်မှု (သီလ) တို့သည်လည်း ကောင်းမြတ်လှသည်သာတည်း။

" အချင်းသူကြွယ်....၊အကြင်သူသည် နို့သာတ ရှူခန့်မျှ (စက္ကန့် ပိုင်း - မိနစ်ပိုင်း) လောက်ပင် ဖြစ်စေ၊မေတ္တာစိတ်ကို ကျင့်သုံး၏။ ပွားများ၏။ အခြားသူ တဦးသည်ကား-လက်ဖျစ် တတွက်ခန့်မျှ အချိန်ကလေးပင် ဖြစ်စေ၊ အနိစ္စသညာ ( ရုပ် - နာမ်တို့၏ မမြဲ ခြင်းသဘော)ကို ပွားများ၏။ဆင်ခြင်သုံးသပ်၏။ ထိုသူ၏ ကျင့် ကြံ အားထုတ်မှုသည်ကား၊ မေတ္တာတရားကို ပွားများအားထုတ် သူထက် အကျိုးတရား ကြီးမြတ်လှ သည်သာတည်း...."

## ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

အ မှန် အား ဖြင့် ကား၊ ဗု ဒ္ဓ မြတ် စွ ာ ဘု ရား ၏ ဝ ါ ဒ (အသိအမြင်) မှာ၊ အ ဆုံး အ မ စည်း ကမ်း ဥပဒေဟူသော သာသနာတော်နှင့် တလျှောက်တည်းဆက်စပ် ယှဉ်တွဲလျက် ရှိနေ

ခဲ့လေသည်။ သာသနာတော်ဟူသော အဆုံးအမစည်းကမ်း ဥပဒေကို ရှိသေ လိုက်နာသောအားဖြင့်၊ **ဗုဒ္ဓဝါဒ**ဖြစ်သော အမှန်တရား အသိအမြင်ကို တဆင့်တက်လှမ်း နိုင်သလို၊ ထို အမှန်တရား အသိအမြင် ကြောင့် လည်း ဗုဒ္ဓ မြတ်စွာ ဘုရား ၏ အဆုံး အမ (**သာသနာတော်**) ကို၊ အလေးအနက် လက် ခံ လိုက် နာ ဖွယ်၊ ကျင့်သုံးဆောက်တည်ဖွယ် ဖြစ်လာရပေသည်။

ဤနေရာ၌ အထက်ဆိုခဲ့ပြီး ဝေလာမ သုတ်တော်နှင့် ၎င်း၊ ယခု ဆိုညွှန်းအပ်သည့် ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ နှင့် ၎င်း၊ အကြောင်း ဆက်စပ် တိုက်ဆိုင်မှုအရ၊ **ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ**၏ အခြေခံ အချုပ်သဘော တရပ်ကို ကြားညှပ် တင်ပြလိုပေသေးသည်။

> "အလုံးစုံသော အကုသိုလ် တရားတို့ကို မပြုခြင်း သည်လည်းကောင်း၊ ကုသိုလ် ဆယ်ပါး မြတ်တရားတို့ကို ကျင့်သုံး ဆောက်တည်ခြင်း၊ ပြည့်စုံ စေခြင်း သည်လည်း ကောင်း၊ မိမိ စိတ် ကို ကောင်း စွာ စောင့် ထိန်း ကာ ဖြူစင်စွာ ထား အပ် ခြင်း (ဖြစ် စေ ခြင်း) သည် လည်း ကောင်း၊ ဗုဒ္ဓမြတ်စွာဘုရားတို့၏ အစဉ်အလာဖြစ်သော အဆုံးအမ (သာသနာ) တော်ပေတည်း...."

## လောကကြောင်း - ဓမ္မကြောင်း

ဤမျှဆိုလျှင် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် များမှာ၊ လောကကြောင်းနှင့် ပတ်သက်၍ပင် ဖြစ်စေ၊ ဓမ္မကြောင်း

စန်းမြင့်ထွန်း

(လောကုတ္တရာ) နှင့် ပတ်သက်၍ပင် ဖြစ်စေ၊ မည်သို့မည်ပုံထူးခြား မြင့်မြတ်လှကြောင်း၊ ကောင်းစွာ သိနိုင်ပေပြီ။

ဟောကြား ညွှန်ပြတော်မူရာ၌လည်း၊ တရားဟောခံရသူ၏ အခြေအနေ အဆင့်အတန်း (စိတ်သဘာဝ - ပါရမီ အနုအရင့် စသည်) အားလျော်စွာ၊ ထိုက်သလို - တန်သလို ဟောပြော ညွှန်ပြတော်မူလေ့ ရှိကြောင်း၊ တင်ပြခဲ့ပြီး သုတ်တော်များအရ၊ ကောင်းစွာ သိမြင် ဆင်ခြင်နိုင်ဖွယ် ဖြစ်ပေသည်။

## လိုအပ်ရင်း သဘော

မည်သို့ ဟောသည်ပင် ဖြစ်စေ၊ လိုအပ်ရင်း သဘောမှာကား ကောင်းမြတ်စွာသော ကျင့်ကြံ အားထုတ်မှုများပင် ဖြစ်လေသည်။

တရားနာသူ၏ စရိုက်သဘာဝနှင့်အညီ၊ ပကာမဦးစွာ-လောက ကြောင်း၊ သို့မဟုတ်-လောက၏ ချမ်းသာရိပ်မြိမ်များကို အခြေခံ စေကာမူ၊ ထို လောကမှသာကိ လွန်မြောက်သော လောကုတ္တရာ ကြောင်းကို တဆင့်ပြီးတဆင့် သဘောမျိုး သယ်ဆောင် ဆက်စပ် သွားသည်များလည်း ရှိပေသည်။

ဥပုသ်သီတင်း စောင့်သုံးမှုနှင့် ပတ်သက်၍ ဝိသာခါ ဒါယိကာမကြီးကို ဟောကြားတော်မူအပ်သော သုတ်တော်တွင်၊ ဤ သဘောကို တွေ့သိရပေသည်။

## အင်္ဂါ ရှစ်ပါးရှိသော အကျင့်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက်တွင် သီတင်းသုံး စံနေတော်မူသော အခါ၊ **ဝိသာခါ-ကျောင်းအမကြီး** ကို ဤသို့ ဟောကြားညွှန်ပြတော်မူ၏။

"ဝိသာခါ....၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏။ အာနိသင်ကြီး၏။ ကြီးသော ပြန့်နှံ့ခြင်းရှိ၏။ အဘယ်သို့ ကျင့်သုံး၍ အကျိုးကြီးမြတ်သည်၊ ကျော်စောပြန့်နှံ့ခြင်း ရှိအပ်သည်မှာကား၊ ဤသို့ ဖြစ်ပေသည်။

"ဝိသာခါ....၊ ငါဘုရား၏ သာသနာတော်၌ အရိယာ တပည့်သည် ဤသို့ဆင်ခြင်၏။ ဤသို့စဉ်းစားမိ၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်စွန့်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ် ကြကုန်၏။ ရှက်တတ် ကြကုန်၏။ သနားတတ်ကြကုန်၏။ ခပ်သိမ်းသော သတ္တဝါ တို့၏ အကျိုးစီးပွားကို လိုလားလျက် နေကြကုန်၏။ ငါသည် လည်း ထို ရဟန္တာတို့ကို ကြည်ညိုသောအားဖြင့် ဤ တနေ့ နှင့် တညဉ့်ပတ်လုံး အသက်သတ်ခြင်းမှ ပယ်စွန့်၍၊ အသက်သတ်

ခြင်းကို ရှောင်ကြဉ်၍၊ သတ္တဝါ အားလုံးတို့အား သနားချစ်ခင်ခြင်းဖြင့်သာလျှင် နေပါအံ့....။

" ဝိသာခါ....၊ ရဟန္တာတို့၏ မြတ်သောအကျင့်ကို ကြည်ညိုလေးစားသောအားဖြင့် ဤသို့လျှင် ဥပုသ် ကျင့်သုံးဆောက်တည်ရခြင်းသည်ကား ပထမဦးစွာသော အင်္ဂါတပါးပေတည်း။

" ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သောနေရာ မြတ်သောနေရာ (အတွေ့အထိ အဆင်တန်ဆာ ကောင်းမွန်သော) နေရာတို့ကို ရှောင်ကြဉ် ပယ်စွန့်ကြကုန်၏။ ငါသည်လည်း ထို မြတ်သော အကျင့်အားလျော်စွာပင် မြင့်မြတ်ကောင်းမွန်စွာသော အိပ်ရာနေရာတို့ကို ပယ်စွန့်ပါအံ့...."

ဤသည်ကား အဋ္ဌမ အင်္ဂါတပါး ဖြစ်သော ဥပုသ်ဆောက်တည်ခြင်းပင် ဖြစ်ပေသည်။

**(လိုရင်းသို့ ရောက်လွယ်စေရန် အင်္ဂါခြောက်ပါးကို ချန်ထားခဲ့သည်။)**

" ဝိသာခါ...၊ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသော ဥပုသ် (ရှစ်ပါးသီလကို) ကျင့်သုံး ဆောက်တည်ရခြင်းသည် အဘယ်မျှလောက် အကျိုးကြီးမြတ်သည်၊ ကျော်စောပြန့်နှံ့ခြင်း ရှိဘိသည်ဆိုပါမူ၊ ဥပမာအားဖြင့်ကား ဤသို့တည်း။

" အကြင်သူတဦးသည် မြောက်များစွာသော ရွှေငွေရတနာတို့ဖြင့် ပြည့်စုံကြွယ်ဝသော အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း စသည့်တိုင်းကြီး တဆယ့်ခြောက်တိုင်းတို့ကို မိုးအုပ်ချုပ် 'မင်း' လုပ်ရ၏။ တိုင်းကြီး တဆယ့်ခြောက်တိုင်းအရှင် ဘုရင်ဧကရာဇ် ဖြစ်ရ၏။

စန်းမြင့်ထွန်း

## ဥပုသ် ဆောက်တည်ရသူ၏ အကျိုးတရား

" ဝိသာခါ....၊ ထို ဘုရင်မင်းမြတ်၏ စည်းစိမ်ချမ်းသာသည်၊ အင်္ဂါရှစ်ပါးသော သီလကို ဆောက်တည် ကျင့်သုံးရသူ၏ အကျိုးတရားနှင့် နှိုင်းယှဉ်လိုက်လျှင် ဆယ့်ခြောက်စိတ် စိတ်၍မျှ တစိတ်ကို မမှီနိုင်လေ။

" အဘယ်ကြောင့်ဆိုသော် နတ်တို့၏ စည်းစိမ်ချမ်းသာနှင့် နှိုင်းစာလိုက်လျှင် လူမင်း၏ စည်းစိမ် ဆိုသည်မှာ မည်သို့မျှ မနှိုင်းယှဉ်သာလောက်အောင် ကွာလှမ်းလျက်ရှိနေသောကြောင့် တည်း။

## စာတုမဟာရာဇ် နတ်သက်

" ဝိသာခါ....၊ **လူနှင့်နတ်**မည်သည် နှစ်ကာလအရေအတွက် သဘောချင်းလည်း ကွာခြားလှသည်သာတည်း။ လူတို့၏ အနှစ် ငါးဆယ် ( နှစ်ပေါင်းငါးဆယ် ) သည်၊ စာတုမဟာရာဇ်နတ်တို့ အရေအတွက်အားဖြင့်သော် တနေ့နှင့်တညမျှသာ ဖြစ်၏။

ထိုသို့ဖြင့် ညဥ့်ပေါင်း သုံးဆယ်တို့သည် တလ၊ လ,ပေါင်း တဆယ့်နှစ်လတို့သည် တနှစ် ထို တနှစ်ဟူသော အရေအတွက် အပိုင်းအခြား နည်းဖြင့် **ငါးရာတိတ်** ကြာမြင့် သည်ကား စာတုမဟာရာဇ်နတ်တို့၏ နတ်သက် အတိုင်းအတာပင်တည်း။

ထို့ကြောင့်လည်း လူသားတို့၏ စည်းစိမ် ချမ်းသာနှင့် နတ်တို့၏ စည်းစိမ်ချမ်းသာ ဟူသည်၊ မည်သို့မည်ပုံမျှ မနှိုင်းယှဉ်သာလောက်အောင် ဝေးကွာခြားနား နေသည်သာတည်း။

စန်းမြင့်ထွန်း

## တာဝတိံသာ နတ်သက်

"ဝိသာခါ....၊ တာဝတိံသာ နတ်တို့၏ အပိုင်းအခြားကာလသည်ကား၊ ထို့ထက်ပင် လွန်ချေသေး၏။ လူတို့၏ နှစ်ပေါင်းတရာသည် တာဝတိံသာနတ်များတွင် တနေ့နှင့်တည မျှသာဖြစ်၏။ ထိုညပေါင်း သုံးဆယ်တို့သည် တလ၊ လ,ပေါင်း တဆယ့်နှစ်လတို့သည် တနှစ်၊ ထိုနှစ်အရေအတွက် အားဖြင့် **တထောင်တိတိ** ကြာမြင့်သည်ကား တာဝတိံသာ နတ်တို့၏ သက်တန်း အတိုင်းအတာပင်တည်း။

## ပရနိမ္မိတ နတ်သက်

"ဝိသာခါ...၊ ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏ နတ်သက်သည်ကား....၊ ယခုထက်ပင် လွန်ချေသေး၏။ နှစ်ပေါင်း **တသောင်းခြောက်ထောင်** အထိ ကြာမြင့်သည်ကား၊ ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏ နတ်သက်အတိုင်းအတာတည်း။

"ဝိသာခါ....၊ နတ်တို့၏ သက်တန်းသည်၎င်း၊ စည်းစိမ်ချမ်းသာသည်၎င်း၊ ယခု ငါဆိုခဲ့ပြီးအတိုင်း လူသားတို့နှင့် နှိုင်းစာ လိုက်သောအခါ မည်သို့မျှ မည်သည့် နည်းနှင့်မျှ မဆက်စပ် မယှဉ်သာလောက်အောင် ကွာလှမ်း ခြားနားနေသည့် အဖြစ်ကို 'သင်' ကောင်းစွာ သိအပ်ပြီ။

"သို့သော်ငြား လူသားတို့နှင့် ထိုရွေ့ထိုမျှ ကွာလှမ်းခြားနား လှပေသော နတ်တို့၏ စည်းစိမ်ချမ်းသာကို၎င်း၊ အလွန်ရှည်မြင့်စွာသော နတ်တို့၏ သက်တန်းကာလကို၎င်း၊ ရနိုင် ချောက်နိုင် စွမ်းသည်သာတည်း။

စန်းမြင့်ထွန်း

## နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း

"ဝိသာခါ၊ အကြင်သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ် (ရှစ်ပါးသီလ) ကို ကောင်းစွာဆောက်တည် ကျင့်သုံး ဗြာအံ့၊ ထိုသီလ၏ အကျိုးတရားအားဖြင့် ယခု ငါဆိုခဲ့ပြီး နတ်ပြည် နတ်ရွာများသို့ စင်စစ် ရောက်ရှိနိုင် ရောက်ရှိရသည် သာတည်း။

"မိမိ ဆောက်တည် ကျင့်သုံးအပ်သော သီလစင်ကြယ်လျှင် စင်ကြယ်သလောက် အကျိုးတရား ကြီးမြတ် အပ်သည်သာ တည်း။

"ထို့ကြောင့်လည်း တိုင်းကြီး တဆယ့်ခြောက်တိုင်းတို့ကို အစိုးရသော ဘုရင်ကေရာဇ်ပင်လျှင် ရှစ်ပါးသီလ ဆောက်တည် ကျင့်သုံးရသူ၏ အကျိုးတရားကို တဆယ့်ခြောက်စိတ် စိတ်၍မျှ တစိတ်ကို မမှီနိုင်လေ....ဟု၊ ငါဆိုတော်မူခဲ့ခြင်း ဖြစ်၏။

"လူမင်းတို့၏ စည်းစိမ်ချမ်းသာဟူသည် နတ်တို့၏ စည်းစိမ် ချမ်းသာနှင့်နှိုင်းစာလိုက်လျှင် အဘီးကျန် သူဖုန်းစားသဖွယ်သာ ဖြစ်ရလေတော့သည် ဆိုခဲ့ခြင်းဖြစ်၏။

### အင်္ဂါရှစ်ပါး ရှိသော အကျင့်

"ဝိသာခါ....၊ အင်္ဂါရှစ်ပါး ရှိသောအကျင့်(ရှစ်ပါးသီလ)ကို ငါ - ထပ်မံဆိုပေဦးအံ့။

၁။ သတ္တဝါတို့၏ အသက်ကို မသတ်ရာ -

၂။ သူမပေးသော ဥစ္စာပစ္စည်းကို မခိုးယူရာ -

၃။ မဟုတ်မမှန် သိမ်ဖျင်းသော စကားကို မပြောဆိုရာ -

စန်းမြင့်ထွန်း

၄။ ယစ်မူး မေ့လျော့ခြင်းကို ဖြစ်စေတတ်သော သေအရက်ကို မသောက်ရာ –

၅။ ရှာသူတို့၏ မမြတ်သော အလေ့ မေထုန်အကျင့်ကို မပြုရာ –

၆။ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်း၊ ဆိုခြင်း၊ ကခြင်း၊ မပြုရာ–

၇။ အတွေ့အထိ - အဆင်တန်ဆာ အားဖြင့် ကောင်းမွန်မြင့်မြတ်စွာသော အိပ်ရာနေရာတို့၌ မနေရာ –

၈။ နေလွဲညစာ မစားရာ –

" ဝိသာခါ....၊ ဤရှစ်ပါးသော အင်္ဂါ အခြင်းအရာတို့ကား မြတ်သောသီလကို စောင့်ထိန်းကြောင်း၊ ကောင်းလှစွာသော အကျင့်ပေတည်း။ ထိုအကျင့်ကို ရှိသေလေးစားစွာ လိုက်နာကျင့်သုံးအပ်သည်ရှိသော်၊ ပကတိ စင်ကြယ်သန့်ရှင်းစွာ စောင့်ထိန်းအပ်သည်ရှိသော်၊ ငါ ဦးစွာ ဆိုအပ်ခဲ့ပြီး နတ်ပြည်နတ်ရွာများသို့၊ စင်စစ်မသွေ ရောက်ရပေအံ့သတည်း...."

## မိဂါရမာတာ – ဝိသာခါ

**ဗုဒ္ဓခေတ် ပြဿနာများ** အမည်ဖြင့်၊ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်မှ အမေးအဖြေ ပြဿနာ မျိုးစုံကို ဖော်ပြလာခဲ့ရာ၌၊ အကြောင်းအားလျော်စွာ " ဝိသာခါ ဒါယိကာမကြီး "၏ အခဏ်းကဏ္ဍနှင့် ဆက်စပ် ပတ်သက်လာခဲ့သည်။

အနာထပိဏ် သူဌေးကြီး၊ ဝိသာခါ ဒါယိကာမကြီး ဆိုသည်တို့မှာ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်တွင် အထူးသဖြင့် ကျော်စောထင်ရှားသူများ ဖြစ်ကြသည်။

စန်းမြင့်ထွန်း

ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်လျှင်၊ ထို ဗုဒ္ဓမြတ်စွာဘုရား ဖြည့်ကျင့်ဆည်းပူးတော်မူလာခဲ့ရသော ပါရမီတော်များအကြောင်းကို ချန်လှပ်ထားခဲ့၍ မဖြစ်နိုင် သကဲ့သို့၊ဗုဒ္ဓမြတ်စွာဘုရား ခေတ်ကာလကို ဆိုညွှန်းလျှင်လည်း၊ အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါ ဒါယိကာမကြီးတို့ အကြောင်းမှာ၊လုံး၀ မပါ၍မဖြစ်၊ အနည်းငယ်ကလေးမျှပင် ဖြစ်စေ၊ပါသင့် ပါထိုက် နေသည်သာ ဖြစ်တော့သည်။

## ပါရမီဖြည့်ဘက် – ဆုတောင်းဘက်

ဝိသာခါ ဒါယိကာမကြီး၏ သဒ္ဓါတရား ထက်သန်ပုံ၊ ပါရမီခေတ်ခံ ကြီးမားပုံ၊ မြတ်စွာဘုရားနှင့် တကွသော ရတနာသုံးပါးတို့၌၊ ချွင်းချက်မရှိ သက်ဝင်ယုံကြည်ပုံ စ သည် တို့ မှာ ဝတ္ထုဇာတ်လမ်း တခုသဖွယ် စိတ်ဝင်စားဘွယ် ကောင်းနေသည်မှာလည်း၊ အမှန်ပင် ဖြစ်လေတော့သည်။

ဝိသာခါ ဒါယိကာမကြီးနှင့် ပတ်သက်၍ ယနေ့ထက်တိုင် မရိုးနိုင်သော လေးစားသမှု ပြုနေရသော အကြောင်း တရပ်လည်း ရှိပေသေးသည်။

လောကဓမ္မတာ မင်္ဂလ ာ လက်ထပ်ပွဲများတွင် ဘိသိက်ဆရာဖြစ်သူက - ဝိသာခါ၏ဖခင် နှ ယသူဌေးကြီး၏ အမှာစကားကို တခမ်းတနား အလေးအန ါ ဆက်စပ် ပြောဆို တတ် ခြင်းပင် ဖြစ်သည်။

ထိုဩဝါဒ အမှာစက ှ နေ့ခေတ်တွင်လည်း ချွင်းချက် မရှိ လက်ခံလိုက်နာဘွယ် ာ ထစ် ချ မဆိုသာသော်လည်း၊

ခန်းမြင့်ထွန်း

လူ့သဘာဝ - လောက သဘော အားဖြင့် ကား၊ အနည်းနှင့် အများ ဆက်စပ် အကြိုးဝင်နေသည်သာ ဖြစ်ပေသည်။

**" အတွင်းမီးကို အပြင်မထုတ်နှင့် "**

**" အပြင်မီးကို အတွင်းမသွင်းနှင့် "**

ကိုယ့် အိမ်တွင်းရေး မအေးချမ်း မသာယာ လျှို့ဝှက် ဖုံးကွယ်စရာ အကြောင်းရပ်များကို အပြင်လူ သူတစိမ်းတွေ မသိစေနှင့်၊ ထုတ်ဖော်မပြောနှင့်။

သူတပါးတို့၏ အကြောင်းခြင်းရာ၊ နားမချမ်းသာဘွယ်၊ စိတ်မချမ်းသာဘွယ်၊ အမှုကိစ္စများအကြောင်းကိုလည်း၊ကိုယ့်အိမ်တွင်းသို့မသွင်းလာနှင့်၊သူတပါးအရှုပ်ကို ကိုယ့်အရှုပ် မဖြစ်စေနှင့်။

ဤသို့သော ဩဝါဒ အမှာအထား များမှာ ဟောင်းပင် ဟောင်းသော်ငြား၊ ကောင်းနေသည်ကား - အမှန်ပင် ဖြစ်ပေသည်။

ဝိသာခါ ဒါယိကာမကြီး အကြောင်း ခြင်း ရာ တွင် ဤ မှတ်သားဘွယ် အတွေးအခေါ် များမှာလည်း ယနေ့ခေတ်အထိ လက်ခံစဉ်းစားဘွယ် ဖြစ်နေခဲ့ပေသည်။

## ကောင်းမှုရှင်

စင်စစ်သော် 'ဝိသာခါ' ဟူသည် - ဂေါတမမြတ်စွာဘုရား ဖြစ်ပွင့်တော်မမူသေးမီ၊ **ပဒုမုတ္တရမြတ်စွာဘုရား** လက်ထက်တော် ကတည်းကပင်၊ ကုသိုလ်ကောင်းမှုတွင် မွေ့လျော်ကာ၊ ပါရမီ ဖြည့်ဆည်းလာခဲ့သူ ဖြစ်သည်။

စန်းမြင့်ထွန်း

ဤ ကု သိုလ် အ ကျိုး အား ကြောင့် နောင် သော အ ခါ ၌ မြတ် စွာ ဘု ရား သ ခင်၏ မိခင်သဖွယ် - မိခင်အရာ၌ တည်ကာ၊ မြတ် သော အ လုပ် အ ကျွေး ဖြစ်ရပါစေသော....၊ ဆုရှစ်ပါး နှင့်လည်း ပြည့်စုံရပါစေသော.... ဟု၊ အလေးအနက် ဆုပန် လာခဲ့သူဖြစ်သည်။

## မဟာလတာ - တန်ဆာ

ဂေါတမမြတ်စွာဘုရားလက်ထက်၊ ဓနဥ္စယ သူဌေးကြီး၏ သ မီး ဖြစ် လာ ရ သော အ ခါ ဝယ်၊ **မ ဟာ လ တာ** မည်သော အဆင့်တန်ဆာကို ရ အပ် သည် မှာ လည်း၊ **ကဿပဘုရားရှင်** လက်ထက်တော်၌၊ အ ရှေ အ တွက် နှစ်သောင်းသော ရဟန်း သံဃာတို့အား၊မိမိကိုယ်တိုင် ရင်းနှီးပြုလုပ်အပ်သောသင်္ကန်းများ လှူဒါန်းဆက်ကပ်ခဲ့ဘူးသည့် အကျိုးဆက်အရ ဖြစ်ပေသည်။

ထို့ကြောင့် –

ဘဝအဆက်ဆက် ပြုလာခဲ့သော ကုသိုလ်ကောင်းမှုများ အားလျော်စွာ၊ အဖက်ဖက်မှ ထူး ခြား မြင့် မြတ် လှ ပေ သော **မိဂါရ မာတာ – ဝိသာခါ** အမည်ရ၊ ဝိသာခါ - ဒါယိကာမကြီး အကြောင်းကို –

(က) ကြောင်းကျိုး စပ်လျဉ်းသော အားဖြင့်ရင်း....

( ခ) ကောင်းမှုတို့၏ အကျိုးတရားကို၊ အ လေး အ နက် သိသာထင်ရှားစိမ့်သောငှာ ရင်း....

(ဂ) လူငယ် လူရွယ်၊ ညီငယ် နှမငယ်၊ တူ - တူမငယ်များ အားကျ အတုယူနိုင်စိမ့်သောငှာ ရင်း....၊

(ဃ) သိသင့် မှတ်ထိုက် တွေးခေါ် ထိုက်သော အကြောင်း တရပ်အနေဖြင့်ရင်း....၊

ကျေးဇူးရှင် ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး အရှင် **မုနိန္ဒာဘိဝံသ**၏ **ဇိနတ္ထပကာသနီ**မှ အကျဉ်းချုပ်သဘောမျှ ထုတ်နုတ် တင်ပြလိုပေသေးသည်။

---

.စမ်းမြင့်ထွန်း

# မြင့်မြတ်လှစွာ ဝိသာခါ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေစဉ် ခေတ်ကာလ ဖြစ်သည်။

အင်္ဂတိုင်း ဘဒ္ဒိယ မြို့၌၊ **ဓနဉ္စယ**နှင့် **သုမနဒေဝီ** ဟူသော သူဌေးဇနီးမောင်နှံတို့ ရှိကြ၏။ ထိုသူတို့မှ ဝိသာခါ ဟူသော သမီးရတနာတပါး ထွန်းကားလာခဲ့၏။ ခုနစ်နှစ်သမီး အရွယ်သို့ပင် ရောက်လာခဲ့ပြီ ဖြစ်၏။

ထိုစဉ်အခါ၌ မြတ်စွာဘုရားသည် အင်္ဂတိုင်း အတွင်းဝယ် ဒေသစာရီ (ခရီးရှည်) လှည့်လည် ကြွမြန်းတော်မူရင်း၊ ဝိသာခါ သတို့သမီးငယ် ရှိနေရာ၊ ဘဒ္ဒိယ မြို့သို့ ဆိုက်ရောက်တော်မူလာခဲ့လေသည်။

ရောက်တော်မူလာခဲ့ရခြင်း အကြောင်းမှာကား၊ ဝိသာခါ၏ အဖိုးဖြစ်သူ **မေဏ္ဍကသူဌေးကြီး**နှင့် တကွ၊ ဝိသာခါ သတို့သမီး ထို ဝိသာခါ၏ အခြွေအရံ အစရှိသူတို့၏ ပါရမီခံ အကြောင်းဆက်ကို သိမြင်တော်မူခြင်းကြောင့် ဖြစ်လေသည်။

စန်းမြင့်ထွန်း

မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရား ကြွရောက်တော်မူလာကြောင်း ကြားသိရသည့်အခါ၊ မြေးမငယ်ကလေး 'ဝိသာခါ' ကို ဤသို့ပြောဆိုအပ်ပေ၏။

“ချစ်မြေး ဝိသာခါ....၊ ထူးမြတ်စွာသော ဂုဏ်ကျေးဇူးတို့၏တည်ရာ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ယခုအခါ ငါတို့ရှိနေရာ ဘဒ္ဒိယ မြို့သို့ ဆိုက်ရောက်တော်မူလာ၏။

“မြတ်စွာဘုရား ထိုသို့ ကြွရောက်တော်မူလာခြင်းသည်ကား၊ ငါနှင့်တကွသော ငါ့မြေးအတွက် ကောင်းမြတ်လှစွာသော မင်္ဂလာ အခါတော်ကြီးပေတည်း။ ငါသည်၎င်း - ငါ့ချစ်မြေးသည်၎င်း....၊ ဗုဒ္ဓမြတ်စွာဘုရားကို အမှီပြု၍ ကောင်းစွာသော အကျိုးတရားတို့ကို တွေ့ကြုံ ခံစားရပေလတ္တံ့။

“ချစ်မြေးသည် ထိုမြတ်စွာဘုရားသခင်အား ချစ်မြေး၏ အခြွေအရံများနှင့်အတူ ရိုသေလေးမြတ်စွာလျှင် ခရီးဦး ကြိုဆိုပါလေလော့”

ဝိသာခါလည်း အဖိုးဖြစ်သူ ဆိုအပ်သော အတိုင်းပင် ဘုရားသခင် ရှိနေတော်မူရာသို့ မိမိ၏ အခြွေအရံများနှင့်အတူ ရထားစီးကာ ရှေ့ရှုထွက်ခွာလာခဲ့၏။ ရထားမှ ဆင်းသက်သင့်သော နေရာသို့ ရောက်သည့်အခါ၊ ရထားထက်မှဆင်းကာ မြတ်စွာဘုရားအပါးသို့ ရိုသေစွာ ချဉ်းကပ်လျက် အလေးအမြတ် ရှိခိုးကန်တော့အပ်ပေ၏။

စန်းမြင့်ထွန်း

မြတ်စွာဘုရားလည်း ဝိသာခါသတို့သမီးအား နောက်နောက်က ပါရမီခံ ရှိခဲ့သည်နှင့် လျော်စွာသော တရားကို ဟောကြားတော်မူလေသည်။ တရားတော်ကို နာကြားရပြီး အချိန်တွင်ကား ဝိသာခါ တဦးတည်းသာ မဟုတ်၊ အခြွေအရံ ငါးရာတို့ပါ ရှေးရှေးကောင်းမှု အားလျော်စွာ **သောတာပန်** တည်ကြကုန်၏။

အဖိုးဖြစ်သူ မေဏ္ဍက သူဌေးကြီးသည်လည်း **သောတာပန်** ပုဂ္ဂိုလ် ဖြစ်မြောက်ခဲ့ရပေ၏။

## ပသေနဒီ ကောသလမင်း

တနေ့သောအခါ သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်းသည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်မင်းမြတ်ထံ အလည်အပတ် သဘောမျိုး ရောက်လာခဲ့၏။ ဗိမ္ဗိသာရ ဘုရင်က အကြောင်းထူး တစုံတရာ ရှိပါသေးသလော မေးမြန်းသည့်အခါ၊ ပသေနဒီ ကောသလမင်းက ဤသို့ ပြန်လည်ဖြေကြား၏။

"အကျွန်ုပ်၏ နိုင်ငံ၌ ယောက်ဖတော်၏ နိုင်ငံမှာကဲ့သို့ ချမ်းသာကြွယ်ဝစွာသော သူဌေးကြီးမျိုး တဦးတယောက်မျှ မရှိပါ၊ ထို့ကြောင့် သူဌေးကြီး တဦးဦးကို အကျွန်ုပ်၏ နိုင်ငံသို့ ခေါ်ဆောင်သွားလိုခြင်းဖြင့် လာခဲ့ရပါသည်"

"ဤသို့ဆိုလျှင် ဇောတိက၊ ဇဋိလ-စသည့် သူဌေးကြီးများ လိုက်ပါစေရန်ကား -မည်သို့မျှ မဖြစ်

နိုင်ချေ၊ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေးကို
စုံစမ်းမေးမြန်းကြည့်ဦးမည်”

ဗိမ္ဗိသာရ ဘုရင်မင်းမြတ်က ဓနဉ္စယသူဌေးကို ခေါ်ယူ
မေးမြန်းသည့်အခါ၊ဓနဉ္စယသူဌေးကလည်း “အရှင်မင်းကြီးက
လိုက်စေလိုလျှင် လိုက်သွားပါမည်” ဆိုလေသည်။

သို့ဖြင့်ပင် ဝိသာခါ အပါအဝင် ဓနဉ္စယသူဌေး မိသားစု
သည် ဗိမ္ဗိသာရမင်းနိုင်ငံ ရာဇဂြိုဟ်မှသည် ပသေနဒီ ကောသလ
မင်းကြီး၏နိုင်ငံ သာဝတ္ထိသို့ ရွှေ့ပြောင်းထွက်ခွာခဲ့ကြရသည်။

သာဝတ္ထိနိုင်ငံအစပ်သို့ ရောက်သောအခါ၊ ပသေနဒီ
ကောသလမင်းကြီး၏ ခွင့်ပြုလိုက်လျှော်ချက်အရ၊ ရေမြေ အနေ
အထားကောင်းမွန်သော နေရာတခုတွင် ခြေရံသင်း ပင်း
နောက်လိုက်နောက်ပါများနှင့်အတူ၊ မြို့သစ်၊အဆောက်အဦသစ်
တည်ထောင်ပြုလုပ်ကာ နေထိုင်ကြကုန်သည်။

မိမိတို့စိတ်ကြိုက် ရွေးချယ်နေထိုင်ရာ ဖြစ်ခြင်းကြောင့်၊
ထိုနေရာ – ထိုအရပ်ကို **သာကေတ**မြို့ဟု မှည့်ခေါ်သိမှတ်ခဲ့ကြ
လေသည်။

## ပုဏ္ဏဝဍ္ဎနသတို့သား

ဝိသာခါသတို့သမီး တဆယ့်ခြောက်နှစ်ခန့်မျှ ရှိလာသော
အခါ သာဝတ္ထိပြည်မှ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎနနှင့်
နှစ်ဖက်သော မိဘတို့ သဘောတူညီမှုဖြင့် လက်ထပ်ထိမ်းမြားခဲ့
ခဲ့သည်။

ထို မင်္ဂလာလက်ထပ်ပွဲတွင် ဆင်မြန်းရန်အတွက် ဖခင်ဖြစ်သူ ဓနဉ္စယ သူဌေးကြီးက ဝိသာခါအား မဟာလတာ[၁] မည်သော တန်ဆာတခု စီစဉ်ပြုလုပ်ပေးသည်။ အတိုင်းမသိ တန်ဘိုးရှိလှသော ရတနာများစွာတို့၏ ထူးခြားမှုကို အပထားဦး၍၊ ထို "မဟာလတာတန်ဆာ" ကို ပညာသည်တို့ ပြုလုပ်ရသည်မှာပင် လေးလကျော်မျှ ကြာမြင့်ခဲ့ရလေသည်။

## ကောင်းမှု၏အကျိုးဆက်


မင်္ဂလာလက်ထပ်ပွဲပြီး၍ လင်ယောကျ်ားဖြစ်သူ ပုဏ္ဏဝဍ္ဎန သတို့သားနောက်သို့ လိုက်ပါရမည့်အခါ၊ ဖခင် ဓနဉ္စယ သူဌေးကြီး လက်ဖွဲ့ဆောင်နှင်းလိုက်သော ပစ္စည်းဥစ္စာ များကား အမျိုးအမည်ပေါင်း - အရေအတွက်ပေါင်း မြောက်မြားစွာ တည်း။

ဝိသာခါကို ချစ်မြတ်နိုးသဖြင့် မိမိတို့ စိတ်သဘောအလျောက် လိုက်ပါကြသူများသည်လည်း၊ သာကေတမြို့တွင် ကျန်နေရစ်သူပင် မရှိသလောက်တည်း။

ထူးခြားလှသည်မှာကား၊ နွားတိရစ္ဆာန်များ၏ အခြင်းအရာပင် ဖြစ်လေသည်။

ဓနဉ္စယသူဌေးကြီးက နွားခြံကို ဖွင့်လှစ်စေကာ၊ သမီးဖြစ်သူကို လက်ဆောင်ပြုအပ်လေသောအခါ၊ နွားပေါင်းများစွာတို့သည် လိုအပ်သော အရေအတွက် ဦးရေထက်ပင် ပိုလွန်၍၊ အကန့်

၁။ ရတနာမျိုးစုံတို့ဖြင့် ငွေပေါင်း ကိုးကုဋေမျှ ကုန်ကျသည့် ဦးခေါင်းမှသည် ခြေဖမိုးအထိဖြစ်သော အင်္ကျီ –



စန်းမြင့်ထွန်း

အသတ် အဆီးအတားများကို ခုန်ကျော်၍ ဝိသာခါသခင်မ၏ နောက်သို့ ဝမ်းသာအားရ လိုက်ပါကြကုန်လေသည်။

ဤသို့ ဖြစ်ရသည်ကား၊ ကဿပ ဘုရားရှင်လက်ထက်တော် အခါ၊ **သံဃဒါသီ မင်းသမီးလေး** ဘဝမှ ကောင်းမှု၏ အကျိုး ဆက်ကြောင့် ဖြစ်လေသည်။

ဝိသာခါသည် ထိုစဉ်အခါက ကိကီမင်းကြီး၏ သမီးတော် များထည်းတွင် 'သံဃဒါသီ' အမည်ရှိ - အသက် အငယ်ဆုံး အထွေးဆုံး သမီးတော်ဖြစ်ခဲ့သည်။ ရဟန်းတော် နှပ်သောင်းကို နွားနို့ဆွမ်း ကပ်လှူသည့်အခါ ရဟန်းတော်များက ဆွမ်းကို အားရ ဝလင်သဖြင့် တော်ပြီ - တန်ပြီဆိုကာ တားမြစ်နေသည့် ကြားမှပင်၊ ထက်သန်ကြည်ညိုစွာသော သဒ္ဓါတရားဖြင့် ထပ်ကာ ထပ်ကာ လှူဒါန်းခဲ့ဘူးသည်။

ထို စေတနာ သဒ္ဓါတရား၏ အကျိုး ဆက် အရ ပင်လျှင် လူ သား စင် စစ်ကို မဆိုထားဘိဦး၊ နွားတိရစ္ဆာန်များသော်မှ ဝိသာခါအား၊ နှစ်လိုမြတ်နိုးကြကုန်ခြင်း ဖြစ်လေသည်။

## ပြဿနာပြေရှင်းပွဲ

ယောက္ခမအိမ်သို့ ရောက်ရှိခဲ့ရပြီး တနေ့တွင်ကား၊ ဝိသာခါ သည် ယောက္ခမ သူဌေးကြီး မိဂါရနှင့် အထင်အမြင်လွဲမှားကာ အချင်းများခဲ့ရလေသည်။

ထိုအကြောင်းမှာကား - ဤသို့တည်း။

စိုးမြင့်ထွန်း

တနေ့သောအခါ မိဂါရ သူဌေးကြီးသည် နွား နို့ ထ မင်း သုံးဆောင်နေသည်။ ဝိသာခါက သူဌေးကြီးကို ယပ်ခပ်ပေးနေသည်။

ထိုစဉ်ခိုက် ရဟန်းတပါး ရောက်လာသည်။ ဆွမ်းခံလာခြင်းဖြစ်သည်။

သူဌေးကြီးက မမြင်ယောင်ပြုကာ၊ ဦးခေါင်းငုံ့ပြီး နွားနို့ထမင်းကို စားမြဲစားနေခဲ့သည်။ ဝိသာခါက သူဌေးကြီးကို အသိပေးသည့်သဘောမျိုး အပါးမှထလာခဲ့သည်။ သို့တိုင်လည်း သူဌေးကြီးက မည်သို့မျှ မထူးခြား။

ဝိသာခါက စပ်ကြားမှ အားနာခြင်းဖြင့် "ကံတော့ဆွမ်းပါ အရှင်ဘုရား....၊ တပည့်တော်မ၏ ယောက္ခမကြီး ကား၊ အဟောင်းစားသာ ဖြစ်ပါသည်" ဟု ဝင်ရောက်လျှောက်ထားလိုက်သည်။

မိဂါရ သူဌေးကြီးသည် ထိုစကားအတွက် ဝိသာခါအပေါ် လွန်မင်းစွာ အမျက်ထွက်သွားလေသည်။၁

အစေအပါးများကို အော်ဟစ်ခေါ်သည်။ ဝိသာခါကို ယခုချက်ခြင်း အိမ်တွင်းမှ ဆွဲထုတ်ပစ်ရန် အမိန့်ပေးသည်။ မတော်သည့်စကားဖြင့် စော်ကားရပါမည်လောဟု ကြိမ်းမောင်းငေါက်ငန်းသည်။

ဝိသာခါက အေးဆေးစွာ ပြန်ပြောသည်။

---

၁။ မိဂါရသူဌေးကြီး ဤမျှ ဒေါသဖြစ်ရခြင်းမှာ၊ သူဌေးကြီး ကိုးကွယ်သော တိတ္ထိတက္ကတွန်းများ ၏ သွေးထိုးလှုံ့ဆော်ထားမှုအရလည်း ဖြစ်သည်။

စန်းမြင့်ထွန်း

"အသင်သူဌေးကြီး....၊ အကျွန်ုပ်ကို အိမ်တွင်းမှ ဆွဲထုတ်ပစ်ရန်မှာ အကျွန်ုပ်သည် ကြုံရာမှ ခေါ်လာသော အခိုင်းအစေ တယောက် မဟုတ်ပါ။ ဤအိမ်သို့ လိုက်လာသည်မှာပင်လျှင် အကျွန်ုပ် တယောက်တည်း မဟုတ်၊ အုပ်ထိန်းသူ - လူကြီး ရှစ်ယောက်ဖြင့် လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

"အကျွန်ုပ်တွင် အပြစ်ရှိခဲ့လျှင်၊ ထိုလူကြီးရှစ်ယောက်ကို တိုင်တန်းပြောဆိုနိုင်ပါသည်။ ထိုလူကြီးများက အပြစ်ရှိသည် ဆိုပါလျှင်သာ၊ အကျွန်ုပ်၏အမှား - အကျွန်ုပ်၏ အပြစ်ဟု ဝန်ခံနိုင်ပါမည်"

## အဟောင်းစား

လူကြီးများနှင့် ဆုံမိသောအခါ ယောက္ခမသူဌေးကြီးက ချွေးမဖြစ်သူ၏ အပြစ်ကို တိုင်တန်းသည်။ လူကြီးများက ဟုတ် - မဟုတ် မေးမြန်းသည်။

ဝိသာခါက ဤသို့ ပြန်ဖြေသည်။

"အဟောင်းစားသာ ဖြစ်ပါသည် ဆိုခြင်းမှာ ယောက္ခမသူဌေးကြီး ဟုဆထင်မှတ်သကဲ့သို့ မစင်ချေးခြောက်၊ အညစ်အကြေးကို ဆိုလိုခြင်း မဟုတ်ပါ။ သူဌေးကြီးသည် ယခုမျက်မှောက်ဘဝ၌ ကုသိုလ်ကောင်းမှုအသစ် ထပ်မံမပြုသဖြင့် နောက်နောက်ဘဝက ကုသိုလ်အကျိုးဆက် (အဟောင်း) ကိုသာ၊ စားသုံးနေခြင်းဖြစ်သည်ဟု ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပါသည်"

စန်းမြင့်ထွန်း

လူကြီးရှစ်ဦးက ဝိသာခါ၏ စကားသည် အပြစ်မရှိကြောင်း သူဌေးကြီးကို ဝိုင်းဝန်းပြောဆိုကြသည်။ သူဌေးကြီးက စွဲချက်တခု ထပ်မံတင်လာ၏။

"ကောင်းပါပြီ....၊ ဤသို့ဆိုလျှင် ထိုစကားသည် ဝိသာခါ၏ အပြစ်မဟုတ်က, ရှိပါစေဦးတော့၊ သို့ရာတွင် ဝိသာခါသည် တနေ့သောည သန်းခေါင်ယာမ် အချိန်မတော်၌ ကျွန်မိန်းမ-ကျွန်ယောကျ်ား များစွာတို့ဖြင့်၊ အိမ်နောက်ဖေးသို့ ဆင်းသွားခဲ့သည်ကား အပြစ်မဟုတ်ပါလော....၊ မတော်သော အမှုကို ပြုလုပ်ကျူးလွန်ခြင်း မဟုတ်ပါသလော...."

ထိုအခါ၌လည်း ဝိသာခါက, အေးဆေးစွာ ပြန်ဖြေသည်။

"ကျွန်မ - အိမ်နောက်ဖေးသို့ အချိန်မတော် ဆင်းသွားသည်မှာ ယောကျ္ာမသူဌေးကြီး ထင်မှတ်နေသကဲ့သို့ မဟုတ်ပါ။ ထိုနေ့ထိုအချိန်တွင် မြည်းမ က, အာဇာနည် မြင်းငယ်ကို မွေးဖွားသဖြင့် မြည်းမ,ကို ချီးမြှောက်သောအားဖြင့်၊ ကိုယ်လက် သန့်စင်ခြင်း၊ အိပ်ရာနေရာ ပြုပြင်ပေးခြင်း စသည်တို့ကို သွားရောက် အကူအညီပေးခြင်းသာ ဖြစ်ပါသည်။

သူဌေးကြီးက တတိယမြောက် စွဲချက်တခု တင်လာပြန်၏။

"ဤသည်မှာလည်း အပြစ်မဟုတ်လျှင် ရှိပါစေဦးတော့....၊ သို့ရာတွင် ဝိသာခါသည် အကျွန်ုပ်အိမ်သို့ လိုက်ပါရမည့်နေ့ ညဘက်အချိန်၌၊ သူ့ ဖခင်ဖြစ်သူက, သူ့ကို မှာထားလိုက်သော စကားများမှာမူ အပြစ်ရှိနေသော စကားများချည်းသာတည်း။

"ဝိသာခါ...၊ သင်၏ ဖခင်ဖြစ်သူက၊ ထိုနေ့ ညအချိန်၌ လင့်အိမ်သို့ လိုက်ရသော မိန်းမတို့မည်သည် အတွင်းမှမီးကို အပြင်

စန်းမြင့်ထွန်း

မထုတ်ရ၊ အပြင်မှ မီးကို အတွင်းမသွင်းရဟူ၍ သွန်သင်မှာထား လိုက်သည် မဟုတ်လော....။

" အသင်လူကြီးများ....၊ အသင်တို့ စဉ်းစားကြည့်ကြပါ၊ အကျွန်ုပ်တို့သည် ကိုယ့်တဦးတည်း ကိုယ့်တအိမ်ချည်းသာ နေရသည်မဟုတ်၊ အခြား အိမ်နီးချင်းများနှင့်အတူ ယှဉ်တွဲနေထိုင်ရခြင်းဖြစ်ပါသည်။ ဝိသာခါ၏ဖခင် မှာထားလိုက်သည့်အတိုင်း ကိုယ့်အိမ်က မီးကို အပြင်မထုတ်ရဟူသည်၊ ဖြစ်နိုင်ပါအံ့လော....။

" အပြင်က မီးကို အတွင်း မသွင်းနှင့် ဆိုသည်မှာလည်း ဖြစ်နိုင်ပါအံ့လော....၊ ကိုယ့်အိမ်က မီး ငြိမ်းသွားခဲ့လျှင် သူများအိမ်က မီးကို ယူသင့် ယူရမည်။ သူများအိမ်မှာ မီးငြိမ်းသွားလျှင်လည်း၊ ကိုယ့်အိမ်က မီးကို ပေးသင့် ပေးရမည်သာ မဟုတ်ပါလော....။

" အသင်လူကြီးများ...၊ ဝိသာခါ၏ဖခင် ဓနဉ္စယသူဌေးက, ဝိသာခါအား မှာထားလိုက်သည်များမှာ၊ ယခု စကားမျှသာ မဟုတ်သေးပါ။

**ပေးသောသူအားသာ ပေးအပ်၏**

**မပေးသောသူအား မပေးအပ်**

**ပေးသောသူအားရင်း၊ မပေးသောသူအားရင်း ပေးအပ်၏**—ဆိုသည်များလည်း ရှိပါသေးသည်။

" ဤ စကားများမှာလည်း လူတိုင်း နားလည်နိုင်သော အဖြောင့်အမှန် စကားများ မဟုတ်သဖြင့် အကျွန်ုပ်မနှစ်သက်နိုင်ပါ။ ဝိသာခါသည် ဤစကားများကို နားထောင်လိုက်နာ

စန်းမြင့်ထွန်း

သောအားဖြင့်လည်း၊ မရိုးသားသူ၊ အပြစ်ရှိနေသူ ဖြစ်ပါသည်” ဆိုချေ၏။

## ရည်ညွှန်းရင်း အဓိပ္ပါယ်

ထို - စွပ်စွဲချက်များအတွက် ဝိသာခါက, ဤသို့ ပြန်လည် ဖြေရှင်းပြလေသည်။

၁

“အသင် သူဌေးကြီး....၊အကျွန်ုပ်၏ဖခင် ဆိုအပ်သည်မှာ၊ ပကတိသော မီးကို ဆိုခြင်းမဟုတ်ပါ၊ မိမိ၏ အိမ်တွင်းရေး လျှို့ဝှက်ဖုံးဖိအပ်သည်များကို အခြားသူ တစိမ်းများ မသိပါစေနှင့်။ ထုတ်ဖော်မပြောနှင့်ဟူ၍ ရည်ညွှန်းပြောဆို ခြင်းသာ ဖြစ်ပါသည်။

၂

“အခြားသူတို့၏ အိမ်တွင်းရေးကိုလည်း ထို့အတူသာ ဖြစ်ပါသည်။ မိမိအိမ်တွင်းသို့ အကူးစက် မခံနှင့်၊ သူတပါး အရှုပ်ကို ကိုယ့်အရှုပ် မဖြစ်စေနှင့်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

၃

“ပေးသောသူအားသာ ပေးအပ်၏ ဟု ဆိုသည်မှာကား၊ ကိုယ့်ထံမှ ချေးငှားသွားသော ပစ္စည်းဥစ္စာများကို၊ ကိုယ့်အထံ ပြန်လည်ပေးဆပ်သူ၊ ရိုးသား ဖြောင့်မှန် သူ များ ကို ရည်ညွှန်း ပြောဆိုခြင်း ဖြစ်ပါသည်။

စန်းမြင့်ထွန်း

၄

" မပေးသောသူအား မပေးအပ် ဆိုသည်မှာကား၊ ချေးငှားသွားသည်များကိုပြန်၍မပေးသော၊ကတိမတည် ဖြောင့်မှန်ရိုးသားခြင်း မရှိသူများကို ရည်ညွှန်း ဆိုလိုရင်း ဖြစ်ပါသည်။

၅

" ပေးသောသူအားငှင်း၊ မပေးသောသူအားငှင်း၊ ပေးအပ်၏ ဆိုသည်မှာကား၊ ရဟန်းသံဃာ အစရှိသော အလှူခံ ပုဂ္ဂိုလ်များကိုငှင်း၊ ဆင်းရဲချို့တဲ့သူများကိုငှင်း၊ သူတို့အထံမှ တုန့်ပြန်မှုရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပေးရမည်၊ လှူရမည်ဟူ၍ ဆိုလိုရင်းဖြစ်ပါသည်။

၆

" ချမ်းသာစွာ နေထိုင်အပ်၏ ဆိုသည်မှာ၊ ယောက္ခမ နှစ်ဦးနှင့် မိမိ၏ လင်ယောကျ်ားဖြစ်သူတို့အား လျော်ကန် လျောက်ပတ်စွာ ရိုသေလေးစားအပ်ခြင်း၊ နေရာထိုင်ခင်း စီစဉ်ပြုလုပ် ပေးရခြင်းကို၊ ဆိုလိုရင်း ဖြစ်ပါသည်။

၇

"ချမ်းသာစွာ စားအပ်၏ ဆိုသည်မှာလည်း ထို့အတူ ပင်ဖြစ်ပါသည်။ ယောက္ခမ မိဘများနှင့် လင်ယောကျ်ား ဖြစ်သူတို့ သုံးဆောင် စားသောက် ပြီးမှသာလျှင်၊ ထို သူတို့ကို ကောင်းစွာ ပြုစုကျွေးမွေးပြီးမှသာလျှင်၊ မိမိက ဖြစ်သလို ကြုံသလို စားသောက်ရမည်ကို ဆိုလိုခြင်းဖြစ် ပါသည်။

စန်းမြင့်ထွန်း

၈

"ချမ်းသာစွာ အိပ်စက်အပ်၏ ဆိုသည်မှာကား၊ သိမ်မွေ့နူးညံ့စွာသော အိပ်ယာနေရာ အခင်းအကျင်း ပေါ်တွင်၊ စည်းစိမ်ပြီး အလိုရှိတိုင်း အိပ်စက် လဲလျောင်းနေရန်ကို ဆိုလိုခြင်းမဟုတ်။

"လူကြီးမိဘများနှင့် လင်ယောကျာ်း ဖြစ်သူတို့ကို၊ ခြေဆုပ်လက်နယ် ပြုစုပြီး အိပ်ယာနေရာ ပြင်ဆင်ခင်းကျင်းပေးပြီး၊ ထိုသူတို့ အိပ်စက်သွားကြသည့် အခါမှသာလျှင် မိမိက အိပ်ယာထက်သို့ ဖြေးညှင်းသက်သာစွာ ဝင်ရောက် အိပ်စက်ရမည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

၉

"မီးကို လုပ်ကျွေးအပ်၏ ဆိုသည်မှာ၊ ပကတိသော မီးမဟုတ်ပါ။ ယောက္ခမ မိဘ နှစ်ပါးနှင့် ကျေးဇူးရှင် လင်ယောကျာ်းတို့ကို မီးပုံကြီးကဲ့သို့ရင်း၊ နဂါးမင်းကြီးကဲ့သို့ရင်း၊ ကြောက်ရွံ့လေးစားခြင်း၊ ရိုသေစွာ ဆက်ဆံပြုမူခြင်း ရှိရမည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

၁၀

အိမ်တွင်းနတ်ကို ရှိခိုးအပ်၏ ဆိုသည်မှာလည်း ထို့အတူပင် ဖြစ်ပါသည်။ လူကြီး မိဘ နှစ်ပါးနှင့် လင်ယောကျာ်းကို ရိုသေကျိုးနွံသော အားဖြင့် ထိုသူတို့၏ စီမံခန့်ခွဲမှု၊ သွန်သ[illegible]နှံပြုမှုကို၊ ကောင်းစွာ နာခံ လိုက်နာရမည်ကို ဆိုလိုခြင်းဖြစ်ပါသည်"

ဤသို့ ကျနသေချာ ရှင်းပြပြီးနောက်ပိုင်းတွင်ကား၊ မိဂါရသူဌေးကြီးသည် ချွေးမဖြစ်သူ ဝိသာခါအပေါ်တွင် ကျေနပ်နားလည်မှု ရရှိသွားခဲ့လေသည်။ သို့ဖြင့်ပင် ဝိသာခါ ခွင့်ပန်အပ်သည့်အတိုင်းလည်း ဗုဒ္ဓဂေါတမ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ခွင့် ပြုခဲ့သည်။

**မိဂါရမာတာ ဝိသာခါ၊**

ဝိသာခါ ပင့်လျှောက်အပ်သည့်အတိုင်း ဝိသာခါ ရှိနေရာ မိဂါရသူဌေးကြီး နေအိမ်သို့ မြတ်စွာဘုရားသခင် ကြွလာတော်မူသောအခါ သူဌေးကြီးသည် တင်းတိမ်နောက်ကွယ်သို့ ဝင်ရောက်နေခဲ့သည်။

သို့သော် မြတ်စွာဘုရား၏ တရားတော်အဆုံးတွင်ကား မိဂါရသူဌေးကြီးသည် **သောတာပန်ပုဂ္ဂိုလ်** ဖြစ်သွားရလေသည်။

သို့ဖြင့်ပင် ကြီးစွာသော လှိုက်လှဲဝမ်းသာခြင်းဖြင့် တင်းတိမ်တွင်းမှ အဆောတလျင်ထွက်ကာ၊ ချွေးမ ဖြစ်သူ ဝိသာခါ၏ အသားမြတ်ကို ရုတ်တရက် ဆွဲယူ စုပ်လိုက်သည်။ နောက်- ဤသို့လည်း သဒ္ဓါကြည်နူး ချီးကျူးပြောဆိုပြန်သည်။

"ချစ်သမီး ဝိသာခါ....၊ ချစ်သမီး၏ ကျေးဇူးကား အလွန်ပင် ကြီးမားလှစွာတကား....၊ ကြီးမားလှစွာတကား ။ ငါသည် ချစ်သမီးကြောင့်သာလျှင် ဤသို့သော အမှန်တရားကို သိနားလည်ရပေသည်။ ယနေ့မှစ၍ ချစ်သမီးသည် ငါ၏မိခင်အရာ၌ တည်အပ်ပြီ....၊ ချစ်သမီးသည် ယနေ့မှစ၍ **ငါ့ မိခင်ပါတည်း....၊ ငါ့မိခင်ပါတည်း....**"

စန်းမြင့်ထွန်း

ဤသို့ဖြင့်ပင် ဝိသာခါသည် ထိုနေ့ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏ မိခင်အရာ၌ တည်အပ်သော၊ တည်နေအပ်ခြင်းကို အကြောင်းပြု၍ "မိဂါရမာတာ ဝိသာခါ" ဟူ၍ အမည်တွင်ခဲ့ရလေသည်။

## အပါယ်ဆင်းရဲမှ လွတ်ကင်းရာ

မိဂါရသူဌေးကြီးသည် ဝိသာခါကို သို့လျှင် လှိုက်လှဲဝမ်းသာ ချီးကျူးပြီးနောက် မြတ်စွာဘုရားအထံ ရောက်သွားပြန်သည်။ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်သည်၊ လက်ဖြင့်ဆုပ်နယ်သည်၊ အာခံတွင်းဖြင့် ငုံသည်။

နောက် ဤသို့လည်း ဝမ်းမြောက် ကြည်ညိုခြင်းကြီးစွာ ထုတ်ဖော် လျှောက်ထားပြန်သည်။

"ဘုန်းတော် အလွန် ကြီးမြတ်တော် မူလှသော၊ မြတ်စွာဘုရား....၊ တပည့်တော်ကား – **မိဂါရ** ပါတည်း **မိဂါရ**ပါတည်း၊ **မိဂါရ** ပါတည်း....။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် ဤမျှလောက်သော ကာလပတ်လုံး ဤသာသနာတော်မြတ်အား ပေးလှူခြင်းမည်သည်၊ အကျိုးကြီးမြတ်လှပေ၏ ဟူ၍ မသိမိပါ ဘုရား....။

"ယခုအခါ၌ကား– တပည့်တော်၏ ချွေးမကို အမှီပြု၍ သိအပ်ပါပြီ။ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်ကင်းရပါပြီ။

"အရှင်မြတ်ဘုရား....၊ ဤအိမ်သို့ ရောက်လာသော တပည့်တော်၏ချွေးမ 'ဝိသာခါ' သည် တပည့်တော်၏ အကျိုးများခြင်းငှာ၊ စီးပွားတိုးတက်ခြင်းငှာ၊ ချမ်းသာကြီးခြင်းငှာ ရောက်လာရခြင်းပင် ဖြစ်ပါတော့သည် ဘုရား...."

## ကြွားဖြတ်တွေးခေါ်ဝေဖန်ဘွယ်

ဤနေရာ၌ မိဂါရသူဌေးကြီး အပြုအမူ (ဝိသာခါ၏နို့ကို သောက်စို့သည်ဆိုခြင်း)နှင့် ပတ်သက်၍ ကြွားဖြတ်တွေးခေါ် ဝေဖန်ဘွယ်တခု ဆက်စပ်တင်ပြလိုပေသည်။

မျက်မှောက်ကာလ တွေးခေါ်ဝေဖန်ရေး သဘောအားဖြင့်မူ၊ ပကတိသော ရင်နို့မဟုတ်၊ အသားမြတ်ကို စုပ်ငုံခြင်း မဟုတ်၊ တရားတည်းဟူသော နို့ရည်ကိုသာ တင်စား ဆိုညွှန်းရင်း ဖြစ်ပါသည်ဟု ဆိုကောင်း ဆိုကြပေလိမ့်မည်။

ဤ အဆို အညွှန်း သည် ကြောင်း ကျိုး ဆက် စပ် မှု အ ရ လျော်ကန် လျောက်ပတ်နေသည်လည်း အမှန်ပင် ဖြစ်ပေသည်။

သို့ရာတွင် ဘဝတသက်တာလုံး၊ တိတ္ထိတက္ကတွန်းတို့၏ အယူဝါဒတွင်သာ တွေဝေ မျောပါလာခဲ့ရသော မိဂါရသူဌေးကြီး အဖို့၊ အမှန်တရားကို သိမြင်နားလည်ခဲ့ရခြင်းနှင့် ပတ်သက်၍ ပီတိသောမနဿ - ကြီး စွာ သော ဝမ်း မြောက် ခြင်း သဘော အားဖြင့်ကား —

"အော်....၊ ငါသည်ကား ဤရွှေဤမျှ သက်ရွယ် ကြီးရင့်လာခဲ့ပါလျက်လည်း၊ အမှန်တရားကို မသိခဲ့ရ

ပန်းမြင့်ထွန်း

ပါလေတကား....၊ ကြောင်းကျိုးလျော်ကန် ဖြောင့်မှန် မြင့်မြတ်ခြင်း မရှိသော အယူဝါဒတွင်သာ အကျိုးမဲ့ ကြင်လည် မျောပါခဲ့ရပါချေတကား။

"ယခုမှသာလျှင်၊ ဤ-ချွေးမဖြစ်သူကို အမှီပြု၍ ဗုဒ္ဓမြတ်စွာဘုရား၏ အမှန်တရားကို သိနားလည်ရပါ ပေသည်။ ထိတွေ့ခံစားခွင့် ရအပ်ပါပေသည်။

"ဤသို့သော ဂုဏ်ကျေးဇူး၊ ထူးမြတ်လှပေသော အဖြစ်ကြောင့်ပင်လျှင်၊ ဝိသာခါသည်-စင်စစ် ငါ၏ မိခင်ပမာ-မိခင်သဖွယ်သာ ဖြစ်ခဲ့ပါချေတကား...."

ဤသို့သော သဒ္ဓါညွတ်နူးမှုဖြင့်သော်၊ **မိခင်**ဟူသော ယုံမှတ်မှုဖြင့် အကယ်ပင် အသားမြတ်စင်စစ်ကို၊ ယူငင်စုပ်ငုံခြင်းလည်း ဖြစ်နိုင်ကောင်းပေသည်။

## တိုက်ဆိုင်သော အကြောင်းတခု

ဤအကြောင်းကို ယခုကဲ့သို့ ချဲ့ထွင် ဖော်ပြရခြင်းမှာ အခြားကြောင့်မဟုတ်၊ဤမိဂါရမာတာသူဌေးကြီးအကြောင်းကို ရေးနေစဉ် အတွင်းမှာပင်၊ တိုက်ဆိုင်သော အကြောင်းတခု ဆက်စပ်ပေါ်ပေါက် လာသောကြောင့် ဖြစ်၏။

စာဖတ်သူများ အကျိုးငှာ၊ ထို တိုက်ဆိုင်မှု (သို့မဟုတ်) မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး အကြောင်း တရပ်ကို ဆက်စပ် ဖော်ပြပါရစေဦး....။

ဤ စာရေးသူတွင် ငယ်ဆရာတဦး ရှိ၏။ စာပေ အတတ် ပညာသာ မဟုတ်သေး၊ လူမှုရေး လောကသဘာဝမှ အစ၊

စန်းမြင့်ထွန်း

ငယ်စဉ်ကတည်းက သင်ပြလမ်းညွှန်လာခဲ့သူ ဖြစ်၏။ ခေတ်ပညာတတ်-စိတ် သဘော ကောင်း၊ ဤ စာ ရေး သူ၏ ကျေးဇူးရှင် အစစ်ကြီးဖြစ်၏။

တနေ့တွင် ကိုတင်မြွှော်လင့် မယားပါသဲလျက်၊ ထို ဆရာဖြစ်သူနှင့် တွေ့ဆုံ ကြုံကြိုက် မိ၏။

လိုက် လှဲ ဝမ်း သာ နှုတ် ဆက် ကြ ၏။ နောက်-ကျွန်ုပ်က **'ဗုဒ္ဓခေတ် ပြဿနာများ'** စာမူ ရေးနေကြောင်း ပြောပြသလို၊ သူကလည်း-ရွှေတိဂုံဘုရား ခြေတော်ရင်းမှ **အင်းလေးဓမ္မာရုံတွင် အဘိဓမ္မာသင်တန်း** ဟက်နေကြောင်း ပြောပြ၏။

ထိုစဉ်မှာပင် မြတ်စွာဘုရားသခင်၏ ဉာဏ်တော်အကြောင်းကို အဘိဓမ္မာသင်တန်းနှင့် စပ်လျဉ်းကာ၊ ဆရာဖြစ်သူက ကျွန်ုပ်အား အားပါးတရ တအံ့တသြ ထုတ်ဖော် ပြောပြလာခြင်း ဖြစ်လေသည်။

## ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ

"ငါ့ကွာ....၊မင်း သိတဲ့အတိုင်းဘဲ၊နောက် နောက်က,စာတွေဘာတွေလဲ-ရေးလာ၊ အလုပ်ကြီး အကိုင်ကြီးတွေလဲ လုပ်လာဆိုတော့၊ ငါ့ကိုယ်ငါ ပိုလွန်ပြီး အထင်မကြီးဘူးထား၊ အထင်တော့ မသေးပါဘူး၊ ရှိသင့်သလောက်ရှိ- ဟုတ်သင့်သလောက် ဟုတ်နေတယ်လို့ ထင်ခဲ့တာဘဲ။ ယုံကြည်ခဲ့တာဘဲ။

"တကတဲ - အခု အဘိဓမ္မာသင်တန်းတက်ပြီး ဘုရားဟောခဲ့တာတွေ တဆင့် ပြန်ကြားရ သင်ရတော့မှဘဲ၊ ဘုရားရဲ့ ဉာဏ်တော် - ဘုရားရဲ့ ထူးခြားမှုတွေ.... အတိအကျ သိရပြီး၊

ငါ့ကိုယ်ငါ ဘာမှ မဟုတ်ပါလား....၊ ဘုရားသိတာနဲ့ ငါတို့သိတာနဲ့ဆိုရင် မြင့်မိုတောင်နဲ့ဇီးစိ ဘယ်လိုမှ နှိုင်းယှဉ်လို့ ဆက်စပ်လို့ မရပါကလားလို့ တအံ့တဩ သဘောပေါက်လာရတယ်။

“ကဲ - မင်းဘဲစဉ်းစားကြည့်စမ်းပါအုံး၊ အဘိဓမ္မာတရားမှာ စိတ်နဲ့ စေတသိက် - ဘယ်လိုယှဉ်တယ်၊ ဘယ်လို အကြောင်းဆက်စပ်တယ်၊ စိတ်ရယ်လို့ ဖြစ်ပေါ်ဘို့အတွက် - စေတသိက်က ဘယ်လို လှုံ့ဆော် တိုက်တွန်းရတယ်။ ရုပ် - နှစ်ဆယ့် ရှစ်ပါး ဆိုတာက၊ ဘယ်လိုဖြစ်တယ်။

“ပြီးတော့ ဘဝင်စိတ် ဆိုတာက ဘယ်လို၊ အကုသိုလ်စိတ် - ကုသိုလ်စိတ် ဆိုတာကဘယ်လို၊ အဲဒါတွေကလဲ သိမ်မွေ့နက်နဲလိုက်တာကိုကွာ....၊ တကယ်တမ်း လက်တွေ့ သင်ကြည့် နာကြည့်ရတော့မှဘဲ၊ “အော်.... ဒို့ငယ်ငယ်တုန်းက ရွာကျောင်း မှာစာသင်တော့ ကျောင်းမတက်ခင် ဘုရားရှိခိုးရတဲ့ အခါမှာဘုန်းတော်အနန္တ - ကံတော်အနန္တ - ဉာဏ်တော်အနန္တရယ်လို့ဆိုခဲ့ရတာတွေဟာ၊ ဒါပါကလား.... လို့ ပြန်ပြီး တွေးမိလာတယ်။

“ကဲ - ဒါတွေ ထားပါတော့လေ၊ မင်းကလဲ - ငါ့လိုဘဲ ဘုန်းကြီးကျောင်းတောင် နေခဲ့ဘူးတာ မဟုတ်တော့၊ဒါတွေကို ခုချက်ခြင်းလဲ - နားလည်တတ်မှာ မဟုတ်ဖူး။

“နောက်ဆုံး ငါပြောချင်တာ တခုရှိတယ် -လောကဓံတရား၊ လူတိုင်း လူတိုင်း ဘသူမှ မကင်း နိုင်တဲ့ လောကဓံတရား၊ အဲ့ဒီ လောကဓံတရားကို ရင်ဆိုင်တယ်၊ ကြံ့ကြံ့ခံတယ် ဆိုတာကလဲ၊ဟိုတုန်းကတော့ စိတ်ကူးယဉ် သဘောမျိုးဘဲ၊ စကားလုံး အလှအပ တင်စားမှု သဘောမျိုးလောက်ပဲ။

နေမြင့်ထွန်း

“ တကယ်တမ်းမတော့ - ရမ်းသမ်း ကျိတ်မှိတ်ပြီး ခံရတာဘဲ၊ ဘာမှလဲ သိတာမဟုတ်ဖူး၊ ဘယ်လို နှလုံးသွင်းရမယ် - ဆင်ခြင်ရမယ်လို့လဲ သိတာမဟုတ်ဖူး။ သင်္ကြန်တွင်း ရေပက်ခံထွက်တဲ့ လူတွေလိုဘဲ၊ ပါး စပ် က သာ ရီ တာ ပေါ့....၊ ရီတာပေါ့.... အော်နေရတယ်၊ လူကတော့ ကြွက်စုတ် ဖြစ်နေပြီ။

“ အဲ - ခုတော့၊ ဒီ လောကဓံတရားကို ခံနိုင်ဘို့ ခံတတ်ဖို့ ဆိုတာ၊ဘုရားကကို - သင်ပေးလိုက်တာဗျား....၊ဘယ်ပုံဘယ်နည်း ခံရမယ်ဆိုတာ သေသေချာချာကို သင်ပေးလိုက်တာဗျား။

“ မင်း – စဉ်းစားကြည့်လေ....၊ **ပုညာဘိသင်္ခါရ - အပုညာဘိ သင်္ခါရ....**တဲ့။

“ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းတွေနဲ့ ပြည့်စုံခဲ့တာ၊ကျော်စော ထင်ရှားခဲ့တာဆိုတဲ့ ‘ပုညာဘိ သင်္ခါရ’ အမှုတွေကိုလဲ မင်းဘဲ လုပ် ခဲ့ တ ာဘဲ။ တန်ခိုးဂုဏ်သိရ် – စည်းစိမ်ပျက်ပြား - သိမ်ငယ် နွမ်းပါးသွားရတယ်ဆိုတဲ့ ‘အပုညာဘိ သင်္ခါရ’ အမှုတွေကိုလဲ၊ မင်းဘဲ - လုပ်ခဲ့တာဘဲ။ အဆုံးမတော့ ကံ - ကံ၏ အကျိုးတရား တွေပေါ့။

“ ဟော - မြတ်စွာဘုရား လက်ထက်တော်က ဝိသာခါတို့ ကျတော့ ကြည့်စမ်း....၊ အသက် တရာ့နှစ်ဆယ် ရှည်ရုံသာ မဟုတ်သေးဘူး၊ ဆံပင်တချောင်း မဖြူဘူး၊ သမီးတွေ မြေးမ တွေနဲ့ အတူနေတဲ့အခါ၊ ဘယ်သူဟာ ဝိသာခါ ကျောင်းအမ ကြီးဘဲလို့တောင် မရွေးနိုင် - မခွဲခြားနိုင်ဘူးဆို မဟုတ်လား။

"အဲဒီလို ဖြစ်ရတာဟာ၊ ဘ၀ အဆက်ဆက်က အင်မတန် မြင့်မြတ်စင်ကြယ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးတရား ပေါ့...."

ထိုအခါတွင်ကား၊ ကျွန်ုပ်က စကားစ,လိုက်သည်။

"အဲဒါ တိုက်တိုက်ဆိုင်ဆိုင်ဘဲ၊ ကျွန်တော့် စာအုပ်ထဲမှာကို အဲဒီ ဝိသာခါအကြောင်း ပါနေတယ်"

"ဟုတ်လား....၊ ကောင်းတာပေါ့၊ ဒါထက် မင့်ရည်ရွယ် ချက်က...."

"ရည်ရွယ်ချက်က ဝတ္ထုကြောင်း သဘောမျိုးလဲ ဖြစ်စေ တော့၊ အားကျ အတုယူနိုင်ကြဘို့လဲ တကြောင်းပေါ့"

"ကောင်းပါ့ဗျာ....၊ ဒါဆိုရင် မင်း စာရေးရကျိုး နပ်ပြီ"

"ဒါပေမယ့် – တခုတော့ ရှိနေတယ်"

"ဘာတခုလဲ...."

"ဒီလိုလေ၊ အဲဒီ ဝိသာခါ ဒါယိကာမကြီး အကြောင်း ထဲမှာ သူ့ယောက္ခမ မိဂါရ သူဌေးကြီးက၊ မြတ်စွာဘုရား တရားတော်ကို နာရတော့၊ ချွေးမဖြစ်သူ ဝိသာခါကို ကျေးဇူး ဟင်လွန်းလို့ ဝိသာခါရဲ့ အသားမြတ်ကို ဖြူးကနဲ ဆွဲယူတဲ့ပြီး"

"အော် ... သိဘီ - သိဘီ - ငါ နားလည်ပါဘီ၊ မင်းက အဲဒါကို လက်မခံနိုင်ဘူး - ဒီလိုလား"

"လက်မခံနိုင်ဘူးရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်...."

"ထားပါတော့လေ....၊ မင်း သဘောကို ငါ သိပါတယ်၊ တခုတော့-စဉ်းစားစရာ ရှိတယ်ကွ၊ စောစောက ငါကိုယ်တိုင်ဘဲ ပြောခဲ့တယ် မဟုတ်လား။ အဘိဓမ္မာသင်တန်း တက်ကြည့်တော့

စန်းမြင့်ထွန်း

ဘုရားရဲ့ ကံတော်အနန္တ - ဉာဏ်တော်အနန္တ ဆိုတာတွေကို ကောင်းကောင်းကြီး ပြန်ပြီး စဉ်းစားအံ့သြမိတယ် ဆိုတာလေ။

"ကဲ - တိုတိုဘဲ ပြောကြပါစို့ကွာ....၊ ငါ့လို တဆင့်ခံ အဘိဓမ္မာသင်တန်း တက်ရဘဲ့သူကတောင် မြတ်စွာဘုရားရဲ့ ဉာဏ်ပညာ သဘောကို ဒီလောက် ကြည်ညိုအံ့သြ ဖြစ်ရတယ် ဆိုရင်၊ ဘုရားစင်စစ်ကို ကိုယ်တိုင် မျက်မြင် ဖူးတွေ့နာကြား ခဲ့ရတဲ့ မိဂါရသူဌေးကြီးအဖို့မှာ...."

ဆရာသည် ကျွန်ုပ်ကို အကဲခတ်သည့်ပမာ၊ စကားဖြတ်ပြီး တွေကြည့်နေသည်။ ဆရာ့အာဘော်ကို ကျွန်ုပ် ကောင်းကောင်း ကြီး ရိပ်စားမိပါသည်။

ထိုစဉ်မှာပင် ဆရာက စကားဆက်လိုက်သည်။

"နောက်ဆုံးမတော့၊ အသားမြတ်စင်စစ်ဘဲ ဖြစ်ဖြစ်၊ ဟာရား တည်းဟူသော နို့ရည်လို့ တင်စားဖွဲ့ဆိုတာဘဲဖြစ်ဖြစ်၊ လိုရင်း ကတော့ ဘုရားအပေါ်မှာ မိဂါရသူဌေးကြီးရဲ့ သဒ္ဓါကြည်ညိုမှု ထက်သန်ပြင်းပြတာကို၊ ကောင်းစွာ သိနားလည်ရတာသာ လိုအပ်ရင်း မဟုတ်လား။

"အဲဒီတော့ ဒီအကြောင်းဟာ စာဖတ်သူများမှာ - မုချ ကောင်းကျိုး ဖြစ်ထွန်းပါတယ်၊ မင့်မလဲ စာရေးသူတာဝန် ကျေပါတယ်။ ငါ သာဓုခေါ်ပါတယ်ကွာ...၊ နောက်ကိုလဲ အဲဒါမျိုးတွေ ကြိုးစားပြီး ရေးစမ်းပါ"

ဆရာ့စကားသည် ကျွန်ုပ်၏ သဒ္ဓါတရားကို မြေတောင် မြှောက်ပေးလိုက်သည့်နှယ် ရှိတော့သည်။ ငယ်စဉ်ကတည်းက ကောင်းမြတ်ရာကိုသာ သွန်သင်ညွှန်ပြလာခဲ့သော ဆရာ့ဂုဏ်

ဒေါ်မြင့်ထွန်း

ကျေးဇူးကို၊ ဤစာ ရေးနေစဉ်မှာပင် အလေးအမြတ် ဦးခိုက် အပ်ပါ၏။

သို့နှင့် အမျှလည်း ဝိသာခါ ဒါယိကာမကြီး အကြောင်းကို ပြန်ကောက်ရဦးမည်။ ကြားဖြတ် ဝေဖန် တွေးခေါ်မှုကဏ္ဍ အတွက် တခဏတာမျှ အဆက်ပြတ်သလို ဖြစ်သွားရသော၊ ကောင်းမှုရှင် ဝိသာခါ ဒါယိကာမကြီး၏ သဒ္ဓါတရား ကြိုးစား အားထုတ်မှုများကို တဖန်ပြန်လည်၍ တင်ပြရပေဦးမည်။

## ဆုတောင်းပြည့်ချိန်

ဝိသာခါ ဒါယိကာမကြီးသည်၊ မြတ်စွာဘုရားနှင့် သံဃာတော်များ သီတင်းသုံးရန် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်း ပြီးသွားသောအခါ၊ သား သမီး မြေးမြစ် အပေါင်းတို့နှင့်အတူ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ပြာသာဒ် အဆောင်ဆောင်၊ နေရာ အသီးသီး သို့ပင် အနှံ့အစပ် လှည့်ပတ်ကြည့်ရှုကာ မိမိ၏ကောင်းမှုကို အလွန်အကြူး ကြည်နူး ဝမ်းမြောက်နေခဲ့သည်။ နောက်နောက်က တောင့်တ ရည်မှန်းခဲ့သည့် ဆုနှင့်လည်း ပြည့်စုံရပေပြီ - တွေးမိသည်။

သို့ဖြင့်ပင် ကျောင်းအမကြီး ဝိသာခါသည် ဤသို့သော ဥဒါန်း စကားများကို အားရဝမ်းသာ - ထုတ်ဖော်ကျူးရင့်ခဲ့လေသည်။

စန်းမြင့်ထွန်း

## ကျောင်း အလှူ

“ ငါသည် အ ဘယ် သော အ ခါ ၌ ထုံး အင်္ဂတေ မြေဖြူမြေနီတို့ဖြင့် လိမ်းကျံအပ်သော၊ နှလုံးမွေ့လျော် ပျော်ဘွယ်လည်း ရှိထသော၊ ပြာသာဒ်ဟု ဆိုအပ်သော ကျောင်းအလှူကို ပေးလှူရပါအံ့နည်းဟူ၍ တောင့်တခဲ့ ရသော အကြံသည် ယနေ့ ပြည့်ဝခဲ့လေပြီ ”

## အသုံးအဆောင်အလှူ

“ ငါသည် အဘယ်သောအခါ၌ ညောင်စောင်း အင်း ပျဉ် လည်း ဖြစ် သော၊ နေ ရာ ထိုင် ( အ ခ င်း ) ခေါင်းအုံးတို့လည်းဖြစ်ကုန်သော၊အိပ်ရာနေရာ ကျောင်း ဘဏ္ဍာ ( အသုံးအဆောင် )ကို ပေးလှူရပါအံ့နည်းဟူ၍ တောင်တခဲ့ရသော အကြံသည်၊ ယနေ့ ပြည့်ဝခဲ့လေပြီ”

## ဆွမ်းဘောဇဉ်အလှူ

“ ငါသည် အဘယ်သောအခါ၌ သန့်ရှင်းစင်ကြယ် သည့် ငါး အမဲတို့ဖြင့် ပြွမ်းသော၊ စာရေးတံဆွမ်း အစရှိသော ဘောဇဉ်ဟူသော အလှူကို၊ ပေးလှူရပါ အံ့နည်းဟူ၍ တောင့်တခဲ့ရသော အကြံသည်၊ ယနေ့ ပြည့်ဝခဲ့လေပြီ ”

## သင်္ကန်းအလှူ

“ ငါသည် အဘယ်သောအခါ၌ ကာသိကရာဇ် တိုင်းဖြစ် - ခေါမတိုင်းဖြစ် သင်္ကန်းအလှူကို ပေးလှူရပါ

စန်းမြင့်ထွန်း

အံ့နည်းဟူ၍ တောင့်တခဲ့ရသော -အကြံသည်၊ ယနေ့ ပြည့်ဝခဲ့လေပြီ ”

## ဆေးဝါးအလှူ

“ ငါသည် အဘယ်သောအခါ၌ ထေ၀ပတ်ဆိဦ ပျားရေတင်လဲဟူသော ဆေးအလှူကို ပြုရပါအံ့ နည်းဟူ၍ တောင့်တခဲ့ရသော အကြံသည် ယနေ့ ပြည့်ဝလေပြီ ”

ဤကဲ့သို့ လှိုက်လှဲဝမ်းသာ ဥဒါန်းကျူးရင့်အပ်သော အခါ၌ အချို့သော ရဟန်းများက ဝိသာခါ ဒါယိကာမ, ကြီး အား အထင်လွဲမှားကြသည်။ သီချင်း သီဆိုသည် - အောက်မေ့မိကြသည်။

မြတ်စွာဘုရားကို ပြန်လည် လျှောက်ထားသော အခါ၌ “ ချစ်သား ရဟန်းတို့....၊ ငါ၏သမီး ဝိသာခါသည် စိတ်ဖောက်ပြန်သဖြင့် သီချင်းဆိုခြင်းမဟုတ်၊ ယနေ့အခါ၌ ဝိသာခါသည် သူ၏ဆုတောင်း အလုံးစုံ ပြည့်ဝခြင်းကြောင့်၊ ဝမ်းမြောက်ခြင်းကြီးစွာ ဥဒါန်းကျူးရင့် အပ်ခြင်းသာဖြစ်ပေသည်”ဟု ပြန်လည်ရှင်းပြတော်မူသည်။

ရဟန်းတို့က ဝိသာခါ၏ ရှေးဆုတောင်းကို သိပါရစေ - လျှောက်ထားကြသည်။ မြတ်စွာဘုရား ပြန်လည် ဟောကြားအပ်သည်မှာကား ၊ ဤသို့ဖြစ်လေသည်။

စန်းမြင့်ထွန်း

## ဝိသာခါ၏ ရှေးဆုတောင်း

ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌၊ မြတ်စွာဘုရားအား ပစ္စည်းလေးပါးတို့ ဆက်ကပ်လှူဒါန်းကာ၊ မြတ်စွာဘုရား၏ မိခင်သဖွယ် ဖြစ်နေသော ဒါယိကာမ တဦး ရှိခဲ့၏။

ဝိသာခါဖြစ်လာအံ့သော အခြား ဒါယိကာမ တဦးသည် ထို မိခင်သဖွယ် ဖြစ်နေသော ဒါယိကာမကို အားကျ နှစ်လိုကာ၊ မြတ်စွာဘုရားနှင့် တကွသော ရဟန်းတော် တသိန်းကို ခုနှစ်ရက် ပတ်လုံး ဆွမ်းလုပ်ကျွေးခြင်းပြု၏။ နောင်သောအခါ - ဤဒါယိကာမကဲ့သို့ပင် ဖြစ်ရပါစေသော..၊ ရှစ်ပါးသော ဆုတို့နှင့်လည်း ပြည့်စုံရပါစေသော*ဟု ဆုပန်ခဲ့၏။

နောက် - ကဿပ မြတ်စွာဘုရား လက်ထက်တော် - ကိကီမင်းကြီး၏ အထွေးဆုံးသမီး "သံဃဒါသီ" ဟူ၍ ဖြစ်စဉ်တွင်လည်း မြတ်စွာဘုရားအား ပစ္စည်းလေး ပါး တို့ဖြင့် မပြတ် လှူ ဒါန်း ဆက်ကပ်ကာ၊ နောင်ဘုရားတဆူတွင် မြတ်သော အလုပ်အကျွေး ဖြစ်ရပါစေသော....ဟု ထပ်မံ ဆုတောင်းခဲ့ပြန်၏။

---

* ၈ ပါး တောင်းခဲ့သော ဆုစ်ပါး

သံဃာအား မိုးရေခံ သင်္ကန်းကပ်လှူခြင်း၊ အာဂန္တုရဟန်းအား ဆွမ်းကပ်လှူခြင်း၊ ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း၊ နာသောရဟန်းအား ဆွမ်းလှူခြင်း၊ နာသူကို ပြုစုသောရဟန်းအား ဆွမ်းလှူခြင်း၊ နာသောရဟန်းအား ဆေးဝါးလှူခြင်း။ ယာဂုကပ်လှူခြင်း၊ ဘိက္ခုနီတို့အား ရေသနုပ်သင်္ကန်း - သင်းပိုင် - လှူခြင်းတို့တည်း။ ။

စန်းမြင့်ထွန်း

ဤသို့ဖြင့်သာလျှင် ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌ ပစ္စည်းလေးပါးတို့၏ အလှူရှင်၊ မြတ်စွာဘုရား၏ မိခင်အရာ၌ တည်နေအပ်သော၊ ခုနစ်နှစ်သမီးအရွယ် ကတည်းကပင် သောတာပန်တည်ခဲ့ရသော ကျောင်းအမကြီး **ဝိသာခါ**၊ **မိဂါရမာတာ ဝိသာခါ**ဟူ၍ ဖြစ်မြောက် လာခဲ့ရပေသတည်း။

## ကောင်းမြတ်မှု အားလျော်စွာ

စင်စစ်အားဖြင့်ကား၊ မြတ်စွာဘုရားသခင်သည် လောကဓမ္မတာ အကြင် လင်နှင့်မယားတို့အတွက် ကောင်းမြတ်မှု အားလျော်စွာ ချမ်းသာရကြောင်း နည်းလမ်းကောင်း သဘောကို လိုအပ် လျော်ကန်သည့်အတိုင်း ဟောကြား အပ်သည်များလည်း ရှိလေသည်။

ယခုဖော်ပြမည့် သုတ်တော်တွင် ထိုသဘောကို တွေ့သိနိုင်ပေသည်။

## အကြင်လင်မယား လေးမျိုး

## (ပဌမ သံဝါသ သုတ်)

အခါတပါး၌ မြတ်စွာဘုရားသည် မဓုရမြို့နှင့် ဝေရဥ္စာပြည် အကြားဝယ် ခရီးရှည် ကြွတော်မူ၏။ ထိုအခါ ခရီးအဘူသွား ဖော် သူကြွယ်လင်မယားတို့သည် သစ်ပင်ရင်း၌ နားနေတော် မူသော မြတ်စွာဘုရားကို ဝင်ရောက် ဖူးမြော်ကြကုန်၏။

ထိုသူကြွယ် လင်မယားတို့အား မြတ် စွာ ဘု ရား က ဤ သို့ မိန့်တော်မူ၏။

"အသင်ဒါယကာတို့...၊ အကြင်လင်မယားအဖြစ် အတူနေ ခြင်းဟူသည် လေးမျိုးရှိ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—

၁။ သူသေလင်သည် - သူသေ မယားနှင့် အတူ ပေါင်းသင်း နေ၏။

၂။ သူသေလင်သည် - နတ်သမီးမယားနှင့်အတူ ပေါင်းသင်း နေ၏။

၃။ နတ်သားလင်သည် - သူသေမယားနှင့်အတူ ပေါင်းသင်း နေ၏။

၄။ နတ်သားလင်သည် - နတ်သမီး မယားနှင့် အတူ ပေါင်း သင်းနေ၏။

## (၁) သူသေလင် - သူသေမယား

"အသင်တို့....၊သူသေလင်သည် သူသေမယားနှင့်အတူပေါင်းသင်းနေသည် ဆိုခြင်းမှာ အဘယ်သို့ ဖြစ်ပေသနည်း။ အသင်ဒါယကာတို့....၊ဤလောက၌ အချို့သောလင်ယောကျ်ားတို့သည် သူ့အသက်ကိုလည်း သတ်လေ့ရှိ၏။ သူမပေးသည်ကိုလည်း ယူလေ့ရှိ၏။ သူ့သားမယား၌လည်း ပြစ်မှားတတ်၏။ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။

" ထိုမှတပါး သေအရက်သောက်ခြင်း၊ စိတ်သဘောထားယုတ်ညံ့သေးသိမ်ခြင်း၊ နှစ်မြောဝန်တိုတတ်ခြင်း၊ ရဟန်း ပုဏ္ဏားစသည့် သူတော်ကောင်းတို့ကို မရိုသေခြင်း၊ အလှူခံ ပုဂ္ဂိုလ်တို့အား ကြိမ်းမောင်း ဆဲရေး လှုတ်တတ်ခြင်း စသည်များကိုပြုလုပ်၏၊ ပြုလုပ်လေ့ရှိ၏။

"ထိုသူ၏ မယားဖြစ်သူကလည်း လင်ယောကျ်ားနည်းတူပင်ပြုကျင့်သူသာဖြစ်ဘိ၏။ ဤကဲ့သို့ ယုတ်ညံ့သူချင်း-အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်း နေထိုင်ခြင်းသည်ကား၊ သူသေလင်နှင့် သူသေမယားတို့ ပေါင်းသင်း နေထိုင် ခြင်းပေတည်း။

## (၂) သူသေလင်နှင့် နတ်သမီးမယား

" အသင်ဒါယကာတို့....၊ သူသေလင်သည် နတ်သမီးမယားနှင့် အတူတကွ ပေါင်းသင်း နေထိုင်ခြင်းဆိုသည်မှာကား ဤသို့တည်း။

# အကြင်လင်မယား လေးမျိုး

## (ပထမ သံဝါသ သုတ်)

အခါတပါး၌ မြတ်စွာဘုရားသည် မဓုရမြို့နှင့် ဝေရဉ္စာပြည် အကြားဝယ် ခရီးရှည် ကြွတော်မူ၏။ ထိုအခါ ခရီးအတူသွားဖော် သူကြွယ်လင်မယားတို့သည် သစ်ပင်ရင်း၌ နားနေတော်မူသော မြတ်စွာဘုရားကို ဝင်ရောက် ဖူးမြော်ကြကုန်၏။

ထိုသူကြွယ် လင်မယားတို့အား မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

"အသင်ဒါယကာတို့....၊ အကြင်လင်မယားအဖြစ် အတူနေခြင်းဟူသည် လေးမျိုးရှိ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—

၁။ သူသေလင်သည် - သူသေ မယားနှင့် အတူ ပေါင်းသင်းနေ၏။

၂။ သူသေလင်သည် - နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေ၏။

၃။ နတ်သားလင်သည် - သူသေမယားနှင့်အတူ ပေါင်းသင်းနေ၏။

၄။ နတ်သားလင်သည် - နတ်သမီး မယားနှင့် အတူ ပေါင်းသင်းနေ၏။

စန်းမြင့်ထွန်း

## (၁) သူသေလင် - သူသေမယား

"အသင်တို့....၊သူသေလင်သည် သူသေမယားနှင့်အတူပေါင်းသင်းနေသည် ဆိုခြင်းမှာ အဘယ်သို့ ဖြစ်ပေသနည်း။ အသင်ဒါယကာတို့....၊ဤလောက၌ အချို့သောလင်ယောကျ်ားတို့သည် သူ့အသက်ကိုလည်း သတ်လေ့ရှိ၏။ သူမပေးသည်ကိုလည်း ယူလေ့ရှိ၏။ သူ့သားမယား၌လည်း ဖြစ်မှားတတ်၏။ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။

" ထိုမှတပါး သေအရက်သောက်ခြင်း၊ စိတ်သဘောထားယုတ်ညံ့သေးသိမ်ခြင်း၊ နှစ်မြှော၀န်တိုတတ်ခြင်း၊ ရဟန်း ပုဏ္ဏားစသည့် သူတော်ကောင်းတို့ကို မရိုသေခြင်း၊ အလှူခံ ပုဂ္ဂိုလ်တို့အား ကြိမ်းမောင်း ဆဲရေး လှတ်တတ်ခြင်း စသည်များကို ပြုလုပ်၏၊ ပြုလုပ်လေ့ရှိ၏။

"ထိုသူ၏ မယားဖြစ်သူကလည်း လင်ယောကျ်ားနည်းတူပင် ပြုကျင့်သူသာဖြစ်ဘိ၏။ ဤကဲ့သို့ ယုတ်ညံ့သူချင်း အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်း နေထိုင်ခြင်းသည်ကား၊ သူသေ လင်နှင့် သူသေမယားတို့ ပေါင်းသင်း နေထိုင် ခြင်းပေတည်း။

## (၂) သူသေလင်နှင့် နတ်သမီးမယား

" အသင်ဒါယကာတို့....၊ သူသေလင်သည် နတ်သမီး မယားနှင့် အတူတကွ ပေါင်းသင်း နေထိုင်ခြင်းဆိုသည်မှာကား ဤသို့တည်း။

" ထိုသူနှစ်ဦးတို့အနက် လင်ယောကျ်ားဖြစ်သူသည်ကား၊ သူ့အသက်ကိုလည်း သတ်လေ့ရှိ၏။ သူ မပေးသည်ကိုလည်း ယူလေ့ရှိ၏။ သူ့သားမယား၌လည်း ပြစ်မှားး၏။ မဟုတ် မမှန်သော စကားကိုလည်း ပြောဆို၏။

" ထိုမှတပါး သေအရက်သောက်ခြင်း၊ စိတ်သဘောထားယုတ်ညံ့သေးသိမ်ခြင်း၊ နှစ်မြောဝန်တိုခြင်း၊ ရဟန်းပုဏ္ဏား စသည့်သူတော်ကောင်းတို့ကို မရိုသေခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား ကြိမ်းမောင်း ဆဲရေးလှတ်တတ်ခြင်း စသည်များကို ပြုလုပ်၏၊ ပြုလေ့ရှိ၏။

" သူ့မယားသည်ကား ထိုသို့မဟုတ်၊ သူ့အသက်သတ်ခြင်းကိုလည်း ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှလည်း ရှောင်ကြဉ်၏။ မိမိလင်ယောကျ်ားမှတပါး လောလီဖောက်ပြားခြင်းလည်း မရှိ၊ မဟုတ် မမှန် ပြောဆိုခြင်းလည်းမရှိ၊ ရဟန်း ပုဏ္ဏားစသည်တို့အား အရိုအသေပြုခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းခြင်း စသည်များကို ပြုလုပ်လေ့ရှိ၏။

ဤကဲ့သို့ လင်ယောကျ်ားဖြစ်သူက ယုတ်ညံ့ကာ၊ မယားဖြစ်သူက မြင့်မြတ် နေခြင်းသည်ကား သူသေ လင်ယောကျ်ားနှင့် နတ်သမီးမယားတို့ ပေါင်းသင်းနေထိုင်ခြင်းပေတည်း။

## (၃) နတ်သားလင်နှင့် သူသေမယား

" အသင် ဒါယကာတို့....၊ နတ်သားလင်သည် သူသေမယားနှင့် ပေါင်းသင်း နေထိုင်ခြင်း ဆိုသည်မှာကား ဤသို့ ဖြစ်ပေသည်။

ပန်းမြင့်ထွန်း

"ထိုသူနှစ်ဦးတို့အနက်၊ လင်ယောကျ်ားဖြစ်သူသည်ကား၊ သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးယူခြင်း စသော ကိုယ်ကျင့်တရားဖြင့် ပြည့်စုံ၏။ ရဟန်းပုဏ္ဏားတို့အား ရိုသေလေးမြတ်ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးကမ်းခြင်း စသည်များကိုလည်း အစဉ်အမြဲပြုလုပ်လေ့ရှိ၏၊ ပြုလုပ်နေသူဖြစ်၏။

"ထိုသူ၏မယားမှုကား ဤသို့မဟုတ်၊ လင်ယောကျ်ားဖြစ်သူ၏ ကောင်းမြတ်သော ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်ဘက် မကောင်းမှုများ၌သာ မွေ့လျော်၏၊ ပြုလုပ် အားထုတ်လေ့ရှိ၏။

ဤသို့လျှင် လင်ယောကျ်ာဖြစ်သူက မြင့်မြတ်သလောက်၊ မယားဖြစ်သူက ယုတ်ညံ့နိမ့်ကျနေခြင်းသည်ကား၊ နတ်သားလင်နှင့် သူသေမယားတို့ အတူတကွ ပေါင်းသင်းနေထိုင်ကြခြင်းပင် ဖြစ်ပေသတည်း။

## (၄) နတ်သားလင်နှင့် နတ်သမီးမယား

"အသင်ဒါယကာတို့... နတ်သားလင်နှင့် နတ်သမီးမယား ဆိုသည်ကား၊ နှစ်ဦးလုံးပင် အကျင့်စာရိတ္တ ကောင်းမြတ်သူများ ချည်းသာတည်း။ လင်ယောကျ်ားဖြစ်သူက သီလ ရှိသလို - မယားဖြစ်သူကလည်း သီလ ရှိ၏။ ရဟန်းပုဏ္ဏားစသည့် သူတော်ကောင်းတို့ကိုလည်း ရိုသေလေးမြတ်ကြ၏။ လှူဒါန်း ပေးကမ်းမှု၌လည်း နှစ်ဦးလုံးပင်လျှင် သဒ္ဓါတရားထက်သန်စွာ -

နေမြင့်ထွန်း

နိုးကြား တက်ကြွစွာ လှူဒါန်း ပေးကမ်းလေ့ရှိ၏။ ကိုယ်တိုင် ကိုယ်ကျပြုလုပ်ဆောင်ရွက်လေ့ရှိ၏။

“ အသင် ဒါယကာတို့....၊

“ ဤကဲ့သို့ - ကောင်းမြတ်ရာ၌ သဘောသဘာဝချင်း တူညီမျှတ ကာ၊ ကုသိုလ်ကောင်းမှုကို အကန့်အကွက် အနှောက် အယှက်မရှိ ပြုလုပ်ကြကုန်သော အကြင် လင်မယားတို့သည်ကား အသက်ရှင်နေဆဲ မျက်မှောက်ဘဝ၌ စိတ်နှလုံးချမ်းမြေ့သာယာမှု ဖြစ်ရသည်မျှ မဟုတ်သေး၊ သေ လွန် သော အ ခါ၌ လည်း နတ်ပြည်နတ်ရွာသို့သာ ရောက်ကြရလေကုန်သတည်း ”

ဗုဒ္ဓမြတ်စွာဘုရားသည် လောကနှင့် ပတ် သက် ဆုံး မ ရာ၌ ယခု-ပြီးခဲ့သည့် သုတ်တော်မှာ၊အကြင်လင်နှင့် မယားတို့ သဘော သဘာဝချင်း တူမျှမှု - မတူမျှမှုကို အခြေခံကာ ကောင်းကျိုး ဖြစ်ထွန်းစေမှုကို ညွှန်ပြတော်မူခြင်း ဖြစ်သည်။

ထို လောကဓမ္မတာ အကြင်လင်မယားအဖြစ် တွေ့ကြုံဆက်ဆံ နေရသူတို့သည်ပင်လျှင်၊ ချစ်ကြင် တွယ်တာမှု အားလျော်စွာ ဘဝအဆက်ဆက် - တွေ့ကြုံ ပေါင်းဖက်နိုင်ရန်နှင့် ပတ်သက်၍ အကြောင်းအားလျော်စွာ ဟောကြား ဆုံးမတော် မူအပ်သည် လည်း ရှိပေသေးသည်။

ဟောကြားတော်မူရခြင်း၏ အခြေခံ အကြောင်းရင်းမှာကား ကုသိုလ်ကောင်းမှု၌ အလေးအနက် သက် ဝင် ယုံ ကြည် ကာ၊ သူတော်ကောင်းတရားနှင့် ပြည့်စုံစေရန်ပင် ဖြစ်ပေသည်။

# ဘ၀အဆက်ဆက် ပေါင်းဖက်နိုင်ရေး

## ( ပထမ - သမဇီဝိသုတ် )

အခါတပါး၌ မြတ်စွာဘုရားသည်၊ ဘဂ္ဂတိုင်း - သုသုမာရဂိရမြို့ - ဘေသကဠာတော၌ သီတင်းသုံး စံနေတော်မူ၏။ နံနက်ခင်းအချိန်၌ ဆွမ်း ခံ ထွက် သော အ ခါ၊ **နကုလပိတာ**သူကြွယ်နှင့် **နကုလမာတာ**သူကြွယ် ဇနီးမောင်နှံတို့အိမ်သို့ ရောက်တော်မူ၏။

သူကြွယ် ဇနီးမောင်နှံတို့သည်၊ ဆွမ်းကပ်လှူပြီးသော အခါ၊ မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကြကုန်၏။

“ အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည်, ငယ်ရွယ်စဉ်ကပင် နကုလမာတာ သူကြွယ်မကို ထိမ်းမြား လက်ထပ်ယူခဲ့ပါသည်။ ထိုအချိန်မှစ၍ ယခုအထိ၊ နကုလမာတာသူကြွယ်မမှတပါး အခြားသော အမျိုးအမိီးတို့ကို၊ စိတ်ကူးကြံစည်မှုမျှဖြင့်

စန်းမြင့်ထွန်း

လည်း အပြောင်းအလဲ မရှိခဲ့စဖူးပါ၊ ကိုယ်ထိလက်ရောက် ပြုမိရန်ကား၊ ဆိုဖွယ်ရာမရှိပင် ဖြစ်ရပါတော့သည်။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါကုန်၏။ နောင်တလွန်ဘဝ၌လည်း ယခုကဲ့သို့သာလျှင် မကွဲမကွာ အစဉ်ထာဝရ ရှုမြင်လိုကြပါကုန်သည်ဘုရား"

နကုလပိတာသူကြွယ် လျှောက်ထားပြီးသော အခါ၊ နကုလမာတာ သူကြွယ်မကလည်း ထို့အတူပင် ဆက်လက်လျှောက်ထားပြန်၏။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်မသည် ငယ်ရွယ်စဉ်ကပင် နကုလပိတာ သူကြွယ်နှင့် ထိမ်းမြားလက်ထပ်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ ယခုအထိ နကုလပိတာသူကြွယ်မှလွဲ၍၊ စိတ်ကူးမျှဖြင့်လည်း မဖောက်ပြားခဲ့စဖူးပါ၊ ကိုယ်တိုင်လက်တွေ့ဆိုပါမူကား၊ ပြောဘွယ်ရာ မရှိပင် ဖြစ်ရပါတော့သည်။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်တို့သည် ယခုမျက်မှောက်ဘဝ၌လည်း အချိန်နှင့်အမျှပင်လျှင် အချင်းချင်း တွေ့မြင်နေကြရလိုပါသည်။ နောင်တမလွန်ဘဝ၌လည်း ယခုကဲ့သို့သာ အတူတကွ မကွဲမကွာ တွေ့မြင်ဆက်ဆံနေရလိုပါသည်ဘုရား...."

ထိုအခါ မြတ်စွာဘုရားက ဤသို့ ဆိုတော်မူ၏။

"ဒါယိကာ သူကြွယ်တို့....၊ အသင်တို့သည် ယခုကာလမျက်မှောက်ဘဝ၌ အချင်းချင်း ရှုမြင်ကြုံကြိုက် နေရသကဲ့သို့ပင် နောင်တမလွန် ဘဝ၌လည်း တဦးနှင့်တဦး ရှုမြင်ကြုံကြိုက် ရလို

စန်မြင့်ထွန်း

ပြောအံ့၊ အသင်တို့ နှစ်ဦး လုံး သည်ပင်လျှင် တူမျှသော သဒ္ဓါတရားရှိကြကုန်ရာ၏။ တူမျှသော သီလ ရှိကြကုန်ရာ၏။ တူမျှသော ပေးကမ်းစွန့်ကြဲမှု ရှိကြကုန်ရာ၏။ တူမျှသော အသိပညာရှိကြကုန်ရာ၏။

"ဤသို့ဖြစ်သည် ပြုသည်ရှိသော် အသင်တို့သည် ယခုဘဝ၌လည်း တွေ့မြင်ကြုံကြိုက် နေကြရကုန်၏။ နောင်တမလွန် ဘဝ၌လည်း ယခုကဲ့သို့ ဆက်လက်၍သာလျှင် တွေ့မြင်ကြုံကြိုက် ဆက်ဆံပေါင်းသင်း ကြရကုန်ပေလတ္တံ့ ..."

သူကြွယ်လင်မယားတို့သည်၊ မြတ်စွာဘုရား - ဆိုဆုံးမတော်မူသည့် အတိုင်းပင် လိုက်နာကျင့်သုံး ကြ ကုန် ၏။ တ မ လွန်ဘဝ၌လည်း နတ်ပြည်သို့ ရောက်ကြရလေသတည်း။

လောကနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရား၊ ညွှန်ကြားဆုံးမတော်မူခြင်း များမှာ ဤမျှ သာ မ ဟုတ် - အ ရာ ၄ ၁ နအားလျော်စွာ အခြားသော ဆိုဆုံးမမှုများလည်း များစွာပင်ရှိပေသေးသည်။ ထိုသို့ ညွှန်ကြား ဆုံး မ တော် မူ သည် များအနက်၊ ရိုသေလေးမြတ်ခြင်း ယဉ်ကျေးမှုနှင့် ပတ် သက် သောသုတ်တော်တခုကို နိဂုံးချုပ်အဖြစ် ထုတ်ဖော် ပြညွှန်းလိုပေသည်။

## ဗြဟ္မာ - လက်ဦးဆရာ - အိမ်ဦးနတ်
## (ဗြဟ္မသုတ်)

"ချစ်သားရဟန်းတို့....၊ အ မိ အ ဖ တို့ ကို ပူဇော်သော အမျိုးသား၊ အမျိုးသမီးတို့သည် မိမိအိမ်၌ **ဗြဟ္မာရှိသည်** - မည်ကုန်၏။ **လက်ဦးဆရာရှိသည်** - မည်ကုန်၏။ **အိမ်ဦးနတ်ရှိသည်**

စန်းမြင့်ထွန်း

"ထိုသူနှစ်ဦးတို့အနက် လင်ယောကျ်ား ဖြစ်သူသည်ကား၊ သူ့အသက်ကိုလည်း သတ်လေ့ရှိ၏။ သူ မပေးသည်ကိုလည်း ယူလေ့ရှိ၏။ သူ့သားမယား၌လည်း ဖြစ်မှား၏။ မဟုတ် မမှန်သော စကားကိုလည်း ပြောဆို၏။

"ထိုမှတပါး သေအရက်သောက်ခြင်း၊ စိတ်သဘောထား ယုတ်ညံ့သေးသိမ်ခြင်း၊ နှစ်မြော၀န်တိုခြင်း၊ ရဟန်းပုဏ္ဏား စသည့် သူတော်ကောင်းတို့ကို မရိုသေခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား ကြိမ်းမောင်း ဆဲရေးလွှတ်တတ်ခြင်း စသည်များကို ပြုလုပ်၏၊ ပြုလေ့ရှိ၏။

"သူ့မယားသည်ကား ထိုသို့မဟုတ်၊ သူ့အသက်သတ်ခြင်းကိုလည်း ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှလည်း ရှောင်ကြဉ်၏။ မိမိလင်ယောကျ်ားမှတပါး လောလီဖောက်ပြားခြင်းလည်း မရှိ၊ မဟုတ် မမှန် ပြောဆိုခြင်းလည်းမရှိ၊ ရဟန်း ပုဏ္ဏား စသည်တို့အား အရိုအသေပြုခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်း ပေးကမ်းခြင်း စသည်များကို ပြုလုပ်လေ့ရှိ၏။

ဤကဲ့သို့ လင်ယောကျ်ားဖြစ်သူက ယုတ်ညံ့ကာ၊ မယားဖြစ်သူက မြင့်မြတ် နေခြင်းသည်ကား သူသေ လင်ယောကျ်ားနှင့် နတ်သမီးမယားတို့ ပေါင်းသင်းနေထိုင်ခြင်းပေတည်း။

## (၃) နတ်သားလင်နှင့် သူသေမယား

"အသင်ဒါယကာတို့....၊ နတ်သားလင်သည် သူသေမယား နှင့် ပေါင်းသင်း နေထိုင်ခြင်း ဆိုသည်မှာကား ဤသို့ ဖြစ်ပေသည်။

ပန်းမြင့်ထွန်း

"ထိုသူနှစ်ဦးတို့အနက်၊ လင်ယောကျ်ား ဖြစ်သူသည်ကား၊ သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးယူခြင်း စသော ကိုယ်ကျင့်တရားဖြင့် ပြည့်စုံ၏။ ရဟန်း ပုဏ္ဏားတို့အား ရိုသေလေးမြတ်ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးကမ်းခြင်း စသည်များကိုလည်း အစဉ်အမြဲ ပြုလုပ်လေ့ရှိ၏၊ ပြုလုပ်နေသူဖြစ်၏။

"ထိုသူ၏ မယားမူကား ဤသို့မဟုတ်၊ လင်ယောကျ်ားဖြစ်သူ၏ ကောင်းမြတ်သော ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်ဘက် မကောင်းမှုများ၌သာ မွေ့လျော်၏၊ ပြုလုပ် အားထုတ်လေ့ရှိ၏။

ဤသို့လျှင် လင်ယောကျ်ာ ဖြစ်သူက မြင့်မြတ်သလောက်၊ မယားဖြစ်သူက ယုတ်ညံ့ နိမ့်ကျနေခြင်းသည်ကား၊ နတ်သား လင်နှင့် သူသေမယားတို့ အတူတကွ ပေါင်းသင်း နေထိုင်ကြခြင်း ပင် ဖြစ်ပေသတည်း။

## (၄) နတ်သားလင်နှင့် နတ်သမီးမယား

"အသင် ဒါယကာတို့ ... နတ်သားလင်နှင့် နတ်သမီးမယား ဆိုသည်ကား၊ နှစ်ဦးလုံးပင် အကျင့်စာရိတ္တ ကောင်းမြတ်သူများ ချည်းသာတည်း။ လင်ယောကျ်ား ဖြစ်သူက သီလ ရှိသလို- မယားဖြစ်သူ ကလည်း သီလ ရှိ၏။ ရဟန်း ပုဏ္ဏား စသည့် သူတော်ကောင်းတို့ကိုလည်း ရိုသေလေးမြတ်ကြ၏။ လှူဒါန်း ပေးကမ်းမှု၌လည်း နှစ်ဦးလုံးပင်လျှင် သဒ္ဓါတရားထက်သန်စွာ-

ခန်းမြင့်ထွန်း

နိုးကြား တက်ကြွစွာ လှုဒါန်း ပေးကမ်းလေ့ရှိ၏။ ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ဆောင်ရွက်လေ့ရှိ၏။

“ အသင် ဒါယကာတို့....၊

“ ဤကဲ့သို့ - ကောင်းမြတ်ရာ၌ သဘောသဘာဝချင်း တူညီမျှတ ကာ၊ ကုသိုလ်ကောင်းမှုကို အကန့်အကွက် အနှောက်အယှက်မရှိ ပြုလုပ်ကြကုန်သော အကြင် လင်မယားတို့သည်ကား အသက်ရှင်နေဆဲ မျက်မှောက်ဘဝ၌ စိတ်နှလုံးချမ်းမြေ့သာယာမှု ဖြစ်ရသည်မျှ မဟုတ်သေး၊ သေလွန်သော အခါ၌ လည်း နတ်ပြည်နတ်ရွာသို့သာ ရောက်ကြရလေကုန်သတည်း ”

ဗုဒ္ဓမြတ်စွာဘုရားသည် လောကနှင့် ပတ်သက် ဆုံးမ ရာ၌ ယခု-ပြီးခဲ့သည့် သုတ်တော်မှာ၊ အကြင်လင်နှင့် မယားတို့ သဘောသဘာဝချင်း တူမျှမှု - မတူမျှမှုကို အခြေခံကာ ကောင်းကျိုးဖြစ်ထွန်းစေမှုကို ညွှန်ပြတော်မူခြင်း ဖြစ်သည်။

ထို လောကဓမ္မတာ အကြင်လင်မယားအဖြစ် တွေ့ကြုံဆက်ဆံနေရသူတို့သည်ပင်လျှင်၊ ချစ်ကြင် တွယ်တာမှု အားလျော်စွာ ဘဝအဆက်ဆက် - တွေ့ကြုံ ပေါင်းဖက်နိုင်ရန်နှင့် ပတ်သက်၍ အကြောင်းအားလျော်စွာ ဟောကြား ဆုံးမတော် မူအပ်သည်လည်း ရှိပေသေးသည်။

ဟောကြားတော်မူရခြင်း၏ အခြေခံ အကြောင်းရင်းမှာကား ကုသိုလ်ကောင်းမှု၌ အလေးအနက် သက် ဝင် ယုံ ကြည် ကာ၊ သူတော်ကောင်းတရားနှင့် ပြည့်စုံစေရန်ပင် ဖြစ်ပေသည်။

# ဘဝအဆက်ဆက် ပေါင်းဖက်နိုင်ရေး

## ( ပဌမ - သမဇီဝိသုတ် )

အခါတပါး၌ မြတ်စွာဘုရားသည်၊ ဘဂ္ဂတိုင်း - သုသုမာရဂိရမြို့ - ဘေသကဠာဝုန်တော၌ သီတင်းသုံး စံနေတော်မူ၏။ နံနက်ခင်း အချိန်၌ ဆွမ်း ခံ ထွက် သော အ ခါ၊ **နကုလပိတာ** သူကြွယ်နှင့် **နကုလမာတာ** သူကြွယ် ဇနီးမောင်နှံတို့အိမ်သို့ ရောက်တော်မူ၏။

သူကြွယ် ဇနီးမောင်နှံတို့သည်၊ ဆွမ်းကပ်လှူပြီးသော အခါ၊ မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကြကုန်၏။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် နကုလမာတာ သူကြွယ်မကို ထိမ်းမြား လက်ထပ်ယူခဲ့ပါသည်။ ထိုအချိန်မှစ၍ ယခုအထိ၊ နကုလမာတာသူကြွယ်မမှ တပါး အခြားသော အမျိုးအမိတို့ကို၊ စိတ်ကူးကြံစည်မှုမျှဖြင့်

စန်းမြင့်ထွန်း

လည်း အပြောင်းအလဲ မရှိခဲ့စဖူးပါ၊ ကိုယ်ထိလက်ရောက် ပြုမိရန်ကား၊ ဆိုဖွယ်ရာမရှိပင် ဖြစ်ရပါတော့သည်။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါကုန်၏။ နောင်တလွန်ဘဝ၌လည်း ယခုကဲ့သို့သာလျှင် မကွဲမကွာ အစဉ်ထာဝရ ရှုမြင်လိုကြပါကုန်သည်ဘုရား"

နကုလပိတာသူကြွယ် လျှောက်ထားပြီးသော အခါ၊ နကုလမာတာ သူကြွယ်မကလည်း ထို့အတူပင် ဆက်လက်လျှောက်ထားပြန်၏။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်မသည် ငယ်ရွယ်စဉ်ကပင် နကုလပိတာ သူကြွယ်နှင့် ထိမ်းမြားလက်ထပ်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ ယခုအထိ နကုလပိတာ သူကြွယ်မှ လွဲ၍၊ စိတ်ကူးမျှဖြင့်လည်း မဖောက်ပြားခဲ့စဖူးပါ၊ ကိုယ်တိုင်လက်တွေ့ ဆိုပါမူကား၊ ပြောဘွယ်ရာ မရှိပင် ဖြစ်ရပါတော့သည်။

"အရှင်မြတ်စွာဘုရား....၊ တပည့်တော်တို့သည် ယခုမျက်မှောက်ဘဝ၌လည်း အချိန်နှင့်အမျှပင်လျှင် အချင်းချင်း တွေ့မြင်နေကြရလိုပါသည်။ နောင်တမလွန်ဘဝ၌လည်း ယခုကဲ့သို့သာ အတူတကွ မကွဲမကွာ တွေ့မြင်ဆက်ဆံနေရလိုပါသည်ဘုရား...."

ထိုအခါ မြတ်စွာဘုရားက ဤသို့ ဆိုတော်မူ၏။

"ဒါယိကာ သူကြွယ်တို့....၊ အသင်တို့သည် ယခုကာလ မျက်မှောက်ဘဝ၌ အချင်းချင်း ရှုမြင်ကြုံကြိုက် နေရသကဲ့သို့ပင် နောင်တမလွန် ဘဝ၌လည်း တဦးနှင့်တဦး ရှုမြင်ကြုံကြိုက် ရလို

ပြောအံ့၊ အသင်တို့ နှစ်ဦး လုံး သည်ပင်လျှင် တူမျှသော သဒ္ဓါတရားရှိကြကုန်ရာ၏။ တူမျှသော သီလ ရှိကြကုန်ရာ၏။ တူမျှသော ပေးကမ်းစွန့်ကြဲမှု ရှိကြကုန်ရာ၏။ တူမျှသော အသိပညာ ရှိကြကုန်ရာ၏။

"ဤသို့ဖြစ်သည် ပြုသည်ရှိသော် အသင်တို့သည် ယခုဘဝ၌လည်း တွေ့မြင်ကြုံကြိုက် နေကြရကုန်၏။ နောင်တမလွန် ဘဝ၌လည်း ယခုကဲ့သို့ ဆက်လက်၍သာလျှင် တွေ့မြင်ကြုံကြိုက် ဆက်ဆံပေါင်းသင်း ကြရကုန်ပေလတ္တံ့ ...."

သူကြွယ်လင်မယားတို့သည်၊ မြတ်စွာဘုရား - ဆိုဆုံးမတော်မူသည့် အတိုင်းပင် လိုက်နာကျင့်သုံး ကြ ကုန် ၏။ တ မ လွန် ဘဝ၌လည်း နတ်ပြည်သို့ ရောက်ကြရလေသတည်း။

လောကနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရား၊ ညွှန်ကြားဆုံးမတော်မူခြင်း များမှာ ဤရွေ့ ဤ မျှ သာ မ ဟုတ် - အ ရာ ၄ ာ န အားလျော်စွာ အခြားသော ဆိုဆုံးမမှုများလည်း များစွာပင် ရှိပေသေးသည်။ ထိုသို့ ညွှန်ကြား ဆုံး မ တော် မူ သည် များ အနက်၊ ရိုသေလေးမြတ်ခြင်း ယဉ်ကျေးမှုနှင့် ပတ် သက် သော သုတ်တော်တခုကို နိဂုံးချုပ်အဖြစ် ထုတ်ဖော် ပြညွှန်းလိုပေသည်။

## ဗြဟ္မာ - လက်ဦးဆရာ - အိမ်ဦးနတ်
## (ဗြဟ္မသုတ်)

"ချစ်သားရဟန်းတို့....၊ အ မိ အ ဖ တို့ ကို ပူ ဇော် သော အမျိုးသား၊ အမျိုးသမီးတို့သည် မိမိအိမ်၌ **ဗြဟ္မာရှိသည်** - မည်ကုန်၏။ **လက်ဦးဆရာရှိသည်** - မည်ကုန်၏။ **အိမ်ဦးနတ်ရှိသည်**

စန်းမြင့်ထွန်း

မည်ကုန်၏။ အဝေးမှ ဆောင်ယူလာသော အလှူကို ခံထိုက်သော **အလှူခံရှိသည်** - မည်ကုန်၏။

" ရဟန်းတို့....၊ ဗြဟ္မာဟူသော အမည်သည် အမိအဖတို့၏ အမည်တည်း။ ရဟန်းတို့....၊ လက်ဦးဆရာဟူသော အမည်သည် အမိအဖတို့၏ အမည်တည်း။ ရဟန်းတို့..၊ အဝေးမှ ဆောင်ယူလာသော အလှူကို အလှူခံထိုက်သူ ဟူသော အမည်သည် အမိအဖတို့၏ အမည်တည်း။

" ထိုသို့ - အမည် ရအပ်ခြင်းသည် အ ဘယ့် ကြောင့် နည်း။ ရဟန်းတို့....၊ အမိအဖတို့သည် သား သ မီး တို့ အား များ စွာ ကျေးဇူးရှိကုန်၏။ အသက်ကို စောင့် ရှောက် တတ် ကုန် ၏။

" ချစ်သားရဟန်းတို့....၊ အမိအဖတို့ကို သား သ မီး တို့၏ ဗြဟ္မာဟူ၍၎င်း၊ လက်ဦးဆရာ ဟူ၍၎င်း - ဆိုထိုက်ကုန်၏။ အဝေးမှဆောင်၍ လှူအပ်သော အလှူခံတို့ဟု ဆိုထိုက်ကုန်၏။ အမိအဖတို့သည် သားသမီးတို့အား အစဉ် သနားတတ်ကုန်၏။

" ထို့ကြောင့်သာလျှင် ပညာရှိ သားသမီးသည်၊ ထိုအမိအဖတို့ကို ဦးနှိမ် ရှိခိုးရာ၏။ ထမင်းဟင်း - အဖျော်ယမကာ၊ အဝတ် အထည် တို့ဖြင့်လည်း ချီးမြှောက် ပူဇော်ကုန်ရာ၏။

" အိပ်ရာ နေရာတို့ဖြင့်၎င်း၊ အမွှေးနံ့သာတို့ဖြင့်၎င်း၊ ရေချိုး ပေးခြင်း - ခြေဆုပ်လက်နယ် ပြုပေးခြင်းတို့ဖြင့်၎င်း၊ အရှိအသေ ပြုလျက် ပူဇော်ကုန်ရာ၏။

" အမိအဖတို့၌ ထို သို့ လုပ် ကျွေး မွေး မြူ ခြင်း ကြောင့် ထို သားသမီးတို့ကို ယခုဘဝ၌ပင် ပ ညာ ရှိ တို့ သည် ချီး မွမ်း ကြ

ကင်းမြင့်ထွန်း

ကုန်၏။ ထိုမှတပါး သို့လျှင် အမိအဖတို့ အပေါ်၌ ရိုသေလေး မြတ်စွာ လုပ်ကျွေး ပူဇော်ကြကုန်သော သားသမီး တို့ သည်၊ တမလွန်ဘဝ၌လည်း နတ်ပြည်၌ မွေ့ လျော် ရ လေ သတည်း"

## နိဂုံးချုပ် - နှုတ်ခွန်းဆက်

"**ဗုဒ္ဓခေတ် - ပြဿနာများ**" အမည်ဖြင့် သိသင့်မှတ်ထိုက် သည်များကို ရေးသား ဖော်ပြခဲ့ သည် မှာ အ ကြောင်း အား လျော်စွာ ဤနေရာတွင် ဆုံးခန်း တိုင်ခဲ့ပေပြီ။

ပထမဦးစွာတွင် ဗုဒ္ဓမြတ်စွာဘုရား၏ ပါရမီ တော်များကို ထုတ်ဖော် သိသာစေခဲ့ပြီးနောက် ဗုဒ္ဓမြတ်စွာဘုရား ဖြေကြား ဆုံးမတော်မူအပ်သော ပြဿနာရပ်များကို ဆက်လက် ဖော်ပြ ခဲ့သည်။ ကြောင်းကျိုး ဆက်စပ်မှုသဘော ဖြစ်ပေသည်။

နောက်ပိုင်းတွင် လောကကြောင်းနှင့် ပတ်သက်သည်များကို ဆက်စပ်ဖော်ပြခဲ့သည်။ ရည် ရွယ် ချေ ရှု ရင်း မှာကား၊ တရား သဘာဝ လေးနက် သိမ်မွေ့မှုများကို သိရပြီး နောက်ပိုင်းတွင် လောကကြောင်း အနေဖြင့် သိ သင့် မှတ် ထိုက် သည် များ ကို ဆက်စပ် သိမြင်နိုင်ကြရန်ပင် ဖြစ်ပေသည်။

နောက်ဆုံးတွင် အမိအဖတို့၏ ဂုဏ်ကျေးဇူး အကြောင်းဖြင့် နိဂုံးချုပ်လိုက်သည်မှာကား၊ အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးကို သိရပြီးနောက် ထိုအနန္တ ကျေးဇူးရှင် များထဲတွင် တဦးအပါအဝင် ဖြစ် နေ သော မိ ဘ တို့ ၏ ဂုဏ် ကျေးဇူးကို သိနားလည်ခွင့် ရသည်နှင့်အမျှ လေး စား ရို သေ နိုင်ကြစေရန် ကျေးဇူးဆပ်နိုင်ကြရန် ဖြစ်ပါသည်။

စန်းမြင့်ထွန်း

စာဖတ်သူများအားလုံး ကိုယ် - စိတ်နှစ်ပါး ချမ်းသာစွာဖြင့် သူတော်ကောင်းတရားကို ပွားများအားထုတ် နိုင်ကြပါစေ....။

ဗုဒ္ဓကျေးဇူး ဂုဏ်အထူး ကို
ညွတ်နူးကော်ရော် ရှိခိုးပူဇော်လျက်

**ဦးကောင်းထွန်း**

၁၃၃၈ - ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ - ရက်
( ၁၄ - ၄ - ၇၇ )ညနေငါးနာရီ

စာဖတ်သူများ ကောင်းကျိုးအတွက်
ဆက်လက် ထွက်လာဦးမည့်

**ဦးကောင်းထွန်း၏ စာအုပ်များ**

---

**ဗုဒ္ဓခေတ် ပုဂ္ဂိုလ်ထူးများကို ဆိုညွှန်းခြင်းအဖြစ်**

# ဗုဒ္ဓခေတ် ကောင်းမှုရှင်များ

---

ဗုဒ္ဓဝါဒ- ဗုဒ္ဓသာသနာတော် အကြောင်းကို
ကောင်းစွာ သိနားလည်နိုင်ရန် အတွက်

# ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

**စန်းမြင့်ထွန်း စာပေမှ**

ထူးခြား သပ်ရပ်စွာ - ထွက်လာပါဦးမည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ခေတ်ကာလ ပညာရှိအသီးသီး ပုဂ္ဂိုလ်အသီးသီးတို့က, မေးလျှောက်ကြသော ပြဿနာများ၊ မြတ်စွာဘုရားက ပြန်လည်ဖြေကြားသည်များ-

(သို့မဟုတ်)

## ပြဿနာမေးလာသူအား၊ အမြင်မှန်ရလေအောင် စွမ်းဆောင်တော်မူခြင်းများ။

## ဤအမေးအဖြေများနှင့် ပတ်သက်၍

* ဘာသာရေးအသိအမြင် ဖြောင့်မတ်မှန်ကန်လိုသည်ပင် ဖြစ်စေ၊
* လောကကြောင်း ကောင်းကျိုးချမ်းသာ တိုးတက်လိုသည်ပင် ဖြစ်စေ၊
* ယုတ္တိသဘာဝ စူးစမ်းဝေဖန်တတ်လိုသည်ပင်ဖြစ်စေ၊
* ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာကို အခြေခံသဘော သိနားလည်လိုသည်ပင်ဖြစ်စေ၊

အသိပညာရှာမှီးသူ ဖတ်ရှုရသူမှန်သမျှတို့အား

**အဖက်ဖက်မှအသက်ထက်ဆုံးကောင်းကျိုးပြုမည့် စာအုပ်ထူး**

ပြဿနာအမေးအဖြေများကိုတခုပြီးတခုစဉ်တိုက်ကြီးဖော်ပြထားခြင်းမျိုးမဟုတ် ပြဿနာ၏ အမျိုးအစား၊ ပြဿနာမေးရခြင်း၏အကြောင်းရင်း၊ ဖြေကြားပုံ အခြင်းအရာကို၊ ဖြည့်စွက် ရှင်းလင်းချက်များနှင့် တကွ-လွယ်ကူစွာ သိနားလည်နိုင်အောင်ထုတ်ဖော်ဆိုညွှန်းထားသည်။

**စံပြုအပ်သော မြန်မာစကားပြေ-**

အထူးမှ - ဤစာအုပ်သည် ပြဿနာ အမေးအဖြေများကို ထုတ်ဖော်ရင်း၊ စံပြုအပ် သော မြန်မာစကားပြေကို ဆိုညွှန်း တင်ပြခြင်းလည်း ဖြစ် သည်။

ထို- စံပြုအပ်သော မြန်မာစကား ပြေကို တွေ့မြင်နေရင်းမှလည်း၊ လောကကြော င်း၊ ဓမ္မကြောင်း၊ ကော င်းမြတ်စွာသော အခြင်းအရာများကို၊ လူတိုင်းသိန ားလည်လွယ်အောင်၊ စီစဉ်ဖန်ဘည်းထားခြင်းဖြစ်သည်။

**အသိပညာ စာပေယဉ်ကျေးမှုအတွက် နှစ်သက်ဖွယ် လက်ဆောင်ကောင်း။**